# မောင်နှင်းဧကြာ

ဝံပုလွေမြကျိုး သွေးပင့်ကူ

ပထမပိုင်း



ပထမအကြိမ်
၁၉၉၀ ခု၊ မေလ
စာမူ ခွင့်ပြုအမှတ် ၂၇/၉၀[၁]
မျက်နှာဖုံးခွင့်ပြုအမှတ် ၁၆၁/၉၀[၃]

| | |
|---|---|
| တန်ဖိုး | သုံးဆယ့်နှစ်ကျပ်တိတိ |
| အုပ်ရေ | ၇၀၀ အုပ် |
| မျက်နှာဖုံး ပန်းချီ | စံရွှေအောင် |
| ကာလာခွဲ | ကျော်စိမ်း |
| မျက်နှာဖုံးရိုက် | ကျော်စိမ်း OFFSET |
| ပုံနှိပ်သူ | ဒေါ်တင်ရွှေ (၀၁၄၄၀)<br>အောင်ချမ်းသာပုံနှိပ်တိုက်<br>၅၄၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | မောင်နှင်းဆွေ (မြဲ-၀၉၈၃)<br>ပန်းလက်ဆောင်စာပေ<br>၃၂၊ ကျောင်းလမ်း၊ မင်္ဂလာတောင်ညွန့်၊<br>ရန်ကုန်မြို့။ |


# ပေါက်နှင်းငွေ

## ဝံပုလွေဖြူ နှင့် သွေးပင့်ကူ

ပထမပိုင်း

[သိုင်းဘာသာပြန် အသစ်စက်စက်]
(နှစ်အုပ်တွဲ သိုင်းစာစဉ်)

ပန်းလက်ဆောင်စာပေ မှ ဖူးပွင့်သော
အနုပညာပန်းပွင့်များတို့သည်
အမည်နာမသာ ကွဲပြား သော်လည်း
ထပ်တူထပ်မျှ မွှေးပျံ့ကြပါ၏။

မောင်နှင်းဆွေ

# မောင်နှင်းဆွေ

ဝံပုလွေဖြူနှ ငှ်သွေးပင့်ကူ

နှစ်အုပ်တွဲသိုင်းစာစဉ်

ပထမပိုင်း

မူရင်းစာရေးဆရာ.... မာထိန်

မူရင်းဝတ္ထု.... စစ်နီတောင်စိန်

ပန်းလက်ဆောင်စာပေ

မိမိငှါးရမ်းသွားသောစာအုပ်
ဓရုဒ်-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးချေင်
စာအုပ် တန်ဘိုး နှင့်တကွ ငှါးခ ရက်
အတွက်ပါ ပေးလျော်ရမည်။

အခန်း (၁)

## သံယောဇဉ်သိုင်းသမား

အချိန်အခါသမယကား နွေဦးကာလပင် ဖြစ်တော့၏။

နွေဦးကာလဖြစ်သဖြင့် ရာသီဥတုသာယာကာ ကြည့်လေရာ မြင်ကွင်းအနှံ့ လှပမှုသည် ဖုံးလွှမ်းဝေစီနေလေတော့၏။ တိုက်ခတ်နေသော လေပြည်ထဲတွင် နွေဦး၏ သင်းဆွတ်သော ရနံ့တို့သည် ထုံကျူး လွင့်မောနေကြတော့၏။

လေတိုးလိုက်တိုင်း တယိမ်းယိမ်းတနွဲ့နွဲ့ လှုပ်ရှားနေကြသော ဟန်စွေ့ မြစ်ကမ်းပါးမှ မိုးမခပင်များတို့သည် နွေဦး၏ အလှသရုပ်ကို ပိုမိုပီပြင်စေလေတော့၏။

ဟန့်ဇွေ့ မြစ်အတွင်းမှ ရေအလျင်သည် တငြိမ့်ငြိမ့် တသွင်သွင် စီးဆင်းလျက်သား ရှိနေလေသည်။

ရေအသွင် စီးဆင်းပုံမှာ လွန်စွာ ငြိမ့်ညောင်းလှသဖြင့် အမှတ်မထင် ကြည့်လိုက်မည်ဆိုပါက စီးဆင်းနေသည်ဟုပင် မထင်ရ။

မည်သို့ပင်ဆိုစေ လေပြည်ဟပ်လိုက်သောအခါ မြစ်ပြင်မှ ငွေရောင် လှိုင်းကြက်ခွပ်ကလေးများ ထသွားသည်ကတော့ ကြည်နူးလှိုက်မောဖွယ်ရာပါပင်။

နွေဦးကာလ၏ မိုးမခတောင်နံဘေးရှိ မြစ်ကမ်းပါးတွင် လူရွယ်တစ်ယောက်သည် အေးအေးလူလူပင် လမ်းလျှောက်ရင်း သဘာဝ၏ အလှအပများအကြားတွင် အာရုံနစ်မျော နေလေတော့၏။

ထိုလူရွယ်၏အသက်မှာ ဆယ့်ရှစ်နှစ်ကျော်ကျော် အလွန်ဆုံး ရှိလှမှ ဆယ့်ကိုးနှစ်၊ နှစ်ဆယ်ခန့်သာ ရှိပေလိမ့်မည်။

လူရွယ်၏ ခန္ဓာကိုယ်က တောင့်တင်းကြံ့ခိုင်လွန်းလှသဖြင့် မြင်ရုံဖြင့်ပင် သိုင်းသမားတစ်ဦးဖြစ်မှန်း သိသာထင်ရှားလှပေ၏။

သူ၏ ခန္ဓာကိုယ်သည် တောင့်တင်း ကြံ့ခိုင်ရုံမျှသာမက အဆက်အပေါက်ကလည်း ပြေပြစ်သဖြင့် လှပတင့်တယ်သော ကိုယ်လုံးကိုယ်ထည်မျိုးဟု ခေါ်ဆိုထိုက်လှပေ၏။





စူးရှတောက်ပသောမျက်လုံးအစုံ၊ တင်းတင်းစေ့ထားသော နှုတ်ခမ်း၊ ဖြောင့်စင်းသော နှာတံ၊ ကြံ့ခိုင်သော မေးရိုးတို့ ကလည်း လူရွယ်၏ လှပခံ့ညားသော ရုပ်သွင်ကို ပိုမို၍ တည်ကြည် လေးနက်စေလေ၏။

သူသည် အနက်ရောင် ဆံကေသာကို ငွေရောင်ဖဲကြိုးတစ်စဖြင့် စည်းနှောင်ထား၏။ စည်းနှောင်ထားသည်ဆိုသော်လည်း အသေအချာ စည်းနှောင်ထားခြင်းမျိုးတော့ မဟုတ်။ ကပိုကရို အနေအထားမျိုး ဖြစ်၏။

ဝတ်ဆင်ထားသော အဝတ်အစားမှာလည်း အဖိုးထိုက် အဖိုးတန် ငွေရောင်ဝတ်စုံမျိုးပင်ဖြစ်သော်လည်း ဂရုတစိုက် သေသေသပ်သပ် ဝတ်ဆင်ထားခြင်း မရှိ။

လူရွယ်ကို ကြည့်ရသည်မှာ တစ်စုံတစ်ရာကြောင့် စိတ်သောကရောက်နေသည့် အနေအထားမျိုး ရှိနေလေ၏။ သူ၏ စူးရှတောက်လက်ပါသည်ဆိုသောမျက်လုံးအစုံထဲတွင်သောက၏ အရိပ်အမျှင်များ ဆိုင်းထင်နေသည်မှာ အထင်အရှားပင် ဖြစ်ပေတော့၏။

နွေဦးငှက်ပျိုကလေးများသည် မိုးမခပင်များ အထက်မှ မြစ်ကမ်းစပ်ဘက်သို့ အစုလိုက်အအုပ်လိုက် တပျော်တပါး ပျံသန်းလာကြ၏။

ပျံသန်းရင်းမှ ငှက်ကလေးများတို့သည် စီစီညံညံကလေးများကို ပြုလာခဲ့ကြ၏။

လူရှုယ်သည် ပျံသန်းလာသော ငှက်ကလေးများကို ငေးမော ကြည့်နေရင်းမှ သောကခိုးများ ဝန်းရစ်နေသော ရင်း၏ မျက်လုံးတို့သည် ပို၍ ညှိုးမှိုင်းသွားရလေတော့၏။

သူ့နှုတ်မှလည်း မသဲမကွဲ တစ်စုံတစ်ရာကို ရေရွတ် မြည်တမ်းလိုက်၏။ လေသံမျှသာဖြစ်သဖြင့် လူရှုယ်သည် မည်သည့် စကားလုံး ရွတ်ဆိုလိုက်သည်ကို မသိရ။

ထိုစဉ်မှာပင် လှပနုထွေးသော မိန်းကလေးတစ်သိုက်သည် မိုးမခပင်များအကြားမှ ရယ်ကာမောကာဖြင့် ပြေးထွက်လာကြ၏။

သူတို့အားလုံး ကိုးယောက် ဆယ်ယောက်ခန့် ရှိပေလိမ့်မည်၊ သူတို့က ပြေးတမ်းလိုက်တမ်း ကစားနေကြခြင်း ဖြစ်သည်။

ရုတ်တရက် မိန်းမပျိုကလေးတို့၏ ကြည်နူးလှိုက်မောဖွယ်ရာ ရယ်သံလွင်လွင်ကလေးတို့သည် မြစ်ကမ်းတစ်ဝိုက်ကို ဖုံးလွှမ်း သွားလေတော့၏။

လူရှုယ်၏ မျက်လုံးများတို့သည် ကြည်နူးပျော်မြူးစွာ ပြေးတမ်းလိုက်တမ်း ကစားနေကြသော မိန်းမပျိုလေးများကို ကြည့်ရင်း စောစောကထက် ပို၍ပို၍ ညှိုးမှိုင်းလာခဲ့ရပါလေတော့၏။

သူ့နှုတ်မှလည်း စောစောကကဲ့သို့ စကားသံတစ်ခွန်းထွက်ပေါ်လာခဲ့သည်၊ သည်တစ်ခါ ထွက်ပေါ်လာသည့် လေသံက



အနည်းငယ် ကျယ်သွားသဖြင့် စကားလုံးများမှာ ပီပီပြင်ပြင် ရှိသွားရ၏။

"ချင်းဟို"

'ချင်းဟို' ဆိုသည်မှာ 'ကြာပန်း' ဟူသော အဓိပ္ပာယ်ရ၏။

လူရှုယ်ရွတ်ဆိုလိုက်သည့် ချင်းဟိုမှာ စိမ်းမြသောကန်ရေပြင်ထက်မှ ကြာပန်းမာလာ မဟုတ်ပါ။ တကယ့် သက်ရှိထင်ရှား ကြာပန်းလေးတစ်ပွင့်သာ ဖြစ်ပါ၏။

ရှင်းလင်းစွာဆိုရလျှင် လှပနုထွေးသောမိန်းကလေးတစ်ဦးသာ ဖြစ်ပါလေ၏။

ချင်းဟိုဟူသော မိန်းကလေး၏အကြောင်းကို ပြန်လည်တွေးမိလေတိုင်း လူရှုယ်၏ ရင်မှာ ဆွတ်ဆွတ်ကျင်ကျင်နာကျင်လာခဲ့ရ၏။

ယင်းနှင့်အတူ ကြေကွဲခြင်း ဝေဒနာလည်း တမြည့်မြည့် ခံစားလာခဲ့ရ၏။

ချင်းဟို....ချင်းဟို။

လှပနုထွေးသော ချစ်စရာမိန်းကလေး။ ပြီးတော့ သနားစရာမလေး။

စင်စစ် ပြောရလျှင်တော့ ချင်းဟိုသည် သူ့အသက်သခင် ကျေးဇူးရှင်မလေးလည်း ဖြစ်သည်။ ချင်းဟိုကြောင့်သာလျှင် သူသည် ယနေ့အချိန်အထိ အသက်နှင့်ကိုယ် တည်မြဲနေရခြင်း ဖြစ်၏၊ ထိုစဉ်ကာလက ချင်းဟိုသာ မကယ်ခဲ့ပါက သူ့ခန္ဓာ

သည် ယခုလောက်ဆိုလျှင် မြေအောက်တွင် ဆွေးမြည့်နေလောက်ပေပြီ။

သိုင်းလောကထဲသို့ ကျွင်းဆင်းလာခဲ့သောသူသည် တစ်နေ့သောအခါ အရေအတွက်များပြား အင်အားကြီးမားသော ရန်သူများနှင့် ရင်ဆိုင်ခဲ့ရ၏။ ဒဏ်ရာအပြင်းအထန်ရပြီး ရန်သူ့လက်မှ အသက်လုပြေး လာရသောသူကို ချင်းဟိုရှာ ကာကွယ်ကူညီကာ အသက်ဘေးမှ လွတ်ရာလွတ်ကြောင်း ပုန်းအောင်းစရာ နေရာပေး၍ ကူညီစောင့်ရှောက်ခဲ့၏။

နောက်မှ လိုက်ပါလာကြသည့် ရန်သူများ၏ ဘေးရန်မှ ဓေးသွားသောအခါ ချင်းဟိုက သူ့ကို ပြုစုကုသပေးခဲ့၏။ ချင်းဟို၏ ကူညီစောင့်ရှောက် ပြုစုကုသပေးမှုကြောင့် မကြာမီအတွင်း သူသည် ဒဏ်ရာများ ပျောက်ကင်းကာ လူကောင်းပကတိ ဖြစ်လာခဲ့ရ၏။

သည်မှနောက် အကြင်နာနှင့် ကရုဏာရှင်မလေး ချင်းဟိုကို သူ့အသည်းပလ္လင်တွင် နန်းတင် ကိုးကွယ်လိုက်မိလေတော့၏။ ကျေးဇူးရှင်မလေးသည် သူ့အသည်းအသက်၏ အရှင်သခင်မလေး ဖြစ်လာခဲ့ရလေတော့၏။

ချင်းဟိုသည် သူ၏အချစ်ဦးအသက်ဖူး။

ယခုတော့ ချင်းဟိုနှင့်သူမှာ ရေခြားမြေခြား တစ်နေရာစီ ဝေးကွာခဲ့ရလေပြီ။

သူသည် နှလုံးသားမှ ယိုဖိတ်လာသော လေသံဖြင့် ခံစားချက်စကားတစ်ခွန်းကို ရွတ်ဆိုလိုက်မိပြန်လေတော့၏။





"မင်းကို ချူးချင်း တစ်နေ့မှ မမေ့ပါဘူး ချင်းဟိုရယ်"

ထိုသို့ရွတ်ဆိုလိုက်ပြီးနောက် သူက လေးလံသော သက်ပြင်းတစ်ရပ်ကို ချလိုက်မိပြန်ပါ၏။

ဖော့မဲ့သော နွေငှက်ကလေးတစ်ကောင်သည် မိုးမခကိုင်းတစ်နေရာမှာ အလွမ်းတေးကို သီကြွေးလိုက်ပြန်ပါ၏။

လူရွယ်၏ မျက်ရည်ရစ်ဝိုင်းနေသော အမြင်အာရုံထဲတွင် ငိုကြွေးနေသော ချင်းဟို၏ ရုပ်သွင်လေးက ပေါ်ပေါက်၍လာခဲ့ရ၏။

"ချင်းဟို....အစ်ကိုနဲ့ ခွဲမနေနိုင်ဘူး၊ အစ်ကိုနဲ့ခွဲနေရရင် ချင်းဟိုသေရလိမ့်မယ်"

သူက ချင်းဟိုကို ပွေ့ဖက်ထားရင်းမှ နဖူးဆံစလေးများကို ညင်သာစွာ ပွတ်သတ်၍ ဆို့နင့်စွာ ပြောလိုက်မိ၏။

"အစ်ကိုလဲ ချင်းဟိုနဲ့ ဘယ်ခွဲချင်ပါ့မလဲကွယ်၊ အစ်ကို ချင်းဟိုနဲ့ မခွဲနိုင်ပါဘူး၊ဒါပေမယ့် အစ်ကို့အခြေအနေအစ်ကို့ဘဝကို ချင်းဟို သိဘယ်မဟုတ်လား၊ အင်အားကြီးမားတဲ့ ဒုစရိုက်ဂိုဏ်းကြီးက အစ်ကို့နောက်ကို အမဲလိုက်သလို ခြေရာခံပြီး လိုက်နေကြတာ၊ ဒီလူတွေက ကျူပင်ခုတ် ကျူငုတ်မကျန်ဆိုတဲ့ လူစားမျိုးတွေ၊ ချင်းဟိုကို အစ်ကိုနဲ့အတူတူတွေ့သွားရင် အစ်ကို့ကို သတ်သလို ချင်းဟိုကိုလဲ သတ်ပစ်ကြမှာ၊ ချင်းဟို ကိုယ့်အသက်ကို ကိုယ်မနှမြောဘူးလားဟင်"

မိန်းကလေးက ငိုရှိုက်ရင်းမှ ခေါင်းကို သွက်သွက်ကလေး ခါယမ်းလိုက်၏။

"ဟင့်အင်း....ဟင့်အင်း၊ ချင်းဟိုသေမှာလဲမကြောက်ဘူး၊ အသက်ဘေးလဲမစိုးရိမ်ဘူး၊ အစ်ကိုနဲ့ အတူတူနေချင်တာပဲ သိတယ်"

"မမိုက်ချင်စမ်းပါနဲ့ မိန်းကလေးရယ်"

သည်သို့ဖြင့်ပင် သူသည် ချင်းဟိုအား ကျေးလက်တောရွာတစ်နေရာမှ တစ်ချိန်က သူကျေးဇူးပြုခဲ့ဖူးသော တောင်သူလယ်သမား အဘိုးအိုလင်မယားထံတွင် အပ်နှံထားခဲ့ရ၏။

သူ့နောက်ကို လိုက်မည်တစ်ကဲကဲလုပ်နေသော ချင်းဟိုကို သူ့မှာ မနည်းဖျောင်းဖျ၍ ထားခဲ့ရ၏၊ ချင်းဟိုက နားမထောင်၊ နောက်ဆုံးအခြေအနေ ကောင်းသည်နှင့် လာခေါ်ပါမည် ဟူသော ကတိကိုပေးလေမှ ချင်းဟိုသဘောမတူချင့်တူချင်ဖြင့် တူခဲ့ရှာသည်။

"ဩော်....သနားစရာ ကောင်းလိုက်ပါဘိ မိန်းကလေးရယ်"

လူရွယ်သည် အတိတ်ဇာတ်ကြောင်းမှ အဖြစ်ဟောင်းများကို ပြန်တွေးရင်း လက်ထဲမှ ကိုင်ထားသည့် မိုးမခပွင့်ကလေးများကို ရေထဲသို့ တစ်ပွင့်ပြီးတစ်ပွင့် မျှောချနေမိလေသည်၊

မိုးမခပွင့်ကလေးများတို့သည် ရေစီးအတိုင်း မျောပါ၍ သွားကြလေသည်၊

မိမိသည်လည်း ထိုပန်းပွင့်ကလေးများကဲ့သို့ ရေစီးထဲတွင် မျောပါ လိုက်ချင်ပါတော့သည်၊



ချင်းဟိုဆိုသော မိမိ၏ငယ်ချစ်ဦး မိန်းမပျိုလေးရှိရာဆီသို့၊

သူသည် မည်မျှလောက်ကြာသည်အထိ မြစ်ရေပြင်ကို ငေးမော ကြည့်နေမိသည်မသိ။

ရုတ်တရက်ထွက်ပေါ်လာသော နောက်ဘက်မှ စကားသံတင်းတင်းတစ်ခုကြောင့် သတိပြန်ဝင်လာခဲ့ရမိလေတော့၏၊

* * *

စန်းလက်ဆောင်စာပေ

## အခန်း (၂)

### ရတနာမြေပုံဓား

"ကိုယ့်လူက ချူးအမျိုးအနွယ်ဝင်တစ်ယောက်လား"

နောက်ကျောမှ ထွက်ပေါ်လာသည့် မေးသံက တင်းလှသည်။ ပြတ်လှသည်၊ မာထန်လှသည်။

ချူးချင်း၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရ၏။

ကျောက်ဘက်မှလူ၏မေးခွန်းသံက တင်းမာနေသည်ထက် မိမိနောက်ကျောသို့ မိမိမသိရှိမရိပ်မိဘဲ ရုတ်တရက်ကပ်လာနိုင်သည့် ထိုသူ၏သိုင်းစွမ်းရည်ကြောင့်ချူးချင်းရင်ထိတ်သွားရခြင်း ဖြစ်ပေတော့၏။





ဤသူသည်ကား အဆင့်မြင့်သိုင်းသမားတစ်ဦး ဖြစ်သည်ဟူ၍လည်း စိတ်ထဲမှကျိတ်၍ ချူးချင်း မှတ်ချက်ချလိုက်မိ၏။

ချူးချင်းသည်တစ်သွင်သွင်စီးဆင်းနေသောမြစ်ရေအလျင်အပေါ်သို့ ရောက်ရှိနေသည့် မိမိ၏စိတ်အာရုံကို ပြန်လည်ရုပ်သိမ်းလိုက်ရ၏။

ထို့နောက် တည်ကြည်သောလေသံဖြင့်ပင် ကျောနောက်ဘက်မှလူကို လှည့်မကြည့်ဘဲ ပြန်၍မေးခွန်းထုတ်လိုက်၏။

"ခင်ဗျားကဘယ်သူလဲ၊ ဘာကိစ္စရှိလို့ကျုပ်ကိုဒီမေးခွန်းထုတ်ရတာလဲ"

ချူးချင်းသည် မိမိ ချူး အမျိုးအနွယ်တစ်ယောက် ဖြစ်ကြောင်း နှုတ်ဖြင့်ဖြေကြားခြင်းမပြုသော်လည်း သူ့လေသံကမူ ဟုတ်မှန်ကြောင်းဖော်ပြလိုက်လေ၏။

နောက်ကျောဘက်မှ မေးခွန်းထုတ်လိုက်သူက ချူးချင်း၏ မေးခွန်းမဖြေဘဲ ဆက်၍သာ မေးခွန်းထုတ်လိုက်ပြန်လေ၏။

"ချူးချင်းဆိုတာ ကိုယ့်လူပဲပေါ့"

"အဲဒါဘာဖြစ်သလဲ"

ချူးချင်းသည် ထိုသို့ ပြန်ပြောရင်းမှ ဖြစ်ပေါ်လာမည့် အခြေအနေကို ရင်ဆိုင်နိုင်ရန်အတွက် အဆင်သင့်ပြင်၍ထားလိုက်လေတော့၏။

သူသည် ယခုအချိန်အထိ နောက်ကျောက်ဘက်မှ မေးခွန်းထုတ်နေသူအား ယောင်၍ပင် လှည့်မကြည့်ပေ။

နောက်ကျောဘက်မှလူက အေးတိအေးစက် လေသံဖြင့်....

"ကိုယ့်လူဟာ ချူးချင်းဟုတ်တယ်ဆိုရင် ကိုယ့်လူနဲ့ကျုပ် အေးအေးဆေးဆေးဆွေးနွေးစရာရှိတယ်၊ ကိုယ့်လူချူးချင်း မဟုတ်ဘူးဆိုရင်တော့ ကျုပ်အနေနဲ့အခုချက်ချင်းပဲဒီနေရာက ထွက်သွားရလိမ့်မယ်"

ချူးချင်းကလည်း ထိုသူ၏လေသံအတိုင်းပင်....

"ကျုပ် ချူးချင်းဟုတ်တယ် မဟုတ်ဘူးဆိုတာကို သိချင်ရင် ခင်ဗျားဘယ်သူဆိုတာကိုလဲ ပြောပြဦးမှပေါ့"

နေစက်ကျောဘက်မှလူက ဟက်ခနဲ ရယ်မောလိုက်၏။

ပြီးမှ....

"ဟုတ်တယ်....ကိုယ့်လူပြောတာ သဘာဝကျတယ်၊ ကျုပ်နာမည်ကိုပြောမှလဲ တရားမျှတရာကျမှာပေါ့၊ ကျုပ်နာမည်က ကျောက်စွမ်းကျူးလို့ခေါ်တယ်၊ သံမဏိဘုတ်မှော ကျောက်စွမ်းကျူးဆိုတာ ကျုပ်ပဲ"

သံမဏိတုတ်မှောကျောက်စွမ်းကျူး။

ထိုနာမည်ကြောင့် ချူးချင်းရင်ထဲတွင် အနည်းငယ် ထိတ်သွားရပြန်လေ၏၊ သို့သော် ချူးချင်းသည် ဣန္ဒြေမပျက်အောင် မိမိကိုယ်မိမိထိန်းလိုက်၏။

"မှောပညာသာမကဘူး၊ သံတုတ်နဲ့တိုက်တဲ့ ပညာမှာလဲ အင်မတန်ကျွမ်းကျင်လို့ သံမဏိတုတ်မှောကျောက်စွမ်းကျူးလို့ နာမည်ကြီးခဲ့တာ ခင်ဗျားပဲပေါ့"

"ဟုတ်တယ်....ကျုပ်ပဲ"





ချူးချင်းသည် သိုင်းလောကသား တစ်ဦးဖြစ်သော်လည်း သိုင်းလောက၏ဗဟုသုတများကိုနှံ့စပ်လှသူမဟုတ်၊ သို့သော် သံမဏိတုတ်မှောကျောက်စွမ်းကျူး၏အမည်ကိုမူ သိုင်းလောက နေရာအနှံ့တွင် ကြားဖူးနားဝရှိခဲ့သည်၊ သံမဏိတုတ်မှော ကျောက်စွမ်းကျူးသည် ခေသူမဟုတ်၊ အဆင့်မြင့်သိုင်းသမား များထဲတွင် တစ်ဦးအပါအဝင်ဖြစ်၏၊

"သံမဏိတုတ်မှောကျောက်စွမ်းကျူး၊ ခင်ဗျားဟာနာမည်ကြီး တစ်ယောက်ပါပဲလား"

ကျောက်စွမ်းကျူးထံမှ သဘောကျကျေနပ်သော ရယ်သံတစ်ရပ် ထွက်ပေါ်လာ၏။

ပြီးမှ....

"ခင်ဗျား ကျုပ်နာမည်ကို အခုလိုသိရပြီးပြီဆိုတော့ ကျုပ်မေးတဲ့ မေးခွန်းကို ဖြေနိုင်ပြီလို့ ကျုပ်ယူဆရတော့မှာပေါ့"

ချူးချင်းက ခေါင်းတစ်ချက်ဆတ်၍ညိတ်လိုက်၏၊

"ဟုတ်တယ်....ချူးချင်းဆိုတာ ကျုပ်ပဲ"

ကျောက်စွမ်းကျူးထံမှ သဘောကျစွာ ရယ်မောသည့်အသံတစ်ရပ်က ထွက်ပေါ်လာခဲ့ပြန်၏၊

"ခင်ဗျားချူးချင်းဆိုရင် ကျုပ် ခင်ဗျားဆီက တစ်ခု တောင်းဆိုချင်တယ်ဗျာ၊ အဲဒါကို ကျေးဇူးပြုပြီးဆေးစပ်ရွက် ပေးပါလို့ ကျုပ် မေတ္တာရပ်ခံချင်တယ်"

ချူးချင်းက အသံပြတ်ဖြင့်—

"ခင်ဗျားက ဘာကိုတောင်းဆိုမှာလဲ၊ ကျုပ်က ခင်ဗျားရဲ့ ဘာဆန္ဒကို ဖြည့်ဆည်းပေးရမှာလဲ"

ကျောက်စွမ်းကျူးထံမှ ချက်ချင်းစကားသံ ထွက်မပေါ်လာ၊ တစ်အောင့်မျှကြာသည်အထိ ရေငုံနှုတ်ပိတ်တိတ်ဆိတ်နေ၏၊ သူသည် စဉ်းစားချင့်ချိန်နေဟန်တူပေသည်။

အတန်ကြာမှ စကားသံထွက်ပေါ်လာခဲ့သည်။

"ခင်ဗျား ရရှိထားတယ်ဆိုတဲ့ ရတနာသိုက်ညွှန်း ပါတဲ့ ဓားကို ကျုပ်လက်အပ်ပါ"

ထိုစကားကြောင့် ချူးချင်းမှာ တစ်ကိုယ်တည်း ကျိတ်၍ ပြုံးလိုက်မိရ၏။ ဘာမျှလည်းပြန်မပြောတော့၊

ချူးချင်းငြိမ်နေသဖြင့် ကျောက်စွမ်းကျူးမှာ စိတ်မရှည်နိုင် ဖြစ်လာရ၏၊

"ကဲ....ကျုပ် တောင်းဆိုထားတဲ့ ရတနာမြေပုံ ဓားကို ကျုပ်လက်ထဲအပ်မလား၊ မအပ်ဘူးလားဆိုတာ မြန်မြန်ဖြေစမ်းပါ"

"ဘာဖြစ်လို့ ရတနာမြေပုံဓားကို ခင်ဗျားလက် အပ်ရမှာလဲ"

"ကျုပ် လိုချင်လို့ပေါ့ဗျာ"

"တယ်ဟုတ်ပါလား၊ ခင်ဗျားက ဘာအားကိုးပြီးတော့ အခုလိုတောင်းနေရတာလဲ"





ချူးချင်း၏ မေးသံအဆုံးတွင် ကျောက်စွမ်းကျူးက လက်တစ်ဘက် တစ်ချက်စီမှကိုင်ထားသော သံမဏိတုတ်နှင့်ဓားကို အသံမြည်အောင် တချွမ်းချွမ်း ရိုက်ခတ်လိုက်၏။

"ကျုပ်အားကိုးတာက ဟောဒီဓားနဲ့တုတ်ပဲ"

"ချွမ်း....ချွမ်း....ချွမ်း"

ကျောက်စွမ်းကျူး၏ ဓားနှင့်တုတ် ရိုက်ခတ်သံအဆုံးတွင် ချူးချင်း၏ မျက်နှာတွင် အေးစက် တင်းမာသွားကာ နှုတ်ခမ်း အစုံက သရော်ပြုံး... ပြုံး၍လာခဲ့၏။

"ခင်ဗျားက ကျုပ်ကို လက်နက်အားကိုးနဲ့ အနိုင်ယူချင်တဲ့ သဘောမျိုးပေါ့"

"ဟုတ်တယ်၊ ခင်ဗျား ကြိုက်သလို ယူဆနိုင်တယ်၊ ကျုပ်ပြောတဲ့ ပစ္စည်းကို အလွယ်တကူ ပေးမလား၊ မပေးဘူးလား၊ မပေးရင် ကျုပ် အကြမ်းနည်း သုံးရလိမ့်မယ်"

ကျောက်စွမ်းကျူးက လေသံတင်းတင်းနှင့် ပြောနေသော်လည်း ချူးချင်းသည် ယခုအချိန်အထိ နောက်ဘက်သို့ လှည့်မကြည့်သေး၊ သို့သော် လေ့ကျင့်ထားသော ၎င်း၏ နားစွမ်းရည်ကိုမူ အပြည့်အဝ သုံး၍ နားစွင့်ထား၏၊

"ကဲ....ပြောဗျာ၊ ကြာတယ်၊ ကျုပ် စိတ်မရှည်တော့ဘူး"

ကျောက်စွမ်းကျူးထံမှ ခြိမ်းခြောက်သံ ထွက်ပေါ်လာသည်။

ထိုအချိန်တွင် ချူးချင်းလက်ထဲ၌ လျှို့ဝှက် ခလုတ်ဓား တစ်စင်း ရောက်ရှိနေလေပြီ၊ ထိုဓားသည် သာမန်ဓားမျိုး မဟုတ်

ဘဲ ခလုတ်ကို နှိပ်လိုက်သည်နှင့် ပျော့ပျောင်းသော ခါးသွား က လျှပ်တစ်ပြက်အတွင်း လျှောခနဲ ထွက်ပေါ်လာမည်ဖြစ်၏။

သို့သော် ချူးချင်းသည် ကျောက်စွမ်းကျူးနှင့် ပြဿနာ တက်လိုစိတ် မရှိ၊ ထို့ပြင် ကျောက်စွမ်းကျူး တောင်းဆိုနေ သော ရတနာမြေပုံ ပါရှိသည့် ခါးသည်လည်း သူ့တွင် မရှိ။

"ကျုပ်ဆီမှာ ဘာရတနာမြေပုံခါးမှ မရှိဘူး၊ ခင်ဗျား အကြမ်းနည်းသုံးလို့ အလကားဖြစ်မှာပဲ"

ထိုစကားကြောင့် ကျောက်စွမ်းကျူး ရှူးခနဲဖြစ်သွား၏။

"ဘယ်လိုလဲ ကိုယ့်လူ၊ ခင်ဗျားက ကျုပ်ကို လူအလူနများ အောက်မေ့နေသလား၊ ဒီမယ်....ကျုပ် ရှင်းရှင်းပဲ ပြောမယ်၊ ကျုပ် တောင်းဆိုတဲ့ ရတနာမြေပုံခါးကို ထုတ်မပေးခဲ့ရင် ခင်ဗျား ဒီနေရာက တစ်လက်မမှ ရွှေ့ဖို့ စိတ်မကူးနဲ့တော့"

ချူးချင်း၏ မျက်နှာမှာ ပြုံးသွားရပြန်၏။

"ကျုပ်ဆီမှာ အဲဒီ ရတနာမြေပုံခါး ရှိတယ်ဆိုတာ ခင် ဗျားက ဘယ်လိုလုပ်ပြီး သိရတာလဲ"

"ဟဲ....ဟဲ....ဒီမေးခွန်းကို ကိုယ့်လူ မေးနေစရာ လိုသေး သလားဗျာ၊ ဒီသတင်းဟာ သိုင်းလောကတစ်ခုလုံး ပြန့်နေပြီ ဆိုတာ ကိုယ့်လူလဲ သိပြီးသား နေမှာပါ၊ ဒါနဲ့တောင် ကျုပ် ကို ဒီလို မေးခွန်းမျိုး ပြန်မေးနေရသေးသလား၊ ဒီမယ် ကိုယ့် လူ၊ ခင်ဗျား ဘာမှ စကားကြော ရှည်မနေနဲ့တော့၊ လူလောက ထဲမှာ အသက် ဆက်ရှင်နေသွားချင်တယ်ဆိုရင် ကျုပ်လက်ထဲ ကို ရတနာမြေပုံခါး အသာတကြည်သာ အပ်ပေတော့"





ချူးချင်းထံမှ ကျိတ်၍ ချလိုက်သော သက်ပြင်းချသံတစ်ရပ် ထွက်၍ လာခဲ့၏။

သူတို့သည် မိမိအား ဒုက္ခညွှန်အတွင်းသို့ နစ်ဆင်းသွားစေ လိုသော စေတနာဆိုးဖြင့် ကောင်းကောင်း ချောက်ချလိုက်ကြ ပေပြီ။

သူတို့ဆိုသည်ကား တစ်ကြိမ်သော ကာလက မိမိအပေါ် ဆရာကြီးအဖြစ် ညွှန်ကြားစေခိုင်းသော သံမဏိနတ်ကျောပွတ် ကျူမင်နှင့် သွေးပင့်ကူဂိုဏ်းဝင်များတို့ပင် ဖြစ်ပေသည်။

ထိုအချက်ကို တွေးလိုက်မိသည်နှင့် ချူးချင်းမှာ ဒေါသ ထောင်းခနဲ ထကာ စိတ်ထဲတွင်လည်း လွန်မင်းစွာ ခံပြင်း သွားခဲ့မိရ၏။

မိမိလက်ထဲတွင် ရတနာမြေပုံခါး မရှိပါဟု ငြင်းဆိုခဲ့လျှင် လည်း သံမဏိတုတ်ခါး ကျောက်စွမ်းကျူး အနေဖြင့် ယုံကြည် မည် မဟုတ်တော့။

သို့သော် ချူးချင်းသည် တင်းမာပြတ်သားသော လေသံ ဖြင့် ကျောက်စွမ်းကျူးကို ပြောလိုက်၏။

"ဒီမယ်ကိုယ့်လူ၊ ကျုပ်ပြောမယ်၊ ကျုပ်ဆီမှာ အဲဒီခါး မရှိတာ အမှန်ပဲ၊ ခင်ဗျား မယုံဘူးဆိုရင် ကြိုက်သလို လုပ်ပေ တော့"

"တောက်....ကိုယ့်လူက တော်တော် ခေါင်းမာပါလား ဟေ့၊ ကဲ....အဲဒီ မာတဲ့ ခေါင်းကို ကျုပ်က ပျော့အောင် လုပ် ပေးရတာပေါ့ကွာ"

ကျောက်စွမ်းကျူးသည် ထိုကဲ့သို့ ဒေါသတကြီး ကြိမ်းမောင်းရင်း လက်ထဲမှ အသင့်ကိုင်ဆောင်ထားသည့် ဓားနှင့် တုတ်ဖြင့် ချူးချင်းအား ဝင်ရောက် တိုက်ခိုက်လေတော့သည်။

"ဝှီး....ဝှီး....ဝှီး"

သံမဏိဓားသွားနှင့် သံမဏိတုတ်တို့၏ ဝှေ့ယမ်းသံများက လေထဲတွင် ကြောက်မက်ဖွယ်ရာ မြည်ဟည်းသွားသည်၊

ချူးချင်းက နောက်သို့ လုံးဝ လှည့်မကြည့်၊ ၎င်း၏ လက်ထဲမှ ကိုင်ဆောင်ထားသော လျှို့ဝှက် ဓားခလုတ်ကို နှိပ်လိုက်ရာ ဓားသွားသည် ရွှမ်းခနဲ မြည်သံနှင့်အတူ အပြင်သို့ တွန်းကန်ထိုးထွက်လာတော့၏။

ဓားသွား အပြင်သို့ ထိုးထွက်လာသည်နှင့် ဝန်းကျင်တစ်ခုလုံး အေးစိမ့်စိမ့် အငွေ့အသက်များ ဖုံးလွှမ်းသွားသည်ဟု ထင်ရလောက်သည်၊ ဓားမှာ နှစ်ဘက်သွားဓား ဖြစ်ကာ ပြာလဲ့လဲ့ တောက်ပလျက် ရှိ၏။

"ထန်း....ထန်း....ထန်း"

ချူးချင်း၏နှစ်ဘက်သွားဓားသည် တစ်ဟုန်ထိုးဝင်ရောက်လာသော သံမဏိတုတ်နှင့် သံမဏိဓားတို့ကို တစ်ပြိုင်တည်း ခုတ်ထုတ်ပစ်လိုက်လေသည်၊

သံ သံချင်း ပြင်းထန်စွာ ခုတ်ပိုင်းထိတွေ့လိုက်သံနှင့်အတူ မီးပွားများက တဖြန်းဖြန်း ပွင့်ဖြာထွက်သွားရ၏။





ချူးချင်း၏ နှစ်ဘက်သွားဓားချက်ကြောင့် ကျောက်စွမ်းကျူး၏ သံမဏိဓားနှင့် သံမဏိတုတ်ကောက်တို့မှာ နောက်သို့ ပြန်ကန်ထွက်သွားကြရ၏။

တစ်ချိန်တည်းမှာပင် သူက မြန်ဆန်လှသော ချူးချင်း၏ ဓားကွက်များကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလျှင် မိမိကိုယ် မိမိ အလွန်အထင်ကြီးနေသော ကျောက်စွမ်းကျူးကိုယ်တိုင်ပင် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရသည်။

သူသည် ချူးချင်းကို ပေါ့ဆစွာ အထင်မသေးဝံ့တော့ဘဲ သတိထား တိုက်ခိုက်နေရသည်၊

"ဝှီး... ဝှီး... ဝှီး"

ယင်းအချိန်မှာပင် ချူးချင်းက တစ္ဆေလေးဖော် တောင်ပြောင်း ဓားကွက်ဖြင့် တစ်ဟုန်ထိုး တိုက်ခိုက်ပစ်လိုက်သည်၊

ဓားလေတိုးသံနှင့်အတူ ပြာလဲ့လဲ့ ဓားစက်ဝိုင်းကြီးများက တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာပြီး ကျောက်စွမ်းကျူး၏ တစ်ကိုယ်လုံးကို ရစ်သိုင်း လွှမ်းခြုံထားလိုက်လေသည်။

ကျောက်စွမ်းကျူးမှာ ဓားရိပ်ဓားငွေ့များကြောင့် မိမိမျက်စိကို မိမိ မယုံကြည်နိုင်အောင် ဖြစ်သွားရသည်။

ဓားစက်ဝိုင်းကြီးများကြားမှ တဖျပ်ဖျပ်တောက်လက်ကာ ပြေးလွှားနေသော ဓားများအနက် မည်သည့်ဓားကအစစ်၊ မည်သည့်ဓားကအတု ဖြစ်နေသည်ကို ရုတ်တရက် ခွဲခြားမရနိုင်ပေ။

သို့သော် ကျောက်စွမ်းကျူးကလည်း ထိပ်တန်း သိုင်းသမားတစ်ယောက်ဖြစ်ပြီး အတွေ့အကြုံ ရင့်ကျက်သူ တစ်ယောက်ဖြစ်သည်။

သူက ခန္ဓာကိုယ်ပေါ်သို့ ဓားစက်ဝိုင်းကြီးများ နီးကပ်လွှမ်းခြုံလာသည်နှင့်တစ်ပြိုင်နက် နတ်သားခြောက်ဖော် ရေဆင်း သိုင်းကွက်ကို အသုံးပြုကာ လက်ထဲမှ သံမဏိဓားနှင့် သံမဏိတုတ်ကို ဝဲယာခွဲကာ တန်ပြန်တိုက်ခိုက်ပစ်လိုက်သည်။

"ချွမ်း....ချွမ်း—ချွမ်း"

အင်အားကြီးမားပြီး ကြောက်စရာကောင်းသော သံမဏိလက်နက်များမှာ ဒုတိယအကြိမ် ထိခတ်မိပြီး နားပွင့်မတတ် မြည်ဟည်းကာ မီးပွားများ ပွင့်ထွက်သွားရပြန်သည်။

လူရိပ်နှစ်ရိပ်မှာ သတ်ခိုးသတ်ငွေ့များအကြား ချာချာလည်၍ ထွက်သွားကြသည်။

"ယား"

ကျောက်စွမ်းကျူးက ယာဘက်မှနေ၍ သံမဏိတုတ်ဖြင့် ချူးချင်း၏ နားထင်ဆီသို့ ရိုက်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဝဲဘက်မှ သံမဏိဓားက ချူးချင်း၏ ခါးစပ်ဆီသို့ ထိုးပစ်လိုက်၏။

"ဝှစ်"

ချူးချင်ကလည်း ခေသူ မဟုတ်ပေ။ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းသမား တစ်





ယောက်မဟုတ်လင့်ကစား တိုက်ပွဲအတွေ့အကြုံရင့်ကျက်သော ဓားသမားတစ်ယောက် ဖြစ်သည်။

ချူးချင်းက သိုင်းပညာရေး အတွင်းအားပေါ် ထိပ်တန်းအဆင့် ရောက်နေလေပြီ။

ထို့ကြောင့် သူက အင်အားပြင်းထန်သော သံမဏိလက်နက် နှစ်ခု တစ်ပြိုင်တည်း စုပေါင်းတိုက်ခိုက်လာသည်ကို တွေ့မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ကိုယ်ကို အမြန်ဆုံး နောက်သို့ လှန်ချကာ ရှောင်တိမ်းပေးလိုက်သည်။

ကျောက်စွမ်းကျူးစိတ်ထဲမှာ အတော်ကလေး မချင့်မရဲ ဖြစ်သွားရသည်။

သူ့ သံမဏိဓားနှင့် သံမဏိတုတ်က ချူးချင်းကိုယ်နံဘေးမှ ပွတ်ကာသီကာကလေး စပါးလုံး တစ်ထောက်စာမျှကလေး ပွတ်ထွက်သွားခြင်းကြောင့်ပင် ဖြစ်ပေသည်။

"တောက်"

ကျောက်စွမ်းကျူးမှာ စိတ်ထဲတွင် ခံပြင်းဒေါသဖြစ်ကာ တောက်တစ်ချက်ပင် ခေါက်လိုက်မိသည်။

ယင်းအချိန်မှာပင် ချူးချင်းက ပြန်ခုန်ထလာပြီး ကျောက်စွမ်းကျူးကို ရင်ဆိုင်လိုက်သည်။

သတ်ခိုးသတ်ငွေ့များနှင့် ဓားရိပ်ဓားငွေ့များမှာ နှစ်ယောက်လုံးကို လွှမ်းခြုံလျက် ရှိ၏။

"ယား"

ရုတ်တရက် ချူးချင်းက ရဟန်းတော်တရားထိုင်ဓားကွက်ဖြင့် ကျောက်စွမ်းကျူးကို တိုက်ခိုက်လိုက်သည်။ တစ်ချိန်တည်းမှာပင် ချူးချင်း၏ဓားက လေတိုက်ခတ်လိုက်သလို ဟူးခနဲမြည်ဟည်းကာ ကျောက်စွမ်းကျူး၏ ကိုယ်ပေါ်သို့ အရှိန်အဟုန်ပြင်းစွာဖြင့် ပြန်ကျသွားသည်။

"ချွမ်း"

ကျောက်စွမ်းကျူးကလည်း မျက်စိလျင်သူပီပီ သူ့ကိုယ်ပေါ်သို့ လေတိုက်သလိုဖြတ်လာသော ချူးချင်း၏ လျှပ်တစ်ပြက် ဓားချက်ကို သူ၏သံမဏိဘုတ်ကောက်ဖြင့် ကာကွယ်ပေးလိုက်လေသည်။

တစ်ဘက်မှလည်း သူ့သံမဏိဓားဖြင့် ချူးချင်း၏ ရင်ဝဆီသို့ လှမ်းထိုးလိုက်သည်။

ချူးချင်းက နောက်သို့ပြန်ဆုတ်ပေးလိုက်သဖြင့် ကျောက်စွမ်းကျူး၏ ဓားချက်မှာ လူကိုမတိုက်ခိုက်မိဘဲ နံဘေးမှ ဝှီးခနဲ လွဲချော်သွားရလေသည်။

သို့နှင့် သူတို့နှစ်ယောက်သည် သိုင်းကွက် သုံးဆယ်ကျော်လာသည်အထိ ပြင်းထန်စွာ တိုက်ခိုက်မိနေကြသည်။ ယင်းအချိန်အထိ တစ်ယောက်နှင့်တစ်ယောက် မည်သူ့ကိုမှ အနိုင်မတိုက်ခိုက်နိုင်ဘဲ ရှိနေကြသည်။

သိုင်းကွက်ငါးဆယ်ကျော်လာသည်နှင့် ချူးချင်းက အသာစီးမှ ရလာသည်။ ကျောက်စွမ်းကျူးမှာ လက်ရည်ကျစ ပြုလာသည်။ ကျောက်စွမ်းကျူးမှာ အေးမြသော ရာသီဥတု





ဖြစ်လင့်ကစား နဖူးပြင်မှ ချွေးသီးချွေးပေါက်ကြီးများပင် ကျဆင်းစ ပြုလာသည်။

သူသည် ချူးချင်းကို မယှဉ်နိုင်တော့မှန်း သိသော်လည်း အံကိုတင်းတင်းကြိတ်ကာ ဆက်လက်ယှဉ်ပြိုင်လျက်ရှိ၏။

"ဝှစ်"

တိုက်ခိုက်နေရင်းမှ လျှပ်ပြက်သလို ဓားရောင်တစ်လက် ဝင်းလက်တောက်ပ သွားသည်ကို မျက်စိကျိန်းစပ်လုမတတ် တွေ့မြင်လိုက်ရသဖြင့် ကျောက်စွမ်းကျူးမှာ အထိတ်တလန့်နှင့် နောက်သို့ ခုန်ဆုတ်လိုက်မိ၏။

"သူကအင်္ကျီရင်ဘတ်ကို ကြည့်လိုက်ရာ အင်္ကျီရင်ဘတ်မှာ ကွဲထွက်နေပြီး သူ၏ဖြူဖွေးသော ရင်ဘတ်ထက်၌ နီရဲသော သွေးစင်းကြောင်းတစ်ခု ရုတ်ခြည်းဖြစ်ပေါ်လာသည်ကို တွေ့မြင်လိုက်ရ၏။

ထိုနေရာမှ စပ်ဖျဉ်းဖျဉ်းဝေဒနာတစ်ခု ဖြစ်ပေါ်လာပြီး နီရဲသော သွေးစီးကြောင်းတစ်ခုက အောက်သို့ စီးဆင်းကျသွားလေသည်။

"ဟင်"

ကျောက်စွမ်းကျူးသည် ရင်ဘတ်ကို တစ်ချက်ငုံ့ကြည့်လိုက်မိရင်းက မျက်နှာမှာ ကွက်ခနဲပျက်သွားရသည်။ စင်စစ် ချူးချင်းက ကျောက်စွမ်းကျူးကို သူ့ဓားချက်တစ်ချက်တည်းနှင့် အသေမသတ်လိုသဖြင့် ယခုလို ထိရုံမျှသာ တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်ပေသည်။

ချူးချင်းကသာ ကျောက်စွမ်းကျူးကို အသေသတ်လို စိတ် ရှိပါက ဓားသွားကို ရှေ့သို့ အနည်းငယ်မျှ တိုးလိုက်ရုံနှင့်ပင် အသက်ပျောက်သွားနိုင်သည်။

ချူးချင်းက နှစ်ဖက်သွားဓားကို ကန့်လန့်ဖြတ်ကိုင်ထားရင်း....

"ကိုင်း....ခင်ဗျား ရတနာမြေပုံဓား ကိုလိုချင်စိတ်ရှိသေးသလား"

ကျောက်စွမ်းကျူး၏ ဖြူဖွေးနေသော မျက်နှာမှာ ရှက်ဒေါသကြောင့် တစ်မုဟုတ်ချင်း မီးကျည်းခဲပမာ နီမြန်းလာသည်။ ကျောက်စွမ်းကျူးက အံကြိတ်ထားသဖြင့် မေးရိုးကြီးများပင် ထောင်ထလာသည်။

ကျောက်စွမ်းကျူးက ချူးချင်းကို စားဝါးပစ်လုမတတ် မျက်လုံးများဖြင့် စူးစိုက်ကြည့်ရင်း....

"ဒီကနေ့ မင်းကို မရရအောင် သတ်ပြီးမှ ရတနာမြေပုံဓား အရယူမယ်ကွ၊ ကိုင်း...."

စကားဆုံးသည်နှင့် ကျောက်စွမ်းကျူးက လက်နှစ်ဖက်မှ တင်းကျပ်စွာ ဆုပ်ကိုင်ထားသည့် သံမဏိဓားနှင့် သံမဏိတုတ်ကို ပြင်းထန်စွာဝှေ့ယမ်းကာ ချူးချင်းထံသို့ တစ်ဟုန်ထိုး ခုန်လွှားဝင်ရောက်လာပြန်သည်။

"ဝှစ်....ဝှစ်....ဝှစ်"

ချူးချင်းက လက်နက်နှစ်ခုကြားမှ ပျံလွှားငှက်တစ်ကောင်ပမာ လျှပစွာ ဖောက်ထွက်သွားသည်။





"ရှမ်း"

"အင့်"

ရှောင်ထွက်သွားရင်းမှပင် ကြယ်ကြွေသလို လျှပ်တစ်ပြက် ဓားချက်ကြောင့် ကျောက်စွမ်းကျူးမှာ ရှေ့သို့ယိုင်ဆင်းသွားရပြန်သည်။ တစ်ချိန်တည်းမှာပင် သူ့ကျောဘက်မှ အင်္ကျီစကွဲထွက်သွားသံ ကြားလိုက်ရပြီး စပ်ဖျဉ်းဖျဉ်းဝေဒနာဆိုးကို ခံစားလိုက်ရသည်။

သူ့ကျောတစ်လျှောက် ပူနွေးသော သွေးများစီးကျသွားသည်ကိုလည်း သိလိုက်သည်။ ချူးချင်း၏ လေတိုက်သလို ဓားချက်က သူ့ကျောကို ထိခိုက်အောင် ဒဏ်ရာရအောင် ထပ်မံတိုက်ခိုက်လိုက်ပြန်လေပြီ။

ချူးချင်းကသာ မညှာမတာ တိုက်ခိုက်မည် ဆိုပါက ယခုလောက်ဆိုလျှင် သူသည် ခေါင်းနှင့်ကိုယ် အိုးစားကွဲသွားလောက်ချေပြီ။ ကျောက်စွမ်းကျူးမှာ ချူးချင်း၏ အဆင့်မြင့်လှသော သိုင်းပညာကို ရိပ်စားမိကာ ရင်တထိတ်ထိတ်ဖြစ်လာရသည်။

"ဖြောင်း"

"ရှမ်း"

ယင်းအချိန်မှာပင် ချူးချင်းက ဓားမှခလုတ်ကို နှိပ်လိုက်ရာ ဖြောင်းခနဲ မြည်ဟည်းသွားပြီး အရောင်တဖိတ်ဖိတ်တောက်ပ ဝင်းလက်နေသော ဓားသွားသည် အတွင်းသို့ လျှောခနဲ ဝင်ရောက်ပျောက်ကွယ်သွားလေတော့၏။

ထိုမြင်ကွင်းကို ကျောက်စွမ်းကျုံးမှာအိပ်မက်မက်နေရာမှ လန့်နိုးလာသူပမာ ကြောင်အမ်းအမ်းနှင့် ကြည့်နေမိလေတော့၏။

ချူးချင်းက အေးစက်စက်လေသံဖြင့်....

"ကိုင်း....ကျုပ် စိတ်မပြောင်းခင် ခင်ဗျား ဒီနေရာကနေ အမြန်ဆုံးထွက်သွားရင် ကောင်းလိမ့်မယ်"

"တောက်"

ကျောက်စွမ်းကျုံးမှာ မခံမရပ် မချင့်မရဲနှင့် တောက်သံ ပြင်းပြင်းခေါက်လိုက်မိရုံမှအပ အခြားဘာမှမတတ်နိုင်တော့ပေ။

ထို့နောက် ကျောက်စွမ်းကျုံးက ချူးချင်းကိုစူးဝါးသော အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ပြီးနောက်သို့ချာခနဲလှည့်ကာ ထွက်ခွာသွားလေတော့သည်။

ချူးချင်းမှာ ခြေလှမ်း ကျဲကျဲနှင့် ထွက်ခွာသွားသော ကျောက်စွမ်းကျုံး၏ နောက်ကျောပြင်ကို လှမ်းကြည့်ရင်း မချိပြုံး....ပြုံးလိုက်မိလေတော့၏။

* * *



အခန်း (၃)

---

## သေမင်းလေးဖော်

သံမဏိတုတ်ဓါးကျောက်စွမ်းကျုံး ထွက်ခွာသွားပြီးသည် နောက် ချူးချင်းသည် တစ်သွင်သွင်စီးဆင်းနေသော မြစ်ရေ ပြင်ကိုပြန်လည်ငေးမောကြည့်နေမိပြန်လေတော့၏။ ယင်းနှင့် အတူ အတိတ်ကြောင်းမှ အဟောင်းများကိုလည်း ပြန်လည် တွေးတောနေမိပြန်လေ၏။

မိမိ၏ဆရာကြီးဟောင်းဖြစ်သော သွေးပင့်ကူဂိုဏ်းချုပ် ကြီး သံမဏိနတ်ကျောပွတ်ကျုံမင်သည် အဘယ့်ကြောင့်မိမိ အား ဤမျှလောက် အငြိုးအတေး ကြီးမား နေရပါလေ သနည်း။

သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်သည် မိမိတွင် ရတနာမြေပုံခါး ရှိနေသည်ဟု သိုင်းလောကအနှံ့ သတင်းလွှင့်ခဲ့လေပြီ၊ ထိုသတင်းသည် မိမိ၏သေတွင်းပင်ဖြစ်ပေတော့၏။

သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်ပစ်လိုက်သောအဝေးမှမြားသည် မိမိအား တိုက်ရိုက်ထိမှန်ခဲ့လေပြီ။

အဘယ့်ကြောင့်ဟူမူ ရတနာမြေပုံခါးသည် သိုင်းလောကသားတိုင်း လွန်စွာမက်မောရလိုဇောကြီးနေကြသည့်ပစ္စည်းပင် ဖြစ်ပေတော့၏၊ မည်သည့်သိုင်းလောကသားမဆို ရတနာမြေပုံခါးကိုသာရရှိမည်ဆိုပါက အသက်တစ်ချောင်းကို သတ်ဖြတ်ရန် ဝန်လေးကြလိမ့်မည်မဟုတ်။

ယခုအချိန်မှစ၍ မိမိသည် ရတနာမြေပုံခါးကိုလိုက်လံရှာဖွေနေကြသော သိုင်းလောကသားများတို့နှင့်ဆက်ကာ ဆက်ကာ ရင်ဆိုင်ရပေတော့မည်။

ထိုအတွေးကိုတွေးလိုက်မိသည်နှင့် ချူးချင်းသည် သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်နှင့် ဂိုဏ်းခွဲမှူးတစ်ဦးဖြစ်သောသွေးနှင်းဆီမရှားတို့ကို ပို၍ နာကြည်းခံပြင်းလာခဲ့မိရလေတော့၏။

ချူးချင်းသည် အတွေးစများကိုဖြတ်ကာ ကမ်းစပ်မှ ခွာရန် ဟန်ပြင်လိုက်၏။

ထိုအချိန်မှာပင်ရေစုန်အတိုင်းလှော်ခတ်လာသောလှေငယ်တစ်စင်းကို သူ လှမ်း၍မြင်တွေ့လိုက်ရ၏၊ လှေကို လှော်ခတ်လာသူမှာ အသက်သုံးဆယ်ကျော်အရွယ်ရှိ လူလတ်ပိုင်း တစ်





ယောက်ဖြစ်၏၊ ထိုသူသည် လှေကိုလှော်ရင်းမှ သီချင်းတစ်ပုဒ်ကို အသံဝါကြီးဖြင့် အော်ဟစ်သီဆိုလာခဲ့၏။

သီချင်းကို အားမန်အပြည့်ဖြင့်ဆိုလာသဖြင့် ချူးချင်းမှာ ထိုသူ့ကိုစိတ်ဝင်စား၍လာခဲ့ရလေတော့၏။

ထိုအခိုက်မှာပင် လှေပေါ်မှထိုသူကလည်း ချူးချင်းကိုရုတ်တရက် မြင်တွေ့သွားရ၏။ ထိုသူသည် စူးရဲသောမျက်လုံးများဖြင့် ချူးချင်းအား လှေပေါ်မှလှမ်း၍ကြည့်လိုက်၏။

မကြာမီ ထိုလှေသည် ချူးချင်းမတ်တတ်ရပ်နေရာ ကမ်းစပ် အနီးသို့ ရောက်ရှိလာခဲ့လေတော့၏။

လှေကမ်းမကပ်မီမှာပင် လှေပေါ်မှလူသည် ကုန်းပေါ်သို့ ကြောင်ရိုင်းတစ်ကောင်အလား လွှားခနဲ ခုန်တက်လိုက်၏၊ သူ၏ကိုယ်ဟန်မှာ ပေါ့ပါးသွက်လှသဖြင့် ထိပ်တန်းကိုယ်ဖော့သမား တစ်ဦးမှန်း ချူးချင်းသိရှိရိပ်မိလိုက်ရ၏။

လှော်ခတ်သူကင်းမဲ့သွားသောလှေငယ်ကလေးသည်ရေစီးအတိုင်း ဆက်လက်၍ရွေ့လျားသွားလေ၏။

ချူးချင်းသည် ကမ်းစပ်တွင်ရပ်နေရာမှနောက်သို့မသိမသာဆုတ်လိုက်၏။ ထို့နောက် ကမ်းပေါ်သို့ တက်လာသူအား အကဲခတ်ကြည့်ရှုလိုက်လေ၏။

ထိုလူသည် တောင်သူလယ်သမား ဆင်းရဲသားများ ဝတ်ဆင်လေ့ရှိကြသည့် ဖျင်ကြမ်းဝတ်စုံကိုဝတ်ဆင်ထား၏၊ မျက်နှာ အနေအထားမှာ ယောကျ်ားပီသ၍ တည်ကြည်သော အသွင်သဏ္ဌာန်မျိုးရှိ၏။ သို့သော် သူ့အမူအရာသည် တစ်ခါ

တစ်ရဲ့ ခက်ထန်ကြမ်းတမ်းသောလုပ်ရပ်မျိုးကို လုပ်တတ်သော အနေအထားမျိုးလည်းရှိချေ၏။

ထိုသူသည် ကမ်းပေါ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် ဖြူဖွေး ညီညာသောသွားများကိုပေါ်အောင် နှစ်လိုစွာ ပြုံး၍ပြလိုက်လေသည်။

ထိုသို့ပြုံးလိုက်သဖြင့် သူ၏အမူအရာမှာ ခင်မင်ဖွယ်ရာ ကောင်းလာသည်။ စောစောကလို အကြမ်းဖက်လိုသည့် အနေအထားမျိုး မရှိတော့။

သို့သော် ချူးချင်းသည် အတွေ့အကြုံရှိသည့် အားလျော်စွာ ထိုသူ၏ခင်မင်ဖွယ်အပြုံးကြောင့် သတိစိရိယလျော့သွားခြင်း မရှိပေ။

ထိုလူသည် သွားအဖွေးသားပေါ်အောင်ပြုံးရင်းမှ ချူးချင်းအား မေးလိုက်၏။

"ငါ့ညီက ဒီနေရာကိုလာပြီး တစ်ယောက်ယောက်ကို စောင့်နေတာလား၊ ဒါမှမဟုတ် ဟိုဘက်ကမ်းကို ကူးချင်သလား၊ ဟိုဘက်ကမ်းကို ကူးချင်တယ်ဆိုရင် အစ်ကို့လှေနဲ့ လိုက်ပို့ပေးမယ်လေ"

စကားအဆုံးတွင် ထိုလူသည် ခပ်လှမ်းလှမ်းသို့ ရောက်ရှိနေပြီဖြစ်သော လှေငယ်ကို လှမ်း၍ကြည့်လိုက်၏။

ချူးချင်းက ခေါင်းခါလိုက်၏။ ပြီးမှ ယဉ်ကျေးစွာငြင်းဆိုလိုက်လေသည်။





"အခုလို စေတနာထားတဲ့အတွက် ကျေးဇူးတင်လှပါတယ် ခင်ဗျာ၊ ကျွန်တော် ဘယ်ကိုမှ မသွားပါဘူး"

ထိုသူက ခေါင်းတစ်ချက် ညိတ်လိုက်၏။ ထို့ကြောင့် ချူးချင်းကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်၏။ ပြီးမှ....

"ခင်ဗျားကို ကြည့်ရတာ စိတ်အနှောင့်အယှက်ဖြစ်စရာ ပြဿနာတစ်ခုခုနဲ့ ကြုံတွေ့နေရသလိုပဲ၊ ကျုပ် ကူညီနိုင်မယ်ဆိုရင် ကူညီပါရစေလား"

"ကျေးဇူးတင်ပါတယ်၊ မလိုပါဘူး၊ ကိုင်း....ကျုပ်ကို ခွင့်ပြုပါဦး"

ချူးချင်းက လေသံပြတ်ပြတ်ဖြင့်ပြောလိုက်ရင်း ကမ်းစပ်မှ လှည့်ထွက်လိုက်သည်။

ဖျင်ကြမ်းအင်္ကျီနှင့်လူမှာ ချူးချင်း၏နောက်ကျောကို ငေးကြည့်နေမိသည်။

ထို့နောက် ကမ်းစပ်အတိုင်းပြေးသွားပြီး ရေစီးကြောင်းအတိုင်း မျောပါနေသော သူ့လှေကလေးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် ပျံလွှားငှက်တစ်ကောင်၏ လျင်မြန်ခြင်းမျိုးနှင့်အတူ လှေငယ်ပေါ်သို့ ကျရောက်သွားလေသည်။

ထို့နောက် စောစောကအတိုင်းပင် အသံဝါကြီးနှင့်အော်ဟစ်ကာ သီချင်းဆက်ဆိုသွားတော့သည်။

မိမိလည်း ထိုသူကဲ့သို့ပင် စိတ်အေးချမ်းသာရှိမည်ဆိုပါက မည်မျှကောင်းလိမ့်မည်နည်းဟု တွေးမိကာ ချူးချင်းသည် ရုတ်တရက် မြစ်ပြင်ဆီသို့ လှည့်ကြည့်လိုက်မိ၏။

မြစ်ရေပြင်ထက်တွင် မြားတစ်စင်းပမာ ပြေးလွှားသွားသော လှေကလေးကို တွေ့မြင်လိုက်ရလျှင် ချူးချင်းမှာ အငေးသား ဖြစ်သွားရ၏။

ယင်းအချိန်မှာပင် သူ့ဝန်းကျင်မှ အဝတ်လေတိုးသံများနှင့် ခြေသံများကြားလိုက်ရ၍ ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။

သူ့မြင်ကွင်းထဲသို့ လူလေးယောက် ဝင်ရောက်လာကြ၏။ လေးယောက်စလုံးမှာ ရုပ်ရည်ခက်ထန် ကြမ်းတမ်းသူများ ဖြစ်ကြပြီး အညိုရောင်ကိုယ်ကျပ်ဝတ်စုံများ ဝတ်ဆင်ထားကြသည်။

လေးယောက်စလုံး သန်မာထွားကျိုင်းကာ စူးရှတောက်လက်သော မျက်လုံးများကို မြင်လိုက်ရရုံနှင့် အတွင်းအားနက်ရှိုင်း ကြီးမားသူများဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။

ချူးချင်းသည် ထိုသိုင်းပညာရှင်လေးယောက်ကို စူးစမ်းအကဲခတ်နေသလို ထိုလေးယောက်ကလည်း ချူးချင်းအား အကဲခတ် စူးစိုက်ကြည့်လျက် ရှိနေကြ၏။

ချူးချင်းက အကြည့်ကိုလွှဲဖယ်လိုက်ပြီး ထိုလူစုနံဘေးမှ ကွာခြေရရဖြင့်ပင် ဖြတ်လျှောက်သွားသည်။





ဤတွင် သိုင်းသမားလေးယောက်တို့က ခြေလှမ်းများကို တုံ့ခနဲ ရပ်တန့်လိုက်ကြပြီး ကိုယ်ရှိန်သတ်ကာ ချူးချင်းအား အကဲခတ်ကြည့်လိုက်ကြပြန်၏။

၎င်းတို့ထဲမှ တစ်ယောက်က—

"ဒီကောင့်ကြည့်ရတာ ဟိုင်နဲ့နဲ့ ခပ်ဆင်ဆင်ပဲ၊ အစ်ကိုကြီးကော ဘယ်လိုသဘောရသလဲ"

နဖူးပေါ်တွင် ဖုကြီးတစ်လုံးထွက်နေသူက အသံဩဩကြီးဖြင့်....

"အေးကွ၊ နည်းနည်းတော့ ဆင်သလိုလိုပဲ"

ဇီးကွက်မျက်လုံးလို မျက်လုံးပြူးပြူးငနဲက....

"အစ်ကိုကြီးကလဲဗျာ၊ ရုပ်ချင်းဆင်နေရင်လဲ ဖမ်းမေးလိုက်ရုံပဲ ရှိတော့တာပေါ့၊ ဘာဖြစ်လို့ အချိန်ကုန်ခံနေရမှာလဲ"

ထိုစကားကို ကြားလိုက်ရလျှင် ချူးချင်းမှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရသည်။

သို့သော် သူက သတိကောင်းသူပီပီ ထိုသူများ ပြောဆိုနေကြသော စကားများကို မကြားချင်ဟန်ဆောင်က ရှေ့သို့ ဆက်လျှောက်သွားလေ၏။

ရုတ်တရက် သူ့နောက်ကျောမှ....

"ဟိတ်....ရပ်လိုက်စမ်း"

ချူးချင်းမှာ စူးရှခက်ထန်သော ဟန့်တားသံကြီးကို ရုတ်တရက် ကြားလိုက်ရသော်လည်း မရပ်ဘဲရှေ့သို့ဆက်လျှောက်မြဲ လျှောက်သွားလေသည်။

ယင်းအချိန်မှာပင် စောစောကမိုးချုန်းသံပမာ စူးရှကျယ်လောင်သော အသံအောကြီးက ထပ်မံ ထွက်ပေါ်လာပြန်သည်။

"ဟိတ်ကောင်....ရပ်ဆို ရပ်လိုက်စမ်း၊ မင်းကို မေးစရာရှိတယ်"

သို့သော် အတွေ့အကြုံရင်ကျက်နေပြီဖြစ်သော ချူးချင်းက လုံးဝဂရုမစိုက် ရှေ့သို့ ဆက်လျှောက်မြဲသာ ဆက်လျှောက်နေသည်။

"ဝှစ်....ဝှစ်....ဝှစ်"

ရုတ်တရက် သူ့နောက်ကျောမှ အဝတ်လေတိုးသံများကြားလိုက်ရပြီး လူရိပ်လေးရိပ်က လေတိုက်သလို သူ့ကိုကျော်ဖြတ်တက်သွားကြပြီး သွားလမ်းကို ပိတ်ဆို့ရပ်နေလိုက်ကြသည်။

အန္တရာယ်၏ အရိပ်အငွေ့ကို သူခံစားလိုက်ရသလို သတ်ခိုးသတ်ငွေ့များကလည်း ဝန်းကျင်တစ်ခွင်တွင် တလူလူပြည့်နှက်လာလေ၏။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် သိုင်းသမားလေးယောက်တို့သည် လေးဘက်လေးတန်မှ ထွက်ပေါက်မရှိအောင် ပိတ်ဆို့ထားလိုက်ကြပြီးလေပြီ။





ထိုသူများ၏ လှုပ်ရှားမှုမှာ အံ့မခန်းလောက်စရာပင် ဖြစ်သည်။ ဤနေရာတွင် အတွေ့အကြုံမရှိသော သာမန်လူများဆိုပါက ထိတ်လန့်ချောက်ချားသွားရပေလိမ့်မည်။

ယခုမူ ချူးချင်းက သိုင်းလောကတွင် အတွေ့အကြုံ ရင့်ကျက်သော သိုင်းသမားတစ်ယောက် ဖြစ်သည့်အတွက် သူ့ကိုလေးဘက်လေးတန်မှ ထွက်ပေါက်မရှိအောင် ဝိုင်းရံပိတ်ဆို့ထားသော်လည်း မျက်နှာတစ်ချက်ကလေးမှပျက်မသွားသည့်အပြင် တုန်လှုပ်ချောက်ချားမှုလည်း အလျဉ်းမရှိပေ။

သိုင်းသမားလေးယောက်ကလည်း ကြောက်စရာပုံသဏ္ဍာန်မျိုး ရှိနေကြသည်။

ချူးချင်းက နှုတ်ခမ်းထောင့်ကိုတွန့်ကာ တစ်ချက်ပြုံးလိုက်ပြီး အေးစက်စက်လေသံဖြင့်....

"ခင်ဗျားတို့က ဘာကောင်တွေလဲ၊ ကျုပ်ကို ဓားပြတိုက်မလို့လား"

ချူးချင်းစကားကြောင့်လေးယောက်စလုံး၏မျက်နှာများကွက်ခနဲ ပျက်သွားကြသည်။ ကြောင်အန်းအန်းလည်းဖြစ်သွားကြရသည်။

အတန်ကြာမှ နဖူးပေါ်တွင် ဖုကြီးထွက်နေသောသူက ဒေါသထွက်နေသော လေသံဖြင့်....

"ဟိတ်ကောင်....မင်းကြည့်ရတာ အသက်နှစ်ဆယ်တောင်ပြည့်ပုံမပေါ်သေးဘူး၊ လူ့လောကမှာနေရတာ ငြီးငွေ့နေပြီ

လား၊ ကိုင်း....ငါမေးမယ်၊ မှန်မှန်ပြောစမ်း၊ မင်းနာမည် ဘယ်လိုခေါ်သလဲ''

ချူးချင်းက ဟက်ခနဲ ရယ်မောလိုက်ရင်း....

''ခင်ဗျားတို့ ဒီနေရာကနေ မြန်မြန်ထွက်သွားရင်ကောင်းမယ်၊ နို့မဟုတ်ရင် ကျုပ်က အော်လိုက်မှာပဲ''

နဖူးပေါ်တွင် ဖုကြီးထွက်နေသူက စူးရှကော်ထန်သော လေသံဖြင့်....

''မင်း အော်ရဲ အော်ကြည့်၊ ချက်ချင်း မသာစပေါ်သွားမယ်''

ယင်းအချိန်မှာပင် တစ်ချိန်လုံးငြိမ်သက်နေသော ငါးခူမျက်လုံးပမာ မေးစင်းနေသော မျက်လုံးပိုင်ရှင်က....

''အစ်ကိုကြီး၊ ဒီကောင်ဟာ ကျွန်တော်တို့လိုက်ရှာနေတဲ့ ကောင်ပဲ ဖြစ်ရမယ်၊ သူ့ကြည့်ရတာ မသက်သာစရာပဲ''

''ဟိတ်ကောင်....မင်းက ချူးမျိုးနွယ်မဟုတ်လား''

ထိုသူ၏စကားကြောင့် ချူးချင်းမှာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရသည်။ သူက ဂရုမစိုက်ပျက်ပင် အေးစက်စက်အသံဖြင့် ပြန်မေးလိုက်သည်။

''ကျုပ်ကို မေးနေစရာ မလိုပါဘူး၊ ခင်ဗျားတို့က ဘယ်သူတွေလဲ''

''ငါတို့ ဘယ်သူတွေလဲဆိုတာ မင်းမေးနေစရာ မလိုပါဘူး၊ တို့မေးတာကိုပဲ ဖြေပါ''





ထိုစကားကို ဇီးကွက်မျက်လုံးပမာ မျက်လုံးပြူးပြူးနှင့် သိုင်းသမားက ဖြတ်ပြောလိုက်ခြင်းပင် ဖြစ်၏။

ထိုသူ၏စကားကြောင့် ချူးချင်းမှာ ဒေါင်းခနဲ ဒေါသ ထွက်သွားရသည်။ ထို့ကြောင့် သူက ခက်ထန်တင်းမာသော လေသံဖြင့်....

''ကျုပ် ဘယ်သူဆိုတာ ခင်ဗျားတို့ မေးနေစရာ မလိုပါဘူး၊ မြန်မြန်လမ်းဖယ်လိုက်စမ်း''

''တောက်....တော်တော်လူဝါးဝတဲ့ကောင်''

''ငါတို့အကြောင်းပြမှ ဖြစ်တော့မယ်''

''အရေခွံခွာပစ်ဟေ့''

သိုင်းသမားလေးယောက်တို့မှာချူးချင်း၏စကားကြောင့် တရှူးရှူးတရှဲရှဲနှင့် စိတ်ဆိုးမာန်ဆိုးဖြစ်သွားကြပြီး မိမိတို့၏ လက်နက်များကို ဆွဲထုတ်လိုက်ကြလေတော့၏။

''ရွှမ်း....ရွှမ်း....ရွှမ်း''

လက်နက်များကို မြင်လိုက်ရတော့မှပင် ထိုသူများသည် မည်သူမည်ဝါများဖြစ်ကြောင်းကို ချူးချင်း ရိပ်မိလိုက်တော့သည်။

ထိုသိုင်းသမားလေးယောက်တို့၏ လက်နက်များမှာ သိုင်းလောကတွင် သာမန်လက်နက်များနှင့်မတူဘဲ တစ်မူထူးခြားဆန်းပြားသော လက်နက်များ ဖြစ်နေသောကြောင့်ပင်တည်း။

နဖူးတွင် ဖုကြီးထွက်နေသော သိုင်းသမားလူကြမ်းကြီး ကိုင်ထားသော လက်နက်မှာ လွှပုံသဏ္ဍာန်ရှိသော ဓားတစ်

လက် ဖြစ်သည်။ လွှဲခေါ်းဟု ကျော်ကြားနေသောလက်နက်ဆန်း တစ်မျိုးပင် ဖြစ်၏။

ဗိုးကွက်မျက်လုံးသဏ္ဌာန်ပြူးတူးပြဲတဲမျက်လုံးပိုင်ရှင် ကိုင်ထားသော လက်နက်မှာ ကြီးမားတုတ်ခိုင်သော သံတုတ်ကြီး တစ်ချောင်းဖြစ်သည်၊ သံတုတ်မှာပိသာချိန်ပေါင်း မြောက်များစွာစီးနေပြီး ပတ်ပတ်လည်တွင် ရှည်လျားချွန်ထက်သော သံစူးချွန်ကြီးများကိုလည်း မြင်ရုံနှင့်ပင် အသည်းယားစရာ ကျောချမ်းစရာ ကောင်းလောက်အောင် တပ်ဆင် ထားသည်၊

သိန်းငှက် နှုတ်သီးပမာ နှာခေါင်း ကောက်ကောက်နှင့် သိုင်းသမားကိုင်ထားသောလက်နက်မှာ ရွှေရောင် လင်းကွင်းနှစ်ချပ်ဖြစ်သည်။

ရွှေရောင်လင်းကွင်းလက်ကိုင်မှာ ရှည်လျားသောအနီရောင် ပန်းပွားစနှစ်စကို လှပစွာတပ်ဆင်ထားသည်၊ လင်းကွင်း အစုံ၏ အသွားများမှာ ရွှေရောင်တဖိတ်ဖိတ်၊ တောက်လက်နေပြီး ဓားသွားပမာထက်မြက်နေ၏၊ ထိလိုက်မိသည်နှင့် ပြတ်ထွက်သွားရမည်ပင်။

ငါးခူမျက်လုံးလို မျက်လုံးမှေးစင်းစင်းပုဂ္ဂိုလ် ကိုင်ဆောင်ထားသောလက်နက်မှာ လှံသိုလိုဓားလိုလိုလက်နက်ဆန်း ဖြစ်သည်။ အရိုးတွင် ငွေရောင်ပန်းပွားစတစ်စကို လှပသေသပ်စွာ စည်းနှောင်ထားသည်၊ အရိုးတန်ရှည် လှံဓားလက်နက်ဟု ခေါ်ဆိုရမည်ဖြစ်ပေသည်။





လူပုံသဏ္ဌာန်များက ထူးခြားသလို ကိုင်ဆောင်သော လက်နက်များကလည်းလူများနှင့်လိုက်အောင် ဆန်းပြားထူးခြားလှပေသည်။

လက်နက်များဆီမှ အန္တရာယ်အရိပ်အငွေ့များနှင့် အေးစက်စက် သံမဏိရိပ် သံမဏိငွေ့များတို့သည် ဝန်းကျင်တစ်ခွင်ကို ဖုံးလွှမ်းထားလျက်ရှိနေလေ၏၊

ချူးချင်းက ခနဲ့ပြုံး....ပြုံးလိုက်ရင်း....

“လက်စသတ်တော့ ခင်ဗျားတို့က သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ သေမင်းလေးဖော်ကိုး၊ တွေ့ရတာအထူးပဲဝမ်းသာပါတယ်ခင်ဗျာ”

စင်စစ် ချူးချင်းက ငေါ့ပြောလိုက်ခြင်းဖြစ်သည်။ ဤသည်ကိုပင် နဖူးပေါ်တွင်ဖုကြီးထွက်နေသူက သဘောကျသွားဟန်ဖြင့် တဟဲဟဲရယ်မောလိုက်ပြီး....

“ဟဲဟဲ....မင်းက တို့ကိုတောင်သိနေတာကိုး၊ မင်းမဆိုးဘူး၊ တက်လမ်းရှိတယ်၊ သိုင်းလောကမှာ အောင်မြင်နိုင်တယ်”

နဖူးပေါ်တွင် ဖုံကြီးထွက်နေသူမှာ သေမင်းလေးဖော်ထဲမှ အစ်ကိုကြီးဖြစ်သူ သေမင်းသခင် မောက်လျှံဆိုသူပင် ဖြစ်သည်။ သေမင်းလေးဖော်ထဲတွင် သေမင်းသခင် မောက်လျှံက နံပါတ်တစ်ဖြစ်သည်။

ဗိုးကွက်မျက်လုံးလို မျက်လုံးပြူးကြောင်ကြောင် ငနဲမှာ သေမင်းလေးဖော်ထဲတွင် အဆင့်နှစ်ဖြစ်သည်၊ ထိုသူ၏အမည်

မှာ သေမင်းတစ္ဆေထင်းမောင်ဖြစ်သည်၊ သေမင်းသခင် ထင်းမောင်က စူးရှခက်ထန်သောလေသံဖြင့်....

"မင်းကသိနေမှတော့ ပြောရဆိုရတာ ပိုပြီးအဆင်ပြေတာပေါ့၊ ကိုင်း....မင်းနာမည် ဘယ်လိုခေါ်သလဲ ပြောစမ်း"

သိန်းငှက်နွတ်သီးလို နှာခေါင်းကောက်ကောက်နှင့် ငနဲကလည်း ဝင်၍....

"ဟိတ်ကောင်....အူကြောင်ကြောင် လုပ်မနေနဲ့၊ မှန်မှန်ပြောစမ်း၊မပြောရင် မင်းကိုအရေခွံခွာပစ်ရမယ်"

ထို နှာခေါင်းကောက်ကောက်နှင့်ပုဂ္ဂိုလ်မှာသေမင်းလေးဖော်တွင် နံပါတ်သုံးသေမင်းဟု ကျော်ကြားနေသောသေမင်းအပြုံးလူချိုဖြစ်သည်။ သေမင်းအပြုံးလူချိုသည် ရက်စက်ကြမ်းကြုတ်သော နေရာတွင် ပြိုင်စံရှားသူတစ်ယောက် ဖြစ်ပေသည်။

ယင်းအချိန်မှာပင် ငါးခူမျက်လုံးလို မျက်လုံးမှေးစင်းစင်းနှင့် ပုဂ္ဂိုလ်က အသံစွာစွာဖြင့်....

"အစ်ကိုကြီးတို့ ဒီကောင့်ကို ကျွန်တော်ကြည့်ရတာ ချူးမျိုးနွယ်ငနဲနဲ့အတော်တူတယ်၊ ကြာကြာကြည့်လေတူလေပဲဗျ၊ ကျွန်တော်တော့ ဒီကောင်ပဲထင်တယ်"

ထိုပုဂ္ဂိုလ်မှာ သေမင်းလေးဖော်တွင် ညီအငယ်ဆုံးနဲ့ နံပါတ်လေး သေမင်းအရိပ်ဟုကျော်ကြားနေသော ဝူတုဆိုသူစွာကျယ်ကျယ်ငနဲလေးပင် ဖြစ်ပေသည်။





စင်စစ် သေမင်းလေးဖော်မှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေရခြင်းမှာ ကောင်းသောဘက်မှ ကျော်ကြားနေခြင်းမဟုတ်။

ဆိုးသွမ်းသောင်းကျန်းရက်စက်ကြမ်းကြုတ်၍ကျော်ကြားနေကြခြင်းပင်ဖြစ်သည်။

သူတို့လေးယောက်အဖွဲ့သည် ယူနန်ပြည်နယ်တွင် ထင်ရာစိုင်း မင်းမူနေကာ တိုက်ခိုက် လုယက်နေသော ဒုစရိုက်အဖွဲ့တစ်ဖွဲ့ပင်ဖြစ်သည်။

လူသတ်၊ ဓားပြတိုက် မကောင်းမှုအမျိုးမျိုးကျူးလွန်နေသူများလည်း ဖြစ်ကြပေသည်။

ယခု သေမင်းလေးဖော်တို့က ချူးချင်းကိုဝိုင်းပြီး ခြိမ်းခြောက်စကားများ ပြောကြားလိုက်ကြခြင်းပင် ဖြစ်သည်၊ သူတို့စိတ်ထဲတွင် ချူးချင်းတစ်ယောက် သူတို့ကို အတော်ကလေး ကြောက်ရွံ့ တုန်လှုပ်သွားပြီဟု ထင်မှတ်လိုက်မိကြသည်၊

ချူးချင်းကမူ ဤ သေမင်းလေးဖော်ကိုလုံးဝဂရုမစိုက်ပေ။ သူ့ သိုင်းပညာ အရည်အချင်း အဆင့်နှင့်ဆိုလျှင် ဤလေးယောက်ကို ကြောက်ရွံ့တုန်လှုပ်စရာမလိုပေ။

ထို့ကြောင့် ချူးချင်းက အေးစက်စက် တစ်ချက်ပြုံးလိုက်ပြီး ကြည်လင် ပြတ်သားသော လေသံဖြင့်....

"ကိုင်း....ကျုပ် ဘယ်သူဘယ်ဝါဆိုတာ သိချင်ရင် နားထောင်၊ ချူးချင်းဆိုတာ ကျုပ်ပဲ"

သေမင်းသခင် မောက်လျှံက ကောက်ကျစ်စဉ်းလဲစွာဖြင့် ပြုံးလိုက်ရင်း....

"အေး....မင်းက ချူးချင်းဆိုရင် ပြီးတာပဲ၊ မင်းဆီက ငါတို့လည်း စည်းတစ်ခု လိုချင်နေတယ်"

"ဘာပစ္စည်းလဲ"

"ရတနာမြေပုံမား၊ အေးအေးဆေးဆေး ထုတ်ပေးရင်ပေး၊ ထုတ်မပေးရင် ငါတို့ကို အဆိုးမဆိုနဲ့၊ ငါတို့ သေမင်းလေးဖော်အကြောင်းလဲ မင်းအသိပဲ မဟုတ်လား၊ ငါတို့က ရက်စက်ပြီဆိုရင် သူများနဲ့တူတာ မဟုတ်ဘူး"

ချူးချင်းက ဟက်ခနဲ ရယ်မောလိုက်ရင်း ပြတ်သားသောလေသံဖြင့်....

"ခင်ဗျားတို့က ဘယ်တုန်းကမှ ကောင်းတာ လုပ်ခဲ့ဖူးတဲ့သူတွေ မဟုတ်ဘူး၊ ကျုပ် ရှင်းရှင်း ပြောမယ်၊ ကျုပ်ကို သတ်ပစ်တောင် ခင်ဗျားတို့က အဲဒီ ရတနာမြေပုံမားကို ရမှာမဟုတ်ဘူး၊ ခင်ဗျားတို့ မောသွားမယ်"

"တော်တော် မိုက်ရိုင်းတဲ့ကောင်၊ သေခါနီးတောင် အာချောင်နေရသေးသလား"

သေမင်းအပြုံးလူချိုက ဝင်ပြောလိုက်သည်။ ယင်းအချိန်မှာပင် သေမင်းအရိပ် ဝူတုက ရှေ့သို့ပြေးတက်လာပြီး ချူးချင်းအား တစ်ဟုန်ထိုး တိုက်ခိုက်ပစ်လိုက်သည်။

"ဝှီး"

"ချွမ်း"





ထိုစကားကို ကြားလိုက်ရလျှင် သေမင်းလေးဖော် ညီအငယ်ဆုံး စွာကျယ်ကျယ် ငနဲ သေမင်းအရိပ် ဝူတုက မျက်နှာကို တစ်ချက်မဲ့လိုက်ပြီး....

"ကိုင်း....ကျွန်တော်ပြောတာ မှန်နေပြီ မဟုတ်လား၊ ဒီကောင်ဟာ ချူးနွယ်တစ်ယောက် ဖြစ်ရလိမ့်မယ်လို့"

သေမင်းအပြုံး လူချိုက ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း....

"အင်း....တွေ့မယ့်တွေ့တော့လဲ အလွယ်ကလေးပါလား၊ ပင်ပင်ပန်းပန်း လိုက်မရှာရတော့ဘူးပေါ့"

နံပါတ်နှစ် သေမင်းတစ္ဆေ ထင်းမောင်က အသံစူးစူးဖြင့်....

"အချိန်ကြာပါတယ်ကွာ၊ ဒီကောင်ကို သတ်ပြီး သူ့ဆီက ရတနာမြေပုံမားကို ယူမှ ဖြစ်တော့မယ်"

"ဟုတ်....နေကြဦး"

ရုတ်တရက် နံပါတ်တစ် သေမင်းသခင် မောက်လျှံက ရှေ့တိုးမည် တကဲကဲ လုပ်နေသည့် ညီငယ်သုံးယောက်အား လက်ကာပြ ဟန့်တားလိုက်ပြီး....

"ဟိတ်ကောင်....မင်းနာမည် ချူးချင်းဆိုတာ အမှန်ပဲလား၊ လိမ်ညာပြောနေရင် ကြားထဲကနေ အချောင်သေသွားလိမ့်မယ်"

ချူးချင်းက တဟားဟား ရယ်မောလိုက်ရင်း....

"ခင်ဗျားတို့ကို ကျုပ်က ဘာဖြစ်လို့ လိမ်ညာ ပြောရမှာလဲ၊ ကျုပ်နာမည်အမှန်ကို ကျုပ် ပြောတာပဲ"

ချူးချင်းက ဓားမှ ခလုတ်ကို နှိပ်လိုက်ရာ ဓားသွားက ရှမ်းခနဲ ထွက်ပေါ်လာပြီး ဝူတု၏ လှံသွားကို ခတ်ထုတ်ပစ်လိုက်သည်။

ဝူတု၏ လှံနှင့် ချူးချင်း၏ဓားမှာ ပြင်းထန်စွာ ထိခတ်လိုက်မိကာ မီးများ ပွင့်ထွက်သွားရသည်။ ယင်းအချိန်မှာပင် သေမင်းတစ္ဆေ ထင်းမောင်နှင့် သေမင်းအပြုံး လူချိတို့ကလည်း ဝဲယာခွဲကာ ခုန်ပျံ ဝင်ရောက်လာကြပြီး ချူးချင်းအား ကြမ်းတမ်း ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြလေသည်။

"ယား....ယား"

"ဝှစ်....ဝှစ်....ဝှစ်"

သေမင်းနံပါတ်တစ် မောက်လျှံက တိုက်ပွဲအတွင်း မဝင်သေးဘဲ နံဘေးမှ အသာရပ်ကြည့်နေသည်။ ချူးချင်းက သေမင်းနံပါတ် နှစ်၊ သုံး၊ လေးတို့ကို ယှဉ်ပြိုင် တိုက်ခိုက်လျက်ရှိ၏။

"ချွမ်း....ချွမ်း....ချွမ်း"

"ထန်း....ထန်း....ထန်း"

ဓားသံ၊ လှံသံ၊ မာန်သွင်း အော်ဟစ်သံများမှာ ဆူညံပွက်လောရိုက်လျက် ရှိ၏။ သုံးယောက်တစ်ယောက် ဖြစ်နေသော်လည်း ချူးချင်းက လုံးဝ မမှုပေ။

ချူးချင်း၏ နှစ်ဘက်သွားဓားမှာ လေထဲတွင် လိပ်ပြာတစ်ကောင် ပျံဝဲနေသည့်ပမာ ပြေးလွှား တိုက်ခိုက်လျက် ရှိ၏။ သေမင်းနံပါတ်နှစ်၊ သုံး၊ လေးတို့မှာ တရကြမ်း ပြင်းထန်





ကြမ်းတမ်းစွာ တိုက်ခိုက်နေကြသော်လည်း ချူးချင်း၏ ခန္ဓာကိုယ်မဆိုထားနှင့် အင်္ကျီစကလေးကိုပင် ထိအောင် မတိုက်ခိုက်နိုင်ပေ။

သေမင်းသခင် မောက်လျှံက နံဘေးမှ နေကာ ကျားချောင်းနေသလို အကွက်ကောင်း ချောင်းနေခြင်း ဖြစ်သည်။ မကြာမီ သူ့အတွက် အကွက်ကောင်းတခု ပေါ်လာသည်။

ယင်းမှာ ချူးချင်းက သေမင်းသုံးယောက်နှင့် အပြိုင်ကျဲနေခိုက် ချူးချင်း၏ နံစောင်းဘက်တွင် ဟာကွက်ဖြစ်ပေါ်သွားသည်ကို ရိပ်ခနဲမြင်လိုက်ရခြင်းပင်။

"ယား"

အခွင့်အရေးကို လက်လွှတ်မခံဘဲ သေမင်းနံပါတ်တစ် မောက်လျှံက လက်ထဲမှ လှံဓားကို ဝှေ့ယမ်းကာ ရှေ့သို့လွှားခနဲ ခုန်ဝင်လိုက်ရင်း ချူးချင်း၏ နံကြားဆီသို့ ဓားဦးကို တအားထိုးသွင်းပစ်လိုက်သည်။

"ဝှစ်"

ချူးချင်းက ဓားလေတိုးသံနှင့် ဓားသွားကို ရိပ်ခနဲ တွေ့မြင်လိုက်ရသော်လည်း ရှောင်တိမ်းခြင်းမပြုပေ။ သူကလက်ထဲမှ နှစ်ဖက်သွားဓားနှင့် မောက်လျှံကို ပြန်လည်ခုတ်ပိုင်းချပစ်လိုက်သည်။

"ဟင်"

မောက်လျှံမှာ မမျှော်လင့်ဘဲ ချူးချင်း၏ တန်ပြန်ဓားချက်ကို တွေ့မြင်လိုက်ရလျှင် ထိတ်လန့်ကာ လှံဓားကို ကမန်း

ကတန်း ပြန်ရှုပ်ရင်း နံဘေးသို့ ကျွမ်းပစ်ရှောင်တိမ်းပေးလိုက်ရလေသည်။

ချူးချင်း၏ လုပ်ရပ်မှာ မောက်လျံ၏ဓားချက်ကြောင့် သူသေရမည်ဖြစ်သလို သူ့ဓားချက်ကြောင့်လည်း မောက်လျံကို တစ်ခါတည်း အပိုင်သတ်ဖြတ်လိုက်ခြင်း ဖြစ်ပေသည်။

သို့သော် သေမင်းနံပါတ်တစ် မောက်လျံက မသေသလိုသေးပေ။ သူကသေရမည်ကို ကြောက်လန့်သဖြင့် လက်ထမှဓားကိုအမြန်ရှုပ်ကာ ရှောင်တိမ်းသွားခြင်းပင်ဖြစ်ပေတော့သည်။

"ဝှီ....ဝှီ....ဝှစ်"

သင်းအချိန်မှာပင် ရွှေရောင်အလင်းတန်းနှစ်ခုသည် အရှိန်ဟုန်ပြင်းစွာဖြင့် ချူးချင်း၏ မျက်နှာဆီသို့ ဦးတည်ပြေးဝင်လာလေသည်။ ထိုရွှေရောင်ဓတောက်ပနေသော အရာနှစ်ခုမှာ သေမင်း တစ္ဆေထင်းမောင်၏ ရွှေရောင်တောက်ပနေသော လင်းကွင်း နှစ်ချပ်ပင်ဖြစ်ပေသည်။

"ထန်း....ထန်း....ထန်း"

ချူးချင်းမှာ စိတ်ထဲတွင် ထောင်းခနဲဒေါသထွက်သွားရပြီး နှစ်ဖက်သွားဓားကို အထက်သို့ စက်ဝိုင်းသဏ္ဌာန် ဝှေ့ယမ်းပစ်လိုက်ရာ တစ်ထန်းထန်း မြည်ဟည်းသွားပြီး လင်းကွင်းနှစ်ချပ်မှာ ခပ်စောင်းစောင်း အနေအထားဖြင့် လွင့်စဉ်ထွက်သွားရလေသည်။

"ဝှစ်"

"ဟူး"





ချူးချင်းက လေထဲသို့ တစ်ချက်ခုန်ပျံလိုက်သွားရင်း လွင့်ပျံသွားသော လင်းကွင်းများနောက်သို့ ဖျက်ဆီးပစ်ရန် လိုက်ပါသွားသည်။

"ဝှစ်....ဝှစ်....ဝှစ်"

ယင်းအချိန်မှာပင် လူချိက နောက်မှလိုက်ပါလာပြီး လက်နက်ပုန်းများဖြင့် ချူးချင်းကို ပစ်ခတ်တိုက်ခိုက်လိုက်သည်။

ချူးချင်းမှာ အရှိန်တန့်သွားကာ နောက်ဘက်မှ တစ်ဟုန်ထိုးပျံဝင်လာသော လက်နက်ပုန်းများကို ဓားဖြင့် ခုတ်ထုတ်ပစ်လိုက်ရသည်။

ထိုအခါ လူချိက ကမန်းကတန်း ခုန်ပျံလိုက်သွားရင်း သူ့လင်းကွင်းနှစ်ချပ်ကို ဖမ်းယူထားလိုက်သည်။ ချူးချင်းက သေမင်း လေးဖော်ကြားမှ ဖောက်ထွက်ရန် ဟန်ပြင်လိုက်သည်။

"ဟိတ်....ဒီလိုပြေးလို့ ဘယ်ရမလဲ"

"ဟား....ဟား....ဟား၊ ကြောက်နေပြီလား"

"သတ်ကြဟေ့"

အော်ဟစ်ကြုံးဝါးသံများနှင့်အတူ သေမင်းလေးဖော်က ချူးချင်းကို ထွက်ပေါက်မရှိအောင် ပိတ်ဆို့ဝိုင်းရံကာ ပြင်းထန်စွာ တိုက်ခိုက်လိုက်ကြပြန်သည်။

ချူးချင်းမှာ တိုက်ပွဲမှ ထွက်ခွာသွားမည် ပြင်သော်လည်း မရ၊ သေမင်းလေးဖော်တို့က သူ့ကိုထွက်ပေါက်မရှိအောင် ဝိုင်းရံပြီး ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လျက် ရှိနေကြသည်။

တိုက်ပွဲမှာ ကြောက်ခမန်းလိလိ ဖြစ်ပွားလျက်ရှိ၏။ သံ သံချင်း ထိသံ၊ အော်ဟစ်ကြုံးဝါးသံများမှာ ငရဲပွက်သလို ဆူညံပွက်လောရိုက်လျက် ရှိနေ၏။

သူတို့ တိုက်ခိုက်မှုကြောင့် ဝန်းကျင်တစ်ခုလုံး ကျောက်မှုန်၊ သဲမှုန်များမှာ အထက်သို့ လွင့်ပျံတက်နေကြ၏။

တိုက်ပွဲမှာ ပြင်းထန်ကာ သူသေကိုယ်သေ အသေအကြေ တိုက်ခိုက်နေကြသော ပွဲပင်ဖြစ်၏။ ချူးချင်း၏ နှစ်ဖက်သွားဓားမှာ အရပ်လေးမျက်နှာသို့ ပြေးလွှားတိုက်ခိုက်လျက် ရှိ၏။

ဓားစက်ဝိုင်းကြီးများမှာ တစ်ဝိုင်းပြီးတစ်ဝိုင်း ဖြစ်နေကာ ဓားရိပ်ဓားငွေ့များမှာ နှင်းမှုန်များ ခပ်ပါးပါးကျဆင်းနေသည့်အလား မြင်တွေ့နေရလေ၏။

သေမင်းလေးဖော်တို့ကလည်း ခေသူများ မဟုတ်ကြ၊ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ဒုစရိုက် သိုင်းသမားများဖြစ်ကြသည်။ သူတို့လေးယောက်သည်တိုက်ပွဲတိုင်းတွင် အောင်ပွဲခံခဲ့သည်ချည်း ဖြစ်သည်။

ခါတိုင်း ဤမျှနှင့် တိုက်ခိုက်လျှင် တစ်ဘက်ရန်သူသည် သူတို့လက်ချက်ကြောင့် အသက်ပျောက်သွားရသည်ချည်း ဖြစ်သည်။ ယခုမူ ချူးချင်းမှာ တိုက်ပွဲအတွေ့အကြုံ ရင့်ကျက်သူ တစ်ယောက်ဖြစ်သည့်အပြင် အတွင်းအားရော သိုင်းပညာပါ ထိပ်တန်းအဆင့်သို့ရောက်နေသူဖြစ်သည့်အတွက်လေးယောက် တစ်ယောက် အပြိုင်နွှဲနေရခြင်းပင် ဖြစ်သည်။





ချူးချင်းမှာ တိုက်ပွဲ ပြင်းထန်လွန်းသဖြင့် တစ်ကိုယ်လုံး ချွေးများပျံကာ အသက်ရှူနိုင်ရန်ပင် အချိန်မရသလောက် ဖြစ်နေသည်။ သေမင်းလေးဖော်တို့က နာမည်နှင့်လိုက်အောင် လေတိုက်ခတ်သလို မြန်ဆန်ပြီး လျှပ်စီးလက်သလို တိုက်ခိုက်နေကြသည် မဟုတ်ပါလား။

လွှဓား၊ ဆူး၊ သံတုတ်၊ ရွှေလင်းကွင်း၊ လှံ၊ ဓားတို့သည် ချူးချင်းကို ရေပက်မဝင်အောင် တစ်ဟုန်ထိုး တိုက်ခိုက်လျက် ရှိကြ၏။

အသက်လုတိုက်ပွဲဖြစ်၍ ချူးချင်းနှင့် သေမင်းလေးဖော်တို့သည် အမှားမခံ၊တစ်ကွက်မကျန်စေဘဲ ပိပိရိရိနှင့် ယှဉ်ပြိုင်လျက် ရှိကြ၏။ တစ်ကွက်ကလေး မှားသွားပါက နေရာမှာပင် သွေးပွက်ပွက်အန်ကာ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွားရပေလိမ့်မည်။

တိုက်ပွဲမှာ လက်ရည် တူညီနေသည့်အပြင် လေးယောက် တစ်ယောက် ဖြစ်နေသဖြင့် တိုက်ပွဲ ကြာရှည်လာလျှင် မိမိအတွက် အခြေအနေ မဟန်မှန်း ရိပ်မိသဖြင့် ချူးချင်းက သေမင်း လေးဖော်ကြားမှ ဖောက်ထွက်ရန် အကြိမ်ကြိမ် ကြိုးစားခဲ့သော်လည်း မအောင်မြင်ပေ။

သေမင်းလေးဖော်တို့က သူ့ကို လေးဘက်လေးတန်မှ မကောင်းဆိုးဝါးကောင်များပမာ ရေပက်မဝင်အောင် တိုက်ခိုက်နေကြသည် မဟုတ်ပါလား။

"ဟိတ်....ချူးချင်း၊ မင်း အမြန်ဆုံး အညံ့ခံလိုက်ရင် ကောင်းမယ်၊ ရတနာမြေပုံခြား ပေးရင် မင်း ဘာမှ မဖြစ်စေရဘူး၊ ငါတို့ ကတိတည်တယ်"

သံဆူးတုတ် ထင်းမောင်က သံတုတ်နှင့် ရိုက်ချ တိုက်ခိုက်လိုက်ရင်းက ချူးချင်းကို အော်ဂေါက် ပြောကြားလိုက်သည်၊ လင်းကွင်း လူခြိက လင်းကွင်း နှစ်ချပ်ကို ချွမ်းခနဲ တီးခတ်လိုက်ရင်း....

"ဟိတ်....ထင်းမောင်၊ သူ့ကို အပိုတွေ သွားပြော မနေနဲ့၊ ရတနာမြေပုံခြားက မကြာခင်မှာ ငါတို့လက်ထဲ ရောက်လာရတော့မယ်ကွ၊ ပြောနေမယ့်အစား ဒီကောင့်ကို အသေသတ်ပစ်တာပဲ ကောင်းပါတယ်"

"ရွှမ်း....ရွှမ်း....ရွှမ်း"

"ဝှစ်....ဝှစ်....ဝှစ်"

နံပါတ်တစ် သေမင်းသခင် မောက်လျှံကမူ ဝေဖန်ပြောကြားခြင်းမပြုဘဲ ချူးချင်းကို သူ့လွှခြားနှင့်တဝှီးဝှီးဝှေ့ယမ်းပြီး အဆက်မပြတ် တိုက်ခိုက်လျက်ရှိနေ၏။ သူ့မျက်နှာမှာ ခက်ထန်ကြမ်းကြုတ်လျက်ရှိ၏။

ချူးချင်းသည် အံကိုတင်းတင်းကြိတ်ထားရင်း သေမင်းလေးဖော်တို့၏ တရကြမ်းဖိတိုက်လာသော တိုက်ကွက်များကို မနားတမ်း ရှောင်တိမ်းတိုက်ခိုက်နေရလေ၏။





အမှန်အတိုင်းဆိုရလျှင် သူ့ထံတွင် ရတနာမြေပုံခြားသာ အမှန်တကယ် ရှိနေမည်ဆိုပါက သူ့အတွက် ဤမျှလောက် အခြေအနေဆိုးလိမ့်မည် မဟုတ်ပေ။

"ရွှမ်း"

"ဒုတ်"

လူရိပ်များ ရောထွေးသွားခိုက်မှာပင် ဝူတုက အခွင့်ကောင်းကို လက်လွှတ်မခံဘဲ သူ့လှံသွားဖြင့် ချူးချင်းကိုတိုက်ခိုက်လိုက်သည်။

ချူးချင်းမှာ မရှောင်လင့်ဘဲ ခံလိုက်ရသဖြင့် ခန္ဓာကိုယ် တစ်ချက် ယိုင်သွားသည်။

ဝူတု၏လှံသွားက ချူးချင်း၏ ပခုံးတစ်ဘက်ကို ထိမှန်သွားခြင်း ဖြစ်သည်။

လှံချက်ကြောင့် ချူးချင်း၏ပခုံးမှ အင်္ကျီစမှာ စုတ်ပြဲကာ သွေးများက မြင်မကောင်းအောင် စီးကျလာသည်။

ချွန်ထက်သောလှံချက်ကြောင့် ချူးချင်းမှာ နာကျင်လွန်းသဖြင့် ခန္ဓာကိုယ်ပင် တစ်ချက်တုန်ခါသွားရသည်။

"ဟား....ဟား....ဟား၊ သေပေတော့ဟေ့"

ထင်းမောင်က ကျယ်လောင်စွာအော်ဟစ်ရင်း ချူးချင်း၏ ခေါင်းအား သံတုတ်ဖြင့် တအားရိုက်ချလိုက်လေတော့၏။

"ဝှီး"

သံတုတ်ကျလာသောအားရှိန်မှာ ကြောက်ခမန်းလိလိဖြစ်
ကာ တောင်တစ်လုံးပြိုကျသည့်အလား မှတ်ထင်ရလောက်ပေ
သည်။

ချူးချင်းက အတွင်းအားစုစည်းရင်း အတတ်နိုင်ဆုံးရှောင်
တိမ်းပေးရန် ဟန်ပြင်လိုက်စဉ်မှာပင် နံပါတ်တစ် သေမင်း
သခင် မောက်လျံက လွှမ်းဖြင့် ဟူးခနဲ ခုတ်ပိုင်းချလာသည်၊

ဘေးကျပ်နံကျပ်ဖြစ်စေသော တိုက်ခိုက်မှုပင်ဖြစ်သည်။

"ဝှစ်"

ထင်းမောင်မှာ သူ့မျက်နှာဆီသို့ ပြန်လည်လွင့်ပျံလာသည့်
သံတုတ်ကြောင့် နောက်သို့ ကမန်းကတန်း ခုန်ဆုတ် ရှောင်
တိမ်းပေးလိုက်ရသည်။

"ဟာ"

"ဟင်"

"အို"

သေမင်းလေးဖော်တို့မှာပြောင်းလဲသွားသောအခြေအနေ
ကို ကြည့်ကာ တအံ့တသြဖြစ်သွားရလေသည်။

ချူးချင်း၏အသက်ကို လျှပ်တစ်ပြက် ဝင်ကယ်လိုက်သူကို
လည်း မျက်မှောင်ကြုတ် ကြည့်လိုက်သည်။

ချူးချင်းကိုယ်တိုင်မှာလည်း မိမိအသက် ကယ်တင်လိုက်သူ
ကို ကျေးဇူးတင်သောအကြည့်နှင့် ကြည့်လိုက်ရာ အံ့အားသင့်
မိပြီး ပါးစပ်အဟောင်းသား ဖြစ်သွားရလေသည်။





အဘယ့်ကြောင့်ဆိုသော် ထိုသူမှာ စောစောက မြစ်လယ်
တွင် သီချင်းတစ်ပုဒ်ကို စိတ်အေးလက်အေး အသံဝါကြီးနှင့်
အော်ဟစ် သီဆိုသွားခဲ့သော လယ်သမားရုပ်ပေါက်နေသည့်
လှေငယ်ရှင် ဖြစ်နေသောကြောင့်ပင်တည်း။

"ဝှစ်....ဝှစ်....ဝှစ်"

ချူးချင်းမှာ သေတွင်းမှလွတ်လစပြီမို့ အားတက်ကာ နှစ်
ဘက်သွားဓားကို ရောင်ခြည်ကိုးသွယ်ဓားကွက်ဖြင့် ဝှေ့ယမ်း
ပစ်လိုက်သည်။

ပြင်းထန်သော ဓားချက်များကြောင့် သေမင်းလေးဖော်
မှာ အလန့်တကြား နောက်သို့ခုန်ဆုတ်ပေးလိုက်ရသည်။

ယင်းအချိန်တွင် ကယ်တင်ရှင် လှေပေါ်မှလူမှာ ချူးချင်း
နံဘေးသို့ ရောက်နေပြီဖြစ်သည်။

သေမင်းလေးဖော်တို့မှာ အရမ်းမဝင်ရဲဘဲ တစ်ချက် တစ်
ချက် လျှပ်တစ်ပြက် ဝင်တိုက်ခိုက်နေကြလေ၏။

ချူးချင်းမှာ ဒဏ်ရာပြင်းထန်စွာရထားပြီး သွေးများက
အဆက်မပြတ် စီးကျနေသဖြင့် မျက်လုံးများပင် ပြာဝေလာရ
လေပြီ။

ချူးချင်းက ကယ်တင်ရှင်ကို ကျေးဇူးတင်စကားပြောမည်
ပြုလိုက်သည်။ သူက နှုတ်ခမ်းလှုပ်ရန် အားယူနေစဉ်မှာပင်
ကယ်တင်ရှင်က လက်ကာပြလိုက်ပြီး....

"ကိုင်း....သွားကြစို့"

ကယ်တင်ရှင်ကပြောလိုက်ပြီး ချူးချင်းကို ပခုံးပေါ်သို့ ထမ်းတင်ကာ ကိုယ်ဖော့ပညာဖြင့် လွှားထွက်သွားလေတော့သည်။

သူပြေးလွှားထွက်ခွာသွားရာဘက်မှာ မြစ်ဆိပ်သို့ဖြစ်သည်၊ ကယ်တင်ရှင်မှာ ထိပ်တန်းကိုယ်ဖော့ပညာရှင်ဖြစ်ရာ တစ်ခဏချင်းမှာပင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း သေမင်းလေးဖော်ကြားမှနေ၍ မီးခိုးငွေ့တစ်ငွေ့ လွင့်မျောသွားသကဲ့သို့ လွင့်မျောထွက်ခွာသွားတော့၏။

"ဟာ....လိုက်....လိုက်"

"ဒီကောင့်နောက်ကို လိုက်ကြ"

သေမင်းလေးဖော်တို့ကလည်း အော်ဟစ်ကြုံးဝါးရင်း ကိုယ်ဖော့ပညာများ အသုံးပြုကာ နောက်မှ ပြေးလိုက်လာကြသည်၊ ကယ်တင်ရှင် လှေသမားက မြစ်ဆိပ်အနီးရောက်သည်နှင့် တစ်ချက်ခုန်လိုက်သည်။

"ဝှစ်"

ကယ်တင်ရှင်သည် ချူးချင်းကို ပခုံးပေါ်တွင် ထမ်းထားရင်းနှင့် လေထဲသို့ မြောက်တက်သွားသည်၊

ပြန်အကျတွင် သူတို့သည် လှေကလေးအပေါ်သို့ ကျရောက်သွားသည်၊ ကယ်တင်ရှင်က ချူးချင်းအား လှေဝမ်းထဲသို့ ချထားလိုက်ပြီး လှေကို ကျွမ်းကျင်စွာ လှော်ခတ်သွားသည်၊





ရေစုန်ဖြစ်သဖြင့်လှေကလေးမှာ လေးညို့မှပစ်လိုက်သောမြားတစ်စင်းပမာ အရှိန်အဟုန်ပြင်းစွာဖြင့် လျင်မြန်စွာ ပြေးလွှားထွက်သွားလေတော့၏။

"တောက်"

"ဟိုကောင်ဝင် ရှုပ်လို့ လွတ်သွားပြီ"

"ရတနာမြေပုံဓားပါသွားပြီ"

ကမ်းစပ်ပေါ်မှနေ၍ သေမင်းလေးဖော်တို့မှာ တောက်တစ်ခေါက်ခေါက်နှင့် ဖြစ်နေကြရသည်။ သူတို့လေးယောက်သည် ရေပြင်တွင် တစ်ရိပ်ရိပ်ပြေးထွက်သွားသော လှေကလေးကို မျက်စိတစ်ဆုံးကြည့်ရင်း အော်ဟစ်ကျိန်ဆဲကာ ကျန်ရစ်ခဲ့ကြလေတော့၏။

မည်သို့ပင်ဖြစ်စေ ချူးချင်းကတော့ သေမင်း၏ ခံတွင်းဝမှ လက်မတင်ကလေး လွတ်မြောက်သွားခဲ့ရလေပြီ။

* * *

## အခန်း (၄)

### မိတ်ကောင်း ဆွေကောင်း

မကြာမီ လှေကလေးသည် တစ်ဘက်သို့ထိုးကပ် ဆိုက်ရောက်သွားလေတော့သည်။

ချူးချင်းသည် သူ့အား အမှတ်မထင် ဝင်ရောက်ကယ်တင်ခဲ့သော ကယ်တင်ရှင်နှင့်အတူ ကမ်းပေါ်သို့တက်ကာ လိုက်ပါလာခဲ့လေသည်။

ချူးချင်းအား ကယ်တင်လာခဲ့သောသူသည် မြစ်ကမ်းနံဘေးမှ ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ထိုင်လိုက်၏။ ချူးချင်းကလည်း ထိုသူနှင့် မျက်နှာချင်းဆိုင်ရှိ အခြားကျောက်တုံး တစ်တုံးပေါ်တွင် ဝင်၍ ထိုင်လိုက်လေသည်။





"အခုလို ကျွန်တော့်အသက်ကို အချိန်မီ လာရောက်ကယ်တင်လိုက်တဲ့အတွက် နောင်ကြီးကျေးဇူးကို ကျွန်တော် တစ်သက် ဘယ်လို ပေးဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ၊ တကယ်တမ်း ပြောရမယ်ဆို ကျွန်တော့်မှာ ဟိုလူရမ်းကားတွေ့ လက်ထဲက နောင်ကြီး ကယ်တင်လာတဲ့ အသက်ပဲ ရှိတော့တယ်"

ထိုင်မိလျှင် ထိုင်မိချင်း ချူးချင်းက ထိုကဲ့သို့ ကျေးဇူးစကားကို လှိုက်လှဲစွာ ဆိုလိုက်လေရာ ထိုသူက သွားအဖွေးသား ပေါ်အောင် ပြုံး၍ ခေါင်းတစ်ချက် ခါလိုက်၏။

"တို့ဟာ သိုင်းလောကသားတွေချင်းပဲ ညီလေးရာ၊ ဒီလောက်လဲ ကျေးဇူးတင်စရာမလိုပါဘူး၊ ဒီကောင်တွေက ငါ့ညီကို တစ်ဘက်သတ် လုပ်ကြံ တိုက်ခိုက်နေတော့ အစ်ကို့မျက်လုံးတွေကလဲ မတရားမှုကို သိပ်ကြည့်လို့ မရဘူးလေ"

"ကျေးဇူးအများကြီး တင်ပါတယ် အစ်ကိုရာ၊ ဒီကောင်တွေကို တစ်ယောက်ချင်းဆိုရင် ကျွန်တော် လုံးဝ မမှုပါဘူး၊ အခုတော့ လေးယောက်နဲ့တစ်ယောက်ဆိုတော့ ကျွန်တော် ခံလိုက်ရတာပေါ့၊ အစ်ကိုသာ အချိန်မီ ရောက်မလာခဲ့ရင်...."

"ဒါတွေ ပြောမနေပါနဲ့တော့ ညီလေးရာ၊ ဒီကောင်တွေက ဒုစရိုက် လောကမှာ ထိပ်သီး သိုင်းသမားတွေပဲ၊ သူတို့ကို တော်ရုံတန်ရုံလူ ယှဉ်လို့ မရဘူး၊ ကဲ....ငါ့ညီပခုံးက ဒဏ်ရာက သွေးအတော်ထွက်နေပါလား၊ အစ်ကို ဆေးထည့်ပေးမှ ဖြစ်တော့မယ်"

ထိုသူသည် ပြောရင်းဆိုရင်းမှပင် ဖျင်ကြမ်း အင်္ကျီအိတ်အတွင်းမှ ကြေးဘူးလေးတစ်လုံးကို ထုတ်၍ ယူလိုက်၏၊ ထို့နောက် ကြေးဘူးထဲမှ အဝါရောင် ဆေးရည်များကို ချူးချင်း၏ ဒဏ်ရာတွင် လိမ်းပေးလိုက်ပြီးနောက် သူ၏ ခါးစည်းပဝါဖြင့် စနစ်ကျစွာ စည်း၍ ပေးလိုက်၏၊

ချူးချင်းမှာ သူ့အား ကယ်တင်လာခဲ့သော ထိုအမည်မသိရသေးသည့် ကယ်တင်ရှင် လူစိမ်း၏ မေတ္တာစေတနာကြောင့် ရင်ထဲတွင် နွေးထွေးလာရ၏။ ထို့ပြင် မျက်ရည်စို့ သည်အထိ သူ့မှာ ခံစား၍ လာခဲ့ရ၏။

သူ့ တစ်သက်တာတွင် ဤကဲ့သို့ မေတ္တာစေတနာ အပြည့်အဝဖြင့် သူ ဒဏ်ရာရနေစဉ်အခိုက် အသက်ကို ကယ်တင်စောင့်ရှောက်ကာ ပြုစုကုသပေးခဲ့သောသူမှာ ဤသူမှလွဲလျှင် ချင်းဟိုတစ်ဦးတည်းသာ ရှိခဲ့ပါလေသေး၏၊

ယခု ဤလူစိမ်း၏ ကူညီ ကာကွယ် စောင့်ရှောက်ပေးမှုကြောင့် ကျေးဇူးတရားမျှစ မျှားစွာ ဖြစ်ထွန်းသည့်အပြင် သက်မူးသခင် ချင်းဟိုကိုပါ ပြန်လည် သတိရ၊ တမ်းဆွတ်မိရပြန်ပါချေ၏။

ဝေးတစ်မြေရပ်ခြားတွင် ကျန်ရစ်ခဲ့ရှာသည့် ချင်းဟို တစ်ယောက် ဘယ်လိုများ နေရှာမှာပါလိမ့်၊ ခွဲခါနီးတွင် မျက်ရည်လည်ရွဲနှင့် လက်ကလေးတပြပြ ဖြစ်ကာ ကျန်ရစ်ခဲ့ရှာသော ချင်းဟို၏ ရုပ်သွင်ကို အတွေးအာရုံထဲမှာ ထင်ဟပ်၍ လာခဲ့ရပြန်၏။





သည်အမြင် သည်အတွေးတို့ ပေါ်ပေါက် လာသည်နှင့် သူ့ရင်ထဲတွင် ဆို့နင့်သော ဝေဒနာတို့က ခံစား၍ လာခဲ့ရပြန်ပါချေ၏။ သူသည် တိတ်တခိုး သက်ပြင်းတစ်ရပ်ကို မသိမသာ ကျိတ်၍ ချလိုက်မိရ၏။

"ကဲ…ဒီကောင်တွေနဲ့ ငါ့ညီ ဘယ်လို ဖြစ်ခဲ့တယ်ဆိုတာ အစ်ကို့ကို ပြန်ပြောပြစမ်းပါကွာ"

အတွေးအာရုံထဲတွင် နစ်မျောနေသော ချူးချင်းမှာ ကယ်တင်ရှင်၏ စကားသံကြောင့် ပြန်လည် သတိ ဝင်လာမိရလေသည်။

"အစ်ကို မေးလို့သာ ပြောရမယ်၊ ဒီလူတွေကို ကျွန်တော် မသိဘူး၊ တစ်ခါမှလဲ မမြင်ဖူးဘူး"

"ဟော….ဟုတ်ရဲ့လား၊ မင်းပြောတာအဆန်းပါလားဟေ့၊ သူတို့က ငါ့ညီနဲ့ မသိဘဲ အကြောင်းမဲ့တော့ မတိုက်ခိုက်တန်ရာပါဘူးကွာ၊ ငါ့ညီနဲ့ ရန်ငြိုးရန်စ တစ်ခုခုများ ရှိနေလို့လေလား"

ချူးချင်းက ခေါင်းကို သွက်သွက်ခါလိုက်၏။

"ဘာရန်ငြိုးရန်စမှ မရှိပါဘူး အစ်ကိုရာ၊ တစ်ခုတော့ ရှိတယ်၊ ကျွန်တော်နဲ့ပတ်သက်ပြီး လွှင့်ထားတဲ့ လုပ်ကြံသတင်းတစ်ခုကို ယုံကြည်ပြီး အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို တိုက်ခိုက်ကြတာပါ"

"ဘယ်လိုလုပ်ကြံသတင်းမျိုးလဲ ညီလေးရာ"

"ဒီလိုအစ်ကိုရ၊ မသမာတဲ့ ဂိုဏ်းတစ်ခုက ကျွန်တော့် ဆီမှာ ပစ္စည်းတစ်ခု ရှိနေတယ်လို့ သတင်းလွှင့်လိုက်တယ်၊ ဒီလူတွေက ကျွန်တော့်ဆီမှာ အဲဒီပစ္စည်း လာတောင်းကြတာပဲ"

"ဩော်....ဟုတ်လား"

"ဟုတ်ပါတယ်အစ်ကို၊ ကျွန်တော်က သူတို့ကို မရှိကြောင်း ရှင်းပြပေမယ့် သူတို့က မယုံခဲ့ကြဘူး၊ ဒါကြောင့်မို့ အခုလို တိုက်ခိုက်တဲ့ အဆင့်အထိ ရောက်ခဲ့ကြတာပါပဲ"

"သူတို့တောင်းတဲ့ ပစ္စည်းက ဘာပစ္စည်းမို့လို့လဲ ညီလေးရ"

"အခုတစ်လော သိုင်းလောကမှာ သိုင်းလောကသားတွေ အထူး လိုချင်မက်မောနေကြတဲ့ ရတနာမြေပုံဓားပါ အစ်ကို"

"ဩော်....ဟုတ်လား"

ထိုစကားကြောင့် ကယ်တင်ရှင်သည် အံ့သြသွားဟန်ဖြင့် ချူးချင်း၏မျက်နှာကို တစ်ချက်ကြည့်လိုက်၏။ ထို့နောက် စကားဆက်လိုက်၏။

"ငါ့ညီဆီမှာကော အဲဒီပစ္စည်း တကယ်ပဲရှိလို့လား"

"ပြောရမှာခက်ပါတယ်အစ်ကိုရာ၊ ကျွန်တော်တော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာပြောရမှန်းတောင် မသိတော့ဘူး"

ကယ်တင်ရှင်သည်ချူးချင်းကိုထပ်မံ၍ တစ်ချက်ကြည့်လိုက်ပြန်၏။





ချူးချင်း၏မျက်နှာပေါ်မှ စိတ်ရှုပ်ထွေး သောက ဖြစ်နေသော အမူအရာများကိုတွေ့ရှိလိုက်ရလေသောအခါ စာနာစိတ်များ ဝင်သွားမိရလေတော့၏။

"အေးလေ....ငါ့ညီမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး စိတ်အနှောင့်အယှက်ဖြစ်နေမှာစိုးရင်လဲ မပြောပါနဲ့တော့ကွာ"

"ပြောရမှာ အရှည်ကြီးအစ်ကိုရဲ့"

"အေး....ဒါဖြင့် အစ်ကိုနေတဲ့နေရာရောက်မှပဲ ပြောပေတော့၊ ဒါ့ထက်....အခုအချိန်အထိ ညီလေးနာမည်ကို အစ်ကို မသိရသေးဘူး၊ ညီလေးနာမည်က ဘယ်သူတဲ့လဲ"

"ကျွန်တော့်နာမည်က ချူးချင်းလို့ခေါ်ပါတယ်အစ်ကို၊ အစ်ကို့နာမည်ကကောဗျာ"

"အစ်ကို့နာမည်က ကျောက်ကြုံးဝှေ့တဲ့ကွ၊ညီလေး မှတ်ထားပေါ့"

ချူးချင်းက ကျောက်ကြုံးဝှေ့အား ဦးညွှတ်၍ ဂါရဝပြုလိုက်၏။ စင်စစ် ချူးချင်းသည် သိုင်းလောကတစ်ခွင်တွင် ကျောက်ကြုံးဝှေ့၏အမည်နာမကို မကြားဖူးခဲ့။ သို့တစေ သူမျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသော ကျောက်ကြုံးဝှေ့၏ သိုင်းစွမ်းရည်မှာ ထိပ်တန်းအဆင့်မြင့်နာမည်ကြီးထဲမှ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်မည်ဟု အကဲခတ်ရိပ်စားမိလိုက်၏၊

မည်သို့ပင်ဖြစ်စေ ကျောက်ကြုံးဝှေ့ ကဲ့သို့သော ပုဂ္ဂိုလ်မျိုးနှင့် သူ့အဖို့ မိတ်ဆွေဖြစ်ရသည်မှာ ကံကောင်းလှသည်ဟု မှတ်ထင်ယူဆလိုက်မိ၏။

ကျောက်ကြိုးဇော့ကို သူယုံကြည်သည်။ လေးစားသည်။ ကျောက်ကြိုးဇော့သည် သိုင်းလောကတွင်းမှ မှန်ကန်သော ပုဂ္ဂိုလ်တစ်ယောက်ဟု သူ နားလည်သဘောပေါက်မိ၏။

ခဏတွင် ကျောက်ကြိုးဇော့၏ဖိတ်ခေါ်မှုကြောင့် ချူးချင်းသည် ကျောက်ကြိုးဇော့ နေထိုင်ရာသို့ လိုက်ပါလာခဲ့ရလေတော့၏။

သူတို့နှစ်ဦး မြစ်ဆိပ်ကမ်းမှ တောအုပ်အတွင်းသို့လျှောက်လာခဲ့ကြရာ တစ်နာရီနီးပါးခန့်အကြာတွင် တောအုပ်အလယ်ရှိ အိမ်ကလေးတစ်လုံးသို့ ရောက်ရှိလာခဲ့ကြ၏။

ကျောက်ကြိုးဇော့က အိမ်ကလေးကို လက်ညှိုး ထိုးပြကာ....

"ဒါ အစ်ကို လောလောဆယ်နေတဲ့နေရာပဲကွ၊ ကဲ....ငါ့ညီ အထဲကိုလိုက်ခဲ့"

"ဟုတ်ကဲ့အစ်ကို"

ချူးချင်းက ကျောက်ကြိုးဇော့ကိုဦးညွှတ်ပြရင်း အိမ်ကလေး အတွင်းသို့ လိုက်ပါလာခဲ့၏။

အိမ်ကလေးမှာ သစ်လုံးများဖြင့် ခပ်ကြမ်းကြမ်း ဆောက်ထားပြီး တစ်ကိုယ်တော် သိုင်းသမား တစ်ဦး နေထိုင်မှန်းသိသာလောက်အောင်ပင် ပစ္စည်းပစ္စယများလွန်စွာမှနည်းပါးလှပေ၏။





ကျောက်ကြိုးဇော့သည် ချူးချင်းအား ထမင်းစားပွဲတွင် ထိုင်ခိုင်းပြီးနောက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံလိုက်လေသည်။

စားသောက်ဖွယ်ရာများမှာ သမင်သားကင်၊ တောဝက်သားပေါင်း၊ ပင်လယ်ပုစွန်ထုပ်၊ ကျောက်ငါးကြင်းကြော်တို့နှင့်တကွ မန်ထိုခေါ် အသားလွတ် ပေါက်စီများအပြင် လွန်စွာမွှေးကြိုင် သင်းပျံ့သော အရက်အိုးကြီး တစ်အိုးလည်း ပါဝင်ပေ၏။

ထို စားကောင်း သောက်ဖွတ်ရာများကို မြင်တွေ့လိုက်ရသည်နှင့် ချူးချင်းက ရယ်ကာမောကာဖြင့် ပြောလိုက်၏။

"အစ်ကိုကလဲဗျာ... ကျွန်တော့်ကို တည်ခင်းဧည့်ခံတဲ့စားသောက်ဖွယ်ရာတွေက သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းက ဂိုဏ်းချုပ်ကြီး တစ်ယောက်ကို ဧည့်ခံတာကျနေတာပဲ"

ထိုအပြောကြောင့် ကျောက်ကြိုးဇော့မှာ လွန်စွာသဘောကျသွားပုံရလေ၏။ သူလည်း ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီးနောက်....

"ဟား....ဟား.... အစ်ကို ဧည့်ဝတ်ပြုတာက မဖြစ်စလောက်လေးပါကွာ၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ငါ့ညီဟာ အင်မတန်အင်အားကြီးမားတဲ့ သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးတစ်ယောက် ဖြစ်မလာဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ၊ ဟဲ....ဟဲ....ဟဲ"

"အစ်ကိုကတော့ ကျွန်တော့်ကို အရမ်းမြှောက်နေပြီ၊ ကျွန်တော့် သိုင်းပညာအဆင့်လောက်နဲ့ ဂိုဏ်းချုပ်ကြီးဖြစ်လာဖို့ ဆိုတာဝေးပါသေးတယ်အစ်ကိုရာ၊ ဟား....ဟား....ဟား"

သူတို့နှစ်ဦး တစ်ဦးမျက်နှာကို တစ်ဦးကြည့်ကာ အားပါးတရရယ်မောလိုက်ကြသည်။

ခဏကြာမှ ကျောက်ကြိုးဝှေ့သည် အရယ်ရပ်၍ မျက်နှာပိုး သပ်ကာ တည်ကြည်လေးနက်သော စကားတစ်ခွန်းကို ဆိုလိုက်၏။

"လောကကြီးမှာ သိုင်းသမားတစ်ယောက်အနေနဲ့ ပညာအဆင့်နိမ့်တယ် မြင့်တယ်ဆိုတာ တစ်သမတ်တည်းမရှိပါဘူးကွာ၊ ချောင်းငယ် မြောင်းငယ်တွေဟာလဲ တစ်နေ့ကျရင် မြစ်ကြီးသမုဒ္ဒရာဖြစ်လာကြတာပါပဲ၊ အရေးကြီးတာက သိုင်းသမားကောင်း စိတ်ဓာတ်ရှိဖို့ပါ"

"ဟုတ်ပါတယ် အစ်ကို၊ အစ်ကို ပြောတဲ့စကား မှန်ပါတယ်"

"ကဲ....ညီလေး၊ ဗင်းလဲ ဆာနေမှာပဲ၊ အစ်ကိုလဲ ဆာလှပြီ၊ စားသောက်ရင်း စကားပြောကြတာပေါ့"

သူတို့နှစ်ဦးသည် စားပွဲတစ်ဘက်တစ်ချက်စီတွင် မျက်နှာချင်းဆိုင် ထိုင်ကာ အစားအသောက်များကို အားပါးတရ စားသောက်လိုက်ကြလေ၏။

စားရင်းသောက်ရင်းမှပင် ကျောက်ကြိုးဝှေ့က စကားဆိုလိုက်၏။





"ငါ့ညီနဲ့ ရတနာမြေပုံဓား ဘယ်လိုပတ်သက်ခဲ့တယ်ဆိုတာ အစ်ကို့ကို ပြောပြပါဦးကွာ"

ချူးချင်းက ဦးခေါင်းညိတ်လိုက်၏။

"ပြောပြပါ့မယ် အစ်ကို၊ စောစောက ကျွန်တော်ပြောခဲ့တဲ့အတိုင်း ရှည်ရှည်ပြောမှဖြစ်မယ်ဆိုတော့ အစ်ကို စိတ်ရှည်လက်ရှည် သည်းခံသာ နားထောင်ပါ"

ကျောက်ကြိုးဝှေ့က အရက်တစ်ခွက်ကို ငှဲ့သောက်လိုက်ပြီးနောက်....

"အစ်ကိုလဲ ဒီပစ္စည်းအကြောင်းကြားဖူးနားဝရှိထားလေတော့ စိတ်ဝင်စားမှုရှိတာ အမှန်ပဲ ညီလေး၊ ဒါပေမယ့် ဒီပစ္စည်းကို တခြား သိုင်းလောကသားတွေလို လိုချင်တပ်မက်မောတဲ့ စိတ်မျိုးနဲ့ မဟုတ်ဘူးနော်၊ ငါ့ညီ အဖြစ်အပျက်တွေကို ပြောပြပြီးရင် အစ်ကိုကလဲ ဒီပစ္စည်းနဲ့ပတ်သက်တဲ့ ကိစ္စတချို့ကို ပြန်ပြောပြမယ်"

"ဟုတ်ကဲ့....အစ်ကို၊ ကျွန်တော် ပြောပြတာတွေကိုသာ အစ်ကို နားထောင်ပါတော့"

* * *

## အခန်း (၅)

### အဆိပ်သခင်

ကျွန်းနန်နယ်သည် တရုတ်ပြည်တွင် အလွန်သာယာသော ပြည်နယ်ကြီးများအနက် အလှပဆုံးသော ပြည်နယ်ကြီးတစ်ခု ပင် ဖြစ်ပေသည်။

ကျွန်းနန်နယ်တွင် ကြည့်လေရာရာတွင် စိမ်းစိုသော မြက်ခင်းပြင်ကြီးများ၊ လယ်ကွင်းကြီးများ၊ တောင်စဉ်တောင်တန်းများ၊ မိန်းမချောလေးများ စီတန်းရပ်နေသည့်ပမာ ညီညာစွာပေါက်ရောက်နေသည့် ထင်းရှူးပင်များ၊ ချယ်ရီပင်များ စသည်ဖြင့် ကျွန်းနန်နယ်မှာ လှပချင်တိုင်း လှပလျက် ရှိနေပေတော့၏။





ထို့ပြင် ကျွန်းနန်နယ်၏ ကျော်ကြားသော အရာသုံးခုမှာ သိုင်းသမားကောင်းထွက်ခြင်း၊ အလွန်မွှေးကြိုင်သင်းပျံ့သော အရက်ကောင်းများ ထွက်ခြင်း၊ ထူးခြားဆန်းကြယ်သော ပန်းမန်များ ပေါက်ရောက်ကြခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်းနန်နယ်၏ အလှမှာ ထာဝစဉ် နုပျိုဖောက်ပနေရခြင်းပင် ဖြစ်ပေတော့၏။

ကျွန်းနန်နယ်ကြီးအတွင်း သာယာလှပကာ စီးပွားရေးကောင်းသော လယ်သမားရွာကလေးတစ်ရွာ ရှိနေသည်။ ထိုရွာကလေးမှာ စုကျားရွာကလေးပင် ဖြစ်သည်။

စုကျားရွာကလေးမှာ သာယာလှပသော ရွာကလေး တစ်ရွာ ဖြစ်သည်နှင့်အညီ ရွာသူရွာသားများ၏စည်းရုံးညီညွတ်မှု၊ အလုပ်ကြိုးစားမှု၊ ဆက်ဆံရေးပြေပြစ်မှုများကြောင့် ထိုရွာကလေးသို့ ပြောင်းရွှေ့လာရောက်နေထိုင်သူ အများအပြား ရှိနေကြသည်။

စုကျားရွာသူရွာသားဖြစ်ရသည်ကိုပင် ဂုဏ်ယူ ဝံ့ကြွားမိကြ၏။

တစ်နေ့တွင် စုကျားရွာကလေးသို့ မိသားစုတစ်စု ပြောင်းရွှေ့လာကြသည်။ ထိုမိသားစုမှာ လူများများစားစား မပါရှိပေ။

လင်မယားနှစ်ယောက်နှင့် ရှစ်နှစ်သား ယောကျာ်းလေး တစ်ယောက်ပင် ဖြစ်၏။

လင်ယောကျ်ားဖြစ်သူ၏နာမည်မှာ ချူးအင်းဖြစ်ပြီး ဇနီးဖြစ်သူ၏အမည်မှာ ယိဖုန့်ဖြစ်သည်။

ရှစ်နှစ်သား ကလေးငယ်၏ အမည်မှာ ချူးချင်းဖြစ်၏၊ ချူးချင်း၏ဖခင်နှင့် မိခင်ဖြစ်သူ ယိဖုန့်တို့မှာ သိုင်းလောကတွင် တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားခဲ့သော သိုင်းပညာရှင်များ ဖြစ်ကြသည်။

ထို့ကြောင့် စုကျား ရွာသူရွာသားများတို့သည် သိုင်းပညာရှင် ချူးအင်းတို့မိသားစု ယခုလို သူတို့ရွာသို့ ပြောင်းရွှေ့လာသည့်အတွက် အထူးပင် ဝမ်းမြောက်အားတက်နေကြလေသည်။

ဆရာကြီး ချူးအင်းတို့ ဇနီးမောင်နှံ ရှိနေသည့်အတွက် စုကျားရွာကလေး၏ လုံခြုံရေးမှာ ပိုမို တောင့်တင်းသွားရသည်၊

ရွာကလေးမှာ ပိုမိုစည်ကားလာပြီး ဒုစရိုက်မှုများ လုံးဝမရှိသလောက် ကင်းရှင်းသွားရသည်။

ချူးအင်းနှင့် ယိဖုန့်တို့ကလည်း စုကျားရွာကလေး၏ အကျိုးကို အားသွန်ခွန်စိုက် ထမ်းဆောင်ပေးကြသည်၊

ရပ်ရွာ သာရေးနာရေး၊ စီးပွားရေး စသည့်ရပ်ရွာကိစ္စများတွင် သူတို့လင်မယားသည် စိတ်ရောကိုယ်ပါ ရှေ့ဆုံးမှနေ၍ ခေါင်းဆောင်လုပ်ပေးတတ်သည်။အနစ်နာခံကာ ပါဝင်ဆောင်ရွက်ပေးကြသည်၊





ထို့ကြောင့် စုကျား ရွာသူရွာသားများသည် သိုင်းပညာရှင် ချူးအင်းနှင့် ဇနီးယိဖုန့်တို့ ဇနီးမောင်နှံတို့ကို အထူးပင် လေးစားကြည်ညိုကြလေသည်၊ စင်စစ် သိုင်းပညာရှင်ကြီး ချူးအင်းမှာ အဖြူရောင်သစ္စာဘက်တော်သား သိုင်းသမားကောင်းကြီး တစ်ယောက်ပင် ဖြစ်သည်။ သစ္စာသမာဓိ သတ္တိနှင့် ပြည့်စုံပြီး အမှန်တရားဘက်မှ ထာဝစဉ်ရပ်တည်နေသူလည်း ဖြစ်ပေသည်။

ချူးအင်းတို့ ဇနီးမောင်နှံ စုကျားရွာကလေးသို့ရောက်ပြီး မကြာမီမှာပင် ချူးအင်းက သားကလေးချူးချင်းကို သူ့မိတ်ဆွေ တောင်ပေါ် ဝံပုလွေလောက်ထိုထံသို့ ပို့ဆောင်ပေးထားလိုက်ပြီး သိုင်းပညာများ သင်ကြားစေလေသည်

တောင်ပေါ်ဝံပုလွေ လောက်ထိုမှာ အလွန်မြင့်မားလှသော လုံစန်းတောင်ထိပ်တွင် တစ်ဦးတည်း နေထိုင်သူ သိုင်းပညာရှင်ကြီးတစ်ယောက်ပင် ဖြစ်သည်။

တောင်ပေါ်ဝံပုလွေ လောက်ထိုမှာလည်း ချူးအင်းကဲ့သို့ တရားဘက်တော်သား သိုင်းသမားတစ်ယောက် ဖြစ်သည့်အပြင် အမှန်တရားကို မြတ်နိုးသော သစ္စာ၊ သမာဓိ သတ္တိနှင့် ပြည့်စုံသော သိုင်းပညာရှင်ကြီးတစ်ယောက်ပင် ဖြစ်ပေသည်၊

သိုင်းပညာရှင် ချူးအင်းတို့ ဇနီးမောင်နှံ ဤစုကျားရွာကလေးသို့ မည်သည့်ကိစ္စကြောင့် ပြောင်းရွှေ့ဇာတ်မြှုပ်နေထိုင်သည်ကို မည်သူမျှမသိရပေ။

ရွာသူရွာသားများက ထိုအကြောင်းကို စိတ်ဝင်စားကြသော်လည်း မည်သူမျှမမေးရဲကြချေ။

စင်စစ် ချူးအင်းတို့ ဇနီးမောင်နှံသည် သိုင်းလောကမှ အလွန်ကြီးမားပြီး ရက်စက်ကြမ်းကြုတ်လှသော ဒုစရိုက်သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်း၏ အန္တရာယ်ကြောင့် ယခုလို စုကျားရွာကလေးတွင် လာရောက်ဇာတ်မြှုပ်နေထိုင်ရခြင်းပင် ဖြစ်ပေသည်။

အချိန်မှာ သိုင်းလောကတွင် သိုင်းလောက အင်အားများသည် စုစည်းမှုမရှိဘဲ တစ်ယောက်တကွဲစီဖြစ်ကာ ဒုစရိုက်သိုင်းဂိုဏ်းကြီးများသာ အင်အားကောင်းပြီး မင်းမူသောင်းကျန်းနေသော အချိန်ကာလလည်း ဖြစ်ပေသည်။

အဖြူရောင်သစ္စာဘက်တော်သား သိုင်းလောကသားများမှာ အနက်ရောင် ဒုစရိုက် သိုင်းဂိုဏ်းကြီးများ၏ သိမ်းသွင်းစည်းရုံးမှုများကို ခံလိုက်ကြရသည်။

ဒုစရိုက်သိုင်းဂိုဏ်းကြီးများ၏ စည်းရုံးသိမ်းသွင်းခြင်းကို မနာခံပါက တိုက်ခိုက်သုတ်သင်ခြင်းကို ခံကြရပေသည်၊ ယခုလည်း ချူးအင်းတို့ကိုပါ သုတ်သင်ပစ်ရန် ကြံစည်လာကြသည်။

ထိုယုတ်မာ ရက်စက်သော အကြံအစည်ကို ရိပ်စားမိသဖြင့် သိုင်းပညာရှင်ကြီး ချူးအင်းနှင့် ဇနီးယိဖုန့်တို့သည် သား





ကလေးချူးချင်းကိုခေါ်ဆောင်ကာ ဤစုကျားရွာကလေးသို့ လာရောက်ဇာတ်မြှုပ် နေထိုင်ကြခြင်းပင် ဖြစ်ပေတော့သည်၊

❋ ❋ ❋

လပြည့်ည....

လဝန်းသည် မြူမှောင်ကင်းပြီး ပြာလဲ့နေသော မိုးကောင်းကင်ထက်တွင် ထိန်လင်းတောက်ပစွာဖြင့် သူ၏အေးမြသော အလင်းရောင်များကို ကမ္ဘာမြေပြင်သို့ ထုတ်လွှတ်လျက်ရှိနေလေ၏။

လေနုအေးကလေးများကလည်း တသုန်သုန်တိုက်ခတ်နေသည့်အပြင် ထိုညလေအေးများနှင့်အတူ မွှေးကြိုင်သင်းထုံသော ပန်းရနံ့များကလည်း ရောထွေးပါရှိလာခဲ့လေတော့၏၊

စုကျားရွာကလေး၏ လပြည့်ညကား မမေ့နိုင်စရာ လှချင်တိုင်း လှပနေပေတော့သည်၊စုကျားရွာမြောက်ဘက်အစွန်ရှိ သေသပ်ခိုင်ခံ့သော အိမ်ကလေးအတွင်း သိုင်းပညာရှင်ချူးအင်းနှင့် ဇနီးဖြစ်သူ ယိဖုန့်တို့သည် ရှေ့ရေးနောက်ရေးများကို ဆွေးနွေးပြောဆိုလျက် ရှိနေကြ၏၊

သိုင်းပညာရှင် ချူးအင်းမှာ ဥပဓိ ရုပ်ခံ့ညား ပြီး ယောကျ်ားပီသသော ကိုယ်လုံးကိုယ်ထည်ရှိသူတစ်ယောက် ဖြစ်သည်၊ သူ၏မျက်လုံးအစုံမှာ စူးရှတောက်ပလှပြီး အတွင်းအား ကြီးမားနက်ရှိုင်းကြောင်းကို ဖော်ပြလျက်ရှိသည်။ သူသည် အညိုရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး လက်ဖက်ရည်ကြမ်းကို သောက်လျက်ရှိနေသည်။

ဇနီးဖြစ်သူယိဖုန့်မှာ ချောမောသော အမျိုးသမီးတစ်ယောက်ဖြစ်ပြီး ကိုယ်လုံးကိုယ်ပေါက်မှာ ပြေပြစ်လှကာ မိန်းမပီသသော မိန်းမချောတစ်ယောက်ပင် ဖြစ်၏။

ချူးအင်းနှင့် ယိဖုန့်တို့မှာ တစ်ချိန်က သိုင်းလောကတွင် အတူလှုပ်ရှားသွားကြရင်းမှ ချစ်ကြိုက်မိကြကာ လက်ထပ်ပေါင်းသင်းခဲ့ကြသူများ ဖြစ်ကြသည်။ သူတို့နှစ်ယောက်သည် သိုင်းပညာတွင်လည်း ထူးချွန်ထက်မြက်ကြသူများ ဖြစ်ကြရာ နေနှင့်လ ရွှေနှင့်မြပမာ လိုက်ဖက် တင့်တယ်ခဲ့ကြ၏။

သူတို့သားကလေး ချူးချင်းမှ လွဲ၍ အခြားသားသမီး တစ်စုံတစ်ယောက်မှ မထွန်းကားခဲ့ပါချေ။ သားကလေး ချူးချင်း ရှစ်နှစ်ပြည့်ခါနီးလောက်တွင်မှ ကြီးမားဆိုးရွားသော ပြဿနာဆိုးကြီးတစ်ရပ်က မမျှော်လင့်ဘဲ ဖြစ်ပွားလာခဲ့ရသည်။

ထို ပြဿနာဆိုးကြီးသည်ကား အခြားမဟုတ်ပေ။ သိုင်းလောကတွင် သောင်းကျန်းမင်းမူနေသော ဒုစရိုက်သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်သည့် အဆိပ်သခင် ဂိုဏ်းချုပ်ကြီးက သူ့





ဂိုဏ်းအတွင်းသို့ သိုင်းပညာရှင်ချူးအင်းနှင့် ဇနီးယိဖုန့်တို့အား သူတို့ဂိုဏ်းသို့ဝင်ရန် ဖိတ်ခေါ်လိုက်ခြင်းပင်ဖြစ်သည်။

အဆိပ်သခင်ဂိုဏ်းမှာ အင်အားကြီးမားသော ဒုစရိုက်ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်ပြီး သိုင်းလောကတွင် အရှိန်အဝါကြီးမားသော ဂိုဏ်းကြီးတစ်ဂိုဏ်းလည်းဖြစ်၏။

ထိုဂိုဏ်းသို့ သိုင်းလောကမှ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော သိုင်းသမားများကို စည်းရုံးခေါ်ဆောင်တတ်လေ့ ရှိသည်။

ယခုလည်း ချူးအင်းတို့ ဇနီးမောင်နှံကို အဆိပ်သခင်ဂိုဏ်းချုပ်က သူ့လက်အောက်တွင် ဝင်ရောက် အမှုထမ်းရန် ဆင့်ခေါ်လိုက်လေ၏။

အဆိပ်သခင်ဂိုဏ်းမှာ လူသတ်ဓားပြတိုက်၊ လုယက်၊ သိုင်းလောကတွင် အမျိုးမျိုးထင်ရာစိုင်းနေသောဒုစရိုက်သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်ပေရာ သစ္စာ သမာဓိ သတ္တိနှင့် ပြည့်စုံသော သိုင်းသမားကောင်း ချူးအင်းအနေဖြင့် မဝင်လိုပေ။

ထို့ကြောင့် သူက ခါးခါးသီးသီးငြင်းပယ်ပစ်လိုက်သည်၊ ထိုအခါ လာရောက်ခေါ်ငင်သော အဆိပ်သခင် ဂိုဏ်းခွဲမှူးကြီး သုံးယောက်ဖြစ်ကြသော တစ္ဆေလေပွေသုံးဖော်တို့ ဖြစ်ကြသည့် လက်သုံးချောင်းထိုက်ကျိုဝူ၊ တစ္ဆေလေပွေထန်ထန်တို့နှင့် အရှူးတစ္ဆေပိန်းကန်တို့သည် ချူးအင်းနှင့် စကားများပြီး တိုက်ခိုက်မိကြတော့၏။

ထိုတိုက်ပွဲမှာ ကြောက်ခမန်းလိလိဖြစ်၏။ အဆိပ်သခင် စေလွှတ်လိုက်သော ဂိုဏ်းခွဲမှူးကြီးသုံးယောက်တို့၏ သိုင်းပညာမှာလည်း ထိပ်တန်းအဆင့်မြင့်ပညာရှင်များဖြစ်ကြသည်၊

လက်သုံးချောင်း ထိုက်ကျိုဝူ၊ တစ္ဆေလေခပွထန်ထန်တို့နှင့် အရှုးတစ္ဆေပိန်းကန်တို့သည် သူတို့၏ ဆန်းပြားသော လက်နက်များဖြင့် ချူးအင်းနှင့်ယိဖုန့်တို့အား ပြင်းထန်စွာတိုက်ခိုက်ကြလေသည်။

ချူးအင်းနှင့် ယိဖုန့်တို့သည် သားလေး ချူးချင်းအား ကာကွယ်ရင်း တစ္ဆေလေခပွသုံးဖော်တို့အား ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်ကြသည်။

ထိုတိုက်ပွဲတွင် မမျှော်လင့်ဘဲ ချူးအင်း၏ဓားချက်ကြောင့် တစ္ဆေလေခပွသုံးဖော်တို့သည် မရှုမလှ အသက်ပျောက်သွားကြရတော့၏။

ချူးအင်းသည် ဉာဏ်အမြော်အမြင်ကြီးမားပြီး ပါးနပ်လိမ္မာသူတစ်ယောက်ဖြစ်ရာ မကြာမီ အချိန်ကာလအတွင်း သူတို့ဇနီးမောင်နှံနှင့် ကလေးငယ် ချူးချင်း၏ အသက်ပါ အန္တရာယ်ဖြစ်လာနိုင်ပေသည်။

သူတို့ဇနီးမောင်နှံကကိစ္စမရှိ၊ ဤ လူ့လောကတွင် ဘာမှ မသိရှိသေးသောကလေးငယ်ချူးချင်းအတွက်သူတို့က အလေး ထား ဦးစားပေးစဉ်းစားကြသည်။

အကယ်၍သာ အဆိပ်သခင်ဂိုဏ်းချုပ်ကိုယ်တိုင်ဂိုဏ်းသား များကို ဦးဆောင်ကာ ရောက်ရှိလာပြီး အလုံးအရင်းနှင့် တိုက်





ခိုက်ပါက သူတို့ဇနီးမောင်နှံသာမက ကလေးငယ်ပါ ကျူပင် ခုတ် ကျူငုတ်မကျန် အသတ်ခံကြရပေလိမ့်မည်။

သူတို့ဇနီးမောင်နှံ၏ သိုင်းပညာမှာ သိုင်းလောကတွင် ပြိုင်ဘက်ကင်းထိပ်တန်း အဆင့်ရောက်နေကြပြီဖြစ်သော်လည်း ရန်သူအရေအတွက်များပြားနေပါက မည်သို့မျှ အောင်မြင်စွာ ဖောက်ထွက်နိုင်ကြမည် မဟုတ်ပေ။

ဤမျှအင်အားကြီးမားပြီး ကြောက်မက်ဖွယ် ကောင်းလှသော ဒုစရိုက်သိုင်းဂိုဏ်းကြီးကို ပြန်လည် ခုခံနိုင်စွမ်း ရှိမည် မဟုတ်။

ထို့ကြောင့် သူတို့ဇနီးမောင်နှံသည် အဆိပ်သခင် ဂိုဏ်းခွဲမှူးကြီး သုံးယောက်ကို တိုက်ခိုက်သုတ်သင်သည့် ညတွင်း ချင်းမှာပင် ရပ်ဖျက်ကာ စုကျားရွာကလေးသို့ တိတ်တဆိတ် ပြောင်းရွှေ့လာခဲ့ကြခြင်းပင်ဖြစ်ပေတော့သည်၊

သူတို့လင်မယားသည် စုကျားရွာကလေးသို့ရောက်လာပြီး မကြာမီမှာပင် သားကလေးဖြစ်သူချူးချင်းကို သူတို့၏ မိတ်ဆွေကြီး တောင်ပေါ်စံပုလွေလောက်ထိုထံသို့ အမြန်ဆုံး ပို့ ဆောင်ပေးပြီး သိုင်းပညာရပ်များကို သင်ကြားစေခဲ့သည်၊

သို့မှသာ သားကလေးချူးချင်းသည် တစ်ချိန်တွင် သိုင်း လောကတွင် မိဘများကဲ့သို့ လျှမ်းလျှမ်းတောက် ကျော်ကြား သော သိုင်းပညာရှင်တစ်ယောက် ဖြစ်လာရပေလိမ့်မည်၊

သားကလေးချူးချင်းသည် သူတတ်မြောက်သော သိုင်းပညာဖြင့် အများအကျိုးကို ဆောင်ရွက်မည်၊ အမှန်တရားဘက်မှ ရပ်တည်မည်။ ဒုစရိုက်သမားများကိုချေမှုန်းပြီး သစ္စာသမာဓိ သတ္တိရှိသော ယောကျ်ားကောင်း သိုင်းသမား တစ်ယောက် ဖြစ်လာစေရန် ရယ်ရွယ်၍ ရှစ်နှစ်သားအရွယ်ကပင် လုံစန်းတောင်ပေါ်သို့ ပို့ဆောင်ပေးထားခဲ့ခြင်းပင် ဖြစ်ပေတော့၏။

ထိုဖြစ်ရပ်များသည်ကား ဆယ်နှစ်ဆယ်မိုး ရှိသွားခဲ့ရလေပြီ၊

"ဟင်း...."

သိုင်းပညာရှင်ကြီး ချူးအင်းသည် အတွေးရိပ်တွင် တရေးရေး ပုံရိပ်များ ပြန်လည်ထင်ဟတ်လာသော နောက်ကြောင်းများကို ပြန်လည်စဉ်းစားလိုက်ရင်းက သက်ပြင်းကို လေးပင်စွာ ဟင်းခနဲချလိုက်၏။

အနီးမှ ထိုင်နေသော ဇနီးဖြစ်သူ ယိဖုန်နှ်က ချူးအင်း၏ မျက်နှာကို တစ်ချက် အကဲခတ်လိုက်ရင်း....

"အစ်ကို ဘာတွေ စဉ်းစားနေတာလဲ ဟင်"

"တခြား မဟုတ်ပါဘူးကွယ်၊ သားလေးရဲ့ ရှေ့ရေးအတွက် စဉ်းစားနေမိလို့ပါ"

"အစ်ကို့ကို ဒါကြောင့် နဂိုကတည်းက ပြောတာပေါ့၊ ဒီအဆိပ်သခင်ဂိုဏ်းကို ပြန်ပြီး တွန်းလှန်နိုင်ဖို့အတွက် အစ်ကိုက သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းကို ထူထောင်ပါလို့၊ ကိုယ့်မှာ





သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်း ရှိခဲ့ရင် သူတို့ကို ဘာကြောက်စရာလိုမလဲ၊ နောက်ပြီး အခုလို သားလေးနဲ့လဲ ခွဲနေရမှာ မဟုတ်ဘူး"

ချူးအင်းက ခေါင်းကို ခါယမ်းလိုက်ရင်း....

"သိုင်းဂိုဏ်းတစ်ဂိုဏ်း တည်ထောင်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး၊ လူပေါင်း မြောက်မြားစွာကို အုပ်ချုပ်ရတာ ဒီအထဲက တစ်ယောက်ယောက်က အမှားလုပ်မိရင် ဂိုဏ်းချုပ်ကိုပဲ အပြစ်ပုံချလာမှာ၊ နောက်ပြီး သိုင်းဂိုဏ်းချင်း တိုက်ကြခိုက်ကြ အသက်လုကြနဲ့ မလွယ်ပါဘူး၊ အခု သားလေးကို တောင်ပေါ်ဝံပုလွေ လောက်ထိုဆီ ပို့ထားရတာက သားလေး တစ်နေ့ကျရင် အရည်အချင်း ပြည့်ဝတဲ့ သိုင်းသမားကောင်း တစ်ယောက် ဖြစ်လာလိမ့်မယ်၊ သားလေးဟာ သိုင်းလောကမှာ လျှမ်းလျှမ်းတောက် အောင်မြင် ကျော်ကြားတဲ့ အဖြူရောင်သိုင်းပညာရှင်တစ်ယောက်ဖြစ်လာဖို့ ရည်ရွယ်ချက်နဲ့ လောက်ထိုဆီကို ပို့ထားခဲ့တာပဲ၊ လောက်ထိုကလဲ သားလေးကို သူ့ရဲ့ ပညာတွေ မှန်သမျှ အိတ်သွန်ဖာမှောက် သင်ကြားပေးမယ်လို့ ကတိပြုထားခဲ့တယ် မဟုတ်လား၊ သားလေးအတွက်တော့ စိတ်ချရပါပြီကွာ"

ယိဖုန်နှ်က တိုးညင်သော လေသံဖြင့်....

"သားလေးဟာ လိမ္မာရေးခြားရှိတဲ့ ကလေးတစ်ယောက်ပါ၊ သားလေးနဲ့ ခုလို ဆယ်နှစ်ဆယ်မိုး ခွဲနေရတော့...."

သူမက စကား ဆက်မပြောနိုင်တော့၊ မိခင်တစ်ယောက် ဖြစ်သည်နှင့်အညီ သားကို လွမ်းဆွတ်စိတ်ဖြင့် မျက်ရည်များ ရစ်ဝိုင်းလာရသည်၊ ချူးအင်းက လေးနက် တည်ကြည်သော လေသံဖြင့်....

"ညီမ....မင်းဘာမှ စိတ်မကောင်း ဖြစ်မနေပါနဲ့ကွာ၊ ချူးချင်းဟာ တစ်နေ့ ငါတို့ဆီကို ပြန်ရောက်လာမှာပါ၊ အဲဒီ အချိန်ကျရင် မင်းက သားလေးကို မှတ်မိပါတော့မလား၊ ခု လောက်ဆို သူဟာ အင်မတန် ထွားကျိုင်းပြီး ယောကျ်ားပီသ တဲ့ လူငယ်တစ်ယောက် ဖြစ်နေလိမ့်မယ်"

"အို....ကျွန်မသားကို ကျွန်မ မမှတ်မိဘဲ နေပါ့မလား၊ ကျွန်မသား ဘယ်လိုပဲ ပုံပြောင်းလာလာ ကျွန်မ မှတ်မိပါ တယ်"

ယိဖုန့်က ချူးအင်းကို မျက်စောင်းဝေ့ရင်းက ပြောကြား လိုက်သည်၊ ယင်းအချိန်မှာပင် ချူးအင်းက လေတိုးသံကို တစ် ချက်နားစွင့်ကြည့်လိုက်ပြီး ယိဖုန့်အား လက်ကာပြလိုက်သည်။

"ညီမ စကား မပြောနဲ့၊ အသာနေစမ်း၊ အစ်ကို့ နားထဲ မှာ အဝတ်လေတိုးသံတွေ ကြားနေရတယ်"

"ဟင်"

ခင်ပွန်းဖြစ်သူ ချူးအင်း၏ စကားကြောင့် ယိဖုန့်မှာ မျက် လုံးကလေးများ ပြူးကျယ် ဝိုင်းစက်သွားရကာ အံ့သြ ထိတ် လန့်သွားမိရသည်၊ ယိဖုန့်ကလည်း ထိပ်တန်း အဆင့်မြင့်သိုင်း အမျိုးသမီးတစ်ယောက်ပီပီ အပြင်ဘက်မှ တိုက်ခတ်နေသော





လေတိုးသံကို တစ်ချက် နားစွင့်ကြည့်လိုက်ရာ အဝတ်လေတိုး သံများနှင့်အတူ ပြေးလာသော ခြေသံများကိုပါ ကြားလိုက်ရ သည်။

သူတို့နှစ်ယောက်သည် အဝတ်လေတိုးသံများနှင့် ခြေသံ များကို ရုတ်တရက် မမျှော်လင့်ဘဲ ကြားလိုက်ရသဖြင့် မျက် လုံးများ ပြူးကျယ်ဝိုင်းစက်သွားမိကြရတော့၏။

အဘယ့်ကြောင့်ဆိုသော် ထိုအဝတ်လေတိုးသံများတို့သည် အိမ်ကလေးဝန်းကျင်တစ်ဝိုက်ဆီမှ အလွန်နီးကပ်စွာ ရောက်ရှိ နေကြပြီဖြစ်သောကြောင့်ပင်တည်း။

"ဖြောင်း"

"ဝုန်း"

ယင်းအချိန်မှာပင် ပြင်းထန်သော လက်ဝါးရိုက်ချက်နှင့် အတူ အိမ်ရှေ့မှ ပိတ်ထားသော တံခါးကြီးသည် ကျိုးပြတ် လွင့်စဉ်ထွက်သွားသည်ကို တွေ့လိုက်ရတော့၏။

"ဟား—ဟား....ဟား"

"ဟား....ဟား....ဟား"

စူးရှကျယ်လောင်သော ရယ်မောသံကြီးများနှင့်အတူ လူ ရိပ်သဏ္ဍာန်များသည် တံခါးဝတွင် ရုတ်တရက် ထွက်ပေါ် လာခဲ့လေတော့၏၊ ချူးအင်းနှင့် ယိဖုန့်တို့သည် ထိုင်ရာမှထပြီး ကြည့်လိုက်ကြရာ မျက်နှာဖုံး ကိုယ်စီစွပ်ထားသော ဝတ်စုံနက် သိုင်းသမားများကို တွေ့လိုက်ကြရ၏။

မျက်နှာဖုံးစွပ်ဝတ်စုံနက်များတို့သည် လက်နက်ကိုယ်စီကိုင်ဆောင်ထားကြပြီး ချူးအင်းနှင့်ယိဖုန့်တို့ကိုကြည့်ကာ တဟားဟား ရယ်မောနေကြလေသည်။ ချူးအင်းနှင့် ယိဖုန့်တို့မှာ ထိုသူများကို မြင်လိုက်ရသည်နှင့် မျက်နှာပျက်ကာ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားကြရလေ၏။

အဘယ့်ကြောင့်ဟူမူဆိုသူများသည်ကား တစ်ချိန်က သူတို့နှင့် ရန်ငြိုးရန်စရှိခဲ့မိလေသော အဆိပ်သခင်ဂိုဏ်းသားများ ဖြစ်နေသောကြောင့်ပင်တည်း။

ထို့ပြင် ယခုရောက်လာသူများအနက် ရှေ့ဆုံးမှ ရွှေရောင် မျက်နှာဖုံးစွပ်နှင့် သန်မာထွားကျိုင်းသော ဝတ်စုံနက်မှာ အဆိပ်သခင်ဂိုဏ်းချုပ် ရန်သူတော်ကြီးကိုယ်တိုင်ပင် ဖြစ်လေတော့၏။

အဆိပ်သခင်ဂိုဏ်းချုပ်ကြီး၏ ဝတ်စားဆင်ယင်ထားပုံမှာ နာမည်နှင့်လိုက်အောင် ခံ့ညားလှပေသည်။

ပိုးသားအနက်ရောင် ဝတ်ရုံလွှာကြီးကို ခြေဖျားအထိဝတ်ဆင်ထားပြီး ဖိနပ်မှာလည်း အနက်ရောင်ဖြစ်သည်။

မျက်နှာတွင် ရွှေရောင်တဖိတ်ဖိတ် တောက်လက်နေသော မျက်နှာဖုံးကိုစွပ်ထားပြီး ထို မျက် နှာ ဖုံး မျက်လုံးပေါက်နောက်ကွယ်မှ အေးစက်စက် မျက်လုံးအစုံတို့သည် ချူးအင်းတို့ ဇနီးမောင်နှံကို စူးစိုက်ကြည့်လျက်ရှိနေ၏။





အဆိပ်သခင်ဂိုဏ်းချုပ် လက်ထဲမှကိုင်ထားသော ဓိမ်းဖန့်ဖန့် အရောင်တစ်မျိုးထွက်နေပြီး ယိုစေးဆီမှ အေးစိမ့်သော အခိုးအငွေ့များတို့သည် အိမ်ကလေး အတွင်း၌သာမက အပြင်ဘက်သို့ပါ ထိုးထွက်လင်းဖြာလျက် ရှိနေ၏။

အဆိပ်သခင်ဂိုဏ်းချုပ်သည် ထို စိမ်းဖန့်ဖန့်တောက်ပနေသော ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်းမှ ချူးအင်းအား လှမ်း၍ပြောကြားလိုက်၏။

"ချူးအင်း.... ဟိုး လွန်ခဲ့တဲ့ ဆယ်နှစ်လောက်တုန်းက အဖြစ်အပျက်ကို ပြန်ပြီးသတိရမှာပေါ့"

ချူးအင်းက....

"သတိရပါတယ်၊ ခင်ဗျားတို့ဂိုဏ်းက ဂိုဏ်းခွဲမှူး သုံးယောက် ကျူပ်လက်ချက်နဲ့ ကျဆုံးသွားရတာကို ပြောတာ မဟုတ်လား"

"အေး....ဟုတ်တယ်၊ ဒါပဲ၊ ငါတို့က မင်းကို ဆယ်နှစ်ဆယ်မိုး လိုက်ရှာခဲ့ရတာ၊ နောက်ဆုံးမှာတော့ ဒီစုကျားရွာမှာ လာပြီး တွေ့နေရတယ်၊ မင်းလက်ချက်ကြောင့် ငါ့ရဲ့ အားထားရတဲ့ တစ္ဆေလေပွေသုံးဖော်တို့ဟာ မရှုမလှ အသက်ပျောက်ခဲ့ရတယ်၊ ဒါကြောင့် အခု မင်းတို့ လင်မယားကို အပြတ်ရှင်းပစ်ရမယ်"

ချူးအင်းက ဟက်ခနဲ ရယ်မောလိုက်သည်။

"မင်းတို့က လူတစ်ယောက်ကို အရမ်းသတ်ချင်တိုင်းသတ်လို့ရမယ် ထင်နေသလား၊ ငါတို့မှာ ခြေလက်မပါတာမဟုတ်ဘူး၊ ငါတို့သေရင်လဲ မင်းတို့ဆီက အသက်တွေ အတော်များများကို တစ်ခါတည်း ယူသွားရလိမ့်မယ်"

ပြောပြောဆိုဆို ချူးအင်းက အင်္ကျီလက်စကို ဝှေ့ယမ်းပစ်လိုက်ရာ ဖြူဖွေးဘောက်ပသော ဓားတစ်လက်က သူ့လက်ထဲသို့ တစ်မုဟုတ်ချင်း ရောက်ရှိလာလေ၏။

ယိဖုန့်ကလည်း နှုတ်ခမ်းထောင့်ကိုတွန့်ကာ တစ်ချက်မဲ့ပြုံးပြုံးလိုက်ရင်း သူမ၏ အင်္ကျီလက်စတစ်ဘက်ကို ဝှေ့ယမ်းပစ်လိုက်သည်။

လေတိုးသံနှင့်အတူ ငွေရောင်တဖိတ်ဖိတ် တောက်ပနေသော ဓားတစ်လက်က သူ့လက်ထဲသို့ရောက်လာသည်။

"ဩော်...မင်းတို့လင်မယားနှစ်ယောက်က သိုင်းလောကမှာ ဟသ်္သာမောင်နှံလို့ တစ်ချိန်က လျှမ်းလျှမ်းတောက် အောင်မြင် ကျော်ကြားခဲ့ကြတာ ဒီဓားတွေကြောင့်ကိုး၊ မင်းတို့ရဲ့ သိုင်းပညာကို ငါ လက်တွေ့စမ်းကြည့်ရတော့မှာပေါ့"

အဆိပ်သခင်ဂိုဏ်းချုပ်က စကားဆုံးသည်နှင့် သူ့တပည့်များဘက်သို့ လက်ဟန်တစ်ချက်ပြလိုက်ပြီး....

"သူတို့ကို သတ်ကြစမ်း"

အမိန့်သံအဆုံး ဝတ်စုံနက်ဓားသမားများသည် လေ၏အဟုန်နှင့်အတူ ချူးအင်းနှင့် ယိဖုန့်တို့နှစ်ယောက်ဆီသို့ လွှားဝင် တိုက်ခိုက်လိုက်ကြလေတော့သည်။





"ယား"

"ချွမ်း"

"ထန်း"

သံသံချင်း ထိခတ်သံ၊ အော်ဟစ်မာန်သွင်း ကြုံးဝါးသံ၊ ပြိုလဲကျသံ၊ ညည်းညူသံများမှာ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်းမှာပင် ဖြစ်ပွားသွားသည်။

အဆိပ်သခင်ဂိုဏ်းချုပ်ကြီး၏ မျက်နှာမှာ မျက်နှာဖုံးစွပ်ထား၍ မမြင်ရသော်လည်း ကိုယ်တစ်ချက် တုန်ခါသွားသည်ဟု ထင်မှတ်လိုက်ရသည်။

မျက်နှာဖုံးမရှိပါက ကွက်ခနဲပျက်သွားသော မျက်နှာကြီးက အထင်းသား မြင်လိုက်ရပေမည်။

အကြောင်းမှာ ပထမဆုံး ခုန်ပျံကျော်လွှား ရောက်ရှိလာကြသည့် ဝတ်စုံနက် ဓားသမားလေးယောက်တို့မှာ ချူးအင်းနှင့် ယိဖုန့်တို့၏ ပြိုင်တူတိုက်ခိုက်လိုက်သော ဓားချက်ကြောင့် ကြမ်းပြင်ထက်တွင် စန့်စန့်ကြီးလဲကျကာ အသက်ပျောက်သွားသောကြောင့်ပင်တည်း။

အဆိပ်သခင်ဂိုဏ်းချုပ်က စူးရှခက်ထန်သောလေသံဖြင့်....

"ဩော်....မင်းတို့နှစ်ယောက်က အတော်အစွမ်းထက်နေကြပါလား၊ ကိုင်း....နောက် တစ် ခါ စမ်းကြည့်လိုက်စမ်းပါဦး"

အဆိပ်သခင်ဂိုဏ်းချုပ် စကားဆုံးသည်နှင့် လက်ထဲမှ စိမ်းဖန့်ဖန့်ဓားကို တစ်ချက် ဝှေ့ယမ်းပြီး အချက်ပေးလိုက်ပြန်သည်။

"ဝှီး....ဝှီး....ဝှီး"

အဝတ်လေတိုးသံနှင့်အတူ မျက်နှာဖုံးစွပ် ဝတ်စုံနက် ဓားသမား ဆယ်ယောက်တို့က ချူးအင်းနှင့် ယိဖုန့်ဆီသို့ လူရော ဓားပါ လွှားဝင်လာကြပြန်၏။

"ယား....ယား....ယား"

အော်ဟစ်မာန်သွင်းပြီး တိုက်ခိုက်လိုက်သော ဓားသံများမှာ ငရဲပွက်သည့်အလား ဆူညံပွက်လောရိုက်သွားရသည်။

ချူးအင်းနှင့် ယိဖုန့်တို့၏ ဓားများကလည်း အပွဲ့ပွဲ့နွဲ့လာခဲ့သော ဓားများပီပီ လေထဲတွင် လိပ်ပြာများ ပျံဝဲနေသည့်အလား တဝှီဝှီ တဝှစ်ဝှစ်ဖြင့် ပြေးလွှားကာ ရန်သူများကို ထိုးဖောက် တိုက်ခိုက်လျက် ရှိ၏။

"သတ်ကြစမ်း"

အဆိပ်သခင်ဂိုဏ်းချုပ်၏ နောက်ထပ် အမိန့်သံနှင့်အတူ သူကိုယ်တိုင် တိုက်ပွဲအတွင်းသို့ ခုန်ပျံဝင်ရောက်လာသည်။

အဆိပ်သခင်ဂိုဏ်းချုပ်နှင့် ဂိုဏ်းခွဲမှူး ခြောက်ယောက်၊ ဂိုဏ်းသားဆယ့်ငါးယောက်အထိ ထပ်မံပါဝင်လာကြသည်။

အဆိပ်သခင်ဂိုဏ်းချုပ်ကိုယ်တိုင် ပါဝင် တိုက်ခိုက်လာသဖြင့် လည်းကောင်း၊ ရန်သူများဘက်မှ သိုင်းပညာရှင်





အင်အားက အထူးများပြားသဖြင့် လည်းကောင်း သိုင်းကွက် ငါးဆယ်ကျော်လာသည်နှင့် ချူးအင်းနှင့် ယိဖုန့်တို့မှာ တိုက်ခိုက်နေရင်းမှပင် ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာများ ရထားလိုက်ပြီ ဖြစ်သည်။

သူတို့ ဇနီးမောင်နှံနှစ်ယောက်၏ အဝတ်အစားများမှာလည်း ဒဏ်များမှထွက်သော သွေးများကြောင့် ချင်းချင်းနီရဲနေရလေတော့၏။

သို့သော် သူတို့ နှစ်ယောက်သည် အသက်မသေသရွေ့ အားမလျော့ဟူသော စိတ်ဓာတ်ဖြင့် အဆိပ်သခင်ဂိုဏ်းချုပ်နှင့်အတူ ဂိုဏ်းသားများကို အပြင်းအထန် ဆက်လက်တိုက်ခိုက်နေလေ၏။

"ဟား....ဟား....ဟား"

အဆိပ်သခင်ဂိုဏ်းချုပ်ကတိုက်ခိုက်နေရင်းမှ တဟားဟား ရယ်မောလိုက်ပြီး....

"ကိုင်း....မင်းတို့ လင်မယားနှစ်ယောက် စိတ်ပြောင်းဖို့ အချိန်မီသေးတယ်၊ လက်နက်ချ အညံ့ခံပြီး ငါ့ဂိုဏ်းထဲ ဝင်မလား၊ ဒါမှမဟုတ် ရက်ရက်စက်စက် အသတ်ခံမလား"

ချူးအင်းက မျက်နှာပေါ်သို့ ဝဲပျံလာသော ဓားနှစ်လက်ကို သူ့ဓားဖြင့် ပက်ထုတ်လိုက်ရင်းက....

"ကျုပ်ဘယ်တော့မှ အညှံ့မခံဘူး၊ သေချင်သေသွားပါစေ"

"ကောင်းပြီ၊ သူတို့နှစ်ယောက်ကို အပြတ်ရှင်းပစ်လိုက်ကြတော့"

အဆိပ်သခင်ဂိုဏ်းချုပ်က နောက်ဆုံး အမိန့်ကိုတိကျစွာပေးလိုက်၏။ ထိုအခါ အဆိပ်သခင်ဂိုဏ်းသားများသည် နောက်သို့ ပြိုင်တူခုန်ဆုတ်လိုက်ကြပြီး အဆိပ်လက်နက်ပုန်းများစွာကို ပစ်လွှတ်လိုက်ကြလေသည်။

"ဝှစ်....ဝှစ်....ဝှစ်"

ချူးအင်းနှင့် ယီဖုန့်တို့က ဤသို့ဖြစ်လာမည်ကို ကြိုတင်တွက်ဆထားမိကြသဖြင့် သူတို့၏ဓားများကို စက်ဝိုင်းသဏ္ဌာန်ဝိုင်းရံကာ ဝှေ့ယမ်းပစ်လိုက်ကြသည်။

"ထန်း....ထန်း....ထန်း"

"ချွမ်း....ချွမ်း....ချွမ်း"

ရတနာဓားနှစ်လက်၏ ရေပက်မဝင်အောင် ဝှေ့ယမ်းကာ ကွယ်ပေးလိုက်မှုကြောင့် အဆိပ်လက်နက်ပုန်များမှာ နောက်သို့ပြန်ကန်ထွက်သွားရသည်။ ထို့ပြင်အဆိုးဆုံးမှာ အဆိပ်လက်နက်ပုန်းများက လာရာလမ်းကြောင်းသို့ နောက်ကြောင်း ပြန်လှည့်သွားခြင်းပင်ဖြစ်၏။

"အား....အင့်"

"အောင်မလေး"





ကိုယ့်အတတ်ကိုယ်စူးဆိုသလို အဆိပ်လက်နက်ပုန်းများ လက်ချက်ကြောင့် အဆိပ်သခင်ဂိုဏ်းသား အတော်များများ မှာကျဆုံးသွားကြရသည်။

"ဟင်"

အဆိပ်သခင်ဂိုဏ်းချုပ်မှာ ဒေါသခနဲ ဒေါသထွက်သွားကာ ဓားကိုဝှေ့ယမ်းပစ်လိုက်သည်။ တခဏချင်းမှာပင်စိမ်းဖန့်ဖန့်ဓားရိပ်ဓားငွေ့များက လင်းဖြာထွက်လာသည်။

"ယား"

အဆိပ်သခင်ဂိုဏ်းချုပ်က ကျယ်လောင်စူးရှစွာဖြင့် မာန်တစ်ချက်သွင်းလိုက်ပြီး ချူးအင်းနှင့် ယီဖုန့်ထံသို့ လူရောဓားပါလွှားဝင်သွားသည်။ သူကဓားကိုအဆက်မပြတ် ဝှေ့ယမ်းကာ လင်မယားနှစ်ယောက်စလုံးကို တိုက်ခိုက်လိုက်ခြင်းပင်ဖြစ်သည်။

"ထန်း"

"ချွမ်း"

ချူးအင်းနှင့် ယီဖုန့်တို့သည် မျက်စိလျှင်လျှင်ထားကာ အဆိပ်လက်နက်များနှင့် အဆိပ်သခင်ဂိုဏ်းချုပ်၏ ဓားချက်များကို အမြန်ဆုံးကာကွယ်ပေးလိုက်ရသည်။ သို့သော်နှစ်ယောက်စလုံးမှာ ဒဏ်ရာများရထားသဖြင့် အတွင်းအားမှာ အတော်ကလေး လျော့နည်းနေကြရလေသည်။

နှစ်ယောက်စလုံး အဆိပ်သခင်ဂိုဏ်းချုပ်၏ ပြင်းထန်ထက်မြက်သော ဓားချက်ကြောင့် နောက်သို့ယိမ်းယိုင်သွားကြရသည်။

အဆိပ်သခင်ဂိုဏ်းချုပ်က ဆက်လက်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှသော ဓားကွက်များနှင့် ဆက်လက်တိုက်ခိုက်လာပြန်သည်။

"ဝှီး....ဝှီး....ဝှီး"

အဆိပ်သခင်ဂိုဏ်းချုပ်၏ ဓားကွက်များမှာ ရေလှိုင်းလုံးများ တစ်လုံးပြီးတစ်လုံး ဆင့်ကာဆင့်ကာ ပြေးလွှားလာသကဲ့သို့ အားမာန်ကြီးလှပေသည်။

"အား"

ယင်းအချိန်မှာပင် ဇနီးဖြစ်သူ ယိဖုန့်မှာ နောက်ကျောတွင် အဆိပ်ဓားတစ်လက် စိုက်မှန်ခံလိုက်ရပြီး ယိမ်းယိုင်ထွက်သွားရလေသည်။

အဆိပ်ဓားပျံကို တိတ်တဆိတ်ပစ်လွှတ်လိုက်သူမှာ အဆိပ်သခင်ဂိုဏ်းချုပ်၏ ဂိုဏ်းခွဲမှူးတစ်ယောက် ဖြစ်သည်။

ယိဖုန့်မှာ နောက်ကျောတွင် အဆိပ်ဓားပျံ ထိမှန်ခံလိုက်ရပြီးနောက် စူးရှစွာအော်ဟစ်မိလိုက်ရှာသည်။ သူမလဲကျလုအချိန်မှာပင် ချူးအင်းက သူမကိုယ်ကို ဆွဲယူကာ လက်တစ်ဖက်က ပွေ့ထားပေးလိုက်ရပြီး လက်တစ်ဖက်က အဆိပ်သခင်





၏ မိုးသီးမိုးပေါက်ပမာ အဆက်မပြတ် ခုတ်ပိုင်းလာသော ဓားချက်များကို အတတ်နိုင်ဆုံး ကာကွယ်ပေးနေရသည်။

စင်စစ် ချူးအင်းကိုယ်တိုင်မှာလည်း ဒဏ်ရာပြင်းထန်စွာ ရထားသဖြင့် မျက်လုံးများ ပြာဝေစ ပြုလာပြီဖြစ်သည်။ သူက အဆိပ်သခင်ဂိုဏ်းချုပ်ကို နောက်သို့ ဆုတ်သွားစေရန် ပြင်းထန်သော ဓားချက်တစ်ချက်ဖြင့် ပက်ထုတ်လိုက်သဖြင့် အဆိပ်သခင်ဂိုဏ်းချုပ်မှာ နောက်သို့ ရုတ်တရက်ခုန်ဆုတ်သွားရသည်။

အခွင့်ကောင်းယူကာ ချူးအင်းက.... "ယိဖုန့်....ယိဖုန့်ညီမ" ဟုခေါ်လိုက်၏။ ယိဖုန့်သည် တစ်ချက်လူးလွန့်လာရင်းက—

"အစ်ကို....သားလေး....သားလေးကို"

သူမသည် စကားကိုပင် ဆုံးအောင်ပင်မပြောနိုင်ရှာတော့။ နှုတ်ခမ်းထောင့်မှ သွေးစီးကြောင်းတစ်ခုက စီးဆင်းကျလာကာ သူမ ချစ်လှစွာသော ခင်ပွန်းဖြစ်သူ ချူးအင်းလက်ပေါ်မှာပင် အသက်ဆုံးရှုံး သွားရရှာလေတော့၏။

"ညီမ....ညီမယိဖုန့်"

ချူးအင်းက ယိဖုန့်ကို တင်းကျပ်စွာဖက်ကာ ခေါ်လိုက်သော်လည်း ယိဖုန့်မှာတော့ မထူးနိုင်တော့ပြီ၊ ယိဖုန့်တစ်ယောက် ချစ်လှစွာသော ခင်ပွန်းနှင့် သားငယ်ဖြစ်သူချူးချင်းကို ထာဝရစွန့်ခွာသွားခဲ့လေပြီတကား။

"ဝုတ်"

ရုတ်တရက် ပြင်းထန်သော ဓားလေတိုးသံ ကြားလိုက်ရတော့မှ ချူးအင်းမှာ သတိပြန်ဝင်လာမိသည်။ သူက ယိဖုန့်၏ ခန္ဓာကိုယ်ကို ပွေ့ရင်းက အမြန်ဆုံးခုန်ပျံရှောင်တိမ်းပေးလိုက်ရသည်။

တစ်ဆက်တည်းမှာပင် တစ်ဟူးဟူး တစ်ဝုစ်ဝုစ်နှင့် အဆက်မပြတ် ဝင်ရောက်လာသော အဆိပ်ဓားပျံများကိုပါ သူ့ဓားနှင့် ခတ်ထုတ်ပစ်လိုက်ရသည်။

ချူးအင်းက ယိဖုန့်၏ ခန္ဓာကိုယ်ကို စားပွဲကြီးတစ်လုံးထက်တွင် တင်ထားပေးလိုက်ပြီးနောက် အဆိပ်သခင်ဂိုဏ်းချုပ်ကို ရဲရဲစံ့ဝံ့ရင်ဆိုင်လိုက်သည်။ အဆိပ်သခင်ဂိုဏ်းချုပ်က အေးစက်စက် တစ်ချက် ရယ်မောလိုက်ရင်းက....

"ဟဲ....ဟဲ....ဟဲ၊ မင်းသားနဲ့ မင်းသမီး လွမ်းခန်းကတော့ အတော်ကလေးကို မျက်ရည်ကျလောက်ပါပေတယ်၊ မင်းသမီးကတော့ ကိစ္စချောသွားပြီ၊ ဒီတစ်ခါတော့ မင်းသားအလှည့်ပဲ၊ သေဖို့သာ ပြင်ပေတော့"

ချူးအင်းက အံကိုတင်းတင်း ကြိတ်လိုက်ကာ အဆိပ်သခင်ဂိုဏ်းချုပ်ကို စူးဝါးစွာဖြင့် ကြည့်လိုက်ရင်း....

"အေး၊ မင်းကိုလဲ သေမင်းပြည်ကို တစ်ခါတည်းခေါ်သွားရမယ်၊ ငါ့ဓားချက်ကို မြည်းကြည့်လိုက်စမ်း"





စကားဆုံးသည်နှင့် ချူးအင်းက နဂါးတိမ်ခွဲဓားကွက်ကို အသုံးပြုကာ အဆိပ်သခင်ဂိုဏ်းချုပ်ဆီသို့ တစ်ဟုန်ထိုး ခုန်ပျံတိုက်ခိုက် ပစ်လိုက်သည်။

"ဝှီး"

အဆိပ်သခင်ဂိုဏ်းချုပ်က ချူးအင်း၏ဓားကွက်ကို တွေ့လိုက်ရသည်နှင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရသည်။

အဘယ်ကြောင့်ဆိုသော် ထိုနဂါးတိမ်ခွဲဓားကွက်မှာ သူသေ ကိုယ်သေ ကိုယ့်အသက်ကို ပဓာနမထားဘဲ တစ်ဘက်ရန်သူ၏ အသက်ကို ဓားချက်တစ်ချက်တည်းနှင့် အပြတ်ရှင်းဇီဝိန်ခြွေတတ်သော ဓားကွက်မျိုး ဖြစ်နေသောကြောင့်ပင်တည်း။

ချူးအင်း၏ ဓားသည် အဆိပ်သခင်၏ ရင်ဝဆီသို့ တန်းတန်းမတ်မတ် ဝင်ရောက်လာသည်၊ ပုံသဏ္ဌာန်အားဖြင့် မြားတစ်စင်း အားမာန်အပြည့်နှင့် ပစ်ခတ်လိုက်သည့်အခါ ပြေးလာသလို ပုံသဏ္ဌာန်မျိုးဖြစ်သည်။

"ချွမ်း"

အဆိပ်သခင်မှာ မိမိအသက် အသေမခံလိုသေးသဖြင့် နောက်သို့ ခြေတစ်လှမ်းဆုတ်ပြီး လက်ထဲမှ စိမ်းဖန့်ဖန့်ဓားဖြင့် ချူးအင်း၏ ဓားချက်ကို ကာကွယ်ပေးလိုက်ရလေသည်။

ဓားနှစ်လက်မှာ ပြင်းထန်စွာထိခတ်မိကာ မီးပွားများ ပွင့်ဖြာထွက်သွားသည်၊ မီးခိုးများအူထွက်သွားသည်ဟု ထင်မှတ်လိုက်ရသည်။

ချူးအင်းက တစ်ဆက်တည်းပင် နောက်ထပ်ပြင်းထန် ရက်စက်သော ဘီလူးခေါင်းဖြုတ်ဓားကွက်ဖြင့် ဓားချက်သုံးချက်ဆင့်ကာ ဆက်တိုက် တိုက်ခိုက်ပစ်လိုက်၏။

"ချွမ်း....ချွမ်း....ချွမ်း"

အဆိပ်သခင်ဂိုဏ်းချုပ်မှာ ချူးအင်း၏တရကြမ်းတဇွတ်ထိုး ပိုင်းခုတ်တိုက်ခိုက်လာသောဓားချက်များကို အလူးအလဲခုခံကာကွယ်ပေးနေရသည်။

ချူးအင်း၏ တိုက်ခိုက်မှုမှာ အဆိပ်သခင် ဂိုဏ်းချုပ်ကို အသေခံပြီး တဇွတ်ထိုး ဝင်ရောက်တိုက် ခိုက်သုတ်သင်နေခြင်းမျိုး ဖြစ်သည်။

သိုင်းလောကသား စကားအရဆိုလျှင် အမိုက်ခံပြီး ရင်ပွင့်ခံကာ တဇွတ်ထိုး တိုက်ခိုက်နေခြင်းဖြစ်သည်။

"ဖြောင်း....ဖြောင်း....ဖြောင်း"

ထိုအချက်ကိုရိပ်စားမိလိုက်ပြီး အဆိပ်သခင် ဂိုဏ်းချုပ်က ကျွမ်းပစ်ရှောင်တိမ်းထွက်သွားကာ လက်ခုပ် သုံးချက်တီး၍ အချက်ပေးလိုက်သည်။

ချူးအင်းက အဆိပ်သခင်ဂိုဏ်းချုပ်ဆီသို့ ထပ်မံထိုးဖောက်တိုက်ခိုက်တော့မည့်ဆဲဆဲ အဆိပ်သခင်ဂိုဏ်းချုပ်၏ ဂိုဏ်းခွဲမှူး ခြောက်ယောက်တို့က ရှေ့မှတားဆီး တိုက်ခိုက်လိုက်ကြသည်။





ဂိုဏ်းခွဲမှူးခြောက်ယောက်နှင့် ချူးအင်းတို့၏ တိုက်ပွဲမှာ ကြောက်ခမန်းလိလိဖြစ်ပွားလာပြန်သည်။

ချူးအင်းမှာ တိုက်ပွဲကိုဆက်တိုက် တိုက်ခိုက်နေရသဖြင့် အတော်ကလေးမောဟိုက်နေလေပြီ။ ဒဏ်ရာမှာလည်းအတော်ရနေပြီဖြစ်၏။

ချူးအင်းနှင့် အဆိပ်သခင်၏ ဂိုဏ်းခွဲမှူး နှစ်ယောက်တို့ရင်ဆိုင်လိုက်ရသည်။

"ယား"

"ဝှစ်....ဝှစ်"

ချူးအင်းက ရတနာဓားကို အဆက်မပြတ်ခုတ် ယမ်း တိုက်ခိုက်ပစ်လိုက်သည်။ ချူးအင်း၏ လက်ချက်ကြောင့် အဆိပ်သခင်၏ ဂိုဏ်းခွဲမှူးနှစ်ယောက်တို့မှာ ဒဏ်ရာများအသီးသီးရကာ နောက်သို့ဆုတ်ခွာသွားကြရသည်။

"ချူးအင်း....မင်းဘယ်ပြေးမလဲ၊ ပြေးလို့မလွတ်ပါဘူးကွ"

အဆိပ်သခင်က အော်ဟစ်ရင်း ကိုယ်တိုင်ပါဝင်တိုက်ခိုက်လာသည်။

"ချွမ်း....ချွမ်း....ချွမ်း"

ချူးအင်း၏ဓားနှင့် အဆိပ်သခင်၏ဓားမှာ ထိခတ်သွားသည်။

ဓားနှစ်လက်ထိခတ်ကာ မီးပွင့်များ ပွင့်ထွက်သွားသည်။ ချူးအင်းမှာ အဆိပ်သခင်၏ဓားချက်ကြောင့်လက်မောင်းတွင် ဒဏ်ရာတစ်ချက်ရသွားသည်။

ချူးအင်းမှာ မျက်နှာတစ်ချက်မဲ့ကာ နောက်သို့ဆုတ်ပေးလိုက်ရသည်။

ချူးအင်း ဆုတ်သွားသည်ကိုကြည့်ကာ အဆိပ်သခင်က တဟဲဟဲရယ်မောရင်း....

"ချူးအင်း....မင်း ဘယ်လိုမှဆက်ပြီး ခုခံနိုင်မှာ မဟုတ်တော့ဘူး၊ အေးအေးဆေးဆေးအညံ့ခံလိုက်ပါ"

ချူးအင်း အံကြိတ်လိုက်ပြီး....

"မင်းလို ဒုစရိုက်သမားတွေ လက်အောက်မှာ ငါတို့လို တရားဘက်တော်သား အဖြူရောင် သစ္စာဘက်တော်သားတွေက ဘယ်တော့မှ အညံ့မခံဘူးကွ၊ မင်းတို့ကို ငါချေမှုန်းပစ်မယ်"

ချူးအင်းက အံကြိတ်ပြောကြားရင်း ဓားကို စက်ဝိုင်းသဏ္ဍာန် ဝှေ့ယမ်းကာတိုက်ခိုက်လိုက်သည်။

"ဝှီး....ဝှီး....ဝှီး"
"ဝှစ်....ဝှစ်....ဝှစ်"

ဓား အလင်းရောင် တန်းကြီး များက စက်ဝိုင်းကြီးပမာ အဆက်မပြတ်ဖြစ်ပေါ်လာပြီး အဆိပ်သခင်၏ တစ်ကိုယ်လုံးကို ငွေရောင်ပိုက်ကွန်ကြီး တစ်ခုပမာ လွှမ်းခြုံပစ်လိုက်သည်။





အဆိပ်သခင်မှာ ရုတ်တရက် ထိတ်လန့် တုန်လှုပ်သွားပြီး သူ့ဓားကို အဆက်မပြတ်ဝှေ့ယမ်းကာ ငါးမြီးယမ်း ဓားကွက်ဖြင့် အမြန်ဆုံးကာကွယ်ပေးလိုက်ရသည်။

သူက အမြန်ဆုံးကာကွယ် ပေးလိုက်သဖြင့်သာ သက်သာရာရသွားခြင်းဖြစ်သည်။

သို့မဟုတ်ပါက ချူးအင်း၏လက်ချက်ဖြင့် ဒဏ်ရာများ ရသွားမည် ဖြစ်ပေသည်။

"ချွမ်း....ချွမ်း....ချွမ်း"
"ထန်း....ထန်း....ထန်း"

အဆိပ်သခင်၏ဓားနှင့် ချူးအင်း၏ ရတနာဓားမှာ ပြင်းထန်စွာ ထိခတ်မိပြီး မီးများပွင့်ဖြာထွက်ကာ နောက်သို့ ပြန်ကွာထွက်သွားကြသည်။

"ဟိတ်....သူ့ကိုဝိုင်းတိုက်ကြစမ်း"

အဆိပ်သခင်က ဂိုဏ်းခွဲမှူးများ ဘက်သို့ အချက်ပေးရင်း အော်ဟစ်အမိန့်ပေးလိုက်သည်။ ဂိုဏ်းခွဲမှူးများက အဆိပ်သခင်၏ အမိန့်သံ ကြားလိုက်ရသည်နှင့် တိုက်ပွဲအတွင်းသို့ ဝင်လာကြသည်။

"ယား....ယား....ယား"

ကြုံးဝါးသံ၊ မာန်သွင်းသံ၊ တိုက်ခိုက်သံများမှာ ဆူညံပွက်လောရိုက်သွားသည်။

တရားဥပဒေ ဘက်တော်သားနှင့် သစ္စာဘက်တော်သား ချူးအင်းမှာ ဒုစရိုက်သမားများ၏ အလယ်တွင် တစ်ယောက်တည်း ကြိုးစားကာကွယ်တိုက်ခိုက်နေရသည်။

"ဟား....ဟား....ဟား"

"ဟား....ဟား....ဟား၊ ဟိတ်....ချူးအင်း၊ မင်းအတွက် မျှော်လင့်ချက် မရှိတော့ပါဘူးကွ"

အဆိပ်သခင်က ရယ်မောအော်ဟစ် ပြောကြားရင်း ပြင်းထန်စွာ တိုက်ခိုက်လာသည်။ ချူးအင်းက အံကြိတ်ထားရင်းက....

"ငါက အသက် အသေခံမယ်၊ မင်းဆီမှာ ဘယ်တော့မှ အညံ့မခံဘူး၊ ငါက အဖြူရောင် တရားဘက်တော်သား သိုင်းသမား၊ မင်းတို့က အနက်ရောင်လမ်းမှားရောက်နေတဲ့ ဒုစရိုက်ကောင်တွေ၊ တရားဥပဒေစိုးမိုးရေး ရပ်ရွာအေးချမ်းသာယာရေးအတွက် ငါ အသက်စွန့်ပြီး ကာကွယ် စောင့်ရှောက်သွားမယ်၊ ငါအသက်မသေသရွေ့ ကာကွယ်သွားမယ်"

ချူးအင်းက အော်ဟစ်ပြောကြားလိုက်သည်။ အဆိပ်သခင်က သဘောကျစွာ တဟဲဟဲ ရယ်မောရင်း....

"အေးလေ....မင်းက ပြောမရတော့လဲ ငါတို့က ညှာနေစရာ မလိုတော့ဘူးပေါ့၊ ငါတို့ လုပ်ငန်းမှာ ပါဝင်ပူးပေါင်းဖို့ မင်းကို ငါတို့က ဖိတ်ခေါ်ခဲ့တယ်၊ အဲဒါကို မင်းက ငြင်းဆန်ခဲ့တယ်၊ အခု ငါကိုယ်တိုင် လာတော့လဲ မင်းက ငါ့ကို





မခန့်လေးစားနဲ့ ပြန်ပြီး တိုက်ခိုက်တယ်၊ ဒီတော့ မင်းကို ငရဲပြည်ကို ပို့ပေးရုံပဲ ရှိတော့တာပေါ့"

အဆိပ်သခင်က စကားဆုံးသည်နှင့် ဂိုဏ်းခွဲမှူးများဘက်သို့ အချက်ပြလိုက်သည်။ ဂိုဏ်းခွဲမှူးများက မီးခိုးငွေ့ လက်နက်ပုန်းများကို ချူးအင်းဆီသို့ ပစ်ပေါက်လိုက်ကြသည်။

"ဝှီး....ဝှီး....ဝှီး"

"ဝုန်း....ဝုန်း....ဝုန်း"

မီးခိုးငွေ့ လက်နက်ပုန်းများ၏ ပေါက်ကွဲမှုကြောင့် ချူးအင်းမှာ ဘာကိုမှ မမြင်ရတော့။ သူ့ ပတ်ဝန်းကျင်တွင် မီးခိုးများက အုံ့ဆိုင်းမည်းမှောင်သွားသည် မဟုတ်ပါလား။

ချူးအင်းက မည်းမှောင်နေသော မီးခိုးငွေ့များကြားမှ ကြိုးစားပြီး ရုန်းထွက် တိုက်ခိုက်ရန် ဟန်ပြင်လိုက်သော်လည်း အချိန်က နောက်ကျသွားလေပြီ။

"အဟွတ်....အဟွတ်....အဟွတ်"

မီးခိုးငွေ့များထဲတွင် အဆိပ်ငွေ့များက ပါဝင်နေသဖြင့် ချူးအင်းမှာ ခေါင်းတစ်ခုလုံး မူးဝေ နောက်ကျိသွားရသည်။

"ချွမ်း....ချွမ်း....ချွမ်း"

"ထန်း....ထန်း....ထန်း"

ဂိုဏ်းခွဲမှူးများက ချူးအင်း မူးဝေနောက်ကျိနေသည်ကို အခွင့်ကောင်းယူကာ လွှားဝင်တိုက်ခိုက်လိုက်ကြသည်။

ချူးအင်းက ခါးများ၏ လေတိုးသံများကို ကြားလိုက်ရသည်နှင့် သူ၏ ရတနာခါးကို အဆက်မပြတ် ဝှေ့ယမ်း ကာ ကွယ်ပေးလိုက်ရသည်။

ဂိုဏ်းခွဲမှူးလေးယောက်တို့က ချူးအင်းကို အရပ် လေးမျက်နှာမှ ဝိုင်းဝန်းကာ တရကြမ်း တိုက်ခိုက်လာကြသည်။ ချူးအင်းမှာ နောက်သို့ တစ်ဆုတ်တည်း ဆုတ်ပေးနေရသည်။ သူသည် မောဟိုက်ပင်ပန်းကာ တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေရလေပြီ။

"ဒီကောင့်ကို အသေသာသတ်လိုက်"

အဆိပ်သခင်က ဂိုဏ်းခွဲမှူးများကို အော်ဟစ် အမိန့်ပေးလိုက်ပြန်သည်။

ချူးအင်းမှာ ဂိုဏ်းခွဲမှူး လေးယောက်ကို မမြင်ရတော့သော်လည်း ခါးလေတိုးသံများကို နားစွင့်ကာ ပြန်လည်ခုခံကာကွယ်တိုက်ခိုက်ပေးနေရသည်။

"ဝှစ်....ဝှစ်....ဝှစ်"

"ဝှီး....ဝှီး....ဝှီး"

ဂိုဏ်းခွဲမှူးလေးယောက်တို့၏ ခါးချက်များမှာ မိုးသီးမိုးပေါက်များပမာ အဆက်မပြတ် ကျဆင်းနေသည်။ ချူးအင်းက ခါးလေးလက်ကြားတွင် လိပ်ပြာတစ်ကောင် ပျံဝဲသည်ပမာပျံဝဲရင်း တိုက်ခိုက်နေသည်။

"တောက်....ဒီလောက်တောင် အချိန်ကြာနေတာ၊ ကိုယ်တိုင် ဝင်မယ်"





အဆိပ်သခင်က သူ၏ဂိုဏ်းခွဲမှူးလေးယောက်တို့နှင့် ချူးအင်းတို့ တိုက်ခိုက်နေသည်ကိုကြည့်ကာ စိတ်မရှည်တော့ဟန်ဖြင့် တောက်ခေါက်ပြောကြားရင်း ချူးအင်းထံသို့ တစ်ဟုန်ထိုး လွှားဝင်သွားတော့သည်။

"ယား"

"ချွမ်း"

ချူးအင်းက အဆိပ်သခင်၏အဝတ်လေတိုးသံ ကြားလိုက်ရသည်နှင့် အဆိပ်သခင်ဆီသို့မှန်းကာ သူ့ခါးနှင့် တိုက်ခိုက်ပစ်လိုက်သည်။

အဆိပ်သခင်က သူ့ခါးနှင့်အတင်းတွန်းကာ ချူးအင်းကို ဆက်တိုက် တိုက်ခိုက်ပစ်လိုက်သည်။ ဂိုဏ်းခွဲမှူးများကလည်း ချူးအင်းကိုဝိုင်းဝန်းတိုက်ခိုက်လိုက်ကြသည်။

တိုက်ပွဲရှည်ကြာလာသည်နှင့်အမျှ ချူးအင်းမှာ မျက်လုံးများ ပြာဝေလာကာ အမောဆိုက်လာရသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ဒဏ်ရာအတော်များများရသွားလေပြီ

"ဝုန်း"

နောက်ဆုံး၌ ချူးအင်းမှာ ခါးကိုတင်းကျပ်စွာ ဆုပ်ကိုင်ရင်း မြေပေါ်သို့လဲကျသွားရတော့သည်။

အဆိပ်မီးခိုးငွေ့များက သူ့တစ်ကိုယ်လုံး ပျံ့နှံ့ စိမ့်ဖြာဝင်ရောက်သွားပြီဖြစ်သဖြင့် အသက်ရှူကျပ်ကာ ကိုယ်ကို မဟန်နိုင်တော့ဘဲ လဲကျသွားရခြင်းပင်ဖြစ်သည်။

ချူးအင်းက ပြန်ထရန် ကြိုးစားသော်လည်း မရတော့၊ နောက်ဆုံးတွင် မျက်လုံးများပြာဝေကာ ခေါင်းငိုက်စိုက် ကျသွားရသည်။ အဆိပ်ငွေ့လက်နက်ပုန်းကြောင့် ချူးအင်း အသက်ဆုံးရှုံးသွားရလေပြီ။

ပထမတွင် ချူးအင်းက ရန်သူများကြားမှ ဖောက်ထွက်သွားနိုင်လျှင် သူ့အတွက် မျှော်လင့်ချက် ရှိနိုင်သေးသည်၊ ယခုမူ သူက ရန်သူများကြားမှ ဖောက်မထွက်နိုင်ဘဲ အချိန်ကြာမြင့်စွာ တိုက်ခိုက်နေရသဖြင့် အမောဆိုက်ကာ ယခုကဲ့သို့ အသက်ပျောက်သွားရခြင်းပင်ဖြစ်ပေသည်။

"ဟား....ဟား....ဟား၊ မင်း အခုတော့ ဘာတတ်နိုင်သေးသလဲချူးအင်း၊ ငါ့ကိုအံတုရင် အခုလိုဖြစ်ရမှာပဲကွ"

အဆိပ်သခင်က အသက်ပျောက်သွားသော ချူးအင်းကို သဘောကျစွာနှင့်ကြည့်ရင်း တဟားဟားရယ်မောပြောကြားလိုက်သည်။

ထို့နောက် ဂိုဏ်းခွဲမှူးများကိုခေါ်ကာ ထိုနေရာမှ ထွက်ခွာသွားတော့သည်။

စောစောက ဆူညံစွာတိုက်ခိုက်နေခဲ့သော နေရာကလေးမှာ ယခုအခါ ပြန်လည်တိတ်ဆိတ်ငြိမ်သက်သွားရလေပြီ။

* * *



အခန်း (၆)

---

## နဂါးနှင့်ကျား

ပြာလွင်သောမိုးကောင်းကင်ထက်တွင် တိမ်ဖြူလွှလွှများက တစ်ရွေ့ရွေ့သွားနေကြသည်။

လေအဝှေ့တွင် မြက်ရိုင်းတောကြီးများသည် လှိုင်းလုံးကြီးများ အိဆင်းသွားသည့်ပမာ တလူးလူး တလိမ့်လိမ့် လှုပ်ရှား သွားကြလေ၏။

နေရာသည်ကား လုံစန်းတောင်....

အလွန်မြင့်မားကာ တောင်ထိပ်သည်တိမ်တိုက်များအတွင်းသို့ ထိုးဝင် ပျောက်ကွယ်နေတတ်သည်၊ တောင်ခြေရင်းတွင်

ညီညာပြန့်ပြူးသော မျက်ခင်းစိမ်းများက အစိမ်းရောင် ကတ္တီပါ စကြီးတစ်ချပ်ကို ညီညာစွာ ဖြန့်ခင်းထားသည့်အလား တစ်မျှော်တစ်ခေါ် တွေ့မြင်နေရလေ၏။

လုံစန်းတောင်မှာ လူသူအရောက်အပေါက် နည်းပါသော တောင်ကြီးတစ်လုံးဖြစ်ပြီး တောင်ထိပ်မှာ အလွန်မြင့်မားလှပေရာ ပို၍ပင် အဆက်အသွယ်ပြတ်တောက်လျက် ရှိနေပေတော့၏။

တောင်ထိပ်မှနေ၍ ကြည့်လိုက်လျှင် ကြည့်လေရာရာတွင် တိမ်ဖြူဖြူများ ရစ်ဆိုင်း ဖုံးလွှမ်းနေသည်ကိုသာ တွေ့မြင်ရမည်ဖြစ်ပေသည်။

တောင်ကြောတစ်လျှောက် ပန်းရိုင်းခင်းကြီးများသည် လည်းကောင်း၊ မြက်ရိုင်းတောကြီးများသည် လည်းကောင်း တစ်မျှော်တစ်ခေါ် တွေ့မြင်နေရမည် ဖြစ်ပေ၏။

လုံစန်းတောင်ထိပ်သို့ လူသူ အရောက်အပေါက် မရှိရခြင်း၏ နောက်တစ်ချက်မှာ ကြောက်မက်ဖွယ်ရာ ကောင်းလှသော ဝံပုလွေ အုပ်ကြီးများ အစုလိုက် နေထိုင်ကြခြင်းပင် ဖြစ်၏။

ဝံပုလွေများသည် သားစားကျူးသော တိရစ္ဆာန်များ ပီပီ လူနံ့ရပါက အုပ်စုလိုက် လျှင်မြန်စွာ ရောက်လာတတ်ကြပြီး တိုက်ခိုက်တတ်ကြပေသည်။

ဝံပုလွေအုပ်စုနှင့်သာ ရင်ဆိုင်လိုက်ရပါက မည်သူမျှ အသက်ချမ်းသာရာ ရရှိမည်မဟုတ်ပေ။





"အူဝူ....အူဝူ....ဝူ"

လုံစန်းတောင်ကြော တစ်နေရာဆီမှ ဝံပုလွေကောင်ကြီးများ၏ ဆွဲဆွဲငင်ငင် အူလိုက်သော အသံများက ကြောက်ခမန်းလိလိ ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင် ဝံပုလွေအကောင် နှစ်ရာနီးပါးမျှတို့သည် တောင်ကြော တစ်နေရာဆီမှ ပြေးထွက်လာကြ၏။

ဝံပုလွေကောင်ကြီးများမှာ ကြီးမား ထွားကျိုင်းသော အကောင်ကြီးများ ဖြစ်ကြပြီး သူတို့၏ သွားစွယ်များ သွားတန်းကြီးများမှာ ချွန်ထက်ရှည်လျားလှပေရာ မြင်ရသည်နှင့်ပင် အသည်းယားစရာ ကောင်းလှပေတော့၏။

ထိုဝံပုလွေအုပ်ကို ဦးဆောင်လာသူမှာ ဝံပုလွေဖြူကြီးနှစ်ကောင်ပင် ဖြစ်၏။ ဝံပုလွေဖြူကြီးနှစ်ကောင်၏ ကိုယ်ပေါ်မှ အမွေးအမျှင်များမှာ နှင်းပွင့်ပမာ ဖွေးဖွေးဖြူနေကာ ပြေးလွှားရာတွင် လေတိုက်ခတ်သလို မြန်ဆန်လှပေသည်

ဝံပုလွေဖြူကြီးနှစ်ကောင် ဦးဆောင်လာသော ဝံပုလွေအုပ်ကြီးသည် တောင်ကြောအတိုင်း ပြေးထွက်လာပြီးနောက် ပန်းရိုင်းတောကြီးတစ်ခုအနီးသို့အရောက် ခြေလှမ်းများ ရပ်တန့်လိုက်ကြသည်။

"ဝှစ်....ဝှစ်....ဝှစ်"

ပန်းရိုင်းတောကြီး၏ အလယ်ခေါင်တွင် အဖြူရောင်အရိပ်တစ်ခုက ဂျင်တစ်လုံးပမာ လှည့်ပတ်ပြေးလွှား လှုပ်ရှားလျက်ရှိနေ၏။ ထိုအဖြူရောင်အရိပ်သဏ္ဌာန်သည် တစ်ဝှီးဝှီးတစ်ဝှစ်

ဝှစ်ဖြင့် လေထဲသို့ ခုန်ပျံတက်လိုက်၊ အောက်သို့ပြန်ကျလိုက်နှင့် နဂါးဖြူတစ်ကောင် လေထဲတွင် ပျံဝဲကစားနေသကဲ့သို့ ရှိနေရ၏။

အဖြူရောင် အခိုးအငွေ့များသည် ဝန်းကျင်တစ်ခုလုံးအား ဖုံးလွှမ်းထားလျက်ရှိ၏။ ဝံပုလွေအုပ်ကြီးသည် အတော်ဝေးဝေးမှ စောင့်ကြည့်လျက် ရှိနေ၏။

အတန်ကြာလျှင် ထိုအဖြူရောင် အလင်းတန်းသည် အရှိန်ပြင်းစွာ လည်ပတ်ရွေ့လျားနေရာမှ တဖြည်းဖြည်းနှေးကွေးစပြုလာသည်။ အရှိန်လျော့ကျလာသည်နှင့်အမျှ ထိုပြေးလွှားလည်ပတ်နေသော အဖြူရောင်အရိပ်သဏ္ဍာန်၏ ပုံသဏ္ဍာန်ကလည်း တဖြည်းဖြည်း ပီပြင်ထင်ရှားလာသည်။

ထိုအဖြူရောင်အရိပ်သည်ကား အသက်ဆယ့်ခွန် ဆယ့်ရှစ်နှစ်မျှသာ ရှိသေးသည့် လုလင်ပျိုတစ်ယောက်ပင်ဖြစ်၏။ လုလင်ပျိုက အဖြူရောင်ပိုးသားဝတ်စုံကို သေသပ်စွာဝတ်ဆင်ထားပြီး နက်မှောင်သောဆံပင်ကိုအဖြူရောင် ပဝါစဖြင့်ပင် စည်းနှောင်ထားသည်။

လုလင်ပျိုမှာ ဥပဓိရုပ်ကောင်းပြီးချောမောကာယောကျ်ား ပီသသော အသွင်ရှိသည်။ နက်မှောင် ထူထဲသော မျက်ခုံး၊ စူးရှတောက်လက်သော မျက်လုံးအစုံ၊ ဖြောင့်စင်းသောနှာတံ၊ မထူမပါး တင်းတင်းစေ့ထားသော နှုတ်ခမ်းအစုံတို့က လုလင်ပျို၏ မျက်နှာပေါ်မှ ချောမောခံ့ညားမှုတို့ကို အထင်းသား ဖော်ပြလျက် ရှိနေ၏။





လုလင်ပျို၏ ခန္ဓာကိုယ်မှာ သိုင်းပညာကို နှစ်ပေါင်းများစွာ လေ့ကျင့်သင်ကြားလာခဲ့ရသဖြင့် သံမဏိပုံသွန်းထားသည့်အလား အချိုးအစားကျနကာ ကျစ်လျစ်မာကျောလျက် ရှိနေ၏။

အသက်အရွယ်နှင့်မမျှ လက်မောင်းသားများမှာ ကြီးမားတုတ်ခိုင်လှပြီး ရင်အုပ်မှာ ကျယ်ပြန့်ဖောင်းတင်းလျက်ရှိ၏။ လုလင်ပျိုသည် ခပ်လှမ်းလှမ်းမှ ငုတ်တုတ်ထိုင်ကာ စောင့်ဆိုင်းနေကြသည့် ဝံပုလွေနှစ်ကောင် ခေါင်းဆောင်သည့် ဝံပုလွေအုပ်ကို တွေ့လိုက်ရလျှင် သူ၏ ပုလဲလုံးကလေးများပမာ ဖြူဖွေးညီညာသော သွားများပေါ်လာသည်အထိ ပြုံးလိုက်မိသည်။

“အူဝူ...ဝူ...ဝူ”

လုလင်ပျို၏ ပုံသဏ္ဍာန်မှာ သူ့သူငယ်ချင်းများ သူ့ထံ ပြေးလာသည်ကို ဆီးကြိုနေသကဲ့သို့ ဝမ်းသာအားရပုံစံမျိုး ဖြစ်သည်။

ဝံပုလွေဖြူကြီးနှစ်ကောင်က လုလင်ပျိုအနီးရောက်သည်နှင့် လုလင်ပျို၏ ကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ကြသည်။

“စုန်း”

လုလင်ပျိုကလည်း သူ့အပေါ် ပိကျလာသော ဝံပုလွေဖြူကြီးနှစ်ကောင်ကို ဆီးကြိုဖက်ထားရင်းမှ ကိုယ်ဟန်ကို မထိန်းနိုင်တော့ဘဲ ပန်းရိုင်းတောကြီး အပေါ်သို့ လဲကျသွားရသည်။

ပန်းရိုင်းတောကြီးအတွင်း ဝံပုလွေဖြူကြီး နှစ်ကောင်က အပေါ်မှ ရောက်လိုက်၊ လုလင်ပျိုက အောက်မှ ရောက်လိုက်၊ ပြီး လုလင်ပျိုက အပေါ်မှ ရောက်လိုက်၊ ဝံပုလွေဖြူကြီးနှစ်ကောင်က အောက်မှရောက်လိုက်နှင့် လုံးထွေးလျက် ရှိနေကြသည်။

အကြောင်းမသိပါက ဝံပုလွေနှစ်ကောင်နှင့် လုလင်ပျိုတို့ ပြင်းထန်စွာ တိုက်ခိုက် သတ်ပုတ်နေကြသည်ဟု မှတ်ထင်ယူဆမိပေလိမ့်မည်။ တကယ့်လက်တွေ့တွင်မူ ထိုသို့ မဟုတ်ပေ။

ဝံပုလွေကြီးနှစ်ကောင်နှင့် လုလင်ပျိုတို့ ကျီစယ်ကစား သတ်ပုတ်နေကြခြင်းပင် ဖြစ်သည်။

ကျန်ဝံပုလွေကောင်များက သူတို့ပတ်ပတ်လည်တွင် ဆူညံစွာ အသံပြုရင်း ပြေးလွှားလျက် ရှိနေကြသည်။

သူတို့ကလည်း လုလင်ပျိုနှင့် ဝံပုလွေဖြူကြီး နှစ်ကောင် ပျော်ရွှင်နေကြသည်ကို အားကျနေကြဟန် တူပေသည်။

"ကိုင်း....ကျားနဲ့နဂါး၊ တော်ပြီဟေ့"

အတန်ကြာမှ လုလင်ပျိုက တဟားဟား ရယ်မောလိုက်ရင်းက ဝံပုလွေဖြူကြီးနှစ်ကောင်ကို တွန်းထုတ်ကာပြောကြားလိုက်သည်။

ကျားနှင့်နဂါး အမည်ရှိ ဝံပုလွေဖြူကြီး နှစ်ကောင်မှာ လုလင်ပျို၏ ခါးစောင်းမျှ ထွားကျိုင်းသန်မာသော အကောင်ကြီးနှစ်ကောင်ပင် ဖြစ်သည်။





ကျားအမည်ရှိ ဝံပုလွေဖြူကြီးက လုလင်ပျို၏ ပြောစကားကို နားလည်ဟန်ဖြင့် ခေါင်းတစ်ချက် ဆတ်ကာ သူ့ ခေါင်းဖြင့် လူရွယ်၏ ဝမ်းဗိုက်ကို အသာအယာ ပွတ်သပ်နေလိုက်သည်။

နဂါးအမည်ရှိ ဝံပုလွေဖြူကြီးကလည်း လူရွယ်၏ အနီးတွင် ဝပ်ဆင်းလိုက်ရင်းက ခေါင်းကို တစ်ဆတ်ဆတ် လုပ်နေသည်။

စောစောက သူတို့အနီးတွင် ဆူညံစွာ ပြေးလွှားနေသော ဝံပုလွေများသည်လည်း ငြိမ်သက်ကာ ဝပ်ဆင်းလျက် ရှိနေကြလေ၏။

မြင်ရသည့် မြင်ကွင်းမှာ အံ့မခန်းလောက်စရာပင် ဖြစ်သည်။

အသွင်မတူ စရိုက်ချင်း ခြားနားသော လူသားလုလင်ပျိုနှင့် တိရစ္ဆာန်ကောင် ဝံပုလွေများတို့သည် မိတ်ဆွေများအဖြစ် ဆက်ဆံနေခြင်းပင် ဖြစ်၏။

လုလင်ပျို ပြောစကားများကို ဝံပုလွေများက နားလည်သလို ဝံပုလွေများ၏ ဘာသာဘာဝ အော်မြည်သံများကိုလည်း လုလင်ပျိုက သိရှိနားလည် သဘောပေါက်ဟန် တူပေသည်။

လူရွယ်သည် ငယ်စဉ်ကလေးကတည်းက ဝံပုလွေများနှင့် ရင်းနှီးကျွမ်းဝင်စွာ နေလာခဲ့ဟန် တူပေသည်။

"ကိုင်း....နဂါးနဲ့ကျား၊ ဘဘကြီးဆီ သွားကြရအောင်"

လူရွယ်က ဝံပုလွေဖြူကြီးနှစ်ကောင်၏ ဦးခေါင်းများကို ပွတ်သပ်ရင်းက ပြောလိုက်သည်။

ထို့နောက် လူရွယ်က ဦးဆောင်ကာ ဝံပုလွေများသည် ထိုနေရာမှ ထွက်ခွာလာခဲ့ကြလေသည်။

"ဝှစ်....ဝှစ်....ဝှစ်"

ရှေ့မှ ပြေးလွှားနေသော လူရွယ်သည် ကိုယ်ဖော့ပညာဖြင့် သွားနေရာ အလွန် လျင်မြန်လှသလို နောက်မှ ပြေးကာ လိုက်ပါလာသော ဝံပုလွေများ၏ပြေးလွှားလာနေပုံမှာလည်း ကြောက်ခမန်းလိလိ ဖြစ်သည်။

ပြေးလွှားနေသော လူရွယ်ကို အဝေးမှ မြင်ရလျှင် ဝံပုလွေဖြူတစ်ကောင် ပြေးလွှားနေသကဲ့သို့ မှတ်ထင်ရပေမည်။

မကြာမီ သူတို့သည် လုံစန်းတောင်ထိပ်တစ်နေရာရှိ ညီညာပြန့်ပြူးသော မြေကွက်လပ် တစ်နေရာသို့ ရောက်လာခဲ့ကြသည်။ မြေကွက်လပ်၏ တစ်ဘက်တွင် ကျောက်အိမ်ကလေးတစ်လုံးက ရှိနေသည်။

ကျောက်အိမ်ကလေး၏ ရှေ့တွင် မီးခိုးရောင်ဝတ်စုံနှင့် အဘိုးအိုတစ်ယောက်က ရပ်လျက် ရှိ၏။

အဘိုးအိုသည် လက်တစ်ဘက်က တောင်ဝှေးကြီး တစ်ချောင်း ကိုင်ဆောင်ထားပြီး မကျန်းမမာ ဖြစ်နေဟန်ဖြင့် မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေရ၏။

"ဩော်....လူကလေး ချူးချင်း ပြန်လာပြီကိုး"





အဘိုးအိုက အဖြူရောင်ဝတ်စုံနှင့် ပြေးလွှားလာနေသော လူရွယ်ကို တွေ့မြင်လိုက်ရလျှင် ရေရွတ်မိလိုက်သည်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာပင် လူရွယ်သည် အဘိုးအိုရှေ့သို့ လျင်မြန်စွာ ရောက်ရှိလာပြီး လက်နှစ်ဘက်ဆုပ် ဦးညွှတ်ကာ ဂါရဝ ပြုလိုက်သည်။

ဝံပုလွေများကလည်း လူရွယ်၏ နောက်ဘက်မှ နေ၍ မြေပြင်တွင် ဝပ်ဆင်းနေလိုက်ကြသည်။

အဖြူရောင်ဝတ်စုံနှင့် လူရွယ်သည်ကား ချူးချင်း ဖြစ်၏။

သူသည် ဟာသံာမောင်နှံဟု ကျော်ကြားခဲ့သော ချူးအင်းနှင့် ယိဖုန့်တို့၏ ချစ်မငြိုးသော တစ်ဦးတည်းသော သားငယ်ပဇ ဖြစ်ပေတော့သည်။

ချူးအင်းက သားကလေး ချူးချင်းကို ရှစ်နှစ်သားအရွယ်ကပင် ဤလုံစန်းတောင်ထိပ်ရှိ သူ၏မိတ်ဆွေကြီး တောင်ပေါ်ဝံပုလွေ လောက်ထိုထံသို့ ပို့ဆောင်ထားခဲ့သည်။

ယခု ချူးချင်းရှေ့မှရပ်နေသော မီးခိုးရောင် ဝတ်စုံနှင့်အဘိုးအိုမှာ တောင်ပေါ်ဝံပုလွေဟုကျော်ကြားနေသောသိုင်းပညာရှင်ကြီး လောက်ထိုပင်ဖြစ်၏။

တောင်ပေါ်ဝံပုလွေသိုင်းပညာရှင်ကြီးလောက်ထိုက ချူးချင်းကို ရှစ်နှစ်သား အရွယ်လေးကတည်းကပင် လက်ခံကာ သိုင်းပညာရပ်များသင်ကြားပေးခဲ့သည်။

ယခုလူငယ်လေး ချူးချင်းပင်လျှင် အသက် ဆယ့်ရှစ်ပြည့်ရန် ရက်ပိုင်းမျှသာလိုပြီဖြစ်၍ ဤ လုံစန်းတောင်သို့ချူးချင်းရောက်လာသည်မှာ ဆယ်နှစ်နီးပါးမျှရှိခဲ့ပြီ ဖြစ်ချေ၏။

ထို ဆယ်နှစ်တာကာလအတွင်း ချူးချင်းသည် ခန္ဓာကိုယ်ပိုင်းရော၊ စိတ်ပိုင်းဆိုင်ရာပါ များစွာ ပြောင်းလဲခဲ့ရ၏။

သူ၏ကိုယ်ခန္ဓာသည် သိုင်းပညာကို ဆယ်နှစ် ဆယ်မိုးပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ခဲ့ရသဖြင့် သန်မာထွားကျိုင်းကာ သံမဏိကိုပုံသွန်းလောင်းထားဘိသကဲ့သို့ ကျစ်လစ်ဖွံ့ဖြိုးနေခဲ့သည်။

သူ၏အသိဉာဏ်ပညာများမှာလည်း ဆရာကြီးလောက်ထို၏ သင်ကြားပေးချက်ကြောင့် တိုးတက် သိမြင်လာခဲ့ရသည်၊

အချိန်အားလပ်တိုင်း ဆရာကြီးလောက်ဆိုက သိုင်းလောကအကြောင်း၊ သိုင်းပညာအကြောင်း၊ ဘာသာရေးနှင့် ဂါရဝတရားများအကြောင်းကို သေချာစွာ ရှင်းလင်းပြောပြခဲ့သည်။

သိုင်းလောကတွင် သစ္စာသမာဓိသတ္တိနှင့် ပြည့်စုံစွာနေထိုင်သွားစေရေး၊ မကောင်းသူပယ် ကောင်းသူကယ်လုပ်ငန်းများဆောင်ရွက်စေရေး၊ အမှန်တရားကို မြတ်နိုးစေရေးများကို တစ်ဦးတည်းသော တပည့်ဖြစ်သူချူးချင်းအား ညွှန်ပြ ဆုံးမထားခဲ့သည်။

တောင်ပေါ်ဝံပုလွေ လောက်ထိုသည် တစ်ဦးတည်းသော တပည့်ဖြစ်သည့် ချူးချင်းကို ပညာအကုန် သင်ကြားပေးသည်။





သူကလည်း ယခုအခါ ကျန်းမာရေးမကောင်းတဲ့ နောက်ဆုံး အချိန်သို့ ရောက်နေရပြီမဟုတ်ပါလား။

လုံစန်းတောင်ထိပ်တွင် ကြောက်မက်ဖွယ်ရာကောင်းသော ဝံပုလွေများသည် ချူးချင်းရောက်လာကာစက ချူးချင်းနှင့် သိပ်အဆင်မပြေလှပေ။

သို့သော် နောက်ပိုင်းတွင် ဝံပုလွေများသည် ချူးချင်းနှင့် ခင်မင်သွားကြသည်၊

ဝံပုလွေဖြူကြီးနှစ်ကောင်မှာ ချူးချင်း ရောက်ကာစက အကောင်ငယ်များဖြစ်ကြသည်။

ချူးချင်းနှင့် ကစားဖော် ကစားဖက်များလည်း ဖြစ်ကြသည်။

ထို့ကြောင့် နှစ်အတန်ကြာလာသောအခါ ဝံပုလွေများသည် ချူးချင်းနှင့် သံယောဇဉ် ဖြစ်နေကြရလေတော့၏။

ချူးချင်းသည် ဝံပုလွေများ ဘာသာဘာဝ စကားများ၊ အော်မြည်သံများကို နားလည်တတ်ကျွမ်းလာသည်။

သူသည် ဝံပုလွေတစ်ကောင်ပမာ သွားလာနိုင်စွမ်းရှိလာပြီး ဝံပုလွေအုပ်ထဲသို့ ဝင်ရောက်ရောနှောနေလိုက်ပါကသူ့ကို ရှာတွေ့တော့မည် မဟုတ်ပါချေ။

စောစောက ချူးချင်းသည် ပန်းရိုင်းတောကြီး အတွင်းမှ နဂါးပျံလက်ဝါးသိုင်းကွက်များကို အပြင်းအထန် လေ့ကျင့်နေခဲ့ခြင်းပင်ဖြစ်၏။

ဝံပုလွေဖြူကြီးနှစ်ကောင် ဦးဆောင်သော ဝံပုလွေများ ရောက်လာ၍ သူက ဆရာကြီးလောက်ထိုထံသို့ အမြန်ပြန်လာခဲ့ခြင်းပင် ဖြစ်သည်။

ဝံပုလွေဖြူကြီးနှစ်ကောင်ကို သူက နဂါးနှင့် ကျားဟု အမည်ပေးထားခဲ့သည်။

သူနှင့် ငယ်ငယ်ကလေးကတည်းက ကစားဖော်ကစားဖက် ဝံပုလွေဖြူနှစ်ကောင်မှာ ယခုအခါ ဝံပုလွေအုပ်များ၏ ခေါင်းဆောင် နှစ်ကောင်ပင် ဖြစ်နေရလေပြီ။

တောင်ပေါ် ဝံပုလွေ ဆရာကြီး လောက်ထိုသည် သူ၏ ရှေ့တွင် အရိုအသေပြုနေသည့် ချူးချင်းအား ကြည့်ရင်းက ပီတိများဖြစ်နေရသည်။

ချူးချင်းသည် ယခုအခါ အသက်ဆယ့်ရှစ်နှစ် ပြည့်တော့မည် ဖြစ်သည့်အပြင် ယောကျ်ားပီသကာ သန်မာထွားကျိုင်းလှသော လုလင်ပျိုတစ်ယောက် ဖြစ်လာခဲ့လေပြီ။

အတွင်းအားသာမက သိုင်းပညာမှာပါ အဆင့်မြင့်တတ်ကျွမ်းနေပြီဖြစ်ပြီး သိုင်းလောကအတွက် ထွန်းတောက်လာမည့် ကြယ်ပွင့်တစ်ပွင့် အနေအထားသို့ပင် ရောက်နေပြီဖြစ်၏။

"အဟွတ်....အဟွတ်....အဟွတ်"

တောင်ပေါ် ဝံပုလွေဆရာကြီး လောက်ထိုသည် တပည့်ဖြစ်သူကို တစိမ့်စိမ့်ကြည့်နေရင်းက ရင်ခေါင်းတစ်လျှောက် အောင့်တက်လာသဖြင့် ချောင်း တဟွတ်ဟွတ် ဆိုးလိုက်မိသည်။





"ဟင်....ဘဘနေမကောင်းဘူးလား"

ချူးချင်းက ကမန်းကတန်းမတ်တတ်ရပ်လိုက်ရင်းကဆရာကြီး လောက်ထိုကို ဖေးမကာ စိုးရိမ်တကြီး မေးလိုက်သည်၊ ဆရာကြီးလောက်ထိုက မောဟိုက်သံကြီးနှင့်....

"ဟုတ်တယ်လူကလေး၊ ခုတစ်လော ဘဘ နေမကောင်းချင်ဘူး၊ ညကလဲ မင်း မိဘတွေကို ဘဘ သွားပြီး အိပ်မက်မက်တယ်၊ အိပ်မက်က အတော်ဆိုးတယ်၊ မင်းမိဘတွေဆီကို အမြန်သွားပြီး ကြည့်ရင် ကောင်းမယ်"

ချူးချင်းက....

"အို....ဒီမှာ ဘဘ မကျန်းမာတာကို ပစ်ပြီး ကျွန်တော် သွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဘဘ ကျန်းမာလာမှ သွားမယ်"

တောင်ပေါ် ဝံပုလွေ လောက်ထိုက ခေါင်းကို ခါယမ်းလိုက်ရင်း....

"ဘဘ အခြေအနေကို ဘဘ သိပါတယ်ကွယ်၊ ဘဘဟာ တစ်ချိန်က အင်အားကြီးမားတဲ့ ရန်သူတွေနဲ့ တိုက်ခိုက်ပြီး အတွင်းဒဏ်ရာ အတော်များများ ရခဲ့တယ်ကွယ်၊ ဒါပေမယ့် ဘဘက အတွင်းအားကောင်းတဲ့ အချိန်ဆိုတော့ ခုလောက်ထိ နေနိုင်ခဲ့တယ်၊ ခုလို ကျန်းမာရေးက မကောင်း၊ အသက်က ကြီးလာတဲ့ အချိန်ကျတော့ ဒီ အဆိပ် အတွင်းဒဏ်ချက်တွေကို ဘယ်ဆက်ပြီး ထိန်းထားနိုင်ပါတော့မလဲကွယ်"

ဆရာကြီးလောက်ထိုက ပြောကြားရင်း ချောင်းတဟွတ်ဟွတ် ဆိုးလာပြန်သည်။

"လေး… ဘဘ အထဲကို ဝင်ကြရအောင်၊ ဘဘ အသာ လှဲနေလိုက်နော်"

ချူးချင်းက ပြောပြီး ဆရာကြီး လောက်ထိုကို တွဲကာ ကျောက်အိမ်ကလေးအတွင်းသို့ ဝင်လာခဲ့ကြသည်။

ပြီးနောက် ဆရာကြီးလောက်ထိုကို ခုတင်ထက်တွင် အသာ လှဲလျောင်းပေးထားလိုက်သည်။

ယင်းအချိန်တွင် ဝံပုလွေဖြူကြီး နှစ်ကောင် ဦးဆောင်သော ဝံပုလွေအုပ်ကြီးက ကျောက်အိမ်ကလေး ပတ်ပတ်လည်တွင် ရှိနေ၏။

ချူးချင်းက ဆရာကြီး လောက်ထိုအား ဆန်ပြုတ်နှင့် အသားလွှတ် ပေါက်စီများ ကျွေးမွေးလိုက်သည်။

ဆရာကြီးလောက်ထို၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေပြီး အစားအစာများကို အနည်းငယ်မျှလောက်သာ စားနိုင်တော့သည်။

ထိုညဥ့် လရောင်သည် လုံစန်းတောင်ထိပ်သို့ ရွှန်းမြစွာ ကျဆင်းလျက် ရှိနေ၏။ လရောင်အောက်တွင် တောင်ထိပ်မှ ကျောက်အိမ်ကလေးမှာ ပန်းချီကားချပ်ထဲမှ ဒဏ္ဍာရီကျောက်အိမ်တစ်လုံးအလား မှတ်ထင်ရလောက်အောင် မြင်တွေ့နေရပေတော့၏။

ကျောက်အိမ်ကလေးအတွင်း မီးရောင်ကလေး တစ်လက်လက်နှင့် ရှိနေ၏။





ဆရာကြီးလောက်ထို၏ခုတင်နံဘေးတွင် ချူးချင်းနှင့်အတူ ဝံပုလွေဖြူကြီး နှစ်ကောင်တို့က ရှိနေ၏။

ကျောက်အိမ်၏ အပြင်ဘက်တွင် ဝံပုလွေများသည် ပတ်ပတ်လည်စောင့်ကြပ်လျက် ရှိနေကြ၏။

ဆရာကြီးလောက်ထိုသည်ကား မီးစာကုန် ဆီခန်းသော အခြေအနေသို့ ဆိုက်ရောက်နေရလေပြီ။

ချူးချင်းသည် ဆရာကြီးအား စိုးရိမ်သော အကြည့်နှင့် ကြည့်ရင်းက ခြေဆုပ်လက်နယ် ပြုပေးနေ၏။

ဝံပုလွေဖြူကြီး နှစ်ကောင်သည်ကား ဆရာကြီး၏ မျက်နှာကို တစ်လှည့်၊ ချူးချင်း၏ မျက်နှာကို တစ်လှည့် ကြည့်နေကြတော့၏။

"လူကလေး"

ဆရာကြီးလောက်ထိုက အားယူရင်းမှ ချူးချင်းကို ခေါ်လိုက်သည်။ ချူးချင်းက....

"ဘဘ....ဘာပြောစရာရှိလို့လဲ၊ ပြောစရာ ရှိတာကိုသာ ပြောပါ"

"လူကလေး....ဘဘ သေသွားခဲ့ရင် ဘဘအလောင်းကို ဒီကျောက်အိမ်ထဲမှာပဲ မြှုပ်နှံလိုက်ပါ၊ ဘဘ ဒီကျောက်အိမ်ထဲမှာပဲ ရာသက်ပန် နေသွားချင်တယ်"

"အို....ဘဘရယ်"

ချူးချင်းမှာ ဆရာကြီးလောက်ထို၏ စကားများ ကြားလိုက်ရလျှင် ဝမ်းပမ်းတနည်း ဖြစ်သွားရသည်၊ သူသည် မျက်ရည်များ ရစ်ဝဲလာမိရလေသည်၊ ဝိပုလွေ့ဖြူကြီး နှစ်ကောင်ကလည်း မျက်လုံးအိမ်များထဲမှ မျက်ရည်များ ကျဆင်းနေကြသည်၊

ကျောက်အိမ်ကလေး၏ ပတ်ပတ်လည်၌ ဝိပုလွေ့အုပ်များသည် တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေကြသည်။

ဆရာကြီးလောက်ထိုက ချူးချင်းကို အားနည်းသော မျက်လုံးများနှင့် ကြည့်လိုက်ရင်းက....

"ချူးချင်း....မင်းဟာ ခုဆိုရင် သိုင်းပညာရော အတွင်းအားမှာပါ အဆင့်မြင့်သိုင်းသမား တစ်ယောက် ဖြစ်နေပြီ၊ အစစအရာရာ သတိထားပါ၊ သိုင်းလောကမှာ ဘယ်သူ့ကိုမှ မယုံကြည်လေနဲ့"

"စိတ်ချပါဘဘ၊ ဘဘ စကား သိပ်မပြောနဲ့လေ၊ မောနေပါမယ်"

"ဘဘကိုယ်ဘဘ သိပါတယ်ကွယ်၊ ဘဘဟာ ဒီတောင်ကကျော်နိုင်မှာ မဟုတ်ပါဘူး၊ ဘဘ ခေါင်းရင်းက အထုပ်ကို ယူပေးစမ်းပါ"

ချူးချင်းက ဆရာကြီးလောက်ထို၏ခုတင်ခေါင်းရင်းဘက်မှ အထုပ်ကို ယူပေးလိုက်သည်၊

"လူကလေး၊ အဲဒီအထုပ်ကို ဖွင့်လိုက်ပါ"





ချူးချင်းက အထုပ်ကို ဖြေကြည့်လိုက်ရာ အတွင်းတွင် သစ်ရွက်ပုံသဏ္ဌာန် မေးပုံမျှားနှင့်ကြွေဘူးကလေးတစ်ဘူးကို တွေ့လိုက်ရသည်။

ဆရာကြီးလောက်ထိုက တိုးညင်သော လေသံဖြင့်....

"လူကလေးကို ဘဘ လက်နက်ပုန်းပညာတွေ ပစ်ခတ်တာကို သင်ပြပေးခဲ့တယ်မဟုတ်လား၊ ဒီသစ်ရွက်မေးပျံတွေက လူကလေးအတွက် သဘာလက်ဆောင်ပေးခဲ့တာပဲ၊ ကြွေဘူးထဲမှာ အနီရောင် ဆေးလုံးကလေးတစ်လုံးရှိတယ်၊ ဒီဆေးလုံးက အင်မတန် သေရေးရှင်ရေးကြုံရပြီး သေလုမျောပါးဖြစ်နေတဲ့အချိန်ကျမှ သောက်လိုက်ပါ၊ ဒီဆေးလုံးက မင်းတို့လို လူငယ်တွေနဲ့သာ သင့်တော်တယ်ကွယ်"

"ကောင်းပါပြီ ဘဘ"

လဝန်းသည် အနောက်ဘက်သို့ တဖြည်းဖြည်း စောင်းငိုက်ကျစ ပြုနေလေပြီ၊ ပိုးအိမ်ကလေးဆီမှ မီးတောက်သည် လှုပ်ယမ်း ယိမ်းခါလျက် ရှိ၏။ ချူးချင်းသည် ဆရာကြီးလောက်ထို၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေ၏၊

ဆရာကြီးလောက်ထိုသည် သူ၏တစ်ဦးတည်းသော တပည့်ဖြစ်သူ ချူးချင်းကို နောက်ဆုံးကြည့်မဝသော မျက်လုံးများဖြင့် ကြည့်လိုက်ရင်းက မျက်လုံးအစုံ မှိတ်သွားလေတော့၏၊

ဆရာကြီးလောက်ထို၏ နိမ့်ချည်မြင့်ချည်ဖြစ်နေသော ရင်အုံကြီးမှာလည်း ငြိမ်သက်ကျသွားရတော့၏။

"ဟင်....ဘဘ....ဘဘ"

ချူးချင်းက အထိတ်တလန့် ခေါ်လိုက်မိသည်။ သူ့ဆရာသခင် တောင်ပေါ်ဝံပုလွေ သိုင်းပညာရှင်ကြီး လောက်ထိုကမူ လူ့လောကကို ထာဝရစွန့်ခွာသွားလေပြီ။

သူချစ်သောကျောင်းတော်တန်း၊ သူ့ချစ်တပည့်နှင့် ဝံပုလွေများကို ကျောခိုင်းသွားလေပြီ။

ချူးချင်းမှာ ဆရာသခင်၏ရုပ်အလောင်းကို ဂါရဝပြုရင်း ဝမ်းပန်းတနည်း ငိုကြွေးလိုက်မိသည်။

ဝံပုလွေဖြူကြီး နှစ်ကောင်ကလည်း ဆရာကြီးလောက်ထို၏ ခြေဖဝါးများကို ဦးခေါင်းနှင့်ပွတ်ကာ မျက်ရည်များကျဆင်းလျက် ရှိကြ၏။

"အူ....အူဝူ....ဝူ"

အပြင်ဘက်ဆီမှ ဝံပုလွေများသည် မြောက်ဘက်သို့လှည့်ကာ ပြိုင်တူ အူလိုက်ကြလေသည်။ သူတို့အူလိုက်သော အသံများမှာ အလွန်ဝမ်းနည်း ကြေကွဲစရာကောင်းပြီး လွမ်းဆွတ်စရာ ကောင်းလှပေတော့သည်။

* * *

နံနက်ခင်း....

ပူခန္ဓးတောက်ပသော နေခြည်သည် လုံစန်းတောင်ထိပ်ရှိ ကျောက်အိမ်ကလေးအပေါ်သို့ ဖြာဆင်းကြရောက်လျက်ရှိ၏။





ဖြူလွလွတိမ်တိုက်များသည် တောင်ထိပ်တစ်ဝိုက် ရွေ့လျားလျက် ရှိကြ၏။ ချူးချင်းသည် ဆရာသခင်တောင်ပေါ်ဝံပုလွေ လောက်ထို၏ ရုပ်အလောင်းကို ကျောက်အိမ်ကလေးအတွင်းမှာပင် ကောင်းမွန်စွာ မြှုပ်နှံပေးလိုက်သည်။

ပြီးနောက် ကျောက်အိမ်၏ တံခါးကို ကျောက်တုံးကြီးတစ်တုံးဖြင့် အသေဆို ပိတ်ထားလိုက်သည်။ ဆရာကြီးလောက်ထိုသည်ကား ကျောက်အိမ်ကလေးအတွင်း ထာဝရအိပ်စက်နေလေပြီ။

ချူးချင်းသည် ခရီးသွားအိတ်ကို ကျောခိုင်းလွယ်ထားသည်။

ကျောက်အိမ်ကလေးကို နောက်ဆုံး ကြည့်ခြင်းမျိုးဖြင့် စူးစိုက်ကြည့်လိုက်ပြီးနောက် ဝံပုလွေများဘက်သို့ လှည့်လိုက်သည်။

ဝံပုလွေကြီးနှစ်ကောင်နှင့်အတူ ဝံပုလွေများကို ငြိမ်သက်တိတ်ဆိတ်စွာ ကြည့်နေကြသည်။

သူတို့ကလည်း သူတို့ကိုချူးချင်း ခွဲခွာသွားတော့မည်ကို ရိပ်စားမိနေကြသယောင် ရှိနေကြသည်။

ဝံပုလွေများအားလုံး ချူးချင်းကို ရီဝေသောမျက်လုံးများနှင့် ငေးကြည့်နေကြသည်။

ဝံပုလွေဖြူကြီးနှစ်ကောင်တို့သည် ချူးချင်း၏ခါးကိုပွတ်သပ်ရင်း မော့်ကြည့်နေကြသည်။ သူတို့၏မျက်ဝန်းအိမ်များ

ဆီမှ မျက်ရည်များသည် တစ်ပေါက်ချင်း ကျဆင်းလျက်ရှိနေကြသည်။

ချူးချင်းမှာလည်း ဝံပုလွေများကို ကြည့်ကာ စိတ်မကောင်းဖြစ်နေသည်။ သူသည် ငယ်သူငယ်ချင်းများဖြစ်သည့် ကျားနှင့်နဂါးတို့ကိုကြည့်ကာ မျက်ရည်များ ကျဆင်းလာရသည်။

"အုဝူ....အုဝူ"

ကျားနှင့်နဂါးတို့က အသံပြုရင်း ချူးချင်းကို စူးစိုက်ကြည့်နေကြသည်၊ သူတို့အကြည့်က ချူးချင်းကို "မသွားပါနဲ့" ဟု တောင်းပန်နေကြသယောင်ရှိသည်။

ချူးချင်းက ဝံပုလွေဖြူကြီး နှစ်ကောင်၏ ပါးပြင်များကို ပွတ်သပ်ပေးလိုက်ရင်း....

"သူငယ်ချင်းကျားနဲ့နဂါး၊ ငါလဲမင်းတို့ကို မခွဲချင်ပါဘူး၊ ဒါပေမယ့် အခြေအနေ အကြောင်းကြောင်းကြောင့် မခွဲမဖြစ်ခွဲခွာရမှာပါ၊ ငါတစ်နေ့ ပြန်လာခဲ့ပါ့မယ်"

"အုဝူ....အုဝူ"

"အုဝူ....အုဝူ"

ကျားနှင့်နဂါးတို့ကလည်း အသံပြုရင်း မျက်ရည်များစို့ရွဲနေသော သူတို့၏ပါးပြင်များဖြင့် ချူးချင်း၏မျက်နှာကို ပွတ်သပ်လိုက်ကြသည်၊

ချူးချင်း၏မျက်ရည်နှင့် ဝံပုလွေဖြူကြီးများ၏ မျက်ရည်များမှာ ရောထွေးသွားရသည်၊



အနီးသို့ကပ်လာသော ဝံပုလွေများကိုလည်း ချူးချင်းက နှုတ်ဆက်လိုက်ရသည်၊

"သူငယ်ချင်းတို့ရေ....ငါ တစ်နေ့ ပြန်လာမှာပါကွ၊ မင်းတို့ကို ငါ ဘယ်တော့မှမမေ့ပါဘူး"

ချူးချင်းက ဝံပုလွေများကိုပွတ်သပ်ကာ ပြောကြားလိုက်သည်၊ ဝံပုလွေများအားလုံးမှာလည်း ချူးချင်းကိုကြည့်ကာ မျက်ရည်များကျနေကြသည်။ အတန်ကြာမှ ချူးချင်းက မတ်တတ် ရပ်လိုက်ပြီး....

"ကိုင်း....မင်းတို့ ငါ့ကို လျှိုဝကြီးအထိ လိုက်ပို့ကြဦး....

ချူးချင်းကပြောလိုက်ပြီး တောင်ကြောအတိုင်း ထွက်ခွာလာခဲ့သည်၊ ဝံပုလွေဖြူကြီးနှစ်ကောင်နှင့် ဝံပုလွေများက သူ့နောက်မှ တိတ်ဆိတ်စွာလိုက်ပါလာကြသည်၊

တောင်အောက်ဆင်းလမ်းဝဖြစ်သည့် လျှိုကြီးအနီးရောက်သော အခါ ချူးချင်းက ခြေလှမ်းကို ရပ်တန့်လိုက်သည်၊

ဤနေရာတွင် သူနှင့်ချစ်လှစွာသော ဝံပုလွေများ လမ်းခွဲရတော့မည် မဟုတ်ပါလား။

ဝံပုလွေများက လျှိုဝကြီးကိုကျော်၍ မလိုက်ကြတော့ပေ။ ချူးချင်းက ဝံပုလွေဖြူကြီး နှစ်ကောင်နှင့် ဝံပုလွေများကို နှုတ်ဆက်လိုက်ပြီး လျှိုလမ်းအတိုင်း ဆင်းလာခဲ့သည်၊

သူကနောက်သို့ပြန်လှည့်ကြည့်လိုက်သောအခါ လျှိုဝတွင် ရပ်ကြည့်နေကြသည့် ဝံပုလွေဖြူကြီး နှစ်ကောင်ကို တွေ့မြင်

လိုက်ရသည်။ သူက ဝံပုလွေဖြူကြီး နှစ်ကောင်ဆီသို့ လက်ကို ဝှေ့ယမ်းပြလိုက်သည်။

"ဝူ...ဝူ...ဝူ...အူ...ဝူ"

ဝံပုလွေဖြူကြီးနှစ်ကောင်ဆီမှ နှုတ်ဆက်လိုက်သော အသံများက တစ်မုဟုတ်ချင်း ပြန်လည်ထွက်ပေါ်လာသည်။ ချူးချင်းက လက်ကိုဝှေ့ယမ်းပြလိုက်ပြီးနောက် တောင်အောက်သို့ ခြေလှမ်းများရာဦးတည်လိုက်လေတော့၏။

* * *

လေတဟူးဟူး တိုက်ခတ်နေမှုကြောင့် လမ်းပေါ်တွင် ဖုန်မှုန့်များသည် လွင့်ပျံ့နေလျက်ရှိ၏။

လမ်းတစ်ဘက်တစ်ချက်ဆီမှ ထင်းရှူးပင်များသည် မိန်းမပျိုလေးများ ယိမ်းကနေကြသည့်အလား ညီညာစွာ လှုပ်ရှားလျက် ရှိနေကြ၏။

လေတဟူးဟူးတိုက်ခတ်နေသည့်ကြားမှ အညိုရောင်မြင်းကြီး တစ်စီးသည် လေအဟုန်ကိုခွင်းကာ အပြင်းနှင်လာလျက် ရှိနေ၏။



မြင်းထက်မှ လူရွယ်မှာ အဖြူရောင်ဝတ်စုံကိုဝတ်ဆင်ထားသည်။

လည်ဆံတဖွားဖွား၊ ခွာသံတဖြောင်းဖြောင်း အပြင်းနှင်နေသော မြင်းညိုကြီး၏ မြားပစ်သလို အရှိန်အဟုန်ကြောင့် လူရွယ်၏ နက်မှောင်သော ဆံပင်ကို စည်းနှောင်ထားသည့် အဖြူရောင် ပဝါစမှာ လေထဲတွင် လွင့်မျောလျက် ရှိနေ၏။

မြင်းစီးသမားလူရွယ်၏ကျောထက်တွင် ဓားတစ်လက်ပိုးလွယ်ထားသည်။

လူရွယ်ကတစ်စုံတစ်ရာသော စိတ်အနှောင့်အယှက်ကြောင့် မြင်းကို အပြင်းနှင်နေဟန်တူပေသည်။

လူရွယ်သည်ကား၊ အခြားသူမဟုတ်ပေ၊ ချူးချင်းပင်ဖြစ်သည်။

ချူးချင်းက မိဘများရှိရာ စုကျားရွာသို့ အမြန်ပြန်လာခဲ့ခြင်းပင် ဖြစ်သည်၊

သူသည် လုံစန်းတောင်ပေါ်မှဆင်းလာပြီးနောက် တောင်ခြေ ရွာကလေးတစ်ရွာတွင် မြင်းတစ်ကောင် ဝယ်ယူလိုက်သည်။

ပြီးနောက် စုကျားရွာဆီသို့ အပြင်းနှင်လာနေခြင်းပင်ဖြစ်သည်။ စုကျားရွာနှင့် နီးကပ်လာလေလေ သူ့ရင်မှ တထိတ်ထိတ် ဖြစ်လာရလေလေပင်သည်၊

မည်သည့်အကြောင်းကြောင့်မှန်းမသိ၊ သူ၏ရင်မှာလေးလံသလို ခံစားနေရ၏၊

ဤရွာကလေးမှ သူခွဲခွာခဲ့ရသည်မှာကြာပြီဖြစ်၏။ သို့သော် သူက ရွာမြောက်ဘက်၌ ရှိသည့် သူတို့၏ အိမ်ကလေးကို ကောင်းကောင်းမှတ်မိထားသည်။

သူက မြင်းကိုတဟုန်ထိုးစီးနင်းရင်း စုကျားရွာလယ်လမ်းမကြီးအတိုင်း ဖြတ်သန်းလာခဲ့သည်။

ရွာသူရွာသားများက ချူးချင်းကိုကြည့်ကာ ဇဝေဇဝါ ဖြစ်နေကြရ၏။

မကြာမီ ချူးချင်းသည် ရွာမြောက်ဘက်အစွန်သို့ လေတိုက်ခတ်သည့်ပမာ ရောက်ရှိလာခဲ့သည်။

"ဟင်"

ချူးချင်းသည် တွေ့လိုက်ရသော မြင်ကွင်းကြောင့် ကြက်သေ သေသွားမိသည်။

သူ့ မိဘများ နေထိုင်ရာအိမ်ကလေးမှာ ပြာပုံဘဝရောက်နေပြီး ပြာပုံဆီမှ မီးခိုးငွေ့များပင်မသေသေး၊ အခိုးအငွေ့များက တငွေ့ငွေ့တလူလူပင် ရှိနေကြသေးသည်။

သူ့ မိဘများကိုလည်းမတွေ့ရ။ ခြံဝင်း တစ်ခုလုံးမှာလည်း ဖရိုဖရဲဖြစ်နေပြီး မီးလောင်ကျွမ်းနေသော ငုတ်တိုများဘဝသို့ ရောက်လျက်ရှိနေ၏။

"ဘယ်.....ဘယ်လိုများ ဖြစ်ရတာပါလိမ့်"

ချူးချင်းက အထိတ်တလန့် ရေရွတ်မိလိုက်ရင်း မြင်းပေါ်မှ လွှားဆင်းလိုက်သည်။





သူက ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်ရာ ခြံနီးချင်းကပ်လျက်မှ အဘိုးအို တစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

"လူ....လူကလေးက ဆရာကြီးချူးအင်းရဲ့ သားကလေးလား"

အဘိုးအိုက ချူးချင်းကို လေသံတုန်တုန်ယင်ယင်နှင့် မေးမြန်းလိုက်သည်။ ချူးချင်းက အဘိုးအိုကို လက်နှစ်ဘက် ဆုပ်ကာ ဂါရဝ ပြုလိုက်ပြီး....

"ဟုတ်ပါတယ် ဘဘ၊ ကျွန်တော်က ချူးအင်းရဲ့သား ချူးချင်းပါ၊ အခု ဖေဖေ မေမေတို့ရော ဟင်၊ မတွေ့ပါလား၊ သူတို့ အခု ဘယ်မှာလဲဟင်"

အဘိုးအိုက တော်တော်နှင့် အဖြေမပေးနိုင်။

ပင့်သက်ကိုသာ အကြိမ်ကြိမ် ရှိုက်နေမိသည်ကိုသာ တွေ့မြင်ရသည်။

အဖြေပေးရန် ဝန်လေးနေဟန် တူပေသည်။

"ပြောစမ်းပါ အဘရယ်၊ ဖေဖေနဲ့ မေမေ ဘယ်သွားနေကြသလဲဟင်၊ သူတို့ဘယ်မှာလဲ၊ ကျွန်တော် အဝေးကြီးကနေ လာခဲ့ရတာပါ၊ ကျွန်တော့်ကို သနားရင် ပြောစမ်းပါ"

ချူးချင်းက ဂါရဝ ထပ်ပြုရင်း တောင်းပန်စကား ဆိုလိုက်ပြန်သည်။

အဘိုးအိုက မျက်ရည်များပင် ရစ်ဝဲလာကာ တုန်ယင်သော လေသံဖြင့်....

"လူကလေး....မင်း အလာကောင်းပေမယ့် အခါက နှောင်းပြီကွယ့်၊ မင်းမိဘတွေ တစ်ယောက်မှ မရှိကြတော့ဘူး"

"ဟင်"

ကြားလိုက်ရသော စကားကြောင့် ချူးချင်းမှာ တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွားမိရသည်။

သူ့နားထဲတွင် နွေခေါင်ခေါင် မိုးချုန်းသံကို ကြားလိုက်ရသကဲ့သို့ ဖြစ်သွားမိရသည်။

"ဘဘရယ်၊ ဘဘပြောတာတွေကို ကျွန်တော် နားမလည်ဘူး၊ ကျွန်တော့်ကို ရှင်းရှင်း ပြောပါလား"

"အင်း....လူကလေးရဲ့ မိဘတွေ ညကပဲ အသတ်ခံလိုက်ကြတယ်၊ လူဆိုးတွေက လူကလေးရဲ့ မိဘတွေရော အိမ်ကိုပါ မီးရှို့ပစ်သွားကြတယ်၊ လူဆိုးတွေကို ကြောက်ရလို့ ဒီအနားကို ဘယ်သူမှလဲ မကပ်ရဲကြပါဘူးကွယ်"

"ဟင်"

ချူးချင်းမှာ မိဘနှစ်ပါးအတွက် ဆို့နင့်ကြေကွဲစွာ ခံစားမိလိုက်ရသည်။ သူသည် ပြာပုံဘဝ ရောက်နေပြီဖြစ်သော အိမ်ကလေးရှေ့တွင် ဒူးထောက် ထိုင်ချလိုက်ရင်း ငိုကြွေးလိုက်မိသည်။

"ဖေဖေနဲ့မေမေတို့ရယ်၊ အခု သားပြန်လာပြီလေ၊ သားတတ်မြောက်လာတဲ့ သိုင်းပညာနဲ့ ဖေဖေနဲ့ မေမေတို့ကို ကာကွယ် စောင့်ရှောက်ဖို့ အချိန်မရတော့ပါလား"





ချူးချင်းမှာ မီးခိုးငွေ့များ တလူလူ ထွက်ပေါ်နေသည့် ပြာပုံဆီသို့ စူးစိုက်ကြည့်ရင်းက နှုတ်မှ ရေရွတ် ပြောကြားလိုက်မိသည်။

သူသည် ပတ်ဝန်းကျင်ကို မေ့ထားလိုက်လေပြီ၊ အဘိုးအိုထွက်ခွာသွားသည်ကိုလည်း ဂရုမပြုမိ။

သူသည် တစ်နေ့လုံး အခိုးအငွေ့များ ထွက်နေသော မီးလောင်ပြင်ရှေ့တွင်သာ ထိုင်နေမိသည်။

အမှောင်ရိပ်များက ကြီးစိုးလာခဲ့လေပြီ၊

နေလုံးသည်ပင် ပျောက်ကွယ်သွားပြီး၊ ရွှန်းမြသော လဝန်းက ထွက်ပေါ်လာခဲ့သည်၊

လဝန်းက တဖြည်းဖြည်း မြင့်တက်လာသလို ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ပိုးကောင် မွှားကောင် ကလေးများ၏ တကျွီကျွီ တကျော်ကျော် အော်မြည်သံများကိုသာ ကြားနေရသည်၊

ညဉ့်နက်လာသည်နှင့်အမျှ ညဉ့်လေအေးများက တဟူးဟူး တိုက်ခတ်စ ပြုလာသည်၊ သန်းခေါင်ယံ အချိန်သို့ပင် ရောက်လာလေပြီ၊

ချူးချင်းသည် ပြာပုံရှေ့တွင် ဒူးထောက်ထိုင်နေဆဲပင်၊ သူသည် ရက်စက်စွာ အသတ်ခံလိုက်ရသော မိဘနှစ်ပါးအတွက် ဆုမွန်ကောင်းများ တောင်းနေပေသည်။

သူ့ဘဝကလည်း ရင်နာစရာ ကောင်းလှသည်၊ မိဘများနှင့် အတူ ရှည်ကြာစွာ မနေရလိုက်၊ ရှစ်နှစ်သားအရွယ်

ကလေးကပင် ခွဲခွာခဲ့ရသည်။ ဆယ်နှစ်ကျော်လုံး ခွဲခွာပြီး ပြန်လာရတော့လည်း မိဘနှစ်ပါးကို မတွေ့ရတော့။

သူသည် မိဘနှစ်ပါးကို ရက်စက်စွာ သတ်သွားသူများအား တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ တိုက်ခိုက် ပစ်လိုက်ချင်သည်။

သူသည် ဓားရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်မိသည်၊

သူ၏ မျက်ခွံများမှာ ငိုရလွန်းသဖြင့် မို့ဖောင်းနေပြီး မျက်လုံးများမှာလည်း နီမြန်းလျက် ရှိနေလေပြီ။

"ဖလပ်....ဖလပ်....ဖလပ်"

"ဝှစ်....ဝှစ်....ဝှစ်"

ယင်းအချိန်မှာပင် သူ့နားထဲသို့ အဝတ်လေတိုးသံများကို ရုတ်တရက်ကြားလိုက်ရသည်။

လူအတော်များများက သူ့ပတ်ဝန်းကျင်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း သူ ရိပ်စားမိလိုက်သည်။

ထိုသူများ၏ လှုပ်ရှားသံများကို အကဲခတ်ရခြင်းအားဖြင့် အဆင့်မြင့်သိုင်းသမားများဖြစ်ကြောင်းကို ချူးချင်း ရိပ်စားမိလိုက်သည်။

သို့သော် ချူးချင်းက လုံးစက္ကန့်မျှပင်မပျက်၊ ပြာပုံရှေ့တွင်သာ ဒူးထောက်မြဲဆက်လက်ထိုင်နေမိသည်၊

"ဟား....ဟား....ဟား"

"ဟား....ဟား....ဟား"





ရုတ်တရက် လေးဘက်လေးတန်ဆီမှ ရယ်မောသံကြီးများကို ကြားလိုက်ရသည်၊

ရယ်မောသံများမှာ ဟားတိုက် လှောင်ပြောင်သော ရယ်မောသံများပင်ဖြစ်သည်။

"တောက်"

ချူးချင်းက တောက်သံပြင်းပြင်းခေါက်လိုက်မိသည်၊သူက စောင့်ရကျိုးနပ်ပြီဟုလည်း စိတ်ထဲမှ တွေးလိုက်မိသည်။ ယခု ရောက်လာသူများသည် လူကောင်းများ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်၊

မိမိ၏မိဘနှစ်ပါးကို ရက်ရက်စက်စက် သတ်ဖြတ်သွားသူများသာ ဖြစ်ရပေလိမ့်မည်။ ဤသို့ဆိုလျှင် သူ့အတွက် သွေးကြွေး ဆပ်ရန်အချိန်ကျလာခဲ့လေပြီ၊

သူက အံကိုတင်းတင်းကြိတ်လိုက်ရင်း မတ်တတ်ရပ်လိုက်သည်၊ ပြီး နောက်သို့ချာခနဲလှည့်ကြည့်လိုက်သည်၊

တဟားဟား ရယ်မော လှောင်ပြောင် နေကြသူများက အနက်ရောင် မျက်နှာဖုံးများကို လည်းကောင်း၊ အနက်ရောင် ဝတ်စုံများကိုလည်းကောင်း ဝတ်ဆင်ထားကြသည်။လက်နက်မျိုးစုံ ကိုင်ဆောင်ထားကြသည်။

ထိုအထဲမှ ရွှေနားကွပ်ထားသော မျက်နှာဖုံးစွပ် လေးယောက်မှာ ဤလူစု၏ခေါင်းဆောင်များပင် ဖြစ်ဟန်တူပေသည်၊ ထိုလေးယောက်က ရှေ့ဆုံးမှ ရပ်လျက် ရှိနေကြသည်၊

"ဟိတ်ကောင်လေး၊ ကျုပ်ငိုခုတ် ကျုပ်ငုတ်မကျန်စေရ ဆိုတဲ့စကားကို ကြားဖူးတယ်မဟုတ်လား၊ ဟား....ဟား.... ဟား"

လေးယောက်ထဲမှ တစ်ယောက်က ချူးချင်းအား ခနဲ့စကားပြောရင်း အော်ဟစ်ရယ်မောလိုက်ပြန်သည်။ သူ့စကားကြောင့် ကျန် ဝတ်စုံနက်ဝတ်ထားသူများက ပြက်လုံး တစ်ခု ကြားလိုက်ရသည့်အလား တဟားဟား ရယ်မောလိုက်ကြသည်။

"ဟား....ဟား....ဟား"

"ဟား....ဟား....ဟား"

ရယ်မောသံများက ဝန်းကျင်တစ်ခုလုံး သိမ့်သိမ့်တုန်မတတ် ကျယ်လောက်ရိုက်ခတ်သွား၏။

"တိတ်စမ်း"

ရုတ်တရက် ချူးချင်းက စူးရှကျယ်လောင်သော လေသံဖြင့် အော်ငေါက်ပစ်လိုက်ရာ ရယ်မော လှောင်ပြောင်သံများသည် မီးကိုရေနှင့် ငြိမ်းသတ်လိုက်သည့်အလား တိတ်ဆိတ်ငြိမ်သက်သွားကြလေတော့၏။

ချူးချင်း၏အတွင်းအားနှင့် အော်ပစ်လိုက်သံက ကျားဟိန်းသံလို ဟိန်းထွက်သွားရသည်။

"ကျုပ်မိဘတွေကို သတ်လိုက်တာ ခင်ဗျားတို့ပဲ မဟုတ်လား"



ရွှေနားကွပ် မျက်နှာဖုံးစွပ် လေးယောက် အနက်မှ တစ်ယောက်က ရှေ့သို့တိုးထွက်လာကာ....

"သိပ်မှန်တာပေါ့ကွာ....မင်းအဖေ ချူးအင်းဟာ ငါတို့အဆိပ်သခင်ဂိုဏ်းရဲ့ ဖိတ်ခေါ်မှုကိုငြင်းဆန်တယ်၊ နောက်ပြီး ဖိတ်ခေါ်ခိုင်းလိုက်တဲ့ ငါတို့ရဲ့ သံတမန်ဂိုဏ်းခွဲမှူးသုံးယောက်ကိုလဲ သူက ရက်ရက်စက်စက်သတ်ဖြတ်ပစ်ခဲ့တယ်၊ ဒါကြောင့် ငါတို့ အဆိပ်သခင်ဂိုဏ်းက အပြစ်ပေးတဲ့အနေနဲ့ မင်းအဖေ ချူးအင်းကိုရော မင်းအမေ ယိဖုန့်ကို သတ်ပစ်လိုက်ရတာပဲ၊ အခု ကျုပ်ငုတ်ကလေးဖြစ်တဲ့မင်းကို သတ်ဖို့ ငါတို့ စောင့်နေကြတာပဲ၊ ဟဲ....ဟဲ....ဟဲ"

ထိုသူကပြောကြားရင်း အေးစက်စက်လေသံဖြင့် တဟဲဟဲ ရယ်မောလိုက်သည်။

ထိုသူကိုင်ဆောင်ထားသော လက်နက်မှာ အဆစ်ကိုးဆစ်ပါသည့် သံမဏိ ကျာပွတ်ရှည်ကြီးတစ်ချောင်း ဖြစ်သည်။ ၎င်းကျာပွတ်မှာ မည်းနက်တောက်ပြောင်လျက်ရှိသည်။

ချူးချင်းက ထိုသူကို မီးတောက်သလုမတတ်သော မျက်လုံးများဖြင့် စူးစိုက်ကြည့်လိုက်သည်။

"ကျုပ်မိဘတွေကို ရက်ရက်စက်စက်သတ်သွားတဲ့ ခင်ဗျားတို့ကို ပြန်ပြီးသတ်ဖို့ ကျုပ်ကလဲ စောင့်နေတာပါပဲ၊ ဒီညအဖို့တော့ ခင်ဗျားတို့အတွက် ပြန်လမ်းမရှိတော့ဘူး"

"ချလွှမ်"

စကားဆုံးသည်နှင့် ချူးချင်းက ကျောမှ ပိုးလွယ်ထား သေဓခါးကို ဆွဲထုတ်ပစ်လိုက်သည်။

ဓားရောင်မှာ လရောင်အောက်တွင် ပြာလဲ့လဲ့ တောက်ပနေပြီး ဓားရိပ်ဓားငွေ့များက ထွက်ပေါ်လျက်ရှိ၏။

ဟဲ....ဟဲ....ကောင်လေး၊ "မင်းဓားဟာ ဓားကောင်းပါလား၊ ဒါပေမယ့် နှမြောစရာပါကွာ၊ မင်းက မကြာခင်မှာ သေရတော့မှာမို့လို့ပဲ၊ နောင်ဘဝကျမှသာ ဓားတစ်လက်ရှာပြီး ကိုင်ပေတော့"

ရှေ့ဆုံးမှ ကျာပွတ်ကိုင် ပုဂ္ဂိုလ်က ချူးချင်းကို ခနဲ့စကားပြောကြားလိုက်သည်။

ချူးချင်းက ဓားကို တစ်ချက် ဝှေ့ယမ်းလိုက်ကာ....

"ကိုင်း—ခင်ဗျားပဲ နောင်ဘဝ ရောက်မလား၊ ကျုပ်ပဲ နောင်ဘဝ ရောက်မလားဆိုတာ စောင့်ကြည့်ရသေးတာပေါ့"

"တိုက်ကြ"

"သတ်ကြစမ်း"

ကျာပွတ်ကိုင် ပုဂ္ဂိုလ်က အော်ဟစ် အမိန့်ပေးလိုက်သည်နှင့် မျက်နှာဖုံးစွပ် သိုင်းသမားများသည် ချူးချင်းကို တိုက်ခိုက်ရန် ရှေ့သို့ ပြေးတက်လာကြသည်။

"ဟား....ဟား....ဟား"

"ဝိုး....ဝိုး....ဝိုး"

"ချွမ်း....ချွမ်း....ချွမ်း"



ချူးချင်းက တစ်ဟုန်ထိုး တိုက်ခိုက်လာသော ဓားလှံများကို သူ၏ ဓားနှင့် ကာကွယ် ပေးလိုက်ရသည်။

တစ်ချိန်တည်းမှာပင် သူက လေထဲသို့ မြောက်တက်သွားသည်။

ပြန်အကျတွင် သူ့ဓားချက်က ရွှေနားကွပ် မျက်နှာဖုံးစွပ်ဆီသို့ ပြေးသွားသည်။

"ဝှစ်"

"ချွမ်း"

ရွှေနားကွပ် မျက်နှာဖုံးစွပ်ကလည်း လျင်မြန်သည်။

သူ့ဆီသို့ ချူးချင်း၏ ဓားချက် ဝင်ရောက်လာသည်နှင့် ခန္ဓာကိုယ်ကို ဖျတ်ခနဲ ယိမ်းကာ လက်ထဲမှ သံမဏိကျာပွတ်နှင့် ကာကွယ်ပေးလိုက်သည်။

"ရွှမ်း"

ထိုပုဂ္ဂိုလ်က လူချင်း ပြန်ကွာသွားသည်နှင့် ကျာပွတ်ရှည်ကြီးကို ဆန့်ထုတ်ပစ်လိုက်ပြီး ချူးချင်း၏ ကိုယ်လုံးကို တအားရိုက်ပစ်လိုက်သည်။

"ဝှီး"

ကျာပွတ်ရှည်ကြီးက မြွေကြီးတစ်ကောင်ပမာ တွန့်လိမ်ကောက်ကာ ပြေးလွှားဝင်ရောက်လာသည်။

"ဒီကောင့်ကို သတ်ကြစမ်း"

"ဝိုင်းထား"

"မလွတ်စေနဲ့"

ရွှေနားကွပ် မျက်နှာဖုံးစွပ်က အော်ဟစ် အမိန့်ပေးလိုက်ပြန်ရာ ဝတ်စုံနက်များက ချူးချင်းအား ထွက်ပေါက်လုံးဝမရှိအောင် စက်ဝိုင်းသဏ္ဍာန် ဝိုင်းရံထားလိုက်ကြလေသည်။

"ချွမ်း"

"အား"

ချူးချင်းက နောက်ကျောဘက်မှ ရုတ်တရက် ပြေးဝင်တိုက်ခိုက်လာသည့် မျက်နှာဖုံးစွပ်၏ ဓားချက်ကို နောက်ပြန်ဓားချက်ဖြင့် တန်ပြန်တိုက်ခိုက်ပစ်လိုက်ရာ ထိုသူမှာ လူတခြားဓားတခြား ဖြစ်သွားရပြီး မြေပေါ်သို့ ဘုန်းခနဲ ပစ်ကျသွားရလေတော့၏။

"ဟာ"

"ဟင်"

"အို"

ထိုမြင်ကွင်းကို တွေ့လိုက်ရသော ဝတ်စုံနက်များမှာ ချူးချင်း၏ သိုင်းပညာစွမ်းရည်ကို မျက်ဝါးထင်ထင် တွေ့လိုက်ရသဖြင့် အံ့သြတုန်လှုပ်ပြီး ခြေလှမ်းများပင် တန့်သွားမိကြရ၏။

"ဝင်တိုက်ကြစမ်း"

"သတ်ကြလေကွာ"

ရွှေနားကွပ်မျက်နှာဖုံးစွပ်လေးယောက်ကိုယ်တိုင်ပူးပေါင်းပါဝင်လာပြီး ဝတ်စုံနက်များကို အော်ငေါက် အမိန့်ပေးလိုက်သည်။





ထိုအခါကျတော့မှပင် ဝတ်စုံနက်များမှာ တစ်ဟုန်ထိုး ပြေးဝင် တိုက်ခိုက်လာကြလေသည်။

ချူးချင်းမှာ သိုင်းပညာရေး အတွင်းအားပါ ပြည့်စုံနေသော်ငြားလည်း သူ၏ အားနည်းချက်မှာ တိုက်ပွဲအတွေ့အကြုံပင် ဖြစ်သည်။

သိုင်းသမားတစ်ယောက် မည်မျှလောက်ပင် သိုင်းပညာတော်နေစေကာမူ တိုက်ပွဲအတွေ့အကြုံ မရင့်ကျက်ပါက တစ်ဘက်လူ၏ ပရိယာယ်တွင် ရှုံးနိမ့်ရမည်သာ ဖြစ်သည်၊

ယခုလည်း ချူးချင်းမှာ ရန်သူများနှင့် အလူးအလဲ တိုက်ခိုက်နေရသည်။

ပတ်ဝန်းကျင်တစ်ခုလုံး သံသံချင်း ထိခတ်သံ၊ အော်ဟစ်ကြုံးဝါးသံ၊ လဲပြိုကျသံ၊ ညည်းတွားအော်သံများကသာ ဆူညံပွက်လောရိုက်လျက် ရှိနေသည်။

ချူးချင်းသည် တစ်ခါတစ်ရံ လေထဲတွင် နဂါးတစ်ကောင်ပမာ ပျံဝဲရင်း တိုက်ခိုက်နေသလို တစ်ခါဘရံမြေပြင်တွင် လိမ့်၍ မြေလူးဓားကွက်များနှင့် အဆက်မပြတ် တိုက်ခိုက်နေသည်၊

အဆိပ်သခင်၏ ဂိုဏ်းခွဲမှူး လေးယောက်တို့သည် လက်နက်လေးမျိုးဖြင့် ချူးချင်းကို လေးဘက်လေးတန်မှ ပိတ်ဆို့တိုက်ခိုက်လျက် ရှိနေကြသည်။ တစ်ယောက်က သံမဏိကြာပွတ်ရှည်ကြီးကို ကိုင်ဆောင်ထားပြီး နောက်တစ်ယောက်က

ကြီးမားသော ရဲဒင်းကြီးတစ်လက်ကို ကိုင်ဆောင်ထား သည်။

ကျန်ဂိုဏ်းခွဲမှူးနှစ်ယောက်အနက် တစ်ယောက်က ဓား မြှားကြီးတစ်လက် ကိုင်ဆောင်ထားကာ တစ်ယောက်က စုတ်တံသဖွယ် ချွန်ထက်သော အသွားချွန်နှစ်ချောင်းကို တစ်ဘက် တစ်ချောင်းစီကိုင်ပြီး ထိုးနှက်တိုက်ခိုက်လျက်ရှိ၏။

"ရွှမ်း....ရွှမ်း....ရွှမ်း"

ရုတ်တရက် ချူးချင်းက တစ္စေ့တောင်ပြောင်း ဓားချက် ဖြင့် ဝှေ့ယမ်း တိုက်ခိုက်လိုက်ရာ ဓားရိပ်ဓားငွေ့များ သည် ဂိုဏ်းခွဲမှူး လေးယောက်စလုံးအား ဖုံးလွှမ်းပစ်လိုက် သည်။

"ထန်း....ထန်း....ထန်း"

ဂိုဏ်းခွဲမှူးလေးယောက်တို့သည် ဓားစက်ကွင်းအကြားမှ သူတို့၏ လက်နက်များကို ဝှေ့ယမ်းကာ လွှားထွက်သွား ကြလေသည်။

"ဒုတ်"

"အိုး"

သို့သော် ကံဆိုးသော ဂိုဏ်းခွဲမှူး တစ်ယောက်မှာ ချူး ချင်း၏ ဓားစက်ကွင်းအတွင်းမှ ရုန်းမထွက်နိုင်ဘဲ ကျော





ဓားချက် အထိခံလိုက်ရကာ စူးရှစွာ အော်ဟစ်ရင်း မြေ ပေါ်သို့ ဘုန်းခနဲ ပြုတ်ကျသွားရလေတော့၏။

"ကောင်လေး၊ မင်းက သိပ်အစွမ်းထက်နေပါလား၊ သိ ကြသေးတာပေါ့"

ကျန်ဂိုဏ်းခွဲမှူးတစ်ယောက်ကပြောရင်း လက်တစ်ဘက် ကို ဝှေ့ယမ်းပြလိုက်သည်။ ဂိုဏ်းသားများက ရှေ့သို့ ပြေး တက်လာကြပြီး ပိုက်ကွန်သဖွယ်လက်နက်များကို ချူးချင်းထံ သို့ပစ်လွှတ်လိုက်ကြသည်။

"ဝှစ်....ဝှစ်....ဝှစ်"

ချူးချင်းက တစ်ဘက်သို့ ခုန်လွှားထွက်ရင်း ရှောင်တိမ်း ပေးလိုက်သည်။ သို့သော် အရပ်လေးမျက်နှာမှ ဆက်တိုက် အုပ်ဆိုင်းကျလာသော ပိုက်ကွန်များကြောင့် ချူးချင်းမှာ ဘေးကျပ်နံကျပ် ဖြစ်သွားရသည်။

"ရွှမ်း....ရွှမ်း....ရွှမ်း"

သူက ဓားကိုအဆက်မပြတ်ဝှေ့လိုက်ရာ ပိုက်ကွန်များမှာ အစိပ်စိပ် အမွှာအမွှာ ပြတ်တောက်ထွက်သွားရသည်။

"ဝှီး"

ရုတ်တရက် ပျော့ပျောင်းပါးလွှာသော ပိုက်ကွန်ကြီးနှစ် ချောင်းက လေထဲမှ လွင့်ပျံလာပြီး သူ့လက်နှစ်ဘက်စလုံး

ကို လာရောက်ရစ်ပတ်ထားလိုက်သည်။ သူက ရုန်းကြည့်သည် မရ။

ကြိုးနှစ်ချောင်းက ရုန်းလေ တင်းကျပ်လာလေဖြစ်သည်။

"ဝှစ်....ဝှစ်"

တစ်ဆက်တည်းမှာပင် အခြားပိုက်ကွန်ကြိုးနှစ်ချောင်းက လေထဲမှ လွင့်ပျံလာပြီး ချူးချင်း၏ ခြေထောက်နှစ်ဘက်ကို မြွေနှစ်ကောင်သဖွယ် ခိုင်မြဲစွာ ရစ်ပတ်ထားလိုက်ကြပြန်သည်။

"ဟင်"

ချူးချင်းမှာ မျက်လုံးပြူးကာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရသည်။ ယခုအခါ သူသည် ရန်သူ၏ လေးဘက်လေးတန်မှ ချုပ်ကိုင်ထားခြင်းကို ခံလိုက်ရသည်၊ ပြီး ခြေလက်များမှာ မည်သို့မျှ ရုန်းကန်မရတော့"

"ဝုန်း"

ရုတ်တရက် ကြိုးစလေးစကို ဝတ်စုံနက်များက ဆောင့်ဆွဲပစ်လိုက်ကြရာ ချူးချင်းမှာ မြေပေါ်သို့ ထိုးလဲကျသွားရသည်၊ သို့သော်သူကဓားကိုတော့ လုံးဝအလွှတ်မပေး။ တင်းကျပ်စွာ ဆက်လက်ဆုပ်ကိုင်ထားဆဲပင် ရှိ၏။





"ဟား....ဟား....ဟား"

"ဟား... ဟား....ဟား"

သူ့နားထဲတွင် စူးရှကျယ်လောင်သော ရယ်မောသံများကို ဆက်တိုက် ကြားလိုက်ရသည်၊ သူကမော့ကြည့်လိုက်ရာ ဂိုဏ်းခွဲမှူးတစ်ယောက်က ဓားပြားကြီးဝှေ့ယမ်းလိုက်ရင်း....

"ဟား....ဟား....ဟား၊ ကျူပင်ခုတ် ကျူငုတ်မကျန်စေရဆိုတဲ့စကားအတိုင်း မင်းကိုအပြတ်ရှင်းရတော့မှာပဲ၊ ငါ့ဓားဘယ်လောက်ထက်တယ်ဆိုတာ မြည်းစမ်းကြည့်လိုက်စမ်း"

စကားဆုံးသည်နှင့် ထိုဂိုဏ်းခွဲမှူးက ခုန်ပျံဝင်ရောက်လာပြီး မြေပေါ်မှ မလှုပ်မယှက်နိုင်ဘဲ လဲကျနေသောချူးချင်းအား အပေါ်မှနေ၍ ဓားဖြင့်တစ်အားကုန် ပိုင်းချပစ်လိုက်လေတော့၏။

"ယား"

"ထန်း"

ရုတ်တရက် သံသံချင်းထိခတ်သံနှင့်အတူ ထိုသူဓားမှာ တုန်ခါထွက်သွားရပြီး လက်ဝါးရိုက်ချက်ကြောင့် ထိုသူမှာ နောက်သို့ ပြန်လည်လွင့်စဉ်ထွက်သွားရလေသည်။

ရုတ်တရက် လူရိပ်တစ်ရိပ်သည် တိုက်ပွဲကြားသို့ ထိုးဖောက်ရောက်လာပြီး တစ်ယောက်ကချူးချင်း၏ လက်နှင့်ခြေမှ ကြိုးများကို ဓားနှင့်ဖြတ်တောက်ပစ်လိုက်ပြီး တစ်ယောက်က ဂိုဏ်းခွဲမှူးများကို လျှပ်တစ်ပြက်တိုက်ခိုက်ခြင်းပင် ဖြစ်သည်။

ဂိုဏ်းခွဲမှူးကို လျှပ်တစ်ပြက်တိုက်ခိုက်လိုက်သူမှာ သန်မာထွားကျိုင်းကာ အရပ်အမောင်း မြင့်မားလှသော လူကြီးတစ်ယောက်ဖြစ်၍ မျက်နှာကို ပဝါစဖြင့် ဖုံးကွယ်ထားသည်။

ချူးချင်းကို ကြိုးများဖြတ်တောက်ပေးပြီး မြေပေါ်မှ ဆွဲထူပေးလိုက်သူမှာ သူနှင့်သက်တူရွယ်မျှရှိသည့် မိန်းမပျို တစ်ယောက် ဖြစ်သည်။

မိန်းမပျိုက 'ဟွေ'မိန်းကလေးများ ဝတ်ဆင်တတ်လေ့ရှိသည့် ဂါဝန်ပွပွကြီးကို ဝတ်ဆင်ထားသည်။

အထက်ပိုင်းမှာမူ အနီရောင်ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်ထားပြီး ခေါင်းစည်းပဝါမှာ အပြင်ရောင်ဖြစ်သည်။

ချူးချင်းသည် မြေပေါ်မှ ရုတ်တရက်ထလိုက်ပြီး ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ရန်သူများကို ရင်ဆိုင်လိုက်သည်။

ချူးချင်း၏အသက်ကို လျှပ်တစ်ပြက် ကယ်တင်ပေးလိုက်သူ လူထွားကြီးက အသံအောအောကြီးဖြင့်....

"ဟိတ်....မတရား မလုပ်ပါနဲ့၊ တစ်ယောက်တည်းကို ဝိုင်းတိုက်တာ မရှက်ဘူးလား"

"မင်းနဲ့ဘာဆိုင်လို့ ဝင်ရှုပ်ရတာလဲ၊ သေပေတော့"

"သတ်ကြစမ်း"

ဂိုဏ်းခွဲမှူးသုံးယောက်တို့က ခေါင်းဆောင်ကာ လူထွားကြီးကို ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြသည်။





တိုက်ပွဲအတွင်းသို့ ချူးချင်းရော မိန်းမပျိုပါ ဝင်ရောက်တိုက်ခိုက်လိုက်သည်။

လူထွားကြီးကိုင်ဆောင်ထားသော လက်နက်မှာ သံတုတ်ရှည် နှစ်ချောင်း ဖြစ်သည်။ သံတုတ်နှစ်ချောင်းမှာ စကြာသဏ္ဍာန် တဝှီးဝှီး တဝှစ်ဝှစ် လည်ပတ်ရင်း ကျယ်လောင်စွာ မြည်ဟည်းနေသည်။

"ဒုတ်"

"ခွမ်း"

"အား"

သံတုတ်လက်နက်မိ၍ ဝတ်စုံနက်များမှာ တစ်ယောက်ပြီး တစ်ယောက် မြေပေါ်သို့ မရှုမလှ လဲကျနေကြရသည်။

မိန်းမပျိုကိုင်ဆောင်ထားသောလက်နက်မှာ နှစ်ဘက်သွားဓားတစ်လက် ဖြစ်သည်။

သူမ၏ဓားချက်မှာလည်း လေထဲတွင် ပန်းများကြဲချလိုက်ဘိသကဲ့သို့ တဝင်းဝင်းတလက်လက်နှင့် ဓားရိပ်ဓားငွေ့များမှာ ရန်သူများဆီသို့ အဆက်မပြတ် ကျဆင်းလျက်ရှိ၏။

"အား"

"အင့်"

"အိုး"

ဝတ်စုံနက်များမှာ အထိနာနေကြရသည်၊ တစ်ယောက်ပြီး တစ်ယောက် မြေပေါ်သို့ တဗုန်းဗုန်း လဲကျနေကြရသည်။

ချူးချင်းကလည်း ခုန်ပျံတိုက်ခိုက်နေရာ သူတို့သုံးယောက်၏ အင်အားကို ဝတ်စုံနက်များ ကြာရှည်မခုခံနိုင်တော့ပေ။

"ဆုတ်ကြဟေ့"

"လူတွေမှဟုတ်ရဲ့လား မသိဘူး"

"ဆုတ်....ဆုတ်"

အဆိပ်သခင်၏ ဂိုဏ်းခွဲမှူး သုံးယောက်တို့သည် အခြေအနေ မဟန်တော့မှန်းရိပ်မိလိုက်ကြသဖြင့် နောက်သို့ အမြန်ဆုံး ခုန်ဆုတ်ကာ ဂိုဏ်းသားများဘက်သို့ အချက်ပြပြီး ဆုတ်ရန် အမိန့်ပေးလိုက်လေတော့၏။

ဂိုဏ်းသားများသည် ဂိုဏ်းခွဲမှူးများ၏ အမိန့်သံကိုကြားလိုက်ရသည်နှင့် နောက်သို့ဆုတ်သွားကြသည်။

"မင်းတို့သုံးယောက် ထမင်းဝဝစားထားကြ၊ ကြာခင်မှာ ငါတို့ပြန်လာမယ်"

"ငါတို့အကြောင်း သိရစေမယ်"

ဂိုဏ်းခွဲမှူးများက ချူးချင်းနှင့်လူထွားကြီးတို့နှစ်ယောက်ကို ကြုံးဝါးပြောဆိုလိုက်ပြီး နေရာမှ လျင်မြန်စွာ ထွက်ခွာသွားကြတော့သည်။

အဆိပ်သခင် ဂိုဏ်းသားများသည်လည်း သူတို့ဂိုဏ်းခွဲမှူးများနောက်သို့ လိုက်ပါသွားကြလေတော့သည်။



တစ်ခဏချင်းမှာပင် အဆိပ်သခင်ဂိုဏ်းခွဲမှူး သုံးယောက်နှင့် ဂိုဏ်းသားများသည်မီးခိုးငွေ့များလွင့်မျောသွားကြသည့်ပမာ ညအမှောင်တွင်လွင့်မျောပျောက်ကွယ်သွားကြလေတော့၏။

မြေပြင်ထက်တွင် ဝတ်စုံနက်များ၏ အလောင်းများသည် မြင်မကောင်းအောင် ဖရိုဖရဲနှင့် ပြန့်ကြဲကျန်ရစ်ခဲ့၏၊ စောစောက ဆူညံစွာ တိုက်ခိုက်နေခဲ့သောနေရာမှာ ယခုအခါ ပကတိကိတ်ဆိတ်သွားရလေတော့၏။

"ဦး နည်းနည်းနောက်ကျသွားတာကိုခွင့်လွှတ်ပါတူမောင်ချူးချင်း"

"ဟင်"

ကြားလိုက်ရသောစကားကြောင့် ချူးချင်း အံ့အားသင့်သွားမိသည်။

ဤ မျက်နှာဖုံးစွပ် လူထွားကြီးက သူ့ကို သိနေသောကြောင့်ပင်ဖြစ်သည်။

သူ အံ့အားသင့်နေစဉ်မှာပင် အသက်သခင်လူထွားကြီးက မျက်နှာပေါ်မှပဝါစကို ဆွဲချွတ်ပြလိုက်သည်။

ထိုအခါ ဥပမိရုပ် တည်ကြည်ခံ့ညားလှသော လူကြီးတစ်ယောက်၏ မျက်နှာကိုချူးချင်းတွေ့လိုက်ရလေသည်။သို့သော် ထိုလူထွားကြီးကို ချူးချင်းတစ်ခါမှမမြင်ဖူးပေ။

ချူးချင်းက ထိုသူကိုလက်နှစ်ဘက်ဆုပ်ဂါရဝပြုလိုက်ပြီး....

"ကျွန်တော့်အသက်ကို ကယ်တင်လိုက်တဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်၊ ဦးကကျွန်တော့်ကို သိနေလို့လား၊ ဦးနာမည်ကို သိပါရစေလား"

ထိုလူကြီးကတည်ကြည်သောအသံဖြင့်....

"ဦးနာမည်က ကျူမင်တဲ့ကွ မှတ်ထား၊ ဦးကသွေးပင့်ကူ ဂိုဏ်းချုပ်ကြီးပါပဲ"

"ဟင်"

ချူးချင်းမှာ တအံ့တဩဖြစ်သွားရပြန်သည်။

ယခု သူသည် မမျှော်လင့်ဘဲ သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်း၏ အဓိပတိဂိုဏ်းချုပ်ကြီးတစ်ယောက်၏ ကယ်တင်ခြင်း ခံလိုက်ရကာ မျက်နှာချင်းဆိုင်ဆုံတွေ့နေရလေပြီ။

"သူက ဦးရဲ့သမီးကလေး မေဝှားလို့ခေါ်တယ်၊ သိုင်းလောကမှာတော့ သွေးနှင်းဆီလို့ခေါ်ကြတယ်"

"ဟုတ်....ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

"ခစ်"

မိန်းမချောလေးမေဝှားက ချူးချင်း၏ အမူအရာကိုကြည့်၍ ခစ်ခနဲတစ်ချက်ရယ်မောလိုက်သည်။

မေဝှားကလည်း မျက်နှာဖုံးပဝါစကို ဖြုတ်ပစ်လိုက်ရာ တိမ်တိုက်များအတွင်းမှ ထိုးထွက်လာသောလမင်းအလား ဖြူဝင်းနုစိုသောမျက်နှာကလေး ထွက်ပေါ်လာခဲ့ရလေ၏။

ရွှန်းလဲ့ဝိုင်းစက်သောမျက်လုံး၊ ဖြောင့်စင်းသောနှာတံ၊ နီထွေးထွေးနှုတ်ခမ်းအစုံနှင့်အတူ ပါးပြင်မို့မို့ကလေး နှစ်





ဘက်က မိန်းမချောလေး၏အလှကို ထပ်ဆင့်ဖြည့်စွက်ထားပြန်လေ၏။

သူမ၏ နက်မှောင်သောဆံပင်များကို အပြာရောင် ပဝါစဖြင့် စည်းနှောင်ထားသည်။

ရွှေရင်အစုံမှာ တောင်ပူစာကလေးနှစ်လုံးလို မို့မောက်လျက် ရှိနေပြီး သေးကျဉ်သောခါးနှင့်အတူ စွင့်ကားသောတင်ပါးတို့က မိန်းမတို့၏ကျက်သရေကို အထင်သားလှစ်ဟပြထားလျက်ရှိ၏။

ချူးချင်းမှာ မေဝှားက ခစ်ခနဲရယ်လိုက်သံကြောင့်မျက်နှာတစ်ခုလုံး နီမြန်းသွားရသည်။ မနေတတ်မထိုင်တတ်လည်းဖြစ်သွားသည်။

"ဟုတ်ကဲ့....ဂိုဏ်းချုပ်ကြီးကို ကျွန်တော် အရိုအသေပြုပါတယ်"

ချက်ချင်းပင် ချူးချင်းက လက်နှစ်ဘက်ဆုပ်ပြီး သွေးပင့်ကူ ဂိုဏ်းချုပ်ကြီးကျူမင်အား အရိုအသေပြုလိုက်သည်။

ကျူမင်က သဘောကျသွားဟန်ဖြင့် တဟဲဟဲ ရယ်မောလိုက်ပြီး....

"ချူးချင်း....မင်း ငါ့ကို ဘာမှအားနာနေစရာ မလိုပါဘူး၊ ငါဟာ မင်းဖခင်ရဲ့မိတ်ဆွေပဲ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ငါက ဒီစုကျားရွာကိုလာရင်း မင်းမိဘတွေနဲ့ရင်းနှီးခဲ့ကြတယ်၊ ရင်းနှီးကြရင်း မင်းမိဘတွေက ငါ့ကို မင်းအကြောင်းပြောပြပြီး တကယ်လို့ရောက်လာရင် အတတ်နိုင်ဆုံးကာကွယ်

စောင့်ရှောက်ဖို့ မှာကြားထားခဲ့တယ်၊ ဒါပေမယ့် ငါ့မှာ တာဝန်ပျက်ကွက်ခဲ့တာကတော့ မင်းမိဘတွေရဲ့ အသက်ကို တော့ ကာကွယ်မပေးနိုင်ခဲ့ဘူး၊ ဒီကနေ့မှ ငါဟာငါ့လူတွေနဲ့ မြောက်ပိုင်းကနေပြန်ရောက်လာတာ၊ သတင်းကြားကြားခြင်း လိုက်လာခဲ့ကြတာပဲ၊ ဒီရောက်တော့ မင်းကို ဟိုကောင်တွေ သတ်တော့မယ့်ဆဲဆဲမှာ ငါကဝင်ပြီးကူညီးပေးလိုက်ရတာပဲ၊ မင်းမိဘတွေအတွက် ငါ့ကိုခွင့်လွှတ်ပါ''

''အို....တောင်းပန်နေစရာ မလိုပါဘူးဦးရယ်၊ ဒီအတွက် စိတ်မကောင်းဖြစ်မနေပါနဲ့တော့''

''ကိုင်း....အချိန်လဲမရှိတော့ဘူး၊ ကျုပ်တို့ဂိုဏ်းဌာနချုပ်ကိုသာ လိုက်ခဲ့ပါ၊ မောင်ရင့်ကို ပြုစုစောင့်ရှောက်ဖို့ ကျုပ်မှာ တာဝန်ရှိပါတယ်''

''ဟုတ်ပါတယ်အစ်ကို....ညီမတို့နဲ့ တစ်ခါတည်းသာလိုက်ခဲ့ပါ''

မိန်းမချောလေးမေဝှား ကလည်း ဝင်ရောက် ပြောကြားလိုက်သည်။

ချူးချင်းမှာ အခြား ရွေးစရာ နည်းလည်း မရှိတော့ပေ။ မီးစင်ကြည့်ကရန်သာ ရှိပေတော့သည်။

သိုင်းလောကသို့မဝင်ရောက်မီ သူသည် သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်၏ စခန်းသို့ ခေတ္တလိုက်နေရန် ဆုံးဖြတ်လိုက်မိ၏။





ထို့ကြောင့် သူက မိဘနှစ်ပါးကို ရည်မှန်းကာ မီးလောင်ပြင်ပြာပုံဆီသို့ ဒူးထောက် ကန်တော့လိုက်ပြီးနောက် ပြန်လည် မတ်တတ်ရပ်လိုက်သည်။

သူက ကျူမင်ကို....

''ကောင်းပါပြီ၊ ကျွန်တော် ဦးတို့နဲ့ လိုက်ခဲ့ပါ့မယ်''

''ကိုင်း....သွားကြစို့''

ထို့နောက် ကျူမင်နှင့် မေဝှားတို့က ဦးဆောင်ကာ စုကျားရွာကလေးမှ အမြန်ဆုံးထွက်ခွာလာခဲ့ကြလေတော့၏။

* * *

အခန်း (၇)

## တစ်ဖက်သတ် ချစ်သူ

အာထိုင်စန်တောင်။

အလွန်မြင့်မားမတ်စောက်သော ကျောက်တောင်ကြီးတစ်
လုံးဖြစ်သည်။ တောင်ထိပ်မှာအလွန်မြင့်မားပြီး တောင်တက်
လမ်းများမှာ ကျောက်ဆောင် ကျောက်စွန်းများနှင့် ပြည့်နှက်
လျက်ရှိ၏။

အချို့နေရာများတွင် နက်ရှိုင်းသော ချောက်နက်ကြီး
များရှိပြီး ထိုချောက်နက်ကြီးများပေါ်တွင် ကျိုးပဲ့ပျက်စီး
နေသော တံတားအို တံတားဆွေးများရှိ၏။ ချောက်နက်
ကြီးများအတွင်းမှ အခိုးအငွေ့များကလည်း အထက်သို့ တလူ
လူ ထိုးတက်လျက်ရှိ၏။



အချို့တောင်ကမ်းပါးယံများမှ တောင်တက်လမ်းများမှာ
ကျဉ်းမြောင်းလှပြီး တစ်ဘက်တွင် ချောက်ကြီးများ ရှိနေ၏။
ဤမျှအန္တရာယ်များပြားလှသော လမ်းများကိုကျော်ပြီးမှသာ
လျှင် အာထိုင်စန် တောင်ထိပ်သို့ ရောက်ရှိမည် ဖြစ်၏။

ဤကဲ့သို့သော ကြောက်မက်ဖွယ်ရာ အနေအထားဆိုး
မျိုးရှိသည့် တောင်ထိပ်ကိုမှ သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်
က ရွေးခြယ်ပြီး သွေးပင့်ကူဂိုဏ်းစခန်းကြီးကို တည်ဆောက်
ထားခဲ့သည်။

လူသူအရောက်အပေါက် ကျဲပါးသော ခေါင်လွန်းသော
ဤအရပ်ဤဒေသလို နေရာမျိုးတွင် သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်း
ရှိနေလိမ့်မည်ဟု မည်သူကမှ မှတ်ထင်ယူဆ မိကြလိမ့်မည်
မဟုတ်ပေ။

ထို့ကြောင့်ပင် ကျူမင်က ဤတောင်ထိပ်တွင် သွေးပင့်
ကူ ဂိုဏ်းစခန်း ဌာနချုပ်နေရာယူရန် ဆုံးဖြတ်ခဲ့ခြင်းပင် ဖြစ်
၏။ တောင်ထိပ်တွင် ကြီးမားသော တဲအိမ်ကြီးများရှိပြီး တဲ
အိမ်ကြီးများဝိုင်းရံထားသည့် အလယ်ခေါင်တွင် အတော်
အသင့် ကျယ်ဝန်းသည့် ခြံဝင်းတစ်ခု ရှိနေသည်။

ထိုခြံဝန်းထဲတွင် အခိုင်အခံ့ ဆောက်လုပ်ထားသော
အဆောက်အအုံ ကြီး တစ်ခုက ရှိနေသည်။

ထိုအဆောက် အအုံကြီးသည်ကား သွေးပင့်ကူ ဂိုဏ်းချုပ်
ကြီး စံမြန်းရာ သွေးပင့်ကူ အဆောက်အအုံကြီးပင် ဖြစ်၏။

ကျူမင်၏ လက်အောက်တွင် ဂိုဏ်းခွဲမှူးပေါင်းများစွာနှင့် ဂိုဏ်းသားများ ရှိနေကြသည်။

ချူးချင်းသည် သွေးပင့်ကူဟူသောအမည်ကို တစ်ခါမှ မကြားဖူးပေ။ သို့သော်သူသည် သခင်ကျေးဇူးရှင်ဟူသော အသိဖြင့်သာ လိုက်ပါလာခဲ့ခြင်းပင်ဖြစ်သည်၊ ယခုသွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျူမင်က သူ့အတွက်ညစာနှင့် တည်ခင်းဧည့် ခံနေခြင်းပင် ဖြစ်၏။

ကျောက်စားပွဲဝိုင်းကြီးထက်တွင် မွှေးကြိုင်သင်းပျံ့သော အရက်အိုးများ၊ အပူခငွေ့များ တထောင်းထောင်းထွက်ပေါ် နေသည့် ဟင်းလျာပွဲများ၊ ဟင်းချိုပွဲများနှင့် ပြည့်နှက်လျက် ရှိ၏။

သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်က အရက်ခွက်တစ်ခွက် ကို ချူးချင်းထံသို့ ကမ်းပေးလိုက်ရင်း....

"ကိုင်း....သုံးဆောင်လိုက်ပါဦး မောင်ရင်၊ ဒီအရက်က မဟာတံတိုင်းကြီး အပြင်ဘက်ကလာတဲ့ အကောင်းစား အရက်ဖဲကွယ့်၊ ဒီမှာ ဘာမှအားနာနေစရာမလိုပါဘူး၊မောင် ရင့်မိတ်ဆွေတွေက ကျုပ်အပေါ်မှာ ပြုစုခဲ့တာတွေ အများကြီး ရှိပါတယ်"

"ဟုတ်ကဲ့ခင်ဗျာ"

ချူးချင်းမှာ မငြင်းသာတော့ဘဲ ကျူမင်ကမ်းပေးလာ သော အရက်ခွက်ကို လှမ်းယူလိုက်ရသည်။သောက်ကြည့်သော





အခါ သင်းပျံ့ချိုမွှေးသော အရက်၏ အရသာကို တွေ့လိုက် ရပြီး လည်ချောင်းတစ်လျှောက် နွေးထွေးပူဆင်းသွားသည်၊ အရက်အရှိန်ကြောင့် သူ့တစ်ကိုယ်လုံး နွေးသွားသလို လည်း ခံစားလိုက်ရသည်။

သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်က အစိမ်းရောင်တဖိတ် ဖိတ်တောက်ပနေသော အပေါ် ဝတ်ရုံလွှာကြီးကို ဝတ်ဆင် ထားသည်။ သူ၏တစ်ဘက်တစ်ချက်တွင် မီးခိုးရောင်ဝတ်စုံနှင့် သက်တော်စောင့် ခါးသမားနှစ်ယောက်က ကျောက်ရုပ်များ ပမာ မလှုပ်မယှက် ရပ်နေကြသည်။

ချူးချင်းနှင့် မလှမ်းမကမ်းမှ ထိုင်နေသူမှာ အနီရောင်ဝတ် စုံနှင့် မိန်းမချောလေး သွေးနှင်းဆီဘွဲ့ရ မေဝှားပင် ဖြစ်၏၊ မေဝှားသည် အစွမ်းကုန်ပြင်ဆင်ထားရာ လှချင်တိုင်းလှလျက် ရှိနေပေတော့သည်။

သူ၏ ဖြူဝင်းသော အသားအရေနှင့် အနီရောင်ပိုးသား ဝတ်စုံတို့မှာ အလွန် လိုက်ဖက်လှပေရာ မိုးပေါ်မှကျလာသည့် နတ်မိမယ်ကလေးတစ်ပါးအလား ထင်မှတ်ရလောက်ပေသည်။

"ကိုင်း....အစ်ကို သုံးဆောင်လိုက်ပါဦးရှင်"

မေဝှားကလည်း အသံလွင်လွင်ကလေးနှင့် ပြောကြား ရင်းက နောက်ထပ် အရက်တစ်ခွက် ကမ်းပေးလိုက်ပြန်သည်။ ချူးချင်းမှာ မငြင်းသာတော့ဘဲ သောက်လိုက်ရပြန်သည်။ ဂိုဏ်းချုပ်ကြီးကျူမင်၏ အနီးတွင်ထိုင်နေသူမှာ လက်ထောက် ဂိုဏ်းချုပ်ကြီး ထန်ချီယွမ်ဆိုသူ ဖြစ်သည်။

လက်ထောက် ဂိုဏ်းချုပ်ကြီး ထန်ခီယွမ်၏ ညာဘက်မှ ကြွက်မျက်လုံးလို မျက်လုံးနီနီ ပိန်ပိန်ရှည်ရှည်ပုဂ္ဂိုလ်မှာ ဂိုဏ်းခွဲမှူးကြီး ဖန်းဟူဖိန်ဆိုသူ ဖြစ်သည်။

ဂိုဏ်းခွဲမှူးကြီး ဖန်းဟူဖိန်၏မျက်နှာမှာ ကောက်ကျစ်စဉ်းလဲမည့် မျက်နှာမျိုးပင် ဖြစ်ချေသည်။

ဂိုဏ်းခွဲမှူးကြီး ဖန်းဟူဖိန်၏ အကြည့်သည် အေးစက်စက်နိုင်လွန်လှကာ ထိုအကြည့်သည် အေးစက်စက်မြွေးသွားမျိုးဟု ချူးချင်း မှတ်ထင်ယူဆလိုက်မိသည်။

ကျန်နှစ်ယောက်မှာ ဖန်းဟူဖိန်လက်အောက်မှ ဂိုဏ်းခွဲမှူးနှစ်ယောက်တို့ပင် ဖြစ်သည်။

တစ်ယောက်က ကျားမျက်လုံး ဝမ်ယန်ဖြစ်ပြီးတစ်ယောက်မှာ လင်းနို့ ထိုက်ဟိုဆိုသူ ဖြစ်သည်။ ထိုနှစ်ယောက်ကလည်း အစွမ်းထက်သော သိုင်းပညာရှင်များပင် ဖြစ်ကြသည်။

ထို့ကြောင့် ကျူမင်၏ သွေးပင့်ကူဂိုဏ်းမှာ အင်အားအတော်အသင့် ကြီးမားသော သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းဟု အသိအမှတ်ပြုရမည်သာ ဖြစ်ပေသည်။

သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

''တူမောင်သိထားဖို့က ဦးတို့ရဲ့သိုင်းဂိုဏ်းကြီးဟာ သိုင်းလောကမှာ ဒီလောက်အထိ နှစ်ပေါင်းများစွာ ရပ်တည်နေနိုင်ခြင်းဟာ မကောင်းသူပယ် ကောင်းသူကယ် လုပ်ငန်းတွေဆောင်ရွက်တယ်၊ ဒုက္ခရောက်နေတဲ့ သိုင်းလောကသားတွေ



ကို ကူညီစောင့်ရှောက်တယ်၊ ဒုစရိုက် သိုင်းသမားတွေကို ချေမှုန်းတယ်....

''ဒီလို လုပ်ငန်းကောင်းတွေကြောင့် ဦးတို့ရဲ့ သွေးပင့်ကူဂိုဏ်းကြီးဟာ ဒီလောက်အထိ ရပ်တည်နေနိုင်ခဲ့တာပေါ့၊ဦးတို့ဂိုဏ်းမှာ မေစင်ရင့်လို အစွမ်းထက်မြက်တဲ့လူတော်လူကောင်း သိုင်းသမားတွေ ပါဝင်လာမယ်ဆိုရင် သိုင်းလောကအတွက် အထူးအားတက်စရာပါပဲ၊ တူမောင်သာ ဦးရဲ့ သွေးပင့်ကူဂိုဏ်းထဲ ဝင်မယ်ဆိုရင် ဂိုဏ်းခွဲမှူးတစ်ယောက်အနေနဲ့ အသိအမှတ် ပြုပါ့မယ်''

သွေးနှင်းဆီ မေဝှားကလည်း အသံလွင်လွင်ကလေးနှင့်....

''ဟုတ်ပါတယ် အစ်ကို၊ မေဝှားတို့ရဲ့သွေးပင့်ကူဂိုဏ်းဟာ အဖြူရောင် သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းပါ၊ ဒီမှာရှိနေတဲ့ သိုင်းသမားတွေကလဲ အဖြူရောင် သစ္စာဘက်တော်သား သိုင်းသမားတွေချည်းပါပဲ၊ ညီမတို့ဂိုဏ်းကို အစ်ကိုဝင်ဖို့ ညီမ ဖိတ်ခေါ်လိုက်ပါရစေ''

ချူးချင်းက လေးနက်တည်ကြည်သော လေသံဖြင့်....

''ဦးက ကျွန်တော့် အသက်သခင် ကျေးဇူးရှင်ပါ၊ ဦးရဲ့ စကားကို ကျွန်တော် မငြင်းပယ်လိုပါဘူး၊ ဒါပေမယ့် ကျွန်တော့်ကို စဉ်းစားခွင့် ပြုပါဦး''

ချူးချင်းက စကားကို မယုတ်မလွန် ပြောကြားလိုက်သည်။ သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ရင်း....

"ရပါတယ်လေ၊ ဒါက မောင်ရင့်ဆန္ဒအတိုင်းပါပဲ၊ဦးတို့က အရမ်း မတိုက်တွန်းလိုပါဘူး၊ ကိုင်း....ဟင်းလျာပွဲများကို သုံးဆောင်လိုက်ပါဦး"

ထို့နောက် သူတို့သည် ညစာကို တပျော်တပါး သုံးဆောင်လိုက်ကြလေသည်။

ညစာစားသောက်ပြီးနောက် ချူးချင်းသည် သူ့ကို သီးသန့် နေရာပေးထားရာ အဆောက်အအုံကြီး၏ မြောက်ဘက်အစွန်ရှိ အခန်းဆီသို့ ပြန်လာခဲ့သည်။

သူသည် ခုတင်ထက်တွင် လဲလျောင်းကာ ရှေ့ဆက်ရမည့် ခရီးကို စဉ်းစားတွေးတောနေမိသည်။

ယခု သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျူမင်က သူ့ဂိုဏ်းအတွင်းသို့ မိမိဝင်ရောက်ရန် တိုက်တွန်းလျက်ရှိ၏။ မိမိသည် ယခင်က သွေးပင့်ကူဂိုဏ်းကို နာမည်ပင် ကြားဖူးခြင်းမရှိဘဲ အဆက်အသွယ်လည်း မရှိပေ။

မိမိ စုကျားရွာသို့ပြန်လာပြီး မိဘနှစ်ပါး၏ ပြာပုံရှေ့တွင် ကန်တော့နေခိုက် ရန်သူများရောက်လာပြီး မိမိကို တိုက်ခိုက်ခြင်း ဖြစ်သည်။

မိမိ အရေးနိမ့်တော့မည့်ဆဲဆဲ သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင် ရောက်ရှိလာပြီး မိမိအသက်ကို ကယ်တင်ပေးလိုက်ခြင်းပင် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်မှာ သူ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်နေသည်။



ထို့ပြင် ကျူမင်၏စကားအရ သွေးပင့်ကူဂိုဏ်းမှာ အဖြူရောင် သိုင်းဂိုဏ်းကြီး တစ်ဂိုဏ်းဖြစ်ပြီး အမှန်တရား လမ်းကြောင်းပေါ်မှ လျှောက်လှမ်းနေသော မကောင်းသူ ပယ် ကောင်းသူကယ်သူများ ဖြစ်သည်။

ထို့ကြောင့် သူသည် သွေးပင့်ဂိုဏ်းသို့ဝင်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ နောက်တစ်ချက်မှာ မေဝှား၊ အလှသခင်မလေး မေဝှား။ မေဝှားသည် အတော်ကလေးလှသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သို့သော် မေဝှား၏ အလှမှာ ပူလောင်သော အလှမျိုး ဖြစ်သည်။

မေဝှားက ဖျတ်လတ် သွက်လက်လွန်းလှသည်။

ရဲတင်းလွန်းလှသည်။ လှတော့လှသည်။

သို့သော် အန္တရာယ်များသော အလှမျိုး ဖြစ်သည်။

သူက စဉ်းစားရင်းနှင့် မျက်လုံးများ မှေးစင်းလာသည်။

ခရီးက ပန်းလာပြီဖြစ်ရာ ချူးချင်းမှာ မျက်တောင်များ လေးလံလာပြီး မကြာမီမှာပင် အိပ်မော ကျသွားရလေတော့၏။

* * *

သူ မည်မျှ အိပ်မောကျသွားသည် မသိ၊ သူ့နားထဲတွင် အဝတ်လေတိုးသံတစ်ချက် ကြားလိုက်ရသဖြင့် ဖျတ်ခနဲလန့်နိုးလာရသည်။

သူက အဝတ်လေတိုးသံ ကြားရာဘက်ဆီသို့ လှမ်းကြည့်လိုက်ရာ ပြတင်းပေါက်တွင် လူရိပ်တစ်ရိပ် လွှားထွက်သွားသည်ကို တွေ့လိုက်ရသည်။

သူက ခုတင်ပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်ပြီး ပြတင်းပေါက် အပြင်သို့ လှသားထွက်ကာ လူရိပ်ပြေးထွက်သွားရာဘက်သို့ လှမ်းကြည့်လိုက်သည်။

စခန်းအပြင်ဘက်သို့ လူရိပ်တစ်ရိပ်ပြေးလွှားထွက်ခွာသွားသည်ကို တွေ့မြင်လိုက်ရသည်။

ထိုသူသည် ငွေရောင် ကိုယ်ကျပ်ဝတ်စုံကို ဝတ်ဆင်ထားသည်ကိုလည်း လှမ်းမြင်လိုက်ရသည်။

ယောကျ်ားလော၊ မိန်းမလော ဆိုသည်ကိုတော့ ခွဲခြားမရပေ။

ထို့ကြောင့် ချူးချင်းသည် ဘာကိုမျှ စဉ်းစားမနေတော့ဘဲ လူရိပ်ပြေးထွက်ရာ နောက်သို့ ထိပ်တန်း ကိုယ်ဖော့အစွမ်းသုံးကာ ပြေးလိုက်သွားသည်။

မကြာမီ သူသည် စခန်းအပြင်ဘက် တောစပ်သို့ ရောက်သွားသည်။

ရှေ့မှ ပြေးနေသောလူရိပ်သည် လေခတ်သကဲ့သို့ လျင်မြန်လွန်းလှပေသည်။

အစက်အပြောက်တစ်ခုသဖွယ် နိမ့်ချည်မြင့်ချည်နှင့် ပြေးလွှားလျက် ရှိ၏။





ချူးချင်းကလည်း လေတိုက်ခတ်သလို နောက်မှ ပြေးလိုက်နေသည်။

မကြာမီ အောက်ခြေမှနေ၍ အခိုးအငွေ့များ တလူလူ ထိုးထွက်နေသည့် ချောက်ကြီးတစ်ခု၏ နှုတ်ခမ်းဝသို့ ရောက်ရှိလာခဲ့ကြသည်။

ထိုနေရာသို့ ရောက်မှ ရှေ့မှ ပြေးနေသူသည် ခြေလှမ်းများ ရပ်တန့်လိုက်သည်။

ထိုသူက နောက်သို့ ချာခနဲ လှည့်ပြီး ချူးချင်းကို ရင်ဆိုင်လိုက်သည်။

ချူးချင်းက မျက်နှာချင်းဆိုင်မှ ရပ်နေသူကို စူးစိုက်ကြည့်လိုက်ရာ ငွေရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အသက်သုံးဆယ်ကျော်ခန့် သိုင်းသမားတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုသူကို ချူးချင်း တစ်ခါမှ မမြင်ဖူးပေ။

သို့သော် ထိုသူ၏ စူးရှ တောက်လက်သော မျက်လုံးအစုံကို ကြည့်ရခြင်းအားဖြင့် ထိပ်တန်း အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်ကြောင်းကိုတော့ ချူးချင်း ရိပ်စား မိလိုက်သည်။

ထူးခြားချက်မှာ ထိုသူက ကျောတွင် ဓားနှစ်လက် လွယ်ထားခြင်းပင် ဖြစ်သည်။

“ဟိတ်....ခင်ဗျား ဘယ်သူလဲ”

ချူးချင်းက သူ့ကို စူးစိုက်ကြည့်နေသော ငွေရောင်ဝတ်စုံနှင့် သိုင်းသမားကို မေးမြန်းလိုက်သည်။

ငွေရောင်ဝတ်စုံနှင့် သိုင်းသမားက အေးစက်စက် ရယ်မောလိုက်ပြီး....

"ငါဟာ မင်းရဲ့ သေမင်းပဲ"

"ခင်ဗျားနဲ့ကျုပ် ဘာရန်ငြိုးရန်စမှလဲ မရှိဘူး၊ ဘာဖြစ်လို့ တိုက်ခိုက်သတ်ဖြတ်ချင်ရတာလဲ"

ချူးချင်းက နားမလည်စွာဖြင့် မေးမြန်းလိုက်သည်။

ငွေရောင်ဝတ်စုံနှင့် သိုင်းသမားက အေးစက်စက် လေသံဖြင့်ပင်....

"မင်းနဲ့ငါက ဘာရန်ငြိုးရန်စမှ မရှိပေမယ့် မင်းမိဘတွေနဲ့တော့ အတော််ကို ရန်ငြိုးဖွဲ့ခဲ့ဖူးတယ်၊ မင်းမိဘတွေက အခု မရှိတော့ဘူးဆိုတော့ မင်းကိုပဲ ကျူပင်ခုတ် ကျူငုတ်မကျန် သတ်ပစ်ရတော့မှာပဲ"

"ကျုပ်....မိဘတွေကို သတ်တာ ခင်ဗျားလား"

"မဟုတ်ဘူး"

"ဒါဆို ဘယ်သူသတ်တာလဲ"

"တစ်နေ့ကျရင် မင်း သိလာရမှာပေါ့ကွာ၊ လောလောဆယ်တော့ စောပါသေးတယ်၊ ခုတော့ ငါနဲ့ အလျှင်ဆုံး ယှဉ်ကြည့်လိုက်စမ်းပါဦး"

"ခင်ဗျားနဲ့ကျုပ် မတိုက်ခိုက်ချင်ဘူး"





ချူးချင်းက ပြတ်သားသော လေသံဖြင့် ပြောကြားလိုက်သည်။

ငွေရောင်ဝတ်စုံရှင်က မျက်မှောင် ကြုတ်လိုက်ပြီး....

"ဘာကွ၊ မင်းက ဘာဖြစ်လို့ မတိုက်ချင်ရတာလဲ၊ ငါက မင်းနဲ့ အဖက်မတန်လို့လား"

ချူးချင်းက တစ်ချက် ပြုံးလိုက်ပြီး....

"ခင်ဗျားနဲ့ကျုပ် အဖက်မတန်လို့ မဟုတ်ပါဘူး၊ ကျုပ်က ခင်ဗျားကို မသိဘဲ မတိုက်ခိုက်ချင်လို့ပါ"

"ဩော်....ဒီလိုလား၊ ငါ့နာမည်က ဓားနှစ်လက် ပျံလွှားကျုံးလူလို့ ခေါ်တယ်၊ ငါနဲ့တွေ့ရင် ဘယ်သူမဆို မပြန်လမ်းကို ကြွမြန်း သွားရတာချည်းပဲ၊ ကိုင်း...ငါ့ကို သိပြီလား၊ တိုက်ခိုက်ဖို့သာ ပြင်ပေတော့"

"ဒါပေမယ့် ကျုပ်က ခင်ဗျားနဲ့ မတိုက်ခိုက်ချင်ဘူးဗျ"

"ဟိတ်ကောင်....မင်းက စကားကို အမျိုးမျိုးပြောနေတယ်၊ အခုဘာဖြစ်ရပြန်ပြီလဲ"

ငွေရောင်ဝတ်စုံရှင်က စိတ်မရှည်ဟန်ဖြင့် ချူးချင်းကို အော်ငေါက်ပြောကြားလိုက်သည်၊ ချူးချင်းက ဟက်ခနဲရယ်မောလိုက်ပြီး....

"ခင်ဗျား ဘယ်သူဘယ်ဝါသိရပေမယ့် ခင်ဗျားနဲ့ ကျုပ်က ဘာရန်ငြိုးရန်စမှရှိတာမဟုတ်ဘူး၊ ဒီတော့ ကျုပ်မတိုက်ခိုက်ချင်ဘူး၊ ဒါပေမယ့်တစ်ခုတော့မေးရမယ်"

"ဘာလဲကွ"

"ခင်ဗျား ဒီတောင်ပေါ် ဘာလာလုပ်တာလဲ"

"မင်းကို သတ်ရအောင်လာခဲ့တာ"

"ဟား....ဟား....ဟား"

ချူးချင်းကရယ်မောလိုက်သည်။ ငွေရောင် ဝတ်စုံရှင်က မျက်မှောင်ကြုတ်လိုက်ပြီး....

"ဟိတ်ကောင်....မင်းကဘာရယ်တာလဲ"

ချူးချင်းက....

"ကျွန်တော် သဘောကျသွားမိလို့ပါ"

"ဘာကိုလဲ"

"ကျွန်တော့်ကိုသတ်မယ်ဆိုတာကိုပါ"

"အဲဒါရယ်စရာလားကွ၊ မင်းသေရမှာတဲ၊ ဒါ ပျော်ရွှင်စရာမဟုတ်ဘူး၊ မင်းအတွက် မရှုမလှသေရမှာ"

မားနှစ်လက်ပုံလွှားကျူးလူက စိတ်ဆိုး မာန်ဆိုး အော်ငေါက် ပြောကြားလိုက်သည်။

"ကိုင်း....ကြာတယ်ကွာ၊ မင်း သေဖို့သာ ပြင်ပေတော့"

ဓားနှစ်လက်ပုံလွှားကျူးလူကစူးရှခက်ထန်စွာပြောကြားလိုက်ပြီးနောက် ကျောမှပိုးလွယ်ထားသော ဓားနှစ်လက်ကို ရှမ်းခနဲဆွဲထုတ်ပစ်လိုက်သည်။

ဓားများမှာ ဖြူဖွေးတောက်ပနေပြီး အသွားများမှာမြနေသည်။

ဓားကောင်းများပင်ဖြစ်သည်။

ချူးချင်းက မုံးမထုတ်ဘဲ....





"ကိုင်း....ခင်ဗျား ကျုပ်ကိုထိအောင်ခုတ်ပေတော့"

"မင်းက မင်းကိုယ်မင်း သိပ်အထင်ကြီးနေသလား၊ သေရမှာကို မကြောက်ဘူးလား"

ကျူးလူက စူးစမ်းသောလေသံဖြင့် မေးမြန်းလိုက်သည်၊ ချူးချင်းက—

"ကျွန်တော်က အသက်ငယ်ငယ်လေးပဲရှိသေးတယ်၊ မသေချင်သေးပါဘူးဗျာ"

"ဒါဆို မင်းကသေရမှာကိုကြောက်နေတာပေါ့၊ ငါကလဲ သေရမှာကို မကြောက်တဲ့ လူစားမျိုးကိုမှ သတ်ချင်နေတာ၊ ကိုင်း....ငါ့ဓားကိုကြည့်သာရှောင်ပေတော့"

စကားဆုံးသည်နှင့် ဓားနှစ်လက်ပုံလွှားကျူးလူက ဓားနှစ်လက်ကို ဝှေ့ယမ်းကာ ချူးချင်းထံသို့ ဓားသံတရှမ်းရှမ်းဖြင့် လူရောဓားပါ လွှားဝင်လာလေတော့၏။

"ယား"

"ရှမ်း....ရှမ်း"

ဓားရောင်များ ဖြူဖွေးတောက်ပသွားပြီးနောက် အဖြူရောင် ဓားအလင်းတန်းနှစ်ခုသည် ချူးချင်းထံသို့ လျှပ်စီးလက်သည့်ပမာ ဖွေးခနဲ၊လက်ခနဲ ဝင်ရောက်လာကြလေသည်။

ချူးချင်းမှာ ဓားနှစ်လက်ပုံလွှားကျူးလူ၏ ဓားချက်များလျှပ်တစ်ပြက်ဝင်ရောက်လာသည်နှင့် ဝံပုလွေဂူပြောင်း ခြေကွက်ကို အသုံးပြုကာ ခန္ဓာကိုယ်ကို အမြန်ဆုံးရွှေ့ပြောင်းပြီး ရှောင်တိမ်းပေးလိုက်ရသည်။

"ဝှီး....ဝှီး"

အေးစက်စက် ခါးလေတိုးသံနှင့်အတူ ခါးနှစ်လက်မှာ သူ့ကိုယ်နှိုက်ဘေးမှ ဝှီးခနဲပြေးထွက်သွားကြသည်။

ခါးနှစ်လက်ပျံလွှားကျူးလူမှာ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်နေခြင်းကြောင့် နက်ရှိုင်းသော ချောက်နက်ကြီး အတွင်းသို့ ထိုးကျမသွားရခြင်းပင်ဖြစ်သည်။

ကျူးလူက ခါးချက်များလွဲချော်သွားသည်နှင့် နောက်သို့ ချာခနဲပြန်လှည့်ကာ ချူးချင်းကိုဝက်ပါခါးကွက်နှင့် လှည့်ပတ် တိုက်ခိုက်ပစ်လိုက်သည်။ ခါးနှစ်လက်မှာ ကြောက်ခမန်းလိလိ အရှိန်နှင့် တိုးဝင်လာသည်။

ခါးရိပ်ခါးငွေ့များသည် ချူးချင်း၏ တစ်ကိုယ်လုံးအား လွှမ်းခြုံထားသည်။

ချူးချင်းမှာ လေထဲတွင် နဂါးတစ်ကောင်ပမာ ပျံဝဲရင်း မြူးဖွားသောခါးချက်များကို အမြန်ဆုံးရှောင်တိမ်းပေးနေရသည်၊

"ဟူး"

ချူးချင်းသည် ခြေကန်အားဖြင့် ကျောက်တုံးကြီးတစ်တုံး အပေါ်မှနေ၍ ချောက်နက်ကြီးနှုတ်ခမ်းမှ သစ်ငုတ်တိုကြီးတစ်ခု အပေါ်သို့ ပျံလွှားငှက် တစ်ကောင်ပမာ ကျရောက်သွားသည်။



"ယား"

ခါးနှစ်လက် ပျံလွှားကျူးလူက မာန်သွင်းသံပြုလိုက်ပြီး ခါးနှစ်လက်ဝှေ့ယမ်းကာ ချူးချင်းနောက်သို့ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါလာပြန်သည်။

ချူးချင်းမှာ တစ်ဘက်ရန်သူကို အထင်သေး၍မရတော့ကြောင်း ရှောင်တိမ်းပေးနေရင်းမှ ရိပ်စားမိလာသည်၊

ယခုအတိုင်း သူက လက်နက်မဲ့ ဆက်လက်ရှောင်တိမ်းပေးနေမည်ဆိုပါက မကြာမီအချိန်အတွင်း ခေါင်းတခြား ကိုယ်တခြား ဖြစ်ရပေတော့မည်၊

ထို့ကြောင့် ချူးချင်းမှာ ခါးမထုတ် မဖြစ်တော့သည့် အတိုင်း ကျောမှခါးကို အမြန်ဆုံးဆွဲထုတ်လိုက်ရကာ ဝဲယာခွဲဝင်လာသော ခါးနှစ်လက်ကို နဂါးနှစ်ကောင် မြေလျှိုး ခါးကွက်ဖြင့် အမြန်ဆုံး ခတ်ထုတ်ပစ်လိုက်ရလေတော့၏။

"ထန်း....ထန်း"

ချူးချင်း၏ နဂါးနှစ်ကောင် မြေလျှိုး ခါးချက်ကြောင့် ကျူးလူ၏ ဝဲယာခွဲ တိုက်ခိုက်လာသော ခါးနှစ်လက်မှာ ရုတ်ခြည်း ထန်းခနဲ မြည်ဟည်းကာ မီးများပွင့်ဖြာ ထွက်သွားရသည်။

ခါးနှစ်လက်မှာ မီးများ ပွင့်ဖြာထွက်သွားပြီးနောက် နောက်သို့ ပြန်ကန်ထွက်သွားရသည်။ ကျူးလူ ကိုယ်တိုင်မှာလည်း ချူးချင်း၏ ကြီးမားပြင်းထန်လှသော အတွင်းအား ခါးချက်ကြောင့် ကိုယ်တစ်ပတ် လည်ထွက်သွားရသည်၊

ကျုံးလူက သတိရှိသူပီပီ ကိုယ်ကို ဖျတ်ခနဲလှည့်ကာ ချူးချင်းကို ပြန်လည်ရင်ဆိုင်လိုက်သည်။

သူက ချူးချင်းလက်ထဲမှဓားကို တွေ့သွားပြီဖြစ်၏။ ချူးချင်းလက်ထဲမှဓားက နှစ်ဘက်သွားဓားဖြစ်ကာ လရောင်အောက်တွင် ပြာလဲ့လဲ့ တောက်ပလျှက် ရှိနေသည်။

ဓားသွားပေါ်တွင် ပန်းရိပ်ပန်းကွက် ပုံများဖော်ထားပြီး ရတနာဓားတစ်လက်ဖြစ်ကြောင်း သိသာလှပေသည်။

"အြော်....မင်းဓားက ရတနာဓားတစ်လက်ပဲ၊ ဒီဓားကို မင်း ဘယ်ကရလာတာလဲ"

ဓားနှစ်လက်ပိုင်ရှင်ကျုံးလူက ချူးချင်းလက်ထဲမှရတနာဓားကို တွေ့မြင်လိုက်ရလျှင် မျက်မှောင်ကြုတ်ပြီး မေးလိုက်မိသည်။ ချူးချင်းက ဟက်ခနဲ ရယ်မောလိုက်ပြီး....

"ဒီဓားက ကျွန်တော်တို့ မျိုးရိုးစဉ်ဆက်ကိုင်ခဲ့တဲ့ ရတနာဓားပါ၊ ဓားက ငှက်ခါးဓားလို့ခေါ်တယ်"

"ငှက်ခါးဓား....ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျား ကြားဖူးလို့လား"

"ကြားဖူးတာပေါ့ကွာ၊ ဒီငှက်ခါးဓားရဲ့လျှို့ဝှက်ချက်ကို မင်းကမသိသေးတော့ ငါကလဲ မပြောတော့ပါဘူး"

"ဒီဓားမှာ လျှို့ဝှက်ချက်တွေရှိတယ်....ဟုတ်လား"

ချူးချင်းက အံ့သြစွာနှင့် မေးမြန်းလိုက်သည်။ ကျုံးလူကမဲ့ပြုံးတစ်ချက် ပြုံးလိုက်ပြီး....



"ကောင်လေး၊ မင်း မသိတာတဲ ကောင်းတယ်၊ မင်းကိုသတ်ပြီးမှ မင်းဓားကို ငါယူမယ်"

ဓားနှစ်လက်ပိုင်ရှင် ကျုံးလူက စကားဆုံးသည်နှင့် ဓားနှစ်လက် ဝှေ့ယမ်းကာ ချူးချင်းထံသို့ လွှားဝင်လာပြန်သည်။ ချူးချင်းက ကျုံးလူကို မသတ်ချင်။ ထို့ကြောင့် ကျုံးလူ နောက်ဆုတ်သွားရန်သာ တိုက်ခိုက်ပစ်လိုက်သည်။

"ဝှစ်"

"ချွမ်း"

ချူးချင်း၏ ဓားချက်ကြောင့် ကျုံးလူ၏ ဓားနှစ်လက် နောက်သို့ပြန်ကန်ထွက်သွားရသလို ကျုံးလူ၏ အင်္ကျီရင်ဘတ်စမှာလည်း ဓားချက်ကြောင့် ကွဲထွက်သွားရသည်။

"ဟင်"

ကျုံးလူမှာ မျက်စိမျက်နှာပျက်ကာ နောက်သို့ ခုန်ဆုတ်သွားသည်။

ချူးချင်းက အေးစက်စက် ရယ်မောလိုက်ပြီး....

"စောစောက ကျွန်တော့်ဓားသာ ရှေ့ကိုနည်းနည်းလေး တိုးခုတ်လိုက်ရင် ခင်ဗျားဝမ်းဗိုက်ပွင့်ပြီး အူတွေ အခွေလိုက်ထွက်သွားမယ်၊ ကျွန်တော် ညှာလိုက်လို့၊ နို့မို့ရင် ခင်ဗျား မလွယ်ဘူး"

ကျုံးလူက ဓားနှစ်လက်ကို ပြန်သိမ်းလိုက်ရင်း....

"မင်းဟာ တော်တော် ကြောက်စရာကောင်းတဲ့ ကောင်လေးပဲ၊ နောင်တစ်ချိန်မှာ မင်းဟာ သိုင်းလောကမှာ လျှမ်း

လျှမ်းထေစက် အောင်မြင်ကျော်ကြားလာမယ့်ပုံ ရတယ်၊ ကိုင်း....ဒီတစ်ခါတော့ မင်းက အသာရသွားပြီ၊ နောက်တစ်ခါဆိုရင် ငါက ညှာလိမ့်မယ်မထင်နဲ့''

စကားဆုံးသည်နှင့် ခါးနှစ်လက်ပံ့လွှားကျုံးလူကတောင်ကြောအတိုင်း ပြေးထွက်သွားတော့သည်။

ချူးချင်းမှာ တစ်ဟုန်ထိုး ပြေးထွက်သွားသော ခါးနှစ်လက်ပံ့လွှား ကျုံးလူကို မျက်စိတဆုံး ငေးကြည့်နေမိသည်၊

ခါးနှစ်လက်ပံ့လွှား ကျုံးလူမှာ ထိပ်တန်း ကိုယ်ဖော့ပညာရှင်တစ်ယောက်ဖြစ်ပေရာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာပင် တောင်ကြောဆီမှ ပျောက်ကွယ်သွားလေတော့သည်၊

ချူးချင်းမှာ ဓားကို ပြန်သိမ်းရင်း ခေါင်းကို တစ်ချက်ခါယမ်းလိုက်မိသည်၊

သူသည် ခါးနှစ်လက်ကျုံးလူကို အလျင်က တစ်ခါမှ မမြင်ဖူးပေ။

ယခု မလွှဲသာ မရှောင်သာ၍ တိုက်ခိုက်ရခြင်းဖြစ်သည်၊

သူက မတိုက်ခိုက်လိုကြောင်း အတန်တန် ပြောနေသည့်ကြားမှပင် ကျုံးလူက တိုက်ခိုက်၍ သူက တန်ပြန် တိုက်ခိုက်လိုက်ရခြင်းပင် ဖြစ်သည်၊

သူက ညှာတာတိုက်ခိုက်လိုက်၍သာ ကျုံးလူ တစ်ယောက်အသက်ပျောက်မသွားရခြင်း ဖြစ်သည်။





သူက ကျုံးလူ၏ အင်္ကျီရင်ဘတ်ကိုသာ ခွဲပစ်လိုက်သည်၊ သို့မဟုတ်ပါက ကျုံးလူမှာ ဝမ်းဗိုက်ပွင့်သွားရပေမည်၊

''ဟူး''

ချူးချင်းက သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိသည်၊

ရှန်းမြသော လရောင်က တောင်ကြောကြီးတစ်ခုလုံးပေါ်သို့ ဖြာစဉ်ကျရောက်ကျက် ရှိနေ၏။

သူက လဝန်းကို မော့ကြည့်လိုက်မိသည်၊

လဝန်းကို မော့ကြည့်လိုက်ရင်းမှ သူသည် လုံစန်းတောင်မှ သူ၏ ချစ်မိတ်ဆွေ ဝံပုလွေများကို သွား၍ သတိရလိုက်မိသည်။

''ဩော်....ကျားနဲ့နဂါး''

သူက ဝံပုလွေဖြူကြီးနှစ်ကောင်၏ အမည်ကို ရေရွတ်တမ်းတ မိလိုက်သည်။

ဝံပုလွေဖြူကြီးနှစ်ကောင်မှာ သူ၏ငယ်စဉ်ကလေးကတည်းက ကစားဖော်ကစားဖက်များ မဟုတ်ပါလား။

ချူးချင်းက လရောင်အောက်တွင် အတန်ကြာ ရပ်နေပြီးမှ စခန်းဘက်သို့ ပြန်လည်ထွက်ခွာလာခဲ့လေတော့သည်။

❋ ❋ ❋

အာထိုင်စန် တောင်ပေါ်သို့ ချူးချင်းတစ်ယောက် ရောက်ရှိလာခဲ့သည်မှာ သုံးလနီးပါးမျှ ရှိလာခဲ့ရလေပြီ၊

ထိုကာလအတွင်း သူသည် သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး၏ သမီး မေဝှားနှင့် ခင်မင်ရင်းနှီးလာသည်။

မေဝှားက သူ့ကို တစ်ဘက်သတ် စွဲလမ်းနေသော်လည်း ချူးချင်းကမူ သိုင်းမောင်နှမသဘောမျိုးသာ ထားသည်။

မေဝှားအပေါ် ညီမလေး တစ်ယောက်ထက် ပို၍ မချစ်မိပေ။

လိပ်ပြာကလေးများက ပျံဝဲလျက် ရှိနေကြသည်။

ရေတံခွန်ကြီးဆီမှ ရေမှုန်ရေမွှားမျာ့းက ဝန်းကျင်သို့ လွင့်ပျံ့လျက် ရှိနေကြ၏။

ချူးချင်းသည် ကျောက်တုံးကြီးတစ်တုံးထက်၌ ထိုင်ကာ ရေမှုန်ရေမွှားများကြား ဖြစ်ပေါ်လျက် ရှိသော သက်တန့်ရောင်စုံကြီးကို ငေးမောကြည့်နေမိသည်။

"ဟေး....အစ်ကို"

သူက ခေါ်သံကြားရာဆီသို့ ကြည့်လိုက်ရာ ရေသူမလေး တစ်ယောက်အလား ရေအိုင်ကြီးအတွင်း ကူးခတ်လာသည့် မိန်းမချောလေး မေဝှားကို တွေ့မြင်လိုက်ရသည်။

ရေတံခွန်မှ ရေများက ထိုရေအိုင်ကြီးအတွင်းသို့ တဝေါဝေါ စီးကျလျက် ရှိနေ၏။

ယခု မေဝှားက ရေသူမလေး တစ်ယောက်ပမာ ရေအိုင်ကြီးအတွင်းမှ ကူးခတ်လာနေခဲ့သည်။





"မေဝှားပါလား၊ အစ်ကိုတောင် ညီမကို မတွေ့မိဘူး"

ချူးချင်းက အော်ဟစ် ပြောလိုက်သည်။

မကြာမီ မေဝှားက ရေထဲမှ နေ၍ ကမ်းပေါ်သို့ တက်လာသည်။

တစ်ကိုယ်လုံး ရေများ စိုရွှဲနေပြီး အဝတ်အစားများမှာ ကိုယ်နှင့် ကပ်နေရာ သူမ၏ အဖုအထစ်၊ အရှိုက်အဟိုက်များကို အသက်ရှူမှားလောက်စရာ တွေ့မြင်နေရပေသည်။

ရင်ညွန့်သားကလေးများမှာ ဝင်းမွတ်နေပြီး လုံးကျစ်ထွားကျိုင်းသော ပေါင်တန်ကြီးများမှာလည်း အသက်ရှူမှားလောက်စရာပင် ဖြစ်ပေသည်။

"အစ်ကို....ညီမ မလှဘူးလား ဟင်"

မေဝှားက အသက်ပြင်းပြင်း တစ်ချက် ရှူလိုက်ရင်းက ချူးချင်းကို ပြောလိုက်သည်။ ချူးချင်းက....

"လှပါတယ်ဗျာ၊ ညီမက သိပ်လှပါတယ်၊ အစ်ကိုတောင် လူမှားသွားတယ်"

"ဟင်....အပိုတွေ ပြောတာ၊ အစ်ကို ညီမကို ဂရုမစိုက်ပါဘူး"

"ဂရုစိုက်ပါတယ် ညီမရယ်၊ ညီမကသာ မသိလို့ပါ"

ချူးချင်းက မေဝှားကျေနပ်အောင် အလိုက်သင့် ပြောလိုက်ရသည်။

စင်စစ် မေဝှားမှာ သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျုမင်၏ သမီးရင်း မဟုတ်၊

မွေးစားသမီးမျှသာ ဖြစ်သည်၊

မွေးစားသမီး ဖြစ်သော်လည်း ဂိုဏ်းချုပ်ကြီး ကျုမင်က မေဝှားကို သမီးရင်းတမျှ ချစ်မြတ်နိုးသည်၊

မေဝှားကလည်း ဂိုဏ်းချုပ်ကြီး ကျုမင်ကို ဖခင်ရင်းလိုပင် သဘောထားသည်၊

ချူးချင်းက မေဝှားကို ဂိုဏ်းမောင်နှမ အဖြစ် သာ သဘောထားပြီး ထိုအဆင့်ထက် ပို၍ မချစ်မိပေ။

"ကိုင်း....မေဝှား၊ အအေးမိနေဦးမယ်၊ အဝတ်အစား သွားလဲချေတော့"

ချူးချင်းက ရေစိုအဝတ်နှင့် မေဝှားက ပြောလိုက်သည်။ မေဝှားက သူမရင်ညွှန့် သူငဲ့ကြည့်လိုက်ရင်းက ခစ်ခနဲရယ်မောလိုက်သည်။

ပြီးနောက် ချူးချင်းကို မျက်စောင်းတစ်ချက် ထိုးလိုက်ရင်း ချာခနဲလှည့်ထွက်လေတော့သည်၊

"ဟင်း"

ချူးချင်းမှာ မေဝှား၏ ကျောပြင်ကလေးကိုကြည့်ရင်း သက်ပြင်းတစ်ချက်ရှိုက်လိုက်မိသည်။

"အင်း....ဒီကောင်မလေးနဲ့တော့ ကြာရင် ခက်တော့မှာပဲ၊ သူ့ရန်ကိုရှောင်ရတာ မလွယ်ပါလား"





မေဝှားကလည်း မေဝှားပင်ဖြစ်သည်။ သူကချူးချင်းကို တစ်ဘက်သတ် ချစ်ကြိုက်နေသူကလေးပီပီ ချူးချင်းကို အာထိုင်စန်တောင်ကြီးအနှံ့ လျှောက်ပြသည်။ လျှောက်လည်ကြသည်၊

ဂိုဏ်းချုပ်ကြီး ကျုမင်ကလည်း ချူးချင်းနှင့် မေဝှားကို ရင်းနှီးသွားစေချင်သည်၊ ထို့ကြောင့်လည်း ချူးချင်းသွားလေရာကို မေဝှားအား လိုက်ပို့စေသည်၊ အတူတူလည်ပတ်စေသည်၊

သို့သော် ချူးချင်းကမူ မေဝှားကိုဂိုဏ်းတူမောင်နှမအဖြစ်မှလွဲ၍ အချစ်မပိုခဲ့ပေ။ ဤသည်ကိုပင် မေဝှားက စိတ်ထဲမှ မချင့်မရဲ ဖြစ်နေခဲ့ရသည်၊

မေဝှားက တစ်ခါမျှ ယောကျ်ားကလေးများနှင့် ပူးပူးကပ်ကပ် မနေခဲ့ဖူးပါချေ၊ ထို့ပြင် ယောကျ်ားပီသချောမောသောချူးချင်းကိုတွေ့လိုက်ရသည့်အချိန်မှစ၍ သူမ၏အသည်းပွင့်လွှာကို ချူးချင်းအား ပေးအပ်ချင်လာခဲ့သည်။ သူမဘဝတစ်ခုလုံးကို ပုံအပ်ချင်လာမိသည်၊

တစ်နေ့ သူတို့နှစ်ယောက် လျှောက်လည်ကြရင်း အာထိုင်စန်တောင်၏ အနောက်ဘက် တောအုပ်ကြီးတစ်ခု အတွင်း ရောက်လာသည်၊

"အို....အမေ့"

ဂျတ်တရက်ပန်းကို ခုန်ကာလှမ်းဆွတ်လိုက်သော မေဝှား မှာ အရှိန်မထိန်းနိုင်ဘဲ ချုံးချင်းထံသို့ ပြန်ကျလာသည်။

"ဝုန်း"

နှစ်ယောက်စလုံး အရှိန်မထိန်းနိုင်ဘဲ မြေပေါ်သို့လဲကျသွားကြရသည်။ အရှိန်တန့်သွားသောအခါ နှစ်ယောက်စလုံး ပူးကပ်လျက်သား ဖြစ်နေကြရသည်။

ချုံးချင်းမှာ မျက်နှာကလေး နီမြန်းသွားရသည်။ သူက နေရာမှ ကမန်းကတန်း ထရပ်လိုက်ရပြီး မေဝှားကို ဆွဲထူပေးလိုက်ရသည်။ မေဝှားစိတ်ထဲတွင် အတော်ကလေး မချင့်မရဲ ဖြစ်သွားရသည်။

"ညီမလေးက အရမ်းလုပ်လိုက်တာပဲကွာ၊ မစူးမစမ်းနဲ့ ပန်းကို လှမ်းခူးရသလား"

ချုံးချင်းက မေဝှားကိုပြောလိုက်သည်။ မေဝှားက မျက်စောင်းထိုးလိုက်ရင်း.....

"ပန်းပင်က အရမ်းမြင့်တာကိုး အစ်ကိုရာ၊ ညီမလဲအရှိန် မထိန်းနိုင်ဘဲ လဲတာပေါ့"

"ကဲ....ဟိုဘက်ကိုသွားရအောင်"

ချုံးချင်းက ပြောပြီး တောအုပ်မှ ထွက်ခွာလာခဲ့ကြသည်။ ညနေစောင်း အချိန်လောက်တွင် သူတို့သည် တောင်ကမ်းပါးယံ့ တစ်နေရာသို့ ရောက်လာကြသည်။



နီရဲသော နေလုံးကြီးသည် အနောက်ဘက် တောင်စွယ်များတွင် မေးတင်လျက် ရှိနေကြလေပြီ။

အိပ်တန်းတက်မည့် ငှက်အုပ်ကြီးများသည် အုပ်စုလိုက်ပျံဝဲလျက် ရှိနေကြ၏။ ယခု ချုံးချင်းနှင့် မေဝှားတို့ရောက်ရှိနေသည့် နေရာမှ လှမ်းမျှော်ကြည့်လျှင် မြင်ကွင်းမှာ အလွန်ပင် လွမ်းဆွတ်စရာကောင်းလှပေသည်။

မြူခိုးတောင်ခိုးများသည် ဝေ့ဝဲလျက်ရှိနေကြသည်။ ခပ်လှမ်းလှမ်း စန်းချောင်းကလေးဆီမှ ရေစီးသံကလေးများကိုပင် ကြားနေရသည်။

ဟိုးအဝေးဆီမှ ကွေ့ကွေ့ကောက်ကောက်နှင့် စီးဆင်းနေသော မြစ်ကြီးတစ်မြစ်ကို လှမ်းမြင်နေရသည်။

ထိုမြစ်ကြီးဆီသို့ သွားရန်မှာ မလွယ်ကူချေ။ တောအထပ်ထပ် တောင်အထပ်ထပ်ကို ဖြတ်ကျော်သွားမှသာ ရောက်မည် ဖြစ်ပေသည်။

တောင်ခိုး မြူခိုးများနှင့် ဝေ့ဝဲနေသော မြင်ကွင်းများမှာ အထူးပင် သာယာလှပေသည်။

ချုံးချင်းမှာ အဝေးဆီသို့ ငေးမောကြည့်ရင်းက ဝံပုလွေဖြူကြီးများကို သတိရ တမ်းတနေမိသည်။

မေဝှားက ခေါင်းကလေး စောင်းငဲ့လိုက်ရင်း—

"အစ်ကို ဘာတွေစဉ်းစားနေတာလဲဟင်"

မေဝှားက သူမ၏ ခေါင်းကလေးကို ချူးချင်း၏ ပခုံးတွင် စောင်းငဲ့တင်လိုက်ရင်းက ချိုလွင်သော လေသံကလေးဖြင့် မေးမြန်းလိုက်သည်။

"နဂါးနဲ့ကျား၊ နောက်ပြီး ဝံပုလွေ"

"ဟင်....နဂါးနဲ့ကျား ဟုတ်လား၊ သူတို့က ဘယ်သူတွေလဲဟင်"

"သူတို့က အစ်ကိုနဲ့ ငယ်ငယ်လေးကတည်းက ကစားဖော်ကစားဖက် ငယ်သူငယ်ချင်း ဝံပုလွေဖြူကြီးနှစ်ကောင်ပါ။ သူတို့က ဝံပုလွေတွေ ခေါင်းဆောင်လေ၊ အစ်ကို့ မိတ်ဆွေတွေက ဝံပုလွေတွေချည်းပဲ"

မေဝှားမှာ မျက်လုံးကလေး အပြူးသားနှင့် ချူးချင်းပြောစကားကို တအံ့တသြနားထောင်နေမိသည်။

"သူတို့က ဝံပုလွေတွေဟုတ်လား၊ဝံပုလွေတွေက အစ်ကို့ကို မကိုက်ကြဘူးလား"

ချူးချင်းကရယ်လိုက်ပြီး....

"ဘယ်ကိုက်ပါ့မလဲညီမရယ်၊ သူတို့က အစ်ကိုငယ်ငယ်လေး ကတည်းက အတူနေလာကြတာပဲ၊ အတူတူကစားဖော်ကစားဖက်တွေပဲ၊ သူတို့က သိပ်လိမ္မာတာ"

မေဝှားက ကြည်လင်သောလေသံကလေးဖြင့်....

"ညီမတော့လေ အခုလိုအစ်ကိုနဲ့အတူနေရတာ သိပ်ပျော်တာပဲ၊ အစ်ကိုမပျော်ဘူးလားဟင်"





"ပျော်တာပေါ့ညီမရယ်၊ ပျော်ပါတယ်"

"ဟင့်....အစ်ကို့ လေသံကြီးကလဲ၊ အစ်ကိုလိမ်ပြောနေတာပါ၊ အစ်ကို့ မျက်နှာက မပျော်ပါဘူး"

မေဝှားက....ကလေးဆိုးကြီးတစ်ယောက်ပမာ ပြောလိုက်သည်။

ချူးချင်းက သက်ပြင်းမှုတ်ထုတ်လိုက်ပြီး....

"ကိုင်း....အတော်ကလေးမှောင်နေပြီညီမ၊ ညီမဖေဖေက မျှော်တော့မယ်၊ ပြန်ကြစို့"

"ဟင့်အင်း....အစ်ကိုပြန်ချင်ပြန်၊ ညီမ မပြန်ချင်ဘူး"

"လာပါညီမရယ်၊ ပြန်ကြပါစို့၊ လိမ္မာပါတယ်"

ချူးချင်းက အတင်းအဓမ္မဆွဲခေါ်မှုကြောင့်သာ မေဝှားမှာ နှုတ်ခမ်းစူပြီး မလိုက်ချင်လိုက်ချင်နှင့် လိုက်ပါလာခဲ့ရလေတော့သည်။

သူမစိတ်ထဲမှာတော့ ချူးချင်းကိုအတော်ကလေး မကျေမနပ် ဖြစ်နေမိသည်။

* * *

အခန်း (၈)

## ဝံပုလွေဘိုးဘိုး၏ ဝံပုလွေဓား

တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါး။

ထိုအချိန်ကာလအတွင်း ချူးချင်းသည် သွေးပင့်ကူ ဂိုဏ်း ကြီးတွင် ဂိုဏ်းခွဲမှူး တစ်ယောက် အနေဖြင့် ရပ်တည်လာ သည်။

ဂိုဏ်းခွဲမှူးတစ်ယောက် အနေနှင့် ရပ်တည်လာခဲ့ရသော် လည်း သူသည် ကြီးမားသောတာဝန်ဟူ၍ မည်မည်ရရထမ်း ဆောင်ခဲ့ရသည် မရှိပေ။





သွေးပင့်ကူဂိုဏ်းသည် မြင်းမွေးမြူရေး လုပ်ငန်းများ၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ချောပို့ လုပ်ငန်းများ လုပ်ဆောင်နေခဲ့သည်။

ချူးချင်းအနေဖြင့် သွေးပင့်ကူဂိုဏ်းတွင် ဂိုဏ်းခွဲမှူးတာဝန် ရယူထားသော်လည်း ကျူမင်က သူ့ကို ကြီးမားသော တာဝန်ကြီးကို တစ်ခါမျှမပေးဖူးပါချေ။

တစ်နှစ်ကျော် နှစ်နှစ်နီးပါးအချိန်ကာလအတွင်း ချူးချင်းသည် ချောပို့လုပ်ငန်းများ တစ်ခါတစ်ရံ စောင့်ရှောက်ခြင်း၊ မြင်းမွေးမြူရေးခြံများစစ်ဆေးခြင်း၊ ကျောက်မျက်ရတနာများကို တစ်နယ်မှတစ်နယ်သို့ သွားရောက် ပို့ဆောင်ရာတွင် လိုက်ပါကြီးကြပ်ပေးရခြင်းမျိုးလောက်သာ ရှိခဲ့၏။

သွေးပင့်ကူဂိုဏ်းနှင့် အခြားသိုင်းဂိုဏ်းချင်း တိုက်ခိုက်မှုမျိုး ပဋိပက္ခများကြားတွင် ကျူမင်က ချူးချင်းကို ဝင်ရောက်စေခိုင်းခြင်းမပြုခဲ့ပေ။

သို့သော် ချူးချင်းသတိထားမိသည်မှာ သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်၏ တစ်ခါတစ်ရံ မိမိကို ကြည့်လိုက်သော မျက်လုံးအကြည့်ဖြစ်သည်။ ကျူမင်၏အကြည့်က သူ့ပိုက်ကွန်ထဲတွင် မိနေသောအစာကို ဝါးမျိုရန်အချိန်ကို စောင့်နေသည့် အချိုးမျိုးပင်ဖြစ်သည်။

တစ်ခါတစ်ရံ ချူးချင်း၏မသိစိတ်တွင် ကျူမင်၏အကြည့်သည် ကြောက်စရာကောင်းသည်ဟု ယူဆလိုက်မိသည်။ သူ၏

ကျောမှ စိမ့်ခနဲဖြစ်သွားရတော့၏။ မည်သည့်အကြောင်းမှန်း တော့ မသိပေ။

ကျူမင်က မိမိနောက်ကျောမှ စိုက်ကြည့်လိုက်ချိန်တွင် သူ့ စိတ်ထဲ၌ ခံစားလိုက်ရတော့သည်။ သူက သိသော်လည်း အဓိပ္ပာယ်မဖော်ပြတတ်ပေ။

သွေးပင့်ကူဂိုဏ်းတွင် တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါး နေထိုင်လာခဲ့ပြီဖြစ်သော်လည်း သွေးပင်ကူဂိုဏ်းတွင် အတွင်း ကျကျ လျှို့ဝှက်ချက်များကို ချူးချင်းမသိရပါချေ။

သွေးပင့်ကူဂိုဏ်း၏ အခြားလုပ်ဆောင်ချက်များ လုပ်ရပ် များကို ချူးချင်းမသိရှိခဲ့ရပါချေ။ သူကလည်း သိအောင် မကြိုးပမ်းခဲ့ပါချေ။

ဂိုဏ်းချုပ်ကြီးကျူမင်နှင့် သွေးနှင်းဆီမေဝှားတို့သည် သူ့ ကို အရေးပေး အလေးထား ဆက်ဆံခဲ့ကြသည်။

မေဝှားကလည်း ချူးချင်းနှင့်တပူးတွဲတွဲရှိနေရာ အားလုံး က မေဝှားနှင့် ချူးချင်း ချစ်ကြိုက်နေကြပြီဟု ယူဆထားကြ သည်။

ဂိုဏ်းသားအားလုံးက ချူးချင်းကို ဂိုဏ်းချုပ်ကြီး ကျူ မင်၏ သမက်အဖြစ် သဘောထားကာ လေးလေးစားစား ဆက်ဆံကြသည်။

ချူးချင်းမှာ အနေကြာလာသည်နှင့်အမျှ သွေးပင့်ကူဂိုဏ်း တွင် ပျော်ပိုက်သလိုဖြစ်လာရသည်။





တစ်နေ့တွင် ဂိုဏ်းချုပ်ကြီးကျူမင်က ချူးချင်းကို အခေါ် လွှတ်လိုက်၍ ချူးချင်း လိုက်ပါလာရသည်။

ခန်းမဆောင်ကြီးအတွင်းဝင်လိုက်သည်နှင့် ချူးချင်း တအံ့ တဩ ဖြစ်သွားရသည်။

အကြောင်းမှာ ခန်းမဆောင်ကြီးအတွင်း ကြီးမားသော ကျောက်စားပွဲကြီးထက်၌ စားသောက်ဖွယ်ရာ ဟင်းလျာပွဲ ကြီးများကိုလည်းကောင်း၊ မွှေးကြိုင်းသင်းပျံ့သော အရက် အိုးများကို လည်းကောင်း၊ ရှားပါးပြီး အဖိုးထိုက်တန်လှ သော ဟင်းပွဲကြီးများကို လည်းကောင်း အကျအန ပြင်ဆင် ထားသောကြောင့်ပင် ဖြစ်ပေသည်။

ထိုင်နေကြသူများမှာ သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်၊ သမီးဖြစ်သူ သွေးနှင်းဆီမယ် မေဝှား၊ ဂိုဏ်းခွဲမှူးကြီး ဖန်းပူ ဖိန်နှင့် လက်ထောက်ဂိုဏ်းချုပ်ကြီး ထန်ချီယွမ်တို့ပင် ဖြစ်ကြ သည်။

"ဟော....တူမောင် ရောက်လာပြီကိုး၊ အထူး ကိစ္စရှိလို့ တူမောင့်ကို ခေါ်လိုက်ရတာပဲကွယ့်၊ ဒီစားသောက်ပွဲဟာလဲ တူမောင်ထမ်းဆောင်ရမယ့် တာဝန်အတွက် အထူးပြင်ဆင် ထားတာပါ၊ ကဲ...ထိုင်ပါ မောင်ရင်"

ချူးချင်းမှာ ကုလားထိုင်တွင် ဝင် ထိုင် လိုက် ရင်း က ကျောက်စားပွဲကြီးထက်မှ ပြင်ဆင်ထားသော ရှားပါးလှသည့် ဟင်းလျာပွဲကြီးများကိုကြည့်ရင်း တအံ့တဩဖြစ်သွားရသည်။

ထိုဟင်းလျာပွဲကြီးများသည် ငှက်သိုက်ပေါင်း၊ ကမ္ဘာ့လိပ်ကြီးသား၊ အနှစ်တစ်ထောင်သမင်ခေါ် ရွှေရောင်သမင်သားဟင်း၊ ရွှေငါးကြင်းခေါင်း ဟင်းချို၊ မျောက်ဝံဖြူဦးနှောက်တို့ပင် ဖြစ်ကြပေသည်။

ချူးချင်းက လက်နှစ်ဘက်ဆုပ်လိုက်ရင်း....

"အို....ဒီလောက်တောင် ကျွန်တော့်အတွက် ဂုဏ်ပြုနေစရာမလိုပါဘူး ဦး အားနာစရာတွေ ဖြစ်နေပါပြီ"

သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်က တဟဲဟဲ ရယ်မောလိုက်ပြီး....

"ဟဲ....ဟဲ၊ ဒါက မဖြစ်စလောက်လေးပါ မောင်ရင်၊ မောင်ရင်ထမ်းဆောင်ပြီးတဲ့တာဝန်အောင်မြင်ပြီးရင် ဒီထက်မက တန်ဖိုးကြီးမားတဲ့ ဆုလာဘ်တွေ ရလာဦးမှာပါ၊ ဟဲ....ဟဲ...."

ကျူမင်ကပြောရင်း အစိမ်းရောင်ပါသော မျက်လုံးများဖြင့် သမီးဖြစ်သူ မေဝှားဘက်သို့ကြည့်ကာ ပြုံးလိုက်သည်။

မေဝှားက ရှက်ပြုံးကလေးပြုံးလိုက်ရင်း ခေါင်းကလေးငုံ့ထားလိုက်ရှာသည်။

"ကိုင်း....ဒီအရက်က မျှောင်လူမျိုးတွေဆီက မနေ့ကမှရောက်လာတဲ့ အနှစ်တစ်ထောင် အရက်ပဲကွယ့်၊ သုံးဆောင်ကြည့်လိုက်ပါဦး၊ ဒီအရက်က အင်မတန်ရှားပါးတာကလား"





ကျူမင်ကပြောရင်း အရက်တစ်ခွက် ကမ်းပေးလိုက်သည်။ ချူးချင်းက အရက်ခွက်ကိုယူပြီး သောက်ကြည့်လိုက်ရာအရက်မှာ အမှန်တကယ်ပင် သင်းပျံ့ချိုမွှေးလှသည်ကို ခံစားသိရှိလိုက်ရသည်။

"ကျွန်တော့်ကို ဦးက ဘယ်လိုတာဝန်မျိုးများ ပေးမလို့ပါလဲ"

ချူးချင်းက အရက်ကို ကျောက်စားပွဲထက်သို့ အသာအယာ တင်လိုက်ရင်းက ကျူမင်ကို မေးမြန်းလိုက်သည်။

ကျူမင်က အရက်တစ်ခွက် သောက်လိုက်ရင်း လေးနက်တည်ကြည်သော လေသံဖြင့်....

"တခြားတော့မဟုတ်ပါဘူး မောင်ရင်၊ တူမောင့်မိဘတွေကိစ္စနဲ့ ပတ်သက်နေလို့ပါ"

"ကျွန်တော့်မိဘတွေနဲ့ ပတ်သက်လို့....ဟုတ်လား"

ချူးချင်းက မျက်လုံးပြူးကျယ်သွားရင်း တအံ့တဩ ပြန်မေးလိုက်မိသည်။

စင်စစ် သူ့မိဘများက ရက်စက်စွာ အသတ်ခံလိုက်ရမှုနှင့် ပတ်သက်၍ လူသတ်သမားများကို ဘဝင်မကျ ကလဲ့စားချေချင်နေမိသည်မှာ အမှန်ပင် ဖြစ်သည်။

သို့သော် အခြေအနေ အရပ်ရပ်ကြောင့် မိမိသည် ထိုကိစ္စကို မျိုသိပ်ကာ အထက်နိုင်ဆုံး မေ့ထားပစ်ခဲ့ရသည်။ ဂိုဏ်းချုပ်ကြီး ကျူမင်ကိုလည်း မမေးဝံ့ပေ။

ယခု ဂိုဏ်းချုပ်ကြီး ကျူမင်က ထိုအကြောင်းကိုအစဖော်လာလေရာ ချူးချင်းမှာ တအံ့တသြဖြစ်သွားရပြီး ပြန်မေးလိုက်ရခြင်းပင် ဖြစ်ပေတော့သည်။

ကျူမင်က ချူးချင်းကို စူးရှတောက်လက်သော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်လိုက်ရင်းက....

"ဟုတ်ပါတယ် မောင်ရင်၊ မောင်ရင့်မိဘတွေနဲ့ ခုကိစ္စက တိုက်ရိုက် ပတ်သက်နေတယ်ကွယ့်၊ အင်း....မောင်ရင့်ကို ဦးတစ်ခုလောက် မေးရဦးမယ်"

"ဘာများလဲ ခင်ဗျာ၊ မေးပါ"

"စံပုလွေဘိုးဘိုးဆိုတာ မောင်ရင် ကြားဖူးသလား"

"ကြားဖူးပါတယ် ခင်ဗျာ၊ ကျွန် တော့် ဆ ရာ သ ခင်တောင်ပေါ်စံပုလွေရဲ့ ဆရာကြီးလို့ သိရပါတယ်၊ ကျွန်တော်တော့ တစ်ခါမှ မမြင်ဖူးပါဘူး၊ ကြားဖူးရုံလောက်တင်ကြားဖူးတာပါ"

ချူးချင်းက ပြန်လည်ပြောကြားလိုက်သည်။ ဂိုဏ်းချုပ်ကြီး ကျူမင်က ဆက်ပြောပြန်သည်။

"မောင်ရင့် မိဘတွေအတွက် သွေးကြွေးဆပ်ဖို့ အချိန်ကျနေပြီကွယ့်၊ ဒီအကြောင်းတွေနဲ့ ဆက်နွယ်နေတယ်"

ကျူမင်၏စကားကြောင့် ချူးချင်းမှာ စိတ်ဓာတ်များတက်ကြွသွားရသည်။





"ကျွန်တော့် မိဘတွေအတွက် သွေးကြွေးဆပ်ရမယ် ဆိုရင် ဘယ်လို အခက်အခဲမျိုးပဲ ဖြစ်ဖြစ် ကျွန်တော် အောင်မြင်အောင် ထမ်းဆောင်ပါ့မယ်"

"အဖြစ်ကတော့ ဒီလိုကွယ့်၊ မောင်ရင့်မိဘတွေကို သတ်သွားတဲ့ လူတွေဟာ အဆိပ်သခင်နဲ့ သူ့ဂိုဏ်းသားတွေပဲ၊ ဒီအဆိပ်သခင်ဆိုတဲ့ ငနဲကြီးဟာ အင်မတန်မှ သိုင်းပညာအဆင့်မြင့်မားပြီး ထူးဆန်းတဲ့သိုင်းပညာတွေ ရထားသူ ဖြစ်တယ်"

"အဆိပ်သခင်နဲ့ ကျွန်တော့် ဖေဖေနဲ့က ဘယ်လို ရန်ငြိုးဖွဲ့ခဲ့ကြတာပါလဲ ခင်ဗျာ"

ချူးချင်းက မေးမြန်းလိုက်သည်။ ကျူမင်က....

"အဆိပ်ဘခင်က မင်းဖေဖေကို သူ့ဂိုဏ်းထဲ ဝင်ဖို့ ဖိတ်ခေါ်တယ်၊ မင်းဖေဖေက ငြင်းလိုက်တော့ သူတို့က ရန်ငြိုးဖွဲ့ပြီး မင်းမိဘတွေကို သတ်ပစ်လိုက်ကြတာပဲ"

"တောက်"

ချူးချင်းမှာ ခံပြင်းဒေါသဖြစ်စွာဖြင့် တောက်သံပြင်းပြင်းခေါက်လိုက်မိသည်။

ကျူမင်က ဆက်ပြောလိုက်ပြန်သည်။

"ဒါကြောင့် တူမောင့်ကို ခေါ်လိုက်ရတဲ့အကြောင်းကလဲ ဒီကိစ္စက အဓိက ကျနေတယ်၊ အဆိပ်သခင်ကို တူမောင် ပြန်ပြီး သွေးကြွေး မဆပ်ချင်ဘူးလား"

"ဟာ၁....ဘယ့်နှယ် ပြောလိုက်ပါလိမ့် ဦးရယ်၊ ကျွန်တော် ဘနှစ်ပါးအတွက် သွေးကြွေး ပြန်ဆပ်ရမှာပေါ့၊ အဆိပ် ာခင်ကို ကျွန်တော် ဘယ်လို ချေမှုန်းသုတ်သင်ရမယ် ဆိုတာ ိုသာ ပြောပါ"

ကျွမ်းမင်က မျက်ခုံးနှစ်ဘက် မြှင့်လိုက်ရင်း....

"အဆိပ်သခင်ကို ယှဉ်ပြိုင်နိုင်ဖို့ဆိုတာ အခု မောင်ရင် ာတ်မြောက်ထားတဲ့ သိုင်းပညာနဲ့မလုံလောက်ဘူး၊ ဒီအတိုင်း ွားပြီး သူ့ကို ရင်ဆိုင်မယ်ဆိုရင် ပိုက်ကွန်ထဲ သွားတိုးမယ့် ါးတစ်ကောင်လို ဖြစ်သွားရလိမ့်မယ်၊ မောင်ရင့်မှာ ထပ်ပြီး ညာတွေ ဖြည့်စွက်သွားဖို့ လိုတယ်"

"ကျွန်တော် ဘာလုပ်ရမလဲဆိုတာကို ပြောပါ၊ အောင် ်အောင် ဆောင်ရွက်ပါ့မယ်"

ချူးချင်းက လက်နှစ်ဘက် ဆုပ်ပြီး ဝန်ခံကတိပြု ပြော ာ်ားလိုက်သည်။

ကျွမ်းမင်က လေးနက်တည်ကြည်သော လေသံဖြင့်....

"အဆိပ်သခင်ကို အနိုင်ရဖို့အတွက် ဓားတစ်လက်ရမှ ဖြစ် ယ်"

"ဓားတစ်လက်....ဟုတ်လား"

ချူးချင်းက တအံ့တသြ ပြန်မေးလိုက်မိသည်။ ကျွမ်းမင်က ခေါင်းညိတ်လိုက်ရင်းက....





"ဟုတ်တယ်၊ ဓားတစ်လက်ပဲ၊ ဒီဓားက သာမန်ဓား မဟုတ်ဘူး၊ သိုင်းလောကမှာ သိုင်းလောကသားမှန်သမျှ အင် မတန် လိုချင်တပ်မက်မောနေကြတဲ့ ရတနာဓားတစ်လက်ပဲ၊ ဓားနာမည်က ရတနာမြေပုံဓားလို့ ခေါ်တယ်"

"ရတနာမြေပုံဓား....ဟုတ်လား ဦး"

"ဟုတ်တယ်ကွယ့်၊ ရတနာမြေပုံဓားလို့ ခေါ်တယ်၊ ဓား ပေါ်မှာ အင်မတန် မြောက်မြားတဲ့ ရတနာတွေ အစုလိုက် အပြုံလိုက် ရှိနေတဲ့ နေရာကို ဖော်ညွှန်းပြထားတဲ့ ရတနာ မြေပုံအညွှန်းအပြင် အဓိပတိသိုင်း ကိုးကွက်ကိုပါ ရေးထိုး ထားတယ်၊ အဓိပတိသိုင်း ကိုးကွက်ဆိုတာ မောင်ရင်ကြားဖူး တယ် မဟုတ်လား၊ မောင်ရင့်ဆရာက ပြောမပြဘူးလား"

"ဟုတ်ကဲ့၊ ကျွန်တော့်ဆရာ တောင်ပေါ်ဝံပုလွေက တစ် ခါတုန်းကတော့ ပြောပြထားဖူးပါတယ်၊ ဒီအဓိပတိသိုင်း ကိုးကွက်ကို တတ်မြောက်ရင် သိုင်းလောကမှာ ပြိုင်ဘက်ကင်း သိုင်းသမားတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ပြောပါတယ်"

ကျွမ်းမင်က ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ရင်း....

"အိမ်း....ဟုတ်တယ်ကွယ့်၊ ဒီအဓိပတိသိုင်း ကိုးကွက်ဟာ သိုင်းလောကမှာ အင်မတန်မှ တတ်မြောက်တဲ့လူ နည်းပါးပြီး မရှိသလောက်ဘဲ၊ ဒီအဓိပတိသိုင်း ကိုးကွက်ကို တတ်မြောက် ရင် မင်းဟာ အဆိပ်သခင်ကိုယှဉ်ပြိုင်အနိုင်ယူနိုင်ပါလိမ့်မယ်"

"ဒါဆိုရင် ကျွန်တော် ဘာလုပ်ရမလဲ"

ချူးချင်းက ကြည်လင် ပြတ်သားသော လေသံဖြင့် မေးမြန်းလိုက်သည်။ ကျူမင်က....

"မောင်ရင့်အနေနဲ့ ဒီရတနာမြေပုံမားကို သွားယူရလိမ့်မယ်၊ ဒါပေမယ့် ဒီရတနာမြေပုံမား ဘယ်နေရာမှာ ရှိတယ်၊ ဘယ်လို ဖြစ်လာတယ်ဆိုတာ ဦး ပြောပြမယ်"

"ဟုတ်ကဲ့....ပြောပြပါခင်ဗျာ"

ထို့နောက် ကျူမင်က ရတနာမြေပုံမားနှင့် ပတ်သက်၍ အကြောင်းစုံကိုရှင်းလင်းပြောပြလိုက်လေသည်။

"ဒီလိုကွယ့်....လွန်ခဲ့တဲ့ နှစ်ပေါင်းကိုးဆယ်ကျော်အတွင်းမှာ သိုင်းလောကမှာ သိုင်းလောကသားတွေအားလုံး လေးစားကြတဲ့ သိုင်းပညာရှင်ကြီးတစ်ယောက် ရှိခဲ့တယ်"

ထိုသိုင်းပညာရှင်ကြီး၏ ဘွဲ့အမည်မှာ ဝံပုလွေ ဘိုးဘိုးဟု ကျော်ကြားနေသော ချင်းဝင်ကျူးဆိုသူ သိုင်းပညာရှင်အဘိုးအို တစ်ယောက်ဖြစ်ပေသည်။

ချင်းဝင်ကျူးခေါ် ဝံပုလွေဘိုးဘိုးသည် သိုင်းလောကတွင် သစ္စာသမာဓိသတ္တိရှိသော သိုင်းပညာရှင်ကြီးတစ်ယောက်ဖြစ်သည်။

ထိုအချိန် ထိုကာလက ဝံပုလွေဘိုးဘိုးသည်သူတတ်မြောက်ထားသော အဓိပတိသိုင်းကိုးကွက်ဖြင့် သိုင်းလောကကြီးတစ်ခုလုံးကို လွှမ်းမိုးထားနိုင်ခဲ့သည်။





သိုင်းလောကသားများကလည်း သစ္စာ သမာဓိ သတ္တိနှင့် ပြည့်စုံပြီး သိုင်းပညာတွင် ပြိုင်ဘက်ကင်းသောဝံပုလွေဘိုးဘိုး၏ အုပ်ချုပ်မှုအောက်တွင် ငြိမ်ဝပ်စွာတညီတညွတ်တည်းရှိနေခဲ့ကြသည်။

သိုင်းလောကအဓိပတိ ဝံပုလွေဘိုးဘိုး၏ အမိန့်ဩဇာကို သိုင်းလောကသားများအားလုံး နာခံကြရသည်။

ယင်းသို့ဖြင့် ဝံပုလွေဘိုးဘိုးသည် သိုင်းလောကကို နှစ်ပေါင်း များစွာတရားမျှတစွာစိုးမိုးခဲ့ပြီးနောက် တစ်နေ့တွင် သိုင်းလောကမှထွက်ခွာသွားခဲ့သည်။

သူသည် လူသူအရောက်အပေါက် နည်းပါးကာ ခေါင်သီလွန်းသော အရပ်ဒေသတစ်ခုသို့ ထွက်ခွာသွားခြင်းပင် ဖြစ်သည်။

ဝံပုလွေဘိုးဘိုးတွင် တပည့်နှစ်ယောက် ရှိခဲ့သည်၊ တပည့်ကောင်းများပင်ဖြစ်သည်။

ထိုတပည့်နှစ်ယောက်မှာ ဝံပုလွေဘိုးဘိုး၏ ဘယ်လက်ရုံးနှင့် ညာလက်ရုံးများဖြစ်ကြပြီး ညာလက်ရုံးမှာ ချူးချင်း၏ ဆရာသခင်ဖြစ်သော တောင်ပေါ်ဝံပုလွေ လောက်ထိုပင် ဖြစ်၏။

ဘယ်လက်ရုံးမှာ တောင်ထိပ်ဝံပုလွေ ကျိုလုံဖြစ်သည်၊ နှစ်ယောက်စလုံးမှာ ထိပ်တန်းသိုင်းပညာရှင်အတွင်းအားပိုင်ရှင်များ ဖြစ်ကြသည်၊

ဝံပုလွေဘိုးဘိုး တိတ်တဆိတ်ထွက်ခွာသွားရာ အရပ်ဒေသမှာ ဝံပုလွေဖြူတောင်သို့ဖြစ်သည်။

ဝံပုလွေဖြူတောင်မှာ အလွန်ခေါင်သော အရပ်ဒေသတွင် တည်ရှိပြီး လူသူအဆက်အသွယ်အရောက်အပေါက် လုံးဝမရှိသော အရပ်ဒေသလည်းဖြစ်ပေသည်။

ဝံပုလွေဘိုးဘိုးသိုင်းလောကကိုစွန့်ခွာ၍ဝံပုလွေဖြူတောင်သို့ ထွက်ခွာအားသောအခါ သူ၏ ဘယ်လက်ရုံးကြီးဖြစ်သူ တောင်ထိပ်ဝံပုလွေပါ လိုက်ပါသွားခဲ့သည်။

တောင်ထိပ်ဝံပုလွေ၏ နာမည်ရင်းမှာ ထိန်ဝေယန်ဖြစ်သည်။

ထိန်ဝေယန်သည် ဆရာသခင်ဖြစ်သူ ဝံပုလွေဘိုးဘိုးနှင့်အတူ ဝံပုလွေဖြူတောင်သို့လိုက်ပါသွားခဲ့ရသည်။

ဝံပုလွေဘိုးဘိုး၏ ညာလက်ရုံးကြီးဖြစ်သော တောင်ပေါ်ဝံပုလွေကမူ လုံစန်းတောင်ထိပ်သို့ ထွက်ခွာသွားသည်၊ ထိုလုံစန်းတောင်တွင်ရှိနေစဉ်အတွင်း သူ၏ သိုင်းမိတ်ဆွေ ဖြစ်သော ချူးအင်း၏အကူအညီတောင်းခံမှုကြောင့် ချူးအင်း၏ ရှစ်နှစ်သားအရွယ် သားလေး ချူးချင်းကို သိုင်းပညာများ သင်ကြားပေးခဲ့သည်၊

ထို့ကြောင့် ချူးချင်းမှာ ဝံပုလွေဘိုးဘိုး၏ ညာလက်ရုံး တောင်ပေါ်ဝံပုလွေ၏တစ်ဦးတည်းသောတပည့် ဖြစ်လာရခြင်းပင် ဖြစ်လေ၏။



ထိုအချိန်တွင် ဝံပုလွေဖြူတောင်ထိပ်တွင် ဝံပုလွေဘိုးဘိုးနှင့် သူ၏ဘယ်လက်ရုံး တောင်ထိပ်ဝံပုလွေတို့ ရှိနေကြသည်၊ ဝံပုလွေဘိုးဘိုးမှာ အသက်အရွယ်ထောက်လာပြီး ဇရာအိုမင်းမစွမ်း ဖြစ်လာကာ နောက်ဆုံးတွင်ကွယ်လွန်အနိစ္စရောက်ခဲ့ သည်။

ဝံပုလွေဘိုးဘိုးသည် ဉာဏ်အမြော်အမြင်ကြီးမားသူ တစ်ယောက် ဖြစ်သည့်အားလျော်စွာ သူမသေဆုံးမီ သူသည် ဓား တစ်လက်ကို မီးသွန်းပြီး သေချာစွာစီမံထားခဲ့သည်။

ထိုဓားမှာ သာမန်မီးသွန်းဓားမျိုးမဟုတ်ပေ။ ဓားသွားထက်တွင် ဝံပုလွေဘိုးဘိုးက အဓိပတိသိုင်းကိုးကွက်ကို ရေးထွင်းထားသည့်အပြင် သိုင်းလောကမှတရားမျှတစွာစုဆောင်းထားသော အစုလိုက် အပြုံလိုက် ရှိနေသည့် ရတနာများရှိနေရာကို ဖော်ညွှန်းပြဆိုထားသည့်ရတနာမြေပုံလမ်းကြောင်းကိုပါ ရေးထိုးထားခဲ့သည်။

ထိုဓားမှာ ဝံပုလွေဓားခေါ် ရတနာမြေပုံဓားပင်ဖြစ်ပေတော့သည်၊

ထိုဓားသာ ရလိုက်ပါက သိုင်းလောကကို ဩဇာလွှမ်းမိုးနိုင်သော အဓိပတိသိုင်းကိုးကွက်အပြင် အစုလိုက် အပြုံလိုက် ရှိနေသော ရတနာများကိုပင်ရရှိကာ ချမ်းသာကြွယ်ဝမှု ရရှိမည် ဖြစ်ပေသည်၊

ထို ဝံပုလွေမားခေါ် ရတနာမြေပုံမားကိုဝံပုလွေဘိုးဘိုးက ဝံပုလွေဖြူတောင်ကြီး၏ အလယ်ရှိ ဝံပုလွေလိုဏ်ဂူတွင် မြှုပ်နှံထားခဲ့၏။

ထိုဝံပုလွေဖြူတောင်ကြီး၏အလယ် နက်ရှိုင်းခေါင်သီလှသော အရပ်ဒေသတွင် ဝံပုလွေလိုဏ်ဂူကြီးတစ်ခု ရှိနေ၏။

တစ်နည်းအားဖြင့် ဝက်ပါလိုဏ်ဂူဟုလည်း ခေါ်ရ မခလာက် ရှုပ်ထွေးလှသော လမ်းကြောင်းများ ရှိနေ၏၊

ထိုဝံပုလွေလိုဏ်ဂူကြီးအတွင်းသို့ ဝင်သွားမိပါက ပြန်မထွက်တတ်လျှင် အထဲ၌ တဝဲလည်လည်ဖြစ်ကာ လမ်းမှားပြီး ပြန်မထွက်နိုင်ဘဲ အသက်ပျောက်ရမည် ဖြစ်ချေသည်။

ထို့ပြင် ဝံပုလွေဖြူတောင်ကြီး အလယ်ရှိ နက်ရှိုင်းဝေးလံလှသော ဝံပုလွေလိုဏ်ဂူသို့ သွားရာ လမ်းတစ်လျှောက်တွင် ကြောက်မက်ဖွယ်ရာကောင်းလှသော တိရစ္ဆာန်ကောင်မျိုးစုံတို့ကလည်း ရှိနေကြသည်။

အထူးသဖြင့် ဝံပုလွေကောင်များပင် ဖြစ်ပေသည်၊ ထိုဝံပုလွေအုပ်များကို ခေါင်းဆောင်ထားသူမှာ ငွေရောင် ဝံပုလွေကောင်ကြီး တစ်ကောင် ဖြစ်ပေသည်၊ ငွေရောင်ဝံပုလွေကောင်ကြီးမှာ ကြီးမားလှပြီး ဝံပုလွေအုပ်များကို ခေါင်းဆောင်ကာ ဝံပုလွေလိုဏ်ဂူကြီးအနီး လှည့်လည်စောင့်ကြပ်လျက် ရှိနေသည်။



ထို့ပြင် ထူးဆန်းသောငှက်ကြီးများ၊ ထွားကျိုင်းလှသော မျောက်ဝံကြီးများ၊ မြေအောက် ပျားတွင်းကြီးများ၊ နဂါးပွက်အိုင်များကလည်း နေရာအနှံ့ ရှိနေသည်။

နဂါးပွက်တွင်းများ မြေအောက်ပျားတွင်းကြီးများထဲသို့ မတော်တဆ ခြေချော်ကျသွားပါက ပြန်တက်နိုင်ရန် လုံးဝလမ်းစမရှိဘဲ အရိုးတခြား အသားတခြား ဖြစ်ရပေလိမ့်မည်။

ကျောက်ကြိုကျောက်ဆောင်ကြီးများ ကြားမှ လွှားထွက်လာသည့် မျောက်ဝံကြီးများကလည်း ရောက်လာသူ သူစိမ်းများကို တစ်စစီ ဆွဲဆုတ်ပစ်ကြပေလိမ့်မည်။

ကောင်းကင်မှ စူးဝါးသော အသံကြီးများနှင့် အော်မြည်ကာ အောက်သို့ ထိုးဆင်းလာသည့် သားစားငှက်ကြီးများ အန္တရာယ်ကလည်း ရှိနေပေသေးသည်။

ငှက်ကြီးများသည် ပုံသဏ္ဌာန်အားဖြင့် ထူးခြားသလို နှုတ်သီးများမှာ ရှည်လျား ချွန်ထက်လှပြီး လက်သည်းများမှာလည်း ချွန်ထက်လှပေသည်။

ငှက်ကြီးများသည် အရွယ်အစား ကြီးမားလှသလို လူတစ်ယောက်ကို အသာကလေး ထိုးဆိတ် ချီယူသွားနိုင်စွမ်းရှိကြပေသည်။

ဝံပုလွေဘိုးဘိုးက သူ့အလွန်တရာ ချစ်မြတ်နိုးသော ဝံပုလွေမားခေါ် ရတနာမြေပုံမားထက်တွင် အဓိပတိသိုင်းကိုး

ကွက်ကို ရေးထိုးပြီး နေရာအားဖြင့် အလွန်စိတ်ချလုံခြုံသော ဝံပုလွေလိုဏ်ဂူကြီးအတွင်းရှိ ပတ္တမြားကျောက်ခုံကြီး ထက်တွင် စနစ်တကျ တင်ရှိထားခဲ့သည်။

တစ်နေ့တွင် သိုင်းလောကကို စိုးမိုးနိုင်မည့် အရည်အချင်းကောင်းနှင့် ပြည့်စုံသော လုလင်ပျိုတစ်ယောက်သည် ဤနေရာသို့ ရောက်လာကာ ဤသစ္စာသမာဓိသတ္တိနှင့် ပြည့်စုံသော ရတနာများကို လာရောက်ယူဆောင်နိုင်စွမ်း ရှိမည်ဟု ဝံပုလွေဘိုးဘိုးက သူမသေဆုံးမီ အဓိဋ္ဌာန်ပြုခဲ့သည်။

မှန်လည်းမှန်ပေသည်။ ဤနေရာဤဒေသသို့ ရောက်အောင် လာနိုင်စွမ်းရှိပြီး ဤရတနာများကို ယူနိုင်စွမ်းရှိသူမှာ ထိပ်တန်းအဆင့်လွန် သိုင်းသမားမျိုးမှသာလျှင် ဖြစ်ပေလိမ့်မည်။

အလွန်ဝေးလံ ချောင်ကျလှသော ဒေသ ချောမွတ်မတ်စောက်သော တောင်ဘက်လမ်းများ၊ သေမင်းပါးစပ်နှင့်တူသော မရဏချောက်နက်ကြီးများ၊ ချွန်ထက်သော လမ်းကြောင်းများကို ဖြတ်ကျော်နိုင်မှသာလျှင် ဝံပုလွေဖြူတောင်ထိပ်သို့ ရောက်ရှိမည် ဖြစ်ပေသည်။

ဝံပုလွေဖြူတောင်ထိပ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကြောက်မက်ဖွယ်ရာ ကောင်းသော တိရစ္ဆာန်များနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ဝံပုလွေလိုဏ်ဂူသို့ ရောက်ရှိသွားရန်မဆိုထားနှင့် တောင်ထိပ်သို့ ရောက်ရန်ပင် မလွယ်ကူပေ။



တောင်ထိပ်ရောက်ပြီး ဝံပုလွေလိုဏ်ဂူသို့သွားရာလမ်းတစ်လျှောက်တွင်လည်း ထူးဆန်းပြီး ကြောက်စရာကောင်းသော သားစားငှက်ကြီးများ၊ မြောက်ဝံကြီးများ၊ ငွေရောင်ဝံပုလွေများနှင့် ပက်ပင်း ရင်ဆိုင်ရမည် ဖြစ်ပေသည်။

ထို့ကြောင့် ဤဝံပုလွေလိုဏ်ဂူကြီးအတွင်း ရှိနေသော ဝံပုလွေမားခေါ် ရတနာမြေပုံမားသည်ကား လူစွမ်းကောင်းသိုင်းသမားကို စောင့်မျှော်လျက် ရှိနေပြီဖြစ်၏။

ဤဝံပုလွေမားခေါ် ရတနာမြေပုံမားအကြောင်း သိုင်းလောကတွင် သိရှိလာရခြင်းမှာ မြေပြန့်ဝံပုလွေဆိုသော သိုင်းသမား တစ်ယောက်ကြောင့်ပင် ဖြစ်ပေသည်။

မြေပြန့်ဝံပုလွေမှာ ဤဝံပုလွေဘိုးဘိုး၏ ဘယ်လက်ရုံးကြီး တောင်ထိပ်ဝံပုလွေကျိုလုံ၏ တပည့်များ အနက်မှ တစ်ယောက် ဖြစ်သည်။ တစ်နေ့တွင် မြေပြန့်ဝံပုလွေသည် သူ၏ဆရာသခင် တောင်ထိပ်ဝံပုလွေ ကျိုလုံထံသို့ လာရောက်ကာ ဂါရဝပြုခဲ့သည်။

ထိုသို့ ဂါရဝပြုကာ ဝံပုလွေဖြူတောင်ပေါ်တွင်ရှိနေစဉ်အတွင်း မြေပြန့်ဝံပုလွေသည် ဆရာသခင်ဖြစ်သူ တောင်ထိပ်ဝံပုလွေ ကျိုလုံထံမှ ဝံပုလွေဘိုးဘိုးနှင့် ပတ်သက်သောလျှို့ဝှက်ချက်များကို သိရှိခဲ့ရလေသည်။

ထိုလျှို့ဝှက်ချက်များသည်ကား ဝံပုလွေဘိုးဘိုးသည် မသေဆုံးမီ သူ၏ အဓိပတိသိုင်းကိုးကွက်နှင့် သူပိုင်ဆိုင်သော ရတနာများကို ပြဆိုထားသည့် ရတနာမြေပုံကို မားပေါ်တွင်ရေးထိုး

ပြီး ဤဝံပုလွေဖြူ တောင်ကြီး၏အလယ်ရှိ ဝံပုလွေလိုဏ်ဂူကြီး အတွင်း လျှို့ဝှက်မြှုပ်နှံထားသည်ဆိုသော အကြောင်းပင်ဖြစ်ပေသည်။

မြေပြန့်ဝံပုလွေသည် ထိုလျှို့ဝှက်အကြောင်းများကို ဆရာသခင်ဖြစ်သူ တောင်ထိပ်ဝံပုလွေထံမှ သိရှိလိုက်ရသောအခါ ထိုဝံပုလွေဓားကို အလွန်တပ်မက်သော လိုချင်စိတ်များတဖွားဖွား ဖြစ်ပေါ်လာရသည်။

တစ်နေ့တွင် မြေပြန့်ဝံပုလွေသည် ဆရာသခင်အပေါ်တွင် ဓားကို ခိုးယူမည့်အကြံနှင့် ဝံပုလွေလိုဏ်ဂူကြီးဆီသို့ တစ်ဦးတည်း တိတ်တဆိတ် ထွက်လာခဲ့သည်။

ဝံပုလွေလိုဏ်ဂူသို့မရောက်မီ ဝံပုလွေများနှင့် ဆုံတွေ့ကာ မြေပြန့်ဝံပုလွေသည် တောင်အောက်သို့ အသက်လုပြီး ပြေးဆင်းလာခဲ့ရလေတော့သည်။

နောက်ပိုင်းတွင် မြေပြန့်ဝံပုလွေသည် ထိုအကြောင်းကို သိုင်းလောကမှ သူ၏ရင်းနှီးသောမိတ်ဆွေများကို ပြန်လည်ပြောပြရင်းမှ သိုင်းလောကတွင် ကျယ်ကျယ်ပြန့်ပြန့် သိရှိသွားကြရလေတော့သည်။

တစ်ချိန်က သိုင်းလောကတွင် လွှမ်းမိုးထားနိုင်ခဲ့သော အဓိပတိသိုင်းကိုးကွက်သာမက ရတနာများကိုပါ ရရှိမည်ဖြစ်၍ သိုင်းလောကသားများသည် ထိုဝံပုလွေဓားကို လိုချင်မက်မောကြသည်။





သို့သော် သွားရမည့်ခရီးလမ်းနှင့် ကြောက်မက်ဖွယ်ရာ တိရစ္ဆာန်ကောင်ကြီးများအကြောင်း ကြားသိရသောအခါ အားလုံးက နောက်တွန့်သွားမိကြသည်။

မည်သူ တစ်ဦးတစ်ယောက်မျှ အမိုက်ခံ အသေခံပြီးမသွားဝံ့ကြတော့ပေ။

စွန့်စွန့်စားစား သွားယူကြသည့်လူမှန်သမျှမှာလည်း သွားလမ်းသာရှိပြီး တစ်ယောက်မှ ပြန်လမ်းမရှိကြပေ။

အားလုံး တောင်ပေါ်သို့တက်သွားကြပြီး တစ်ယောက်မှ ပြန်ဆင်းလာနိုင်သည်ကို မတွေ့ရပေ။

ထို့ကြောင့် သိုင်းလောကသားများသည် ထိုအဖိုးထိုက်တန်လှသော ရတနာဓားကို လိုချင်ကြသော်လည်း သွားမယူရဲကြတော့ပေ။

* * *

"ကိုင်း....အဖြစ်အပျက်ကတော့ ဒါပါပဲ မောင်ရင်၊ ဒီ အဓိပတိသိုင်းကိုးကွက်ကို ရရှိမှသာလျှင် မောင်ရင့်အနေနဲ့ သိုင်းပညာမှာ ဧကရာဇ်တစ်ဆူဖြစ်နေတဲ့ အဆိပ်သခင်ကို ယှဉ်ပြိုင် ချေမှုန်းနိုင်မှာဖြစ်တယ်၊ မောင်ရင့်မိဘတွေအတွက် သွေးကြွေး မဆပ်ချင်ဘူးလား"

"ဟာ...သိပ်ဆပ်ချင်တာပေါ့ ဦးရယ်၊ ကျွန်တော် ဘယ်လို အန္တရာယ်တွေတွေ့တွေ့ မကြောက်ပါဘူး၊ ကျွန်တော် ဝံပုလွေဖြူတောင်ကိုသွားပြီး ဝံပုလွေမခေါ်ကို အရယူပါ့မယ်"

ချူးချင်းက လက်နှစ်ဘက်ဆုပ်ပြီး လေးနက်တည်ကြည်စွာဖြင့် ကတိပြု ပြောကြားလိုက်သည်။

ဂိုဏ်းချုပ်ကြီး ကျူမင်က မျက်ခုံးနှစ်ဘက်မြှင့်လိုက်ပြီ....

"ဒီအဓိပတိ သိုင်းကိုးကွက်ကို မောင်ရင်က တတ်မြောက်ပြီးရင် ဦးတို့ရဲ့ သွေးပင့်ကူဂိုဏ်းကြီးဟာလဲ သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကျော်ကြားမယ့် သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်လာရမယ်၊ အားလုံးက လေးစားလာကြရမယ်။ ဦးတို့ရဲ့ သြဇာကို ခံလာကြရမယ်....

"မောင်ရင်ဟာ သိုင်းလောကမှာ ပြိုင်ဘက်ကင်း သိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်လာပြီး ဝံပုလွေဘိုးဘိုးလို အားလုံးက လေးစားပြီး သြဇာခံကြရမယ့် ပညာရှင်တစ်ယောက် ဖြစ်လာရလိမ့်မယ်"

ကျူမင်က စကားကို ခဏရပ်လိုက်ပြီးမှ ဆက်ပြောလိုက်ပြန်သည်။

"ဝံပုလွေဖြူတောင်ကို သွားဖို့အတွက် ဟောဒီက ဦးရဲ့ အထူး ယုံကြည်စိတ်ချရတဲ့ ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်ကိုပါ မောင်ရင်နဲ့ တစ်ပါတည်း ထည့်ပေးလိုက်မယ်၊ ဖန်းပူဖိန်က ဝံပုလွေဖြူတောင်ကိုသွားတဲ့လမ်းကို သိထားတယ်"



ကျူမင်ကပြောပြီး ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်ကို တစ်ချက်စူးစိုက်ကြည့်လိုက်ရာ ဖန်းပူဖိန်က မတ်တတ်ရပ်ကာ လက်နှစ်ဘက်ကိုဆုပ်၍ အရိုအသေပြုလိုက်ပြီး....

"ဂိုဏ်းချုပ်ကြီး ပေးအပ်တဲ့တာဝန်ကို ကျွန်တော် အောင်မြင်အောင် စွမ်းဆောင်ပေးပါ့မယ်"

ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်ကပြောပြီးသည်နှင့် ပြန်လည်ထိုင်ခိုင်းလိုက်သည်။ ဂိုဏ်းချုပ်ကြီး ကျူမင်က ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

"အင်း....ဒီခရီးလမ်းကတော့ အတော့်ကို အန္တရာယ်များတယ်၊ ဂိုဏ်းခွဲမှူးကြီးဖန်းပူဖိန်အနေနဲ့ တူတော်မောင်ချူးချင်းကို အထူးဂရုစိုက် စောင့်ရှောက် ခေါ်သွားပါ"

"စိတ်ချပါ ဂိုဏ်းချုပ်ကြီး"

ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်က ထပ်မံကတိပြုပြောကြားလိုက်သည်။ ချူးချင်းက....

"ကျွန်တော် မိဘတွေကို ရက်ရက်စက်စက် သတ်ဖြတ်သွားတဲ့ ဒီအဆိပ်သခင်ဆိုတဲ့ သိုင်းသမားကြီးကို ကျွန်တော့်လက်နဲ့ ပြန်ပြီး ကလဲ့စားချေပါ့မယ်၊ ဒီအဓိပတိသိုင်းကိုးကွက်ပါတဲ့ ဝံပုလွေမခေါ်ကို ကျွန်တော် မဖြစ် ဖြစ်တဲ့နည်းနဲ့အရယူပါ့မယ်"

ယင်းအချိန်မှာပင် မိန်းမချောလေး မေဝှားက....

"အစ်ကို့ အတွက် မေဝှားဂုဏ်ယူပါတယ်၊ အစ်ကို အောင်အောင်မြင်မြင်နဲ့ ပြန်လာနိုင်ပါစေလို့ မေဝှားဆုတောင်းပေးလိုက်ပါတယ်"

"ကျေးဇူးတင်ပါတယ် ညီမ၊ အစ်ကို အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

ထို့နောက် ဂိုဏ်းချုပ်ကြီးကျူမင်ကအရက်ခွက်ကိုမြှောက်လိုက်ရင်း....

"ကိုင်း....ချူးချင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ကျုပ်တို့ အရက်တစ်ခွက်စီ သောက်လိုက်ကြရအောင်"

ကျူမင်ကပြောပြီး အရက်ကို ကမ်ပေ့ဖြူလုပ်ကာသောက်လိုက်သည်။

ချူးချင်းနှင့် ဖန်းပူဖိန်တို့ကလည်း အရက်ခွက်ကိုယ်စီ မြှောက်၍ သောက်လိုက်ကြရတော့သည်။

ပြီးနောက် တပျော်တပါးနှင့် ညစာကို စားသောက်လိုက်ကြတော့သည်။

* * *

ညလေအေးကလေးများက တသုန်သုန် တိုက်ခတ်လျက်ရှိ၏။

ပန်းဥယျာဉ်ကြီးအတွင်းမှ မွှေးကြိုင်သော ပန်းရနံ့များက လေအေးတွင် ရောထွေးပါရှိလာခဲ့လေ၏။





ပန်းဥယျာဉ်အတွင်း ခုံတန်းတစ်ခုပေါ်တွင်ထိုင်ကာ ချူးချင်းသည် ညအလှ၌ အာရုံနစ်မျောနေမိလေသည်။

သူသည် သူ့ဘဝ အကြောင်း၊ မိဘနှစ်ပါး အကြောင်း၊ မမြင်ရသေးသည့် ရန်သူတော်ကြီး အဆိပ်သခင်အကြောင်း၊ ဝံပုလွေမားများအကြောင်းကို တစ်ခုချင်း ဆက်စပ်တွေးတောနေမိသည်။

ရွှန်းမြသောလရောင်က ပန်းဥယျာဉ်ကြီးအတွင်းဖြာဆင်းကျရောက်လျက် ရှိ၏။

လရောင်က သစ်ရွက်ကလေးများပေါ်သို့ လည်းကောင်း၊ ပန်းပင်နှင့် ပန်းပွင့်နုဖတ်ကလေးများပေါ်သို့ လည်းကောင်း ထိုးဆင်းကျရောက်လျက်ရှိရာ ချူးချင်းသည်ငေးမောနေမိလေတော့သည်။

သူ့ဘဝကို သူပြန်တွေးနေမိသည်။

သူသည် ရှစ်နှစ်သားအရွယ်ကပင် မိဘများနှင့် ခွဲခွာခဲ့ရသည်။

သူသည် ဖခင်ဖြစ်သူ ချူးအင်း၏ ပို့ဆောင်ပေးထားမှုကြောင့် လုံစန်းတောင်ထိပ်တွင် သွားရောက်နေထိုင်ခဲ့ရသည်။

သူက မိဘများနှင့် မခွဲမခွာ နေထိုင်ချင်သော်လည်း မိဘများ၏ ပို့ဆောင်ပေးထားမှုကြောင့် လုံစန်းတောင်ပေါ်သို့ သွားရောက်နေထိုင်ရခြင်းပင် ဖြစ်သည်။

သူသည် လုံစန်းတောင်ထိပ်တွင် နေထိုင်စဉ်ကာလအတွင်း သိုင်းပညာရှင်ကြီး တောင်ပေါ်ဝံပုလွေ လောက်ထိုထံမှ သိုင်းပညာရပ်များကို သင်ကြားခဲ့ရသည်။

အသက်အရွယ်ကြီးလာသည်နှင့်အမျှ တောင်ပေါ်ဝံပုလွေ လောက်ထိုက ချူးချင်းအား အဆင့်မြင့်သိုင်းပညာရပ်များ၊ အတွင်းအား ပညာရပ်များကို မခြွင်းမချန် ဆရာစားမချန်ဘဲ အိတ်သွန်ဖာမှောက် သင်ကြားပေးခဲ့သည်။

ချူးချင်းသည် တောင်ပေါ်ဝံပုလွေ လောက်ထို သင်ကြားပေးသော သိုင်းပညာရပ်များကို ပင်ပန်းကြီးစွာ သင်ကြားခဲ့ရသည်။

တောင်ပေါ်ဝံပုလွေလောက်ထိုက တပည့်ဖြစ်သူ ချူးချင်းကို သိုင်းပညာသင်ကြားပေးရာတွင် ညှာတာလေ့ မရှိပေ။

စင်စစ် တောင်ပေါ်ဝံပုလွေ လောက်ထိုကိုယ်တိုင်က ထိပ်တန်း အဆင့်မြင့် သိုင်းပညာရှင်ကြီး ဖြစ်နေသည်မဟုတ်ပါလား။

တောင်ပေါ်ဝံပုလွေ လောက်ထိုသည် တစ်ချိန်က သိုင်းလောက၏ အဓိပတိ ဝံပုလွေဘိုးဘိုး၏ညာလက်ရုံးကြီးတစ်ဆူပင် ဖြစ်သည်။

ဝံပုလွေဘိုးဘိုးကိုယ်တိုင်က တပည့်ဖြစ်သူ တောင်ပေါ်ဝံပုလွေ လောက်ထိုကို သိုင်းပညာသင်ကြားပေးရာတွင် ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးခဲ့သည်။





ထို့ကြောင့် လည်း တောင်ပေါ်ဝံပုလွေ လောက်ထိုမှာ နောင်တစ်ချိန်တွင်အောင်မြင်ကျော်ကြားလာသည့် သိုင်းပညာရှင်ကြီးတစ်ယောက် ဖြစ်လာခဲ့သည် မဟုတ်ပါလား။

ထို့အတူပင် တောင်ပေါ်ဝံပုလွေကြီး လောက်ထိုကသူ့တပည့်ဖြစ်လာပြီး သိုင်းပညာသင်ကြားမည့် ချူးချင်းအား သိုင်းပညာသင်ကြားရာတွင် ညှာတာခြင်းမပြုဘဲ ပြင်းထန်စွာ လေ့ကျင့်ပေးခဲ့သည်။

အတွင်းအားပညာ၊ လက်နက်ပုန်းပညာ၊ ဓားလှံလက်နက်များပညာ၊ လက်နက်မဲ့ပညာ၊ ကိုယ်ဖော့ပညာရပ်များကို စနစ်တကျ အသက်အရွယ်အလိုက် မခြွင်းမချန် သင်ကြားပေးခဲ့သည်။

ဆရာသခင်ဖြစ်သူက အပင်ပန်းခံ၊ အနစ်နာခံပြီး သင်ကြားပေးသောအခါ ချူးချင်းကလည်းဆရာသခင်၏စေတနာကို လေးစားသောအားဖြင့် ကြိုးစားပန်းစား သင်ယူခဲ့လေသည်။

ချူးချင်းသည် အသက်ရှစ်နှစ်သားကပင် လုံစန်းတောင်ထိပ်သို့ ရောက်လာခဲ့လေသည်။

ဆယ်နှစ်ပြည့်မြောက်သောအခါ သူသည် ထိပ်တန်းသိုင်းပညာများကိုတောင်ပေါ်ဝံပုလွေလောက်ထိုထံမှ အမွေအနှစ်ရလိုက်သည်။

သူက ပညာများအမွေအနှစ်ရလိုက်သောအချိန်တွင် ဆရာသခင်ဖြစ်သူ တောင်ပေါ်ဝံပုလွေမှာကား မရှုမလှခံစားနေရလေပြီ။

သူသည် တစ်ဦးတည်းသော တပည့်ကလေးချူးချင်းအား နှစ်ရှည်လများအပင်ပန်းခံ အဆင်းရဲခံကာသိုင်းပညာရပ်များ သင်ကြားပေးခဲ့ရသောဒဏ်ချက်ဖြင့် အိပ်ရာထဲတွင်ဘုန်းဘုန်းလဲရလေတော့သည်။

နောက်ဆုံး၌ တောင်ပေါ်ဝံပုလွေမှာ ချူးချင်း၏ လက်ပေါ်မှာပင် အသက်ဆုံးရှုံးသွားခဲ့ရသည်။ သူသည် သူ ချစ်လှစွာသော ရေမြေတောတောင်များနှင့်တကွ ဝံပုလွေများ၊ ချစ်တပည့် ချူးချင်းကို ထာဝရကျောခိုင်းသွားခဲ့သည်။

တောင်ပေါ်ဝံပုလွေလောက်ထိုက သူမသေဆုံးမီ သူ့အလောင်းကို ဤ သူနေထိုင်ခဲ့ရာ ကျောက်အိမ်ကလေးထဲမှာပင် မြှုပ်နှံရန်သေချာစွာမှာကြားထားခဲ့သည်။

ချူးချင်းသည် ဆရာသခင် ကွယ်လွန်ပြီးနောက် ဝံပုလွေများကို နှုတ်ဆက်ကာ တောင်ပေါ်မှဆင်းလာခဲ့သည်။

ယခုမှ ချူးချင်းစဉ်းစားမိသည်မှာ သူ့ကို မိဘများက လုံစန်းတောင်ပေါ်သို့ပို့ဆောင်ထားပေးပြီး သိုင်းပညာများကို သင်ယူရခြင်း၏ရည်ရွယ်ချက်မှာ အဆိပ်သခင်၏ ရန်ငြိုးကြောင့်ပင်ဖြစ်သည်။

အဆိပ်သခင်ကို ပြန်လည်ကလဲ့စားချေနိုင်ရေးနှင့် သားလေး၏ နောင်ရေးအတွက် ချူးအင်းက သားကလေး ချူး





ချင်းကို သူ့မိတ်ဆွေ တောင်ပေါ်ဝံပုလွေ လောက်ထိုထံသို့ ပို့ဆောင်ပေးထားခြင်းပင်ဖြစ်ပေသည်။

အဆိပ်သခင်ဆိုသည်မှာ မည်သူ ဖြစ်ပါသနည်း။ အဆိပ်သခင်သည် မိခင်၏မိဘနှစ်ပါးကို ရက်ရက်စက်စက်သတ်ဖြတ်သွားခဲ့သူ ဒုစရိုက်ဂိုဏ်းချုပ်ကြီးတစ်ယောက်ပင်ဖြစ်သည်။

အဆိပ်သခင်သည် ကြောက်စရာနှင့်အင်အားကြီးမားသော ရန်သူတော်ကြီးတစ်ယောက်ဖြစ်ပြီး အင်အားကြီးမားလှသော သိုင်းဂိုဏ်းကြီးတစ်ဂိုဏ်း၏ အဓိပတိသိုင်းရာဇာဂိုဏ်းချုပ်ကြီးလည်း ဖြစ်ပေသည်။

အဆိပ်သခင်နှင့် အဆိပ်သခင်ဂိုဏ်းကို ဖြိုခွင်းဖို့ရန်မှာ တော်ရုံတန်ရုံအဆင့်ဖြင့်မရနိုင်ပေ။

အဆိပ်သခင်ကိုယ်တိုင်မှာ ထိပ်တန်း သိုင်းဆရာကြီး တစ်ယောက် ဖြစ်သလို သူ့လက်အောက်တွင် အရေအတွက် များပြားလှသော အစွမ်းထက်မြက်သည့်သိုင်းသမားပေါင်း များစွာက ရှိနေသည်။

အဆိပ်သခင်ကို သူ ရင်ဆိုင်ချေမှုန်းနိုင်ရန်မှာ သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်ပြောသကဲ့သို့ ဝံပုလွေဘိုးဘိုး၏အဓိပတိသိုင်းကိုးကွက်ကိုရရှိမှသာလျှင် ဖြစ်ပေလိမ့်မည်။

ထို အဓိပတိသိုင်းကိုးကွက်ကို ကျွမ်းကျင်စွာ တတ်မြောက်မည်ဆိုပါကအဆိပ်သခင်ကို မှုစရာမလိုတော့ပေ။ အဆိပ်သခင်ကို စိန်ခေါ်ပြီး ချေမှုန်းသုတ်သင်ပစ်ရန်သာ ရှိပေတော့သည်။

သို့သော် အဓိပတိသိုင်းကိုးကွက်ကိုရရန်မှာလည်း အတော်ကလေး ခဲယဉ်းသည့်ကိစ္စတစ်ခုဖြစ်နေသည်။ ယင်းသည် ဓားတစ်လက်ပေါ်တွင် ရေးထွင်းထားကာအန္တရာယ်များလှသောနေရာတွင် ရှိနေ၏။

ကြောက်စရာကောင်းလှသော သားစား မျောက်ဝံကြီးများ၊ ဝံပုလွေများ၊ ထူးဆန်းသော သားစားငှက်ကြီးများတို့က ဝံပုလွေဓားကို စောင့်ကြပ်လျက် ရှိနေကြသည်။

မိမိအဖို့ ဓားပေါ်မှ ရတနာမြေပုံကို မက်မောခြင်းမရှိပေ။ သိုင်းလောကအကျိုးနှင့် မိဘများကိုသတ်သွားသည့်အမှောင်သခင်ကြီးဖြစ်သော အဆိပ်သခင်ကို ချေမှုန်းသုတ်သင်ပစ်နိုင်ရန် အဓိပတိသိုင်းကိုးကွက်ကို လိုချင်သှ်ပေသည်။

ချူးချင်း နောက်တစ်ချက် စဉ်းစားမိလိုက်သည်မှာ သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်နှင့် သမီးချော မေဝှား။ သွေးပင့်ကူဂိုဏ်းချုပ်ကြီးကျူမင်မှာ သူ၏အသက်သခင် ကျေးဇူးရှင်ဖြစ်ပြီး စိတ်ကောင်းစေတနာကောင်းနှင့်ပြည့်စုံသော အဖြူရောင်သိုင်းသမားကြီးတစ်ယောက်လည်း ဖြစ်ပေသည်။

ဂိုဏ်းချုပ်ကြီးကျူမင်မှာ သူ့ကို သားအရင်းတမျှချစ်ခင်ပြီး စခန်းတွင် လိုလေသေးမရှိအောင်ထားပေးသည်။ ထို့ပြင် သူ၏မွေးစားသမီးချော မေဝှားနှင့် ရင်းနှီးသွားစေချင်သည့်ဆန္ဒများရှိနေကြောင်းကိုလည်း ချူးချင်း ရိပ်စားမိပေသည်။

မေဝှားကလည်း မိမိကိုယ်တပ်မက်စွာတစ်ဘက်သတ်စွဲလမ်းနှစ်သက်လျက်ရှိနေသည်။





မိမိကမူ မေဝှားကို ညီမလေးအရင်းတစ်ယောက်ထက် ပို၍မချစ်နိုင်ခဲ့ပေ။ ဂိုဏ်းတူမောင်နှမအဖြစ် ဆက်ဆံခဲ့သည်။

ချူးချင်းမှာ ပန်းဥယျာဉ်ကြီးအတွင်းထိုင်ကာ တွေးတောငေးမောနေမိသည်။

"ဝှစ်"

ရုတ်တရက် သူ့နောက်ကျောဘက်မှ အဝတ် လေတိုးသံတစ်ချက် ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ မိန်းမချောလေး မေဝှားကိုတွေ့လိုက်ရလေသည်။

မေဝှားသည် ပြုံးပြုံးကလေး ရပ်ကြည့်နေရာမှ ချူးချင်းထံသို့ လျှောက်လာလေသည်။ မေဝှားသည် လရောင်အောက်တွင် လှချင်တိုင်း လှလျက် ရှိနေ၏၊ သူမသည် ပန်းနုရောင်ပိုးသားဝတ်စုံကို ဝတ်ဆင်ထားပြီး နက်မှောင်ရှည်လျားသောဆံပင်များကို အစိမ်းနုရောင် ပဝါစဖြင့် စည်းနှောင်ထားလေသည်။

ပျော့ပျောင်းသော ပန်းနုရောင် ပိုးသားဝတ်စုံအောက်မှသူမ၏ ခန္ဓာကိုယ်မှ အလှအပများတို့သည် သူ့နေရာနှင့်သူအလှချင်းပြိုင်ကာ ငွားငွားစွင့်စွင့်ရှိနေကြ၏။

"အစ်ကို ဘာထိုင်လုပ်နေတာလဲဟင်"

မေဝှားက ချူးချင်းအနီး ကပ်ထိုင်လိုက်ရင်းက အသံလွင်လွင်ကလေးနှင့် မေးမြန်းလိုက်သည်။

လူချင်းကပ်နေသဖြင့် သူမကိုယ်မှ မွှေးကြိုင်လှသော ရနံ့တို့ကို ချူးချင်း ရှူရှိုက်မိနေရသည်။

ကိုယ်သင်းနံ့လား၊ လိမ်းကျံထားသော အမွှေးအကြိုင်များ၏ အနံ့လားတော့ မသိပေ၊ မေဝှားထံမှ မွှေးကြိုင်သော ရနံ့များက ချူးချင်းနှာဝသို့ အဆက်မပြတ် တိုးဝင်လျက် ရှိ၏။

"ဟေး....အစ်ကိုပြောလေ၊ ဘာတွေးငိုင်နေတာလဲ"

မေဝှားက သူမပခုံးကလေးနှင့် ချူးချင်း၏ ပခုံးကို တိုက်လိုက်ရင်း မူနွဲ့နွဲ့ကလေးနှင့် မေးလိုက်သည်၊ ချူးချင်းက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး....

"ဩြော်....အစ်ကို ရှေ့ဆက်ရမယ့် ခရီးကို တွေးနေမိလို့ပါ ညီမရယ်"

မေဝှားက အသံလွင်လွင်ကလေးနှင့်....

"အစ်ကိုရယ်၊ အစ်ကို့အနားမှာ မေဝှားတစ်သက်လုံး မခွဲမခွာ နေသွားမှာပါ၊အစ်ကိုမေဝှားကို မချစ်ဖူးလားဟင်"

ချူးချင်းက လေးနက်တည်ကြည်သော လေသံဖြင့်....

"မေဝှားကို ညီမလေးတစ်ယောက်လို ချစ်ပါတယ်၊ ဂိုဏ်းတူမောင်နှမတွေပဲ ညီမရယ်၊ ဘာဖြစ်လို့မချစ်ရမှာလဲ"

"ဟင့်အင်း....ဟင့်အင်း"

မေဝှားက နှုတ်ခမ်းစူပြောရင်း သူမ၏ ခေါင်းကို ချူးချင်းရင်ခွင်ထဲသို့ အတင်း တိုးဝင်လိုက်သည်။ ချူးချင်းကသူမ၏ ပခုံးနှစ်ဘက်ကို အသာကလေး ပြန်တွန်းထားလိုက်သည်၊





"မမိုက်ချင်ပါနဲ့ ညီမရယ်၊ ညီမရဲ့ဖေဖေက အစ်ကို့ရဲ့ အသက်သခင် ကျေးဇူးရှင်ပါ၊ သူ့ကျေးဇူးတွေကို မော်ကားဖို့ မသင့်တော်ပါဘူး"

မေဝှား၏ မျက်လုံးအစုံမှာ အရောင်တောက်ပသွားရ၏....

"ဒီမှာအစ်ကို၊ စကားကို ပေ့လည်ကြောင်ပတ် လျှောက်ပြောမနေပါနဲ့ အစ်ကိုရယ်၊ ညီမက မိန်းကလေးပါ၊ မိန်းကလေးက စပြီးပြောရတာတော့ မကောင်းပါဘူး၊ အစ်ကိုညီမကို မချစ်ဘူးလားဟင်"

ချူးချင်းမှာ သက်ပြင်း ရှိုက်လိုက်ရင်းက....

"ညီမကို ဂိုဏ်းတူ မောင်နှမ အဖြစ်သာ တစ်သက်လုံး ဖြူဖြူစင်စင်နဲ့ ချစ်သွားပါရစေတော့ ညီမရယ်"

"ဟင့်....ဟင့်"

မိန်းမချောလေး မေဝှား ရှိုက်သံပြုလာသည်။ မျက်ရည်များက စီးကျလာသည်။

ပခုံးကလေးနှစ်ဘက်က တသိမ့်သိမ့်လှုပ်လာသည်။ ကျောပြင်လေးမှာ တသိမ့်သိမ့်။ ချူးချင်းတွေဝေနေမိသည်၊ နောက် သူက အံကြိတ်လိုက်ပြီး ထိုင်ရာမှ မတ်တတ် ထရပ်လိုက်သည်။

ချူးချင်းက တသိမ့်သိမ့်ငိုရှိုက်နေသော မေဝှားကို တစ်ချက်ငဲ့ကြည့်လိုက်ရင်း....

"အစ်ကို့ကို ခွင့်လွှတ်ပါ မေဝှားရယ်၊ အစ်ကို့မှာ ရှေ့မှာ ထမ်းဆောင်ရမယ့် တာဝန်တွေအများကြီး ကျန်ရှိနေသေးလို့ပါ၊ အစ်ကို မေဝှားကို မြင်မြင်ချင်း ကိုယ့်ညီမလေး အရင်းအချာတစ်ယောက်လိုပဲ ဖြူဖြူစင်စင် ချစ်မိတယ်၊ ဒီအချစ်နဲ့ပဲ အစ်ကိုတစ်သက်လုံး ချစ်သွားမှာပါ....ချစ်သွားမှာပါ"

ချူးချင်းက စကားဆုံးသည်နှင့် သူနေထိုင်ရာ အဆောင်ဆီသို့ ခြေဦးလှည့်လိုက်သည်။ သူ့ခြေလှမ်းများက လေးလံနေသည်။ သူ့နောက်ကျောဘက်မှ ရှိုက်သံသဲ့သဲ့ကို အဆက်မပြတ် ကြားနေရသည်။

နေရစ်တော့ မိန်းကလေးရယ်....

* * *



အခန်း (၉)

## သိုင်းလောကကို စောင့်ရှောက်သူ

နေဝန်းသည် အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီမှ တရွေ့ရွေ့ထွက်ပေါ်လာခဲ့လေပြီ။

နေလုံးနှင့်အတူ ပူနွေးတောက်ပသော အလင်းရောင်တန်းကြီးများက မြေပြင်တစ်ဝှမ်းဆီသို့ ပိုက်ကွန်ကြီးများဖြင့် ဖြန့်ကြက်လိုက်သည့်အလား အုပ်မိုးလာခဲ့၏။

စောစောက နေရာယူ ဖုံးလွှမ်းနေခဲ့သောအမှောင်ထုသည် နှင်းငွေ့မြူငွေ့များနှင့်အတူ တစ်စတစ်စ ပျောက်ကွယ်သွားခဲ့၏။

အမှောင်ရိပ်များ၏ နေရာတွင် လင်းရောင်ခြည်သည် အစားထိုး နေရာယူလာခဲ့သည်။

အရှေ့ဘက်ဦး လေပြည်လေညင်းအောက်တွင် မွန်ဂိုမြင်းဖြူကြီး နှစ်ကောင်သည် ဇောင်းမှုလွှတ်မည့်အလား လည်ဆံ တဖွားဖွား၊ ခွာသံတယက်ယက် ရှိနေလေ၏။

မွန်ဂိုမြင်းဖြူကြီးနှစ်ကောင်၏ ကျောထက်တွင် ခရီးထွက်ရန် ကုန်းနှီးနှင့်တကွ ခရီးသွားအိတ်များ တင်ဆောင်ထားပြီး လေပြီ။

မြင်းဖြူကြီးများသည် အရှေ့ဘက်ဦးလေပြည်ကို တဝကြီး ရှူရှိုက်လျက် ရှိနေ၏။

ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် ခရီးထွက်ရန် အသင့်ဖြစ်နေကြလေပြီ၊ နှစ်ယောက်စလုံးက ဓားများကို ကျောတွင်ပိုးလွယ်ထားကြသည်၊

ချူးချင်း၏ဓားက နှစ်ဘက်သွားဓား ပြောလဲ့လဲ့တောက်ပနေသလို ဖန်းပူဖိန်၏ဓားက မြွေသဏ္ဍာန် ကောက်ကောက်ကွေးကွေးဓားမျိုး။

သိုင်းလောကတွင် မြွေဓားဟု ကျော်ကြားနေသော ဓားမျိုး ဖြစ်သည်။

ဖန်းပူဖိန်၏ဓားရောင်က နီကျင့်ကျင့် တောက်ပနေသည်။ အဆိပ်ဓားမျိုး ဖြစ်သည်။





သူတို့နှစ်ယောက်က ယခု အာထိုင်စန်တောင်ခြေရှိ သွေးပင့်ကူဂိုဏ်းခွဲ စခန်းသို့ ရောက်ရှိနေကြခြင်း ဖြစ်သည်။

ဂိုဏ်းချုပ်ကြီး ကျူမြင်၏ စီစဉ်ပေးချက်အရ သူတို့သည် ညကတည်းက တောင်ပေါ်မှဆင်းလာခဲ့ကာ ဂိုဏ်းခွဲစခန်းတွင် အိပ်စက်ကြသည်။

တောင်ခြေ ဂိုဏ်းခွဲစခန်းတွင် လက်ရွေးစင် မွန်ဂိုမြင်းကောင်း မြင်းသန့်များချည်း မွေးမြူထားသော မြင်းခြံကြီး တစ်ခု ရှိနေသည်၊

ထို အကောင်းဆုံး မွန်ဂိုမြင်းများထဲမှ ချူးချင်းက စိတ်ကြိုက် မြင်းတစ်ကောင်ကို ရွေးချယ်ပြီး ဖန်းပူဖိန်ကလည်း သူ့စိတ်ကြိုက် မြင်းတစ်ကောင်ရွေးချယ်ပြီး ကုန်းနှီးများတင် စေလိုက်သည်၊

မွန်ဂိုမြင်းကြီးနှစ်ကောင်ကို ညကတည်းက အစာရေစာ တဝကျွေးထားပြီး အခြားမြင်းများနှင့် ခွဲထားရသည်၊အရှေ့ဘက်တက်သည်နှင့် ကုန်းနှီးတင်ကာ အသင့်ပြင်ထားကြသည်။

သွေးပင့်ကူဂိုဏ်းခွဲ မြင်းမွေးမြူရေးခြံမှ သိုင်းသမားများမှာ အစွမ်းထက်မြက်ပြီး စိတ်ချရသော မြင်းခြံစောင့် သိုင်းသမားများ ဖြစ်ကြသည်၊

နေရောင်ထွက်ပေါ်လာသည်နှင့် ချူးချင်းနှင့် ဖန်းပူဖိန်တို့အတွက် ခရီးထွက်ရန် မွန်ဂိုမြင်းများက အသင့်ဖြစ်နေကြလေ

ပြီ။ ချူးချင်းနှင့် ဖန်းပူဖိန်တို့မှာလည်း ခရီးထွက်ရန် အားမွေးထားသည်ဖြစ်ရာ ပေါ့ပါးလန်းဆန်းလျက် ရှိနေကြသည်။

သူတို့သည် ညက တစ်ညလုံး နှစ်ခြိုက်စွာ အိပ်စက်ခဲ့ကြရသည်ဖြစ်ရာ အားအင်သစ်များ တိုးပွားပြီး စိတ်ဓာတ်များ ကြည်လင်လျက်ရှိနေကြ၏။

ချူးချင်းသည် ဆွတ်ဆွတ်ဖြူသော အဖြူရောင် ပိုးသားဝတ်စုံကိုဝတ်ဆင်ထားပြီး ခေါင်းထက်တွင် အဖြူရောင်ပဝါ စဖြင့်ပင် နက်မှောင်သော ဆံပင်များကို စည်းနှောင်ထားသည်။

ဖိနပ်မှာလည်း အဖြူရောင်ဖြစ်သဖြင့် ဒဏ္ဍာရီပုံပြင်ထဲမှ မင်းသားလေးတစ်ပါးအလား မှတ်ထင်ရလောက်အောင် နေခြည် နုနုတွင် တွေ့မြင်နေရလေတော့၏။

ဖန်းပူဖိန်မှာမူကား မီးခိုးရောင်ဝတ်စုံ ပွပွဖားဖားကြီးကို ခံ့ညားစွာ ဆင်မြန်းထားသည်။

ချူးချင်းနှင့် ဖန်းပူဖိန်တို့က မွန်ဂိုမြင်းကြီးများထက်သို့ လွှားတက်လိုက်ကြသည်။

သူတို့ မြင်းပေါ် လွှားတက်လိုက်သည်နှင့် တစ်ပြိုင်နက် စခန်းစောင့် သိုင်းသမားများက စခန်းတံခါးမကြီးကို ဖွင့်ပေးလိုက်ကြသည်။

"ဟိတ်"

"ဟား"





ချူးချင်းနှင့်ဖန်းပူဖိန်တို့က မြင်းဇက်ကြိုးများကိုလှုပ်ကာ အော်ငေါက်လိုက်သည်နှင့် မွန်ဂိုမြင်းဖြူကြီး နှစ်ကောင်သည် လေးညို့မှပစ်လွှတ်လိုက်သော မြားများသဖွယ် စခန်းအပြင်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားကြလေတော့သည်။

မြင်းများပြေးသွားပုံမှာ မြန်ဆန်လွန်းလှသဖြင့် စခန်းမှ ကြည့်နေသော အစောင့်သိုင်းသမားများပင်ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့၏။

တစ်ခဏချင်းမှာပင် မြင်းဖြူကြီးနှစ်ကောင်သည် သူတို့ မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

ဝံပုလွေဖြူတောင်ခရီးစဉ်မှာ အတော်ကလေးဝေးလံသော ခရီးစဉ် ဖြစ်သည်။

ဆယ်ရက်မျှသွားရမည် ဖြစ်၏။ တောအထပ်ထပ် တောင်အတန်တန်ကို ဖြတ်ကျော်ရမည် ဖြစ်ပေသည်။

ဤမျှဝေးလံပြီး ခက်ခဲကြမ်းတမ်းသော ခရီးစဉ်ကို ဖြတ်ကျော်သွားရမည်ဖြစ်သဖြင့်လည်း ချူးချင်းက အားမွေးကာ အကောင်းဆုံး မွန်ဂိုမြင်းကိုမှ ရွေးချယ်ထားခဲ့ခြင်းပင် ဖြစ်ပေသည်။

ချူးချင်း စီးနင်းသော မွန်ဂိုမြင်းဖြူကြီးသည် ခွာသံ တဖြောင်းဖြောင်း၊ လည်ဆံတဖွားဖွားနှင့် ရှေ့မှပြေးလျက် ရှိနေ၏။

သူ့နောက်မှကပ်လျက် ဖန်းပူဖိန်က ထက်ကြပ်မကွာလိုက်ပါလျက် ရှိ၏။

မွန်ဂိုမြင်းဖြူကြီး နှစ်ကောင်၏ ပြေးနှုန်းမှာ သိပ်မကွာလှပေ။

သို့သော် ချူးချင်း၏မြင်းကို ဖန်းပူဖိန်၏မြင်းက မမီပေ။ ထို့ကြောင့် ချူးချင်း၏မြင်းကသာ ရှေ့မှနေ၍အမြဲဦးဆောင်ပြေးလွှားနေခဲ့သည်။

နှစ်ရက်မျှ ခရီးပြင်းနှင်လာခဲ့ပြီးနောက် ချူးချင်းသည် တစ်စုံတစ်ခုကိုသတိပြုလိုက်မိသည်။

ထိုအချက်မှာ သူတို့နောက်သို့ မြင်းစီးသမား ခြောက်ယောက် နောက်ယောင်ခံလိုက်နေခြင်းပင်ဖြစ်သည်။

ထို မြင်းစီးသမားခြောက်ယောက်တို့သည် ဝတ်စုံနက်များကို ဝတ်ဆင်ထားကြပြီး မြင်းစီးကျွမ်းကျင်သူများလည်းဖြစ်ကြသည်။

ထိုခြောက်ယောက်၏မြင်းများမှာ မွန်ဂိုမြင်းများ ဖြစ်ကြပြီး ပြေးရာတွင် အထူးလျင်မြန်လှပေသည်။ လမ်းခရီး တစ်လျှောက် ချူးချင်းတို့တည်းခိုစခန်းချမည့်မြို့တွင် သူတို့နှင့်ဆုံတွေ့ရသည်။

တစ်ခါနှစ်ခါဆုံမိလျှင် အရေးမကြီးပေ။ ယခုမူ သွားလမ်းတစ်လျှောက်လုံး ထိုသူများနှင့်ပင် အမြဲ ဆုံစည်းနေရသည်။





ထို့ကြောင့် ချူးချင်းက စိတ်ထဲတွင် သက်ာမကင်းဖြစ်လာရမိသည်။

သူက မြင်းကိုအပြင်းနှင်နေရင်းမှ အရှိန်အနည်းငယ်လျှော့လိုက်ရာ နောက်မှဖန်းပူဖိန်၏မြင်းကသူ့ကိုမီလာသည်။

သူက....

"ဂိုဏ်းခွဲမှူးကြီး.... ကျွန်တော်တို့နောက်မှာ လူခြောက်ယောက် လိုက်လာတာတွေ့တယ်မဟုတ်လား"

ဖန်းပူဖိန်က မြင်းကိုနှင်နေရင်း....

"ဟုတ်တယ်...ငါလဲတွေ့မိတယ်၊ အဲဒါဘာဖြစ်လို့လဲ"

"ဒီကောင်တွေကို ကျွန်တော် စိတ်ထဲမှာ သိပ်ပြီးမသင်္ကာချင်ဘူး၊ ကျွန်တော်တို့နောက်ကိုလိုက်ပြီး နောက်ယောင်ခံလိုက်နေတဲ့ ငနဲတွေထင်တယ်၊ သူတို့ဘို ရှင်းပစ်လိုက်ရရင်မကောင်းဘူးလား"

ချူးချင်းပြောလိုက်သောစကားကြောင့် ဖန်းပူဖိန်မျက်နှာမှာ တမျိုးတမည်ဖြစ်သွားသည်ကို ချူးချင်း အကဲခတ်မိလိုက်သည်။

ထိုအမူအရာမှာစိုးရိမ်သည့်အမူအရာလော သို့တည်းမဟုတ် ကောက်ကျစ်စဉ်းလဲသောအမူအရာသောဆိုသည်ကိုမူ ချူးချင်း မခွဲခြားနိုင်ပေ။

ဖန်းပူဖိန်က ချက်ချင်းမျက်နှာကို ပြင်လိုက်ပြီး....

"သိပ်မလောပါနဲ့ဦးတူမောင်.... ဗိုကောင်တွေက ငါတို့ကို နောက်ယောင်ခံ လိုက်နေရိုး မှန်တာတောင် ငါတို့ကို အနှောင့်အယှက်မပေးနိုင်ဘူး၊ ရှေ့ကျမှ အခြေအနေကြည့်ပြီး ဆက်လုပ်ကြတာပေါ့"

ချူးချင်းမှာ ဖန်းပူဖိန်၏ နှစ်သိမ့်စကားကြောင့် အသာငြိမ်နေလိုက်ရသည်။ စိတ်ထဲတွင်တော့ ကျေနပ်ခြင်း သိပ်မရှိလှပေ။

လေးရက်မြောက်နံနက်တွင် သူတို့သည် ရွာကလေး တစ်ရွာသို့ ရောက်ရှိလာခဲ့ကြသည်။

ထိုရွာတွင်ပင် သူတို့သည် နံနက်စာစားသောက်ရန် ဆုံးဖြတ်လိုက်ကြသည်။

စားသောက်ဆိုင်လေးမှာ ကြီးမားခြင်း မရှိသော်လည်း ကျယ်ဝန်းသန့်ရှင်းမှုရှိသည်။ အစားအသောက်များသည် သန့်ပြန့်သည်။

ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် အရက်နှင့်ထမင်းဟင်းလျာပွဲများကို မှာယူစားသောက်လိုက်ကြသည်။

စားသောက်နေစဉ်မှာပင် အပြင်ဘက်မှမြင်းခွာသံများကို ကြားလိုက်ရပြီးနောက် ဆိုင်ကလေးရှေ့တွင် ရပ်တန့်သွားကြသည်။ ချူးချင်းကသတိထားမိလိုက်သည်။

မကြာမီ ဆိုင်ကလေးအတွင်းသို့ လူခြောက်ယောက် ဝင်ရောက်လာကြသည်။





ထိုသူခြောက်ယောက်တို့သည်ကား တစ်လမ်းလုံး သူတို့၏နောက်မှ တကောက်ကောက် လိုက်နေခဲ့ကြသော ဝတ်စုံနက်မြင်းစီးသမားခြောက်ယောက် ဖြစ်နေသောကြောင့်ပင်တည်း။

ဝတ်စုံနက်ခြောက်ယောက်တို့သည် ရုပ်ရည်ခက်ထန်ကြမ်းတမ်းသူများဖြစ်ကြပြီး ဓားများကိုကျောတွင်ပိုးလွယ်ထားကြသည်။

"ဟိတ်....အရက်ခြောက်အိုးနဲ့ ထမင်းဟင်းခြောက်ပွဲယူလာခဲ့စမ်း"

ထိုအထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက ဆိုင်ရှင်အား အော်ဟစ်အမိန့်ပေးလိုက်သည်။

"ကောင်း....ကောင်းပါပြီဆရာ၊ ထိုင်ကြပါ"

ဆိုင်ရှင်က ကြောက်ကြောက်လန့်လန့်နှင့် ပြောကြားရင်း စားပွဲကုလားထိုင်များပြင်ပေးလိုက်သည်။ ဝတ်စုံနက် ဓားသမား ခြောက်ယောက်တို့က စားပွဲတွင် ဝင်ထိုင်လိုက်ကြရင်း ကျယ်လောင်စွာဖြင့် စကားပြောဆိုနေကြသည်။

ဆိုင်လုလင်လေးနှစ်ယောက်က အရက်အိုးများနှင့် ထမင်းဟင်းပွဲများကိုယူဆောင်လာကာ ထို ခြောက်ယောက်အတွက်ပြင်ဆင်ပေးလိုက်ကြသည်။

"ဝုန်း"

ရုတ်တရက် ဝတ်စုံနက်တစ်ယောက်က ခြေထိုးခံပေးလိုက်ရာ မြန်အလှည့်တွင် ဆိုင်လုလင်လေးတစ်ယောက်မှာခြေချော်ပြီး ရှေ့သို့ထိုးလဲကျသွားရသည်။

"ဟား—ဟား....ဟား"

"ဟား....ဟား....ဟား"

ဝတ်စုံနက် ဓားသမားခြောက်ယောက်က ထိုလူငယ်လေး၏ အဖြစ်ကိုကြည့်ကာ တဟားဟား ရယ်မောလိုက်ကြသည်။ လူငယ်လေးက လူးလိမ့်ထပြီး ထွက်ခွာသွားလေသည်။

"တောက်"

ချူးချင်းက မခံမရပ်နိုင်ဖြစ်ကာ ထလိုက်မည်အပြုတွင် ဖန်းပူဖိန်က အတွင်းအား အသံပို့စနစ်ဖြင့်....

"ချူးချင်း၊ ကိုယ်နဲ့မဆိုင်တာကို ဝင်မရှုပ်နဲ့၊ ငါတို့ ရည်ရွယ်ချက်တွေပျက်သွားမယ်"

"ဟင်း"

ချူးချင်းမှာ စိတ်လျှော့ကာ အသာနေလိုက်ရသည်၊ ထိုဝတ်စုံနက် ဓားသမားခြောက်ယောက်ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူမှာ မျက်နှာတွင် ကန့်လန့်ဖြတ် ဓားခုတ်ရာအမာရွတ်နှင့်လူ ဖြစ်နေသည်။

ထိုသူက ချူးချင်းကို မကြာခဏ အကဲခတ်ကြည့်လျက်ရှိနေ၏။ ချူးချင်းကလည်း ဤသည်ကို ရိပ်စားမိသည်။

ထိုသူ၏ မျက်နှာမှ ဓားခုတ်ရာအမာရွတ်ကြီးကြောင့် ထူးခြားကာ ထင်ရှားလျက် ရှိနေ၏၊ ချူးချင်းက သူ့ကို မသိမသာ အကဲခတ်နေသည်ကို ဂရုမပြုဟန် ဆောင်နေလိုက်သည်၊



စားသောက်ကြပြီးနောက် ဆိုင်လုလင်လေးကို ချူးချင်းက လှမ်းခေါ်ကာ ကျသင့်ငွေများကို ရှင်းပေးလိုက်သည်၊ ပြီးနောက် ဆိုင်အပြင်သို့ ထွက်လာခဲ့ကြသည်။

"ဟင်"

မမျှော်လင့်ဘဲ ဆုံမိကြလေပြီ။ စောစောက သူ့ကို မကြာခဏ အကဲခတ်နေသော မျက်နှာ ဓားခုတ်ရာ အမာရွတ်နှင့် သိုင်းသမားများနှင့်မှ ပက်ပင်းသွားတိုးရသည်။ ထိုသူများက ချူးချင်းတို့ ငွေရှင်းပေးသည်ကို မြင်လိုက်ရသည်နှင့် ချက်ချင်း ငွေရှင်းကာ အလျင်ထွက်ကာ ချူးချင်းနှင့် ပက်ပင်း ဆုံလိုက်ရခြင်းပင် ဖြစ်ပေတော့သည်၊

မျက်နှာ ဓားခုတ်ရာ အမာရွတ်နှင့် သိုင်းသမားက မြင်းပေါ်သို့ လှမ်းအတက် ရုတ်တရက် သူ့ပခုံးပေါ်သို့ လက်တစ်ဘက် ကျရောက်လာပြီး ဖိထားလိုက်သဖြင့် မြင်းပေါ်သို့မတက်နိုင်ဘဲ နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်မိသည်။

"ဩော်....မင်းကိုး"

ထိုသူက အသံဩဩကြီးနှင့် ရေရွတ်ရင်း သူ့ပခုံးပေါ်မှ လာရောက်ဆုပ်ကိုင်ထားသော လက်ကို သူ့လက်ဖဝါးကြမ်းကြီးဖြင့် ပုတ်ထုတ်ပစ်လိုက်သည်။

ချူးချင်း၏ မျက်နှာမှာ ခက်ထန်တင်းမာလျက် ရှိနေသည်၊ ချူးချင်း၏ မျက်လုံးအစုံမှာ အခိုးအငွေ့များ ထွက်လုမတတ် စူးရှတောက်လက်လျက် ရှိနေ၏။

"ကိုယ့်လူက ဘာသဘောနဲ့ ကျုပ်ကို ဟန့်တားရတာလဲ"

မျက်နှာအမာရွတ်နှင့် ပုဂ္ဂိုလ်က ချူးချင်းကို စူးစိုက်ကြည့်ရင်း ခက်ထန်တင်းမာသော လေသံဖြင့် မေးမြန်းလိုက်သည်။ ချူးချင်းက တန်ပြန်စူးစိုက်ကြည့်ရင်း ခက်ထန်တင်းမာသော လေသံဖြင့်....

"အဲဒါ ကျုပ်မေးရမယ့် မေးခွန်းဗျ၊ ကိုင်း....ပြောစမ်း၊ တစ်လမ်းလုံး ကျုပ်နောက်ကို ဘာဖြစ်လို့ တကောက်ကောက် လိုက်နေတာလဲ၊ ခင်ဗျားတို့ ဘယ်ဂိုဏ်းကလဲ"

မျက်နှာအမာရွတ်နှင့် ပုဂ္ဂိုလ်က ဟက်ခနဲ ရယ်မောလျှောင်ပြောင်လိုက်ကာ....

"ငါတို့က ကိုယ့်လမ်းကိုယ် သွားနေကြတာပဲ၊ မင်းနေ့ကိုကို နောက်ယောင်ခံလိုက်တယ်လို့ စွပ်စွဲနိုင်ပါမလား၊ အခုလဲ ငါတို့လမ်း ငါတို့သွားမှာပဲ"

ချူးချင်းက ခက်ထန်သော လေသံဖြင့်....

"ခင်ဗျားတို့ ခြောက်ယောက်ဟာ နှစ်ရက်လုံးလုံး ကျုပ်တို့နောက်ကို မပြတ်လိုက်လာခဲ့ကြတာပဲ၊ ဒါ တိုက်ဆိုင်မှုဖြစ်နိုင်ပါမလား၊ဒါ ခင်ဗျားတို့ ကျုပ်တို့နောက်ကို တကောက်ကောက် လိုက်ခနေကြတာပဲ၊ ခင်ဗျားတို့ကို ဘယ်သူက အမိန့်ပေး စေခိုင်းလို့ လိုက်နေကြတာလဲ"

"မင်းက ဘာကောင်လဲကွ၊ ငါတို့ကို စွပ်စွပ်စွဲစွဲ၊ ကိုင်းကွာ"





စကားဆုံးသည်နှင့် ဝတ်စုံနက်က ချူးချင်း၏ 
လက်ဖျံဖြင့် ဖြတ်ရိုက်လိုက်သည်။ ာင်တိမ်းရော

"ဖြောင်း" းပြီး နဂါး

ချူးချင်းက ထိုသူ၏ လက်ဝါးကို မိမိ၏လက်ဝါးပစ်လိုက်ပြန်ပစ်လိုက်သည်။လက်ဝါးရိုက်ချက်ကြောင့် နှစ်ယောက်စလုံး နောက်သို့ ယိမ်းယိုင်ထွက်သွားရသည်။

"ရှမ်း"

ချက်ချင်းပင် ထိုသူက နောက်ကျောမှ ပိုးလွယ်ထားသော ဓားကို ရှမ်းခနဲ ဆွဲထုတ်ပစ်လိုက်ပြီး ချူးချင်းကို စလွယ်သိုင်းပိုင်းချလိုက်လေသည်။

"ထန်း"

ချူးချင်း၏ ဓားထုတ်ပုံမှာလည်း အံ့မခန်းလောက်အောင်ပင် ဖြစ်သည်။

ထိုသူက ဓားနှင့်ခုတ်ချလိုက်သည်နှင့် သူက ဓားထုတ်ပြီးသား ဖြစ်သွားကာ အပေါ်သို့ မြှောက်တင်လိုက်သည်။

ဓားနှစ်လက် ထန်းခနဲ ပြင်းထန်စွာထိခတ်မိကာ မီးပွားများ ပွင့်ဖြာထွက်သွားရသည်။

ယင်းအချိန်မှာပင် လေးဘက်လေးတန်မှ ဓားလေးတိုးသံများ ထွက်ပေါ်လာသည်။

"ဝှစ်....ဝှစ်....ဝှစ်"

"ထန်း....ထန်း....ထန်း"

"ကိုယ့်မျိုးကြီး ဖန်းပူဖိန်က ချူးချင်းကို အလစ်ဝင်ရောက် မျက်နှာစာ ဝတ်စုံနက်ငါးယောက်၏ ဓားချက်များကို ရင်း ခက်ထန်နိုင်တား တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

ချူးချင်းကားနှင့် မျက်နှာဓားခုတ်ရာနှင့်ဓားသမားတို့ ဓား လေးချိုးနေခိုက် ကျန်ဝတ်စုံနက် ငါးယောက်တို့က ဓား များ ဆွဲထုတ်လိုက်ကြပြီး ချူးချင်းကိုဝိုင်းဝန်းတိုက်ခိုက်လိုက် ကြခြင်းပင် ဖြစ်သည်။

ဤသည်ကို ဂိုဏ်းခွဲမှူးကြီး ဖန်းပူဖိန်က သူ၏ကွေးကွေး ကောက်ကောက်နှင့် အကြည့်ရဆိုးလှသော မြွေဓားကို ဝှေ့ ယမ်းကာ ထိုဝတ်စုံနက်ငါးယောက်အား ပြင်းထန်စွာ တိုက် ခိုက်လိုက်ခြင်း ဖြစ်ပေသည်။

ဖန်းပူဖိန်၏ ပြင်းထန်သောဓားချက်ကြောင့် ဝတ်စုံနက် ဓားသမားငါးယောက်မှာ နောက်သို့ယိမ်းယိုင်ထွက်သွားကြ ရသည်။

ထိုအချိန် ချူးချင်းနှင့် ဝတ်စုံနက်ဓားသမားမှာ ကြမ်း တမ်း ခက်ထန်စွာ ဓားချင်းယှဉ်ကာ တိုက်ခိုက်လျက်ရှိနေကြ လေပြီ။

"ယား"

"ချွမ်း"

သူက ဓားကိုတစ်ပတ်လှည့်လိုက်ပြီး ခုတ်ပိုင်းချလိုက်ရာ ထိုသူက ခုန်ပျံရှောင်တိမ်းရင်း ဓားဓားချင်း ကာပေးလိုက် သည်။





ချူးချင်းက တစ်ဆက်တည်းမှာပင် ထိုသူရှောင်တိမ်းရာ ဘက်သို့ အရိပ်ပမာ ထက်ကြပ်မကွာလိုက်ပါသွားပြီး နဂါး စက်ဝိုင်းဓားချက်ဖြင့် ဆက်တိုက်ခုတ်ပိုင်း တိုက်ခိုက်ပစ်လိုက် သည်။

"ဝှစ်....ဝှစ်....ဝှစ်"

ချူးချင်း၏ ပြင်းထန်ထက်မြက်လှသည့် ဓားချက်များ ကြားမှ ထိုသူက ပျံလွှားငှက်တစ်ကောင်ပမာ ဖောက်ထွက် သွားသည်။

ချူးချင်းက လိုက်လံတိုက်ခိုက်သော်လည်း မထိလိုက်ပေ။

ထို့နောက် ထိုသူက ကိုယ်ကိုချာခနဲလှည့်ပြီး ချူးချင်းကို ရင်ဆိုင်လိုက်သည်။

"ဟဲ...ဟဲ၊ မင်းအလှည့်တော့ ပြီးသွားပြီ၊ ဒီတစ်ခါ ငါ့ အလှည့်ပဲ၊ ငါ့ဓားကို ကြည့်သာရှောင်ပေတော့"

ထိုသူက စကားဆုံးသည်နှင့် ဓားကို ရှေ့သို့ညွှန်လိုက် သည်။

ပြီးနောက် မုန်တိုင်းလေပွေဓားချက်ကို အသုံးပြုကာ ချူး ချင်းထံသို့ လူရောဓားပါ လွှားဝင်လာလေတော့သည်။

"ယား"

"ဗွိုး....ဗွိုး....ဗွိုး"

သိုင်းလောကတွင် မုန်တိုင်းလေပွေ ဓားချက်မှာ တတ်မြောက်သူက အလွန်ရှားသည်။

ထိုဓားကွက်ကို တွေ့မြင်လိုက်ရသဖြင့် ချူးချင်းမှာ တအံ့တသြ ဖြစ်သွားရမိသည်။

သူက ထိုဓားကွက်၏ နက်ရှိုင်းသောစွမ်းအားကို သိရှိထားသဖြင့် အတတ်နိုင်ဆုံး ခုခံကာကွယ်ပေးလိုက်ရသည်၊

ချူးချင်းက ထိုဓားသမား လှွားဝင်လာသည်နှင့် သူ၏ ဓားကို ကန့်လန့်ဖြတ်ကိုင်ကာ မုန်တိုင်းလေပွေဓားချက်၏ အလယ်ဗဟိုဆီသို့ ခုန်ပျံဝင်ရောက်လိုက်သည်။

ခုန်ပျံဝင်ရောက်ပြီး တိုက်ခိုက်လိုက်ရုံမျှမက ချူးချင်းက ဟသ်ာခြေကန်ချက်ရော မိုးကြိုးလက်ဝါးရိုက်ချက်ကိုပါ ပူးတွဲတိုက်ခိုက်ပစ်လိုက်သည်၊

"ထန်း....ထန်း"

"စုန်း"

"ဖြောင်း"

ထိပ်တန်းသိုင်းသမားနှစ်ယောက် အံ့မခန်းဆုံတွေ့လိုက်ကြခြင်းပင် ဖြစ်သည်၊

ဓားချင်းဆုံလိုက်ရုံမျှမက လက်ဝါးတစ်ဘက်စီပါ ပြင်းထန်စွာ ဆိုင်ရိုက်လိုက်မိကြသည်၊



နှစ်ယောက်စလုံး လေထဲသို့ လွင့်ပျံတက်သွားကြရပြီး ကျွမ်းပစ်လိုက်မိကြသည်။

ထိုဓားသမားက ကျွမ်းပစ်ပြီး ပြန်အကျတွင် မြင်းတစ်ကောင်၏ ကျောထက်သို့ ကျရောက်သွားသည်။

ထိုသူ၏ လှုပ်ရှားမှုမှာ အံ့မခန်းလောက်စရာပင် ဖြစ်သည်၊ ချက်ချင်းပင် ထိုသူက အချက်ပေးလိုက်သည်နှင့် ကျန်ဝတ်စုံနက်ငါးယောက်တို့က ဖန်းပူဖိန်နှင့် တိုက်ခိုက်နေရာမှ ဆုတ်ခွာပြီး မြင်းများထက်သို့ ခုန်ပျံတက်လိုက်ကြသည်။

ထို့နောက် မြင်းငါးစီးသည် စားသောက်ဆိုင်ကလေးရှေ့မှ တစ်ဟုန်ထိုး ပြေးထွက်သွားကြလေတော့သည်။

ချူးချင်းက ဒေါသတကြီးဖြင့် သူ့မြင်းပေါ်သို့လှွားတက်ပြီး လိုက်ပါသွားမည် ဟန်ပြင်လိုက်စဉ်မှာပင် ဖန်းပူဖိန်က—

"ချူးချင်း မလိုက်နဲ့တော့၊ ဒီကောင်တွေ ငါတို့နောက်ကို နောက်ထပ်လိုက်မလာရဲတော့ပါဘူး"

ဖန်းပူဖိန်၏စကားကြောင့် ချူးချင်းမှာ စိတ်လျှော့လိုက်ရသည်။

သို့မဟုတ်ပါက သူသည် ထိုဝတ်စုံနက် ခြောက်ယောက်နောက်သို့ အပြင်း လိုက်ပါသွားမည်သာ ဖြစ်ပေသည်။

ဖန်းပူဖိန်စကားမှာ မှန်ကန်လှပေသည်၊ သူတို့ခရီးဆက်ထွက်လာခဲ့ကြရင်း နောက်ထပ် နောက်ယောင်ခံလိုက်မှုကို

မတွေ့ရတော့ပေ။ ထိုဝတ်စုံနက် ခြောက်ယောက်တို့၏ အရိပ်အယောင်ကို လုံးဝမတွေ့ရတော့ပေ။

နောက်ထပ် နှစ်ရက်သုံးရက်အထိ ထိုသူများ၏ နောက်ယောင်ခံ လိုက်လာမှုကို မတွေ့ရပေ။

သို့နှင့် သူတို့သည် စိတ်အေးလက်အေးနှင့် ခရီးဆက်လက်ထွက်ခဲ့ကြရာ ဆယ်ရက်မြောက်သော နေ့တွင် ဝံပုလွေဖြူတောင်ကြီး၏ အနီးဆုံးနေရာသို့ ရောက်ရှိခဲ့ကြလေတော့၏။ သူတို့၏ ခရီးပန်းတိုင်ကား အထူးပင် နီးကပ်လာခဲ့လေပြီ။

* * *

ဝံပုလွေဖြူတောင်ကြီးမှာ မိုးထိတောင်ဟု ခေါ်ရမလောက် အလွန်မြင့်မားသော တောင်ကြီး ဖြစ်နေသည်။ အဝေးမှပင် တောင်ကြီးကို မှိုင်းမှိုင်းညို့ညို့နှင့် လှမ်းမြင်နေရသည်။

လှမ်းမြင်နေကြရသော်လည်း တောင်ခြေသို့ ရောက်ရန်မှာ အတော်သွားရဦးမည် ဖြစ်သည်။ ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် နောက်ဆုံးစခန်းထောက်ဖြစ်သည့် နယ်စပ်စားသောက်ဆိုင်တွင် တစ်ညတာ တည်းခိုကြရသည်။





ယခု သူတို့ရောက်လာသော နေရာမှာ နောက်ဆုံးစခန်းဖြစ်ပြီး နံနက်မိုးသောက် အလင်းရောက်ပြီး ခရီးဆက်ပါက ဝံပုလွေဖြူတောင်သို့ ရောက်ရှိပေတော့မည်။

ဤနေရာမှာ လူသူကျဲပါးသော အရပ်ဒေသဖြစ်ပြီး ဝေးလံခေါင်သီသော အရပ်ဒေသဖြစ်သည့်အတိုင်း စားသောက်ဆိုင်လေးမှာ ဖြစ်သလိုသာ တည်ရှိနေသည်။

မည်သို့ပင် ဖြစ်စေ သူတို့နှစ်ယောက်အတွက် တစ်ညတာ တည်းခိုရန် နေရာနှင့် အစားအသောက်များ ရရှိလိုက်သည်။

ညပိုင်းတွင် ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် အခန်းအတွင်း နောက်ထပ် လုပ်ဆောင်ရမည့် အလုပ်များကို ဆွေးနွေးတိုင်ပင်နေမိကြသည်။

ချူးချင်းတာဝန်မှာ ဝံပုလွေဖြူတောင်ပေါ်သို့ တက်၍ ဝံပုလွေဓားခေါ် ရတနာမြေပုံဓားကို အရယူမည်ဖြစ်သည်။

ဖန်းပူဖိန်တာဝန်မှာ ချူးချင်းကို ဓားရရှိနိုင်သည်အထိ အနီးကပ် ကာကွယ်စောင့်ရှောက်မည့် တာဝန်ကို ယူမည်ဖြစ်သည်။

ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်များကို ဖန်းပူဖိန်က ကာကွယ်တိုက်ခိုက်မည် ဖြစ်သည်။

"ဝံပုလွေလိုဏ်ဂူ မရောက်ခင် အန္တရာယ်အတော်များများကို တွေ့ရမှာပဲ၊ ဂိုဏ်းခွဲမှူးကြီးအနေနဲ့ အတော်ကလေး သတိထားရမယ်"

ဖန်းပူဖိန်က ခေါင်းတစ်ချက် ဆတ်ပြလိုက်ကာ....

"ဟုတ်တယ်၊ တောင်ပေါ်မှာ ကြီးမားတဲ့ မျောက်ဝံကြီးတွေ၊ သားစားငှက်ကြီးတွေ၊ ဝံပုလွေအုပ်ကြီးတွေ ရှိနေတယ်လို့ သိရတယ်၊ ဒီကောင်တွေကို အတတ်နိုင်ဆုံး ရှောင်တိမ်းပြီး တို့ကရှောင်တိမ်းသွားမှဖြစ်မယ်၊ တကယ်လို့ ထိပ်တိုက်ရင်ဆိုင်လာမိရင်တောင်မှ ငါတို့က ဒီကောင်တွေကို နောက်ကုပ်သွားအောင်၊ ကြောက်လန့် ထွက်ပြေးသွားအောင် လုပ်ပစ်ရမယ်"

"အင်း....ဒီအစီအစဉ် ကောင်းပါတယ်၊ ကျွန်တော်တို့ နှစ်ယောက် ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုရင် ဒီဝံပုလွေ ဓားဟာ ကျွန်တော်တို့လက်ထဲကို မလွှဲမသွေ ရောက်လာရမှာပါပဲ"

"ဝှစ်....ဝှစ်....ဝှစ်"

"ဖလပ်....ဖလပ်....ဖလပ်"

ရုတ်တရက် ခေါင်မိုးထက်မှ အဝတ်လေတိုးသံတစ်ချက် ထွက်ပေါ်လာပြီးနောက် အခန်းထဲမှ ပိုးမီးအိမ်မှာ လျှပ်ယမ်းကာ မီးငြိမ်းကျသွားလေသည်။

"ဟင်"

"ဟာ"





ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် လေတိုးသံထွက်ပေါ်လာသည်နှင့် ခုန်ထလိုက်ကြကာ ဓားများကို အသင့်ပြင်ထားလိုက်ကြသည်။ မီးငြိမ်းကာ တစ်ခန်းလုံး မှောင်ကျသွားသည်နှင့်....

"ဝုန်း"

ရုတ်တရက် ခေါင်မိုးဆီမှ အပေါက်ကြီးတစ်ပေါက်ဖြစ်ပေါ်သွားကာ ထိုအပေါက်ဆီမှ လူရိပ်တစ်ရိပ်က အောက်သို့ လွှားဆင်းလာခဲ့သည်။

"ရန်သူ"

ဖန်းပူဖိန်သည် အော်ဟစ် သတိပေးရင်း ချူးချင်းကို နောက်သို့တွန်းထုတ်လိုက်သည်။

ချူးချင်းမှာ ဖန်းပူဖိန်တွန်းထုတ်လိုက်သော အရှိန်ကြောင့် နောက်သို့လန်ထွက်သွားရသည်။

"ဝှစ်"

ကံကောင်းထောက်မစွာဖြင့် အပေါ်မှ ခုန်ဆင်းလာသော သူ၏ ဓားချက်သည် ချူးချင်းနှင့် စပါးလုံးတစ်ထောက်စာမျှ ပွတ်ကာ သီတာကလေး လွဲချော်သွားရသည်။

စောစောက ဖန်းပူဖိန်သာ သူ့ကိုတွန်းမထုတ်လိုက်ပါက ရန်သူ၏ဓားချက်ကြောင့် သူ့ခန္ဓာကိုယ်မှာ နှစ်ပိုင်းပြတ်ထွက်သွားရပေမည်။

ခေါင်မိုးပေါ်မှ ဖောက်ဆင်းလာသူ၏ သိုင်းပညာအဆင့်ကို ကြည့်ရသည်မှာ အတော်ကလေး မြင့်မားလှပေသည်။ ထိုသူသည် အပေါ်မှဆိုးဆင်းကျလာပြီးနောက် ခန္ဓာကိုယ်ကို လေပွေ့မှ သည့်ပမာ မွှေ့ရင်း ဓားကိုစကြာရဟတ်သဏ္ဌာန် အဆက်မပြတ် ဝှေ့ယမ်းတိုက်ခိုက်ပစ်လိုက်သည်။

"ဝှစ်....ဝှစ်....ဝှစ်"

"ဝှီး....ဝှီး....ဝှီး"

ဓားလေတိုးသံများမှာ မကြောက်ခမန်းလိလိ ဖြစ်ပေါ်နေသလို ဓားချက်များမှာလည်း ညအမှောင်တွင် ပိုးစုံးကြူးများ လင်းလက်တောက်ပကာ ပြေးလွှားလာသကဲ့သို့ မှတ်ထင်လိုက်ကြရသည်။

ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် ဓားသမား၏ ကိုယ်ဖော့ပညာနှင့် ဓားချက်များကို လျှပ်တစ်ပြက် တွေ့လိုက်ရသည်နှင့် ထိုဓားသမား၏ သိုင်းပညာအဆင့်ကို ရိပ်စားမိလိုက်ကြပြီး အထူးပင်သတိထားနေလိုက်ကြရသည်။

အဆိုးဆုံးမှာ တစ်ခန်းလုံးမည်းမှောင်နေပြီးကျဉ်းမြောင်းလှခြင်းပင်ဖြစ်သည်။

မည်းမှောင် ကျဉ်းမြောင်းလှသော အခန်းအတွင်း ဓားသမား သုံးယောက် ယှဉ်ပြိုင်တိုက်ခိုက်နေကြရခြင်းမှာ အထူးပင် ဆိုးရွားလှပေသည်။





"ဝှစ်....ဝှစ်....ဝှစ်"

"ထန်း....ထန်း....ထန်း"

အပေါ်မှကြွယ်ကြွေသလို ထိုးဆင်းလာကာ ဓားသမား၏ အဓိကပစ်မှတ်မှာ ချူးချင်းဖြစ်နေသည်။ ထိုသူက ဖန်းပူဖိန်ကို အရမ်းမတိုက်ခိုက်၊ ချူးချင်းကိုသာဖိပြီး သဲသဲမဲမဲတိုက်ခိုက်နေခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ချူးချင်းမှာ နှစ်ဘက်သွားဓားကို တရကြမ်းဝှေ့ယမ်းကာ ဝတ်စုံနက်မျက်နှာဖုံးစွပ်၏ ဓားချက်များကို အပြင်းအထန်ကာကွယ်တိုက်ခိုက်နေရလေ၏။

ဖန်းပူဖိန်မှာလည်း ထိုဝတ်စုံနက်ဓားသမားအနီးသို့ မကပ်နိုင်၊ ထိုဓားသမားသည် ဓားကွက်တစ်ကွက် ပြလိုက်သည်နှင့် ဖန်းပူဖိန်မှာ နောက်သို့ဆုတ်သွားရသည်။

ဖန်းပူဖိန် နောက်ဆုတ်သွားသည်နှင့် ဝတ်စုံနက်ဓားသမား၏ ဓားချက်များက ချူးချင်း၏ကိုယ်ပေါ်သို့ မိုးသီးမိုးပေါက်များပမာ တရစပ်ကျရောက်လာပြန်သည်။

"ဝှစ်"

"ချွမ်း"

ရုတ်တရက် ဝတ်စုံနက်ဓားသမားက၊ ဓားကိုလှန်လိုက်ပြီး အောက်မှနေ၍ ရှပ်ဆွဲပစ်လိုက်ရာ ချူးချင်းမှာ အမြန်ဆုံးခုန်ပျံရှောင်တိမ်းပေးလိုက်ရသည်။

အရှောင်ကောင်း၍သာ ဗိုက်ပွင့် မသွားရခြင်းပင် ဖြစ်သည်။

အရှောင်မကောင်းပါက ချူးချင်း၏ဝမ်းဗိုက်မှာ ထိုဓားသမား၏ ဓားချက်ကြောင့် ပွင့်ထွက်ကာ အူများအခွေလိုက်ထွက်ကျသွားရပေလိမ့်မည်။

"ဟင်"

ချူးချင်းသည် စိတ်ထဲတွင် ထောင်းခနဲဒေါသထွက်သွားရပြီး ထိုဓားသမားကို အစွမ်းကုန်ပညာထုတ်ကာ အသေအကျေတိုက်ခိုက်တော့မည်ပြုလိုက်စဉ်မှာပင် ထိုသူသည် ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ ကြောင်ရိုင်းတစ်ကောင်အလား လွှားထွက်သွားလေတော့သည်။

"ဝှစ်"

ချူးချင်းကလည်း ထိုဓားသမား ထွက်ခွာသွားရာနောက်သို့ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်းထက်ကြပ်မကွာလိုက်ပါသွားသည်။

ထိုသူသည် ပြတင်းပေါက်မှလွှားထွက်ပြီး မြေပြင်ပေါ်သို့ကြောင်တစ်ကောင်အလားပေါ့ပါးလျင်မြန်စွာကျရောက်သွားသည်။

ထို့နောက် ဓားသမားသည် ထိပ်တန်း ကိုယ်ဖော့ပညာအသုံးပြုကာ အဝေးသို့ပြေးထွက်သွားသည်။ ချူးချင်းမှာ ဒေါ





သစိတ် မွှန်ထူနေပြီဖြစ်ရာ ထိုလူနောက်သို့ ထက်ကြပ်မကွာပြေးလိုက်သွားသည်။

ဖန်းပူဖိန်မှာလည်း ပြတင်းပေါက်မှ လွှားထွက်လိုက်ကာ ချူးချင်း၏နောက်သို့ ပြေးလိုက်လာသည်။

ရှေ့မှပြေးနေသော ဓားသမားသည် ထိပ်တန်းကိုယ်ဖော့ပညာကို အသုံးပြုပြီး ပြေးလွှားသွားခြင်းဖြစ်ရာ ဖြုန်းခနဲကြည့်လိုက်လျှင် အစက်အပြောက်တစ်စက်သည် နိမ့်ချည် မြင့်ချည်ဖြင့် ပြေးလွှားနေသကဲ့သို့ ဖြစ်နေရလေသည်။

"တောက်....ပြေးနိုင်မှလွတ်မယ်ဟေ့"

ချူးချင်းသည် အော်ဟစ်ကြုံးဝါးရင်း ဓားကို ဝှေ့ယမ်းကာ နောက်မှနေ၍ လေတိုက်ခတ်သလို ပြေးလိုက်လာသည်။ သူ့နောက် မလှမ်းမကမ်းမှနေ၍ ဖန်းပူဖိန်က အပြေးအလွှား လိုက်ပါလာသည်။

ပြေးရင်းလွှားရင်းနှင့် သူသည် ကြီးမားနက်ရှိုင်းသော တောအုပ်ကြီး တစ်ခုအတွင်းသို့ ရောက်လာခဲ့ကြသည်။

တောအုပ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြီး စိတ်ချောက်ချားစရာ ကောင်းလှပေသည်။

ရှေ့မှပြေးနေသော ဓားသမားသည် တောအုပ်အတွင်းသို့ ဝင်ပြေးသွားခြင်းဖြစ်သည်။ ထို့ကြောင့် ချူးချင်းနှင့် ဖန်းပူ

ဖိန်တို့ကလည်း ထိုသူ ပြေးဝင်သွားရာ လမ်းကြောင်းအတိုင်း ပြေးဝင်လိုက်ပါလာခဲ့ကြခြင်းပင် ဖြစ်သည်။

"ဝုစ်"

ရှေ့မှပြေးနေသော ဝတ်စုံနက်ဓားသမားသည် ကြီးမား သော သစ်ပင်ကြီးသုံးပင် ဖိုခနောက်ဆိုင်ပေါက်နေသော နေ ရာအရောက်တွင် ခြေလှမ်းများ ရပ်တန့်ပစ်လိုက်သည်။

ထိုမြင် နောက်သို့ ချာခနဲလှည့်ကာ ချူးချင်းအား ရဒီ ဆိုင်လိုက်သည်။

"ဟား....ဟား....ဟား၊ ငါက ဒါမျိုးမှ ကြိုက်တာဟေ့"

ချူးချင်းက သဘောကျစွာ အော်ဟစ်ရင်း ထိုသူ့ထံသို့ လူရောဓားပါ လွှားချ်ဝင်သွားလေသည်၊ ဓားဓားချင်း ထိ ခတ်သံများမှာ ပွက်လောရိုက် ဆူညံသွားရသည်။

ဖန်းပူဖိန်က ပြေးလာပြီး ချူးချင်းဘက်မှ ပါဝင်ကူညီ တိုက်ခိုက်တော့မည့် ဟန်ပြင်လိုက်စဉ်မှာပင် သစ်ပင်ကြီးနှစ်ပင် အထက်မှ ဝတ်စုံနက် ငါးယောက်ခြောက်ယောက်ခန့်က လွှား ဆင်းလာကြပြီး ဖန်းပူဖိန်အား ဝိုင်းဝန်းတိုက်ခိုက်လိုက်ကြ သည်။

ထိုဝတ်စုံနက်များ ကြည့်ရသည်မှာ သူတို့ကို လိုက်လံ နောက်ယောင်ခံလိုက်သော အဖွဲ့ဝင်များပင် ဖြစ်ရမည်ဟု ချူးချင်းက မှတ်ထင်လိုက်မိသည်။





ထို့ကြောင့် ချူးချင်းက ဝတ်စုံနက်ဓားသမားကို အသေ အကြေ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ပြီး သူ၏ အထက်မြက်ဆုံး သော ဓားကွက်များကို ထုတ်သုံးလိုက်လေသည်။

ယခုချူးချင်း ထုတ်သုံးလိုက်သော ဓားကွက်ဓားချက်များ မှာ ကြောက်စရာကောင်းလှပြီး သိုင်းလောကမှ အထက်မြက် ဆုံးသော ဓားကွက်များပင် ဖြစ်ပေရာ....

"ဝှီး....ဝှီး....ဝှီး"

"ချွမ်း....ချွမ်း.... ချွမ်း"

ချူးချင်းနှင့် ဝတ်စုံနက်ဓားသမားတို့ ပြင်းထန်စွာ တိုက် ခိုက်နေကြသကဲ့သို့ ဖန်းပူဖိန်နှင့် ဝတ်စုံနက် ငါးယောက်တို့ လည်း တစ်ဘက်တွင် ပြင်းထန်စွာ တိုက်ခိုက်လျက် ရှိနေကြ သည်။

ချူးချင်း၏ ပြင်းထန်သော ဓားချက်များကြောင့် ဝတ်စုံ နက်မှာ မခံနိုင်တော့ဘဲ နောက်သို့ တဆုတ်တည်းဆုတ်ပေးနေ ရသည်။

"ယား"

ချူးချင်းက မာန်သွင်းသံပြုလိုက်ရင်း ဓားကို တစ်ပတ် လှည့်လိုက်ကာ ဝတ်စုံနက်၏ ရင်ဝကို ခွဲချပစ်လိုက်သည်၊ ဝတ် စုံနက်က ချူးချင်း၏ ဓားချက်ကိုပင် တန်ပြန်တိုက်ခိုက်နိုင်စွမ်း မရှိတော့ဘဲ နောက်သို့ ကျွမ်းတစ်ပတ် ပစ်လွှားထွက်ကာ အမြန်ဆုံး ရှောင်တိမ်းပေးလိုက်သည်။

"ဝှီး"

ချူးချင်းခါးချက်က ထိုသူ၏ ကိုယ်နံဘေးမှ ပွတ်ကာ သီကာလေး လွဲချော်သွားရသည်။

ဝတ်စုံနက်က ရှောင်တိမ်းပေးလိုက်ပြီးသည်နှင့် တောစပ်တစ်ဘက်သို့ လွှားထွက်သွားသည်။

"ဟိတ်....ဒီလိုပြေးလို့ ဘယ်ရမလဲ"

ချူးချင်းက အော်ဟေါက်ပြောဆိုလိုက်ပြီး ထိုသူနောက်သို့ ပြေးလိုက်သွားပြန်သည်။

ထိုဝတ်စုံနက် ခါးသမားက သစ်ပင်ကြီးများကို အကာအကွယ်ပြုရင်း နောက်သို့ တဖြည်းဖြည်း ဆုတ်သွားလျက် ရှိသည်။

"ချွမ်း....ချွမ်း....ချွမ်း"

သူတို့နှစ်ယောက်၏ ခါးများမှာ အဆက်မပြတ် ထိခတ်ကာ မီးပွင့်များ ဖြာထွက်လျက်ရှိ၏။ ဝတ်စုံနက်သည် နောက်သို့ မသိမသာ ဆုတ်ပေးနေလေသည်။

သို့နှင့် သူတို့နှစ်ယောက်သည် တောအုပ်၏ နက်ရှိုင်းသော အပိုင်းတစ်နေရာသို့ ရောက်မှန်းမသိ ရောက်လာခဲ့ကြသည်။

ဖန်းပူဖိန်နှင့် အတော်ကလေး ဝေးကွာလာခဲ့ပြီ ဖြစ်သည်။ ဖန်းပူဖိန်နှင့် ဝတ်စုံနက် ငါးယောက်တို့၏ ခါး,ခါး





ချင်း ထိခတ်သံ၊ အော်ဟစ်ကြုံးဝါးသံတို့မှာ အဝေးတွင် ကျန်ရစ်ခဲ့ရလေပြီ။

ယခု ချူးချင်းရောက်လာသော နေရာမှာ ထူးခြားသော နေရာတစ်ခုဟု ဆိုရပေမည်။ မြေပြင်တစ်ဝှမ်းတွင် ကြီးမားသော ကျောက်တုံးကျောက်ဆောင်ကြီးများနှင့်သာ ပြည့်နှက်လျက် ရှိနေ၏။

မြင်လေရာ နေရာတွင် ကျောက်တုံး ကျောက်စွန်းများသာ ရှိနေ၏။

ကျောက်တုံးကြီးများဆီမှ ဖြူဖွေးသော အလင်းရောင်များသည် အထက်သို့ ထိုးထွက်နေရုံမျှမက ပတ်ဝန်းကျင်သို့ပါ လင်းဖြာလျက် ရှိနေ၏။

အချို့ ကျောက်တုံးကျောက်ဆောင်ကြီးများမှာ အိမ်တစ်လုံး ပမာဏမျှ ကြီးမား၏။

"ဟူး"

ရုတ်တရက် ငွေရောင်အလင်းတန်းကြီးတစ်ခုက ကျောက်တုံးကြီး တစ်တုံးအထက်သို့ ထိုးဆင်းကျရောက်လာပြီးအလင်းရောင်များ ဖြာထွက်သွားသည်။

အခိုးအငွေ့ များက တလူလူထွက်လာပြီးနောက် ချူးချင်းက စူးစိုက်ကြည့်လိုက်ရာ ငွေရောင်ဝတ်ရုံလွှာကြီးကို ခံ့ညား

စွာ ဝတ်ဆင်ထားသော အဘိုးအိုတစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

အဘိုးအို၏ ဆံပင်များမှာ ဆွတ်ဆွတ်ဖြူနေသလို နှင်းပွင့်များ ဖြူဖွေးတောက်ပနေသော ပါးမြိုင်းမွေး၊ မုတ်ဆိတ်ရှည်ကြီးများကလည်း ရင်ဘတ်အထိ ဝဲကျ ဆင်းကျလျက်ရှိနေ၏။

အဘိုးအိုက လက်တစ်ဘက်တွင် ရှည်လျားသော သံတောင်ဝှေးကြီး တစ်ချောင်းကို ကိုင်ဆောင်ထားပြီး ချူးချင်းကို စူးစိုက်ကြည့်လျက် ရှိနေ၏။

ချူးချင်း၏စိတ်ထဲတွင် ထိုအဘိုးအိုကို ဤဝတ်စုံနက်များ၏ ခေါင်းဆောင် သူ၏ရန်သူတော်ကြီးဟု မှတ်ထင်ယူဆလိုက်မိသည်။

ဝတ်စုံနက်ခါးသမားများသည် အဘိုးအိုရောက်လာသည်နှင့် လက်နှစ်ဘက်ဆုပ်၍ ဂါရဝပြုလိုက်ပြီး....

"ဆရာကြီး....သူရောက်လာပါပြီ"

"အေး"

ဝတ်စုံနက်ခါးသမားသည် အရိုအသေပြု ပြောကြားလိုက်ပြီးနောက် ကျောက်တုံးများနောက်ကွယ်သို့ ခုန်ဆင်းပျောက်ကွယ်သွားလေတော့သည်။ ချူးချင်းက အဘိုးအိုကို စူးစိုက်ကြည့်လိုက်ပြီး....





"ခင်ဗျား ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကို လှုပ်ကြံချင်ရတာလဲ"

"အဘိုးအိုက ပြုံးလိုက်ပြီး....

"ငါဟာ မင်းရဲ့ရန်သူ မဟုတ်ပါဘူး၊ မိတ်ဆွေပါ"

"မိတ်ဆွေ....ဟုတ်လား၊ မိတ်ဆွေဆိုရင် ခုလိုလုပ်ကြံသတ်ဖြတ်ရမလား"

ချူးချင်းက စူးရှတောက်လက်သော မျက်လုံးအစုံဖြင့် စူးစိုက် ကြည့်ရင်းက အဘိုးအိုကို မေးမြန်းလိုက်သည်၊ အဘိုးအိုက တစ်ချက်ပြုံးလိုက်ရင်း....

"မင်းဟာ ငါ့ရဲ့ရန်သူဆိုရင် ခုလောက်ဆို သေသွားလောက်ပြီ"

"ဘာ....ဘာပြောတယ်၊ ခုလောက်ဆို သေသွားလောက်ပြီ....ဟုတ်လား"

ချူးချင်းက ဒေါသတကြီး မေးမြန်းလိုက်သည်၊ အဘိုးအိုက ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်က....

"ဟုတ်တယ်၊ မင်းဟာ ငါ့ရန်သူဆိုရင် ခုလောက်ဆို သေသွားတာ ကြာလှပြီ၊ ဘာလဲ....မင်းကမယုံလို့လား"

"ဟုတ်တယ်၊ ခင်ဗျားက ကိုယ့်ကိုယ်ကို အထင်ကြီးနေလေတော့ ကျွန်တော်က စမ်းကြည့်ရတော့မှာပေါ့"

ယင်းအချိန်မှာပင် မိုးက သည်းထန်စွာ ရွာချလာသည်၊ လျှပ်စီးများက ဝင်းလက်လာသည်၊ မိုးချုန်းသံများကလည်း နားပွင့်လုမတတ် ထွက်ပေါ်လာကြသည်၊

"ဂျိမ်း"

"ဒလိန်း"

"ဝုန်း"

အဆက်မပြတ် သည်းထန်စွာ ရွာသွန်းချလာသော မိုးရေစက်များကြောင့် ချူးချင်းတစ်ကိုယ်လုံး ရွှဲနစ်သွားရသည်။ သူက ဝင်းလက်သော လျှပ်စီးရောင်များကြားတွင် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်မိသည်။

တဝင်းဝင်းတလက်လက် တောက်ပနေသော လျှပ်စီးရောင်များအောက်တွင် ချူးချင်း၏ ဓားမှာ ပြာလဲ့လဲ့တောက်ပလျက် ရှိနေ၏။

အဘိုးအို၏ မျက်လုံးအစုံမှာ စူးရှတောက်ပနေကာ လက်ထဲမှ ကိုင်ဆောင်ထားသော သံတောင်ဝှေးကြီးဆီမှ ငွေရောင်အလင်းတန်းကြီးကလည်း ထိုးထွက်တောက်ပလျက် ရှိနေ၏။

"လာပြီ ကောင်လေး၊ ကြည့်သာရှောင်ပေတော့"

အဘိုးအိုက ပြောလိုက်ပြီးသည်နှင့် သံတောင်ဝှေးကြီးကို ရှေ့သို့ ဆတ်ခနဲ ထိုးသွင်းပစ်လိုက်သည်။

"ဝှီး"

ချူးချင်းက ရင်ဝဆီသို့ မြားပစ်လိုက်သည့်ပမာ တစ်ဟုန်ထိုး ဝင်ရောက်လာသည့် တောင်ဝှေးကြီးကို ကိုယ်တစ်ပတ်လှည့်ကာ အမြန်ဆုံးရှောင်တိမ်းပေးလိုက်ရသည်။

"ယား"





ချူးချင်းက မာန်တစ်ချက်သွင်းလိုက်ပြီး ဓားကိုဝှေ့ယမ်းကာ အဘိုးအိုထံသို့ လွှားဝင်တိုက်ခိုက်ပစ်လိုက်သည်။

"ဝှီး"

သူ့ဓားချက်က ဖြိုးပြက် ဝင်းလက်သွားသည်။ သို့သော် အဘိုးအိုက သူ့ရှေ့မှ ရုတ်တရက် ပျောက်ကွယ်သွားသည်။

ထို့ကြောင့် သူခုတ်ပိုင်းလိုက်သော ဓားကွက်မှာ အချည်းနှီး ဖြစ်သွားရလေသည်။

ချူးချင်းမှာ တအံ့တသြ ဖြစ်သွားရသည်။

"ဟဲ....ဟဲ....ဟဲ"

ရုတ်တရက် သူ့နောက်ကျောဘက်မှ ရယ်မောသံ ကြားလိုက်ရ၍ လှည့်ကြည့်လိုက်ရာ သူ့နောက်ကျောဘက် ဖျာကြီးတစ်ချပ်ထက်တွင် သံတောင်ဝှေးကြီးကို ယမ်းကာ ရပ်နေသည့် အဘိုးအိုကိုတွေ့လိုက်ရသည်။

ချူးချင်းမှာ အဘိုးအို၏ သိုင်းပညာအဆင့်ကိုကြည့်ကာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားမိသည်။

အဘိုးအိုက တဟဲဟဲရယ်မောလိုက်ရင်း....

"ဘယ်လိုလဲ....မင်းဓားချက်က ငါ့ကိုတောင် ထိအောင်မတိုက်ခိုက်နိုင်ပါဘူး၊ စောစောက ငါပြောတာ မှန်တယ်မဟုတ်လား၊ ငါသာသတ်မယ်ဆိုရင် မင်းဟာ ခုလောက်ဆို အသက်ပျောက်နေလောက်ပါပြီလို့"

"ဝှစ်—ဝှစ်....ဝှစ်"

ချူးချင်းမှာ ခံပြင်းဒေါသထွက်သွားရပြီး အဘိုးအိုထံသို့ လွှားဝင်လိုက်ကာ နဂါးသုံးဆင့်ဓားကွက်ဖြင့် သုံးချက်ဆင့်၍ တိုက်ခိုက်ပစ်လိုက်သည်။

အဘိုးအိုက ချူးချင်း၏ဓားရိပ်ဓားငွေ့များအကြား လိပ်ပြာ တစ်ကောင် ပျံဝဲသွားသည့်ပမာ လှပစွာ ရှောင်တိမ်းပြသွားသည်။

ချူးချင်း၏မြင်ကွင်းတွင် တိုက်ခိုက်နေရင်းမှ အဘိုးအိုမှာ တစ်ယောက်တည်းမဟုတ်တော့ဘဲ သုံးလေးယောက် ဖြစ်လာသည်။

"ဟင်"

သူ မျက်စိများမှားလေသလားဟု ထင်မြင်ယူဆကာ သေချာစွာ စူးစိုက်ကြည့်သော်လည်း အဘိုးအိုက လေးယောက်ဖြစ်လာသည်။

မည်သည့်ဘက်ကလူရိပ်ကအဘိုးအိုအစစ်ဖြစ်သည်ကိုခွဲခြားမရတော့ပေ။

အဘိုးအို၏ကိုယ်ပွားအရိပ်များသည် လေးဘက်လေးတန်မှနေ၍ ချူးချင်းကို စက်ဝိုင်းသဏ္ဍာန်လှည့်ပတ်ပြေးလွှားလျက်ရှိနေ၏။

ချူးချင်းမှာ ဓားကိုစက်ဝိုင်းသဏ္ဍာန်လှည့်ပတ်ရင်း လေးဘက် လေးတန်မှထွက်ပေါ်လာသော အရိပ်များကို အဆက်မပြတ် တိုက်ခိုက်ပစ်လိုက်၏။

"ဝှစ်....ဝှစ်....ဝှစ်"





သို့သော် အဘိုးအိုကို မည်သို့မျှတိုက်ခိုက်နိုင်စွမ်းမရှိ။ မကြာမီ အဘိုးအို၏လူရိပ်က မြင့်မားသော ကျောက်ဆောင်ကြီး တစ်ခုထက်သို့ လွှားတက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

ချူးချင်းကလည်း ကိုယ်ဖော့အားသုံးကာ လိုက်ပါသွားသည်။

မျက်နှာချင်းဆိုင်ရောက်သည်နှင့် ချူးချင်းကဓားကို ကန့်လန့်ဖြတ်ကိုင်ကာ တိုက်ခိုက်ပစ်လိုက်သည်။

"ထန်း"

သံတောင်ဝှေးကြီးနှင့် ဓားတို့ ပူးကပ်မိကြသည်။ ချူးချင်း၏ ဓားချက်မှာ အဘိုးအို၏သံတောင်ဝှေးတွင် ဂဟေဆော်သည့်ပမာ ကပ်ငြိလျက်ရှိ၏။

ချူးချင်းက အတွင်းအားကိုစုစည်းကာ ဓားဆီသို့ပို့လွှတ်ပြီး အဘိုးအိုကို တိုက်ခိုက်လိုက်သည်။

အဘိုးအို၏အတွင်းအားမှာ အလွန်ကြီးမားလှပေသည်။

"ချွမ်း"

ရုတ်တရက် အဘိုးအိုက သံတောင်ဝှေးကြီး အသာအယာ လှုပ်ခါလိုက်ရာ ချူးချင်း၏ဓားမှာ လက်မှလွတ်ထွက်သွားပြီး အဝေးသို့ လွင့်စဉ်ထွက်သွားရသည်။

"ဟင်"

ချူးချင်းမှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး လက်တစ်ဘက်မှ အသင့်ကိုင်ဆောင်ထားသော သစ်ရွက် ဓားပျံများနှင့် ပစ်ခပေါက်တော့မည်အပြု အဘိုးအို၏သံတောင်ဝှေးအဖျား

က သူ့လည်ပင်းကို လာရောက်ထောက်ထားသည်ကို ခံစားလိုက်ရသည်။

ချူးချင်းမှာ မျက်လုံးများပြူးကျယ်သွားမိသည်။ အဘိုးအိုက တစ်ချက်ရယ်မောလိုက်ပြီး....

"ဟဲ...ဟဲ...ဟဲ၊ မင်းက ငါ့ရန်သူမှ မဟုတ်တာ၊ ငါက မသတ်ပါဘူး၊ ရော့....မင်းဓား"

စကားဆုံးသည်နှင့် အဘိုးအိုက အင်္ကျီလက်စကို တစ်ချက်ဝှေ့ယမ်းပစ်လိုက်ရာ ချူးချင်း၏ဓားမှာ ၎င်းလေအားကြောင့် ပြန်လည်မြောက်တက်လာပြီး ချူးချင်းဆီသို့ လွင့်ပျံလာသည်။

ချူးချင်းက သူ၏ရတနာဓားကို ပြန်လည်ဖမ်းယူထားလိုက်ပြီး....

"ကျွန်တော့်ကို သတ်ချင် သတ်လိုက်ပါ၊ သေရမှာကို မကြောက်ပါဘူး"

အဘိုးအိုက ပြုံးလိုက်ပြီး....

"မင်းသေသွားလို့ ဘယ်ဖြစ်ပါဦးမလဲ၊ မင်းသေသွားရင် မင်းမိဘတွေအတွက် သွေးကြွေးကိုဘယ်သူကဆပ်မှာလဲ"

"ဟင်"

အဘိုးအို၏စကားကြောင့် ချူးချင်းမှာ အဘိုးအိုကိုကြည့်ကာ တအံ့တသြဖြစ်သွားရသည်။

သူက ဓားကို ပြန်သိမ်းလိုက်ရင်း အဘိုးအိုကို ဦးညွှတ်ဂါရဝပြုလိုက်သည်။





"ဘိုးဘိုးပြောတာမှန်ပါတယ်၊ ဘိုးဘိုးဟာ ကျွန်တော့်ရဲ့ရန်သူ မဖြစ်နိုင်ပါဘူး၊ ကျွန်တော့်မိဘတွေအတွက်သွေးကြွေးကို ဆပ်ဖို့က ကျွန်တော့်မှာ အရေးကြီးတဲ့တာဝန်တစ်ရပ် ဖြစ်နေပါတယ်"

အဘိုးအိုက....

"ငါ့မြေး....မင်းမှာ အဓိကတာဝန် သုံးရပ် ရှိနေတယ်ကွယ့်"

"ခင်ဗျာ....တာဝန်သုံးရပ်ဟုတ်လား"

အဘိုးအိုက ခေါင်းဆတ်ပြလိုက်ရင်း....

"ဟုတ်တယ်၊ တာဝန်သုံးရပ်ပဲ၊ ဒီတာဝန်သုံးရပ်ကတော့ နံပါတ်တစ် မင်းဟာ မိဘသွေးကြွေးဆပ်ရမယ်၊ နံပါတ်နှစ် ဝံပုလွေဓားခေါ်တဲ့ ရတနာမြေပုံဓားကို အရယူရမယ်၊ နံပါတ်သုံး ဒီရတနာဓားကို သိုင်းလောက က ဖြောင့်မတ်တည်ကြည်တဲ့ အဖြူရောင် သိုင်းဂိုဏ်းချုပ်ကြီးတွေလက်ထဲ အပ်နှံပေးရမယ်"

အဘိုးအိုစကားကြောင့် ချူးချင်းတအံ့တသြဖြစ်သွားရသည်။ အဘိုးအိုက ချူးချင်းကို တစ်ချက်အကဲခတ်လိုက်ရင်း....

"ဘာလဲ....မင်းအံ့သြသွားပြီလား၊ မင်း မသိသေးတဲ့နောက်ထပ် အံ့သြစရာကောင်းလောက်တဲ့ လျှို့ဝှက်ချက်တွေ အများကြီး ရှိနေသေးတယ်"

ချူးချင်းက လက်နှစ်ဘက်ဆုပ် အရိုအသေပြုလိုက်ပြီး....

"ဟုတ်ကဲ့၊ ကျွန်တော်မသိတဲ့ အချက်တွေရှိရင် ညွှန်ကြားပါဘိုးဘိုး"

အဘိုးအိုက သက်ပြင်းတစ်ချက် ရှိုက်လိုက်ရင်း....

"အင်း... တကယ်တော့ မင်းဟာ ပိုက်ကွန်ထဲမှာငြိတွယ်နေတဲ့ ပိုးကောင်ကလေး တစ်ကောင်လိုဖြစ်နေတယ်၊ မင်းကို မဟာရန်သူကြီးက အချိန်ကျရင် အလွယ်တကူ ဝါးမျိုပစ်ဖို့ စောင့်ဆိုင်းနေလေရဲ့"

"ဘိုးဘိုးပြောတဲ့စကားကို ကျွန်တော် နားမလည်ဘူး၊ ရှင်းပြပါလား"

"ကောင်းပြီ၊ ဒါဆိုရင် ငါပြောပြမယ်၊ ဒီအကြောင်းတွေကို ရှင်းပြချင်လို့လဲ ငါကမင်းကို ဖန်းပူဖိန်နဲ့လူချင်းကွဲအောင် ဖန်တီးပြီး ဒီနေရာရောက်အောင် ငါ့လူတွေနဲ့ မျှားခေါ်ခိုင်းလိုက်တာပဲ"

ထိုအခါကျမှ ချူးချင်းမှာ သဘောပေါက်သွားရသည်၊ အဘိုးအိုက လေးနက်တည်ကြည်သော လေသံဖြင့်....

"သွေးပင့်ကူ ဂိုဏ်းချုပ်ကြီးကျူမင်ကို မင်းဘယ်လိုမြင်သလဲ"

"ဂိုဏ်းချုပ်ကြီးကျူမင်က ကျွန်တော့်အသက်ကို ရန်သူတွေလက်ထဲက ကယ်တင်ခဲ့တယ်၊ သူ့စခန်းမှာ ကောင်းကောင်းမွန်မွန်ခေါ်ပြီး စောင့်ရှောက်ထားတယ်၊ ကျွန်တော့် မိဘတွေအတွက် သွေးကြွေးဆပ်နိုင်ဖို့ လမ်းညွှန်ပေးတယ်၊





ဒီစံပုလွေဖြူတောင်ပေါ်က စံပုလွေမားကို အခုသူက ယူခိုင်းလိုက်ပါတယ်"

"ဟား....ဟား....ဟား"

အဘိုးအို၏ ရုတ်တရက် အားပါးတရ ရယ်မောလိုက်သံမှာ မိုးချုန်းသံပမာ ဆူးရှ ကျယ်လောင်လွန်းလှပေသည်။

အဘိုးအိုက အားပါးတရ ရယ်မောလိုက်ပြီး....

"ဒီစံပုလွေမားကိုသာ မင်းက သူ့လက်ထဲကို ထည့်လိုက်တာနဲ့ မင်းသေသွားရတော့မှာပေါ့ကွ"

"ဟင်....ဘာဖြစ်လို့လဲ ဘိုးဘိုး"

ချူးချင်းက တအံ့တသြနှင့် ပြန်မေးလိုက်မိသည်။

"သူ ဘယ်သူဘယ်ဝါဆိုတာ မင်းသိရရင်သိပ်အံ့သြသွားမှာပါ"

အဘိုးအို၏ စကားကြောင့် ချူးချင်းမှာ စိတ်ထဲတွင် ထူးဆန်းအံ့သြသွားရသည်။

အဘိုးအိုက ချူးချင်း အံ့အားသင့်နေမိစဉ်မှာပင်....

"ငါ့မြေးရဲ့ မိဘတွေကို တကယ်တမ်းသတ်သွားတဲ့ တရားခံကတော့ သိုင်းလောကမှာ အမှောင်သခင်ကြီးလို့ လျှို့ဝှက်အမည်ခံထားတဲ့ ဒုစရိုက်ထိပ်သီး သိုင်းသမားကြီး တစ်ယောက်ပဲ၊ သူကတော့ မင်းအသက်ကို ကယ်တင်လာပါတယ်ဆိုတဲ့ သွေးပင့်ကူ ဂိုဏ်းချုပ်ကြီး ကျူမင်ပဲ"

"ဟင်"

ကြားလိုက်ရသော စကားကြောင့် ချူးချင်းမှာ မျက်လုံးများပြူးကျယ် ဝိုင်းစက်သွားမိရသည်။ သူ့နားသူပင် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိရသည်၊

"ကျွန်တော့်မိဘတွေကို သတ်သွားတာ အဆိပ်သခင်မဟုတ်လား"

ချူးချင်းက ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့်စိုက်ကြည့်ရင်း အဘိုးအိုကို မေးမြန်းလိုက်သည်၊

အဘိုးအိုက....

"ဟုတ်တယ်လေ၊ အဆိပ်သခင်နဲ့ သွေးပင့်ကူဂိုဏ်းချုပ်ဟာ တစ်ယောက်တည်းပဲ"

"အို"

ကြားလိုက်ရသော စကားကြောင့် ချူးချင်းမှာ နွေခေါင်ခေါင်တွင် မိုးကြိုးပစ်သံ ကြားလိုက်ရသကဲ့သို့ အံ့သြတုန်လှုပ်သွားမိရသည်၊

အဘိုးအိုက ချူးချင်းကို စူးစိုက်ကြည့်ရင်း....

"လူကလေး၊ သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်ရဲ့ လျှို့ဝှက်နာမည်ဟာ အဆိပ်သခင်ပဲ၊ အဆိပ်သခင်ဂိုဏ်းကို နောက်ကွယ်မှာ ဖျောက်ထားပြီး သွေးပင့်ကူဂိုဏ်းကို ရှေ့ကနေဗန်းပြလုပ်ဆောင်နေတာပဲ၊ သူဟာ အင်မတန်ကြောက်စရာကောင်းတဲ့ အနက်ရောင် ဒုစရိုက် ထိပ်သီးသိုင်းသမားတစ်ယောက် ဖြစ်တယ်....





"သူက သူ့ကိုယ်သူ အဖြူရောင်သိုင်းသမားဟန်ဆောင်ထားတာ၊ မင်းမိဘတွေကိုသတ်ပြီး မင်းကို ဘာဖြစ်လို့မသတ်သလဲဆိုတော့ သူက ဝံပုလွေမားကို လိုချင်လို့ပဲ....

"မင်းက ဝံပုလွေတွေနဲ့ နှစ်ပေါင်းများစွာ နေလာခဲ့ပြီး ဝံပုလွေပညာတွေကို တတ်ထားတယ်၊ သူက ဒီအကြောင်းကို သိထားတော့ မင်းကိုအသုံးချဖို့ကယ်တင်ရှင်အဖြစ်ဟန်ဆောင်နေခဲ့တာပဲ....

"မင်းနဲ့တိုက်ခိုက်တဲ့လူတွေက သူ့လူတွေပဲ၊ အဲဒါကို သူကမင်းအသက်ကို ကယ်တင်လာသလိုလိုနဲ့ သူတော်ကောင်းဟန်ဆောင်နေခဲ့တယ်....

"ဖန်းပူဖိန်ကို မင်းနဲ့အတူထည့်ပေးလိုက်တာ အကောင်းမဟုတ်ဘူး၊ ဝံပုလွေမားရတာနဲ့ ဖန်းပူဖိန်က မင်းကိုသုတ်သင်ပစ်လိမ့်မယ်....

"ခရီးထွက်လာကာစက မင်းနောက်မှာလိုက်ပြီး နောက်ယောင်ခံတဲ့ ဝတ်စုံနက်ခြောက်ယောက်ကို တွေ့တယ် မဟုတ်လား....

"ဒီ ဝတ်စုံနက်ခြောက်ယောက်က အဆိပ်သခင်ကြီးကျူမင်ရဲ့ ကိုယ်ပျောက်ပင့်ကူ ခြောက်ဖော်တို့ပဲ၊ ဖန်းပူဖိန်ကလဲ ဒီကောင်တွေနဲ့ အစီအစဉ် ဆွဲထားပြီးသား"

ထိုအခါကျမှ ချူးချင်းမှာ သဘောပေါက်သွား၊နားလည်သွားရကာ သူ့ကို အသက်သခင် ကျေးဇူးရှင်အဖြစ် လှည့်စား

ပြီး လိမ်ညာလှည့်ဖျားခဲ့သည့် သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်အပေါ် ခံပြင်းနာကြည်းလာမိရသည်။

"တောက်"

သူက ခံပြင်းဒေါသထွက်စွာဖြင့် တောက် သံ ပြင်း ပြင်း ခေါက်လိုက်မိသည်။

တစ်နှစ်ကျော် နှစ်နှစ်နီးပါးမျှ သူ့မိဘများကို သတ်သွားသည့် လူသတ်ကောင်ကြီးအား မိမိအသက်သခင် ကျေးဇူးရှင်ကြီးဟု ထင်မှတ်ကာ တရိုတသေဆက်ဆံခဲ့မိသည်။

စင်စစ် သွေးပင့်ကူဂိုဏ်းချုပ် ကျူမင်သည် မိမိ မိဘနှစ်ပါးကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် အဆိပ်သခင်ကြီး ဖြစ်နေလေတော့သည်။

သွေးပင့်ကူဂိုဏ်းချုပ်ကြီး ကျူမင်သည် အဖြူရောင် သစ္စာဘက်တော်သား သိုင်းဂိုဏ်းချုပ်ကြီးတစ်ယောက် မဟုတ်ဘဲ အမှောင်လောကသခင်ကြီး ဖြစ်နေလေပြီ။

အဘိုးအိုက သက်ပြင်းတစ်ချက်ရှိုက်လိုက်ရင်း....

"ဒါကြောင့် လူကလေးမှာ အဓိကတာဝန်သုံးရပ် ရှိနေတယ်လို့ စောစောက ဘိုးဘိုးပြောခဲ့တာပေါ့ကွယ်၊ ကျူမင်က လူကလေးကို အသုံးချခဲ့တာပဲကွယ့်၊ ဒီအကြောင်းတွေကို ဘယ်သူမှ မသိစေနဲ့၊ အထူးသဖြင့် ဖန်းပူဖိန် လုံးဝမသိစေနဲ့၊ ဖန်းပူဖိန်သိသွားရင် အဆိပ်သခင်ကို သုတ်သင်ဖို့ ကိစ္စမှာ အနှောင့်အယှက် ဖြစ်သွားလိမ့်မယ်"

"စိတ်ချပါ ဘိုးဘိုး၊ ဘယ်သူမှ မသိစေရပါဘူး"





ချူးချင်က ကတိပြု ပြောကြားလိုက်သည်၊ ထို့နောက်...

"ဘိုးဘိုးရဲ့ ဘွဲ့နာမည်ကို သိပါရစေလား"

"လောလောဆယ်တော့ ဘိုးဘိုးက သိုင်းလောကကို စောင့်ရှောက်သူလို့သာ သိထားပါ၊ နောင်တစ်ချိန်မှာ လူကလေးဟာ ဘိုးဘိုး ဘယ်သူဘယ်ဝါဆိုတာ အလိုလိုသိလာရပါလိမ့်မယ်၊ ကိုင်း....လူကလေး၊ ဘိုးဘိုးမှာတာတွေ မမေ့နဲ့၊ သွားပေတော့"

အဘိုးအို၏ စကားဆုံးသည်နှင့် စောစောကပျောက်ကွယ်သွားသော ဝတ်စုံနက်မားသမား ပြန်လည်ပေါ်ပေါက်လာသည်။

"ဟူး"

ဝတ်စုံနက်ဓားသမား ထွက်ပေါ်လာသည်နှင့် အဘိုးအိုမှာ ကျောက်တုံးကြီးထက်မှ ခုန်ပျံထွက်ခွာသွားသည်။

ဝတ်စုံနက်ဓားသမားက ဓားကိုဝှေ့ယမ်းရင်း လွှားဝင်လာပြန်သည်။

"ဝှစ်"

"ချွမ်း"

ချူးချင်းက ဝတ်စုံနက်၏ဓားကို ရင်ဝတွင် ကန့်လန့်ဖြတ်ကာရင်း တိုက်ခိုက်ပစ်လိုက်ရသည်။

ချူးချင်းက အကြောင်းစုံသိသွားပြီဖြစ်၍ ဝတ်စုံနက်ကို အသေအကျေ မတိုက်ခိုက်တော့ပေ။

နှစ်ယောက်သား နားလည်မှုယူပြီး တိုက်ခိုက်သွားရာ

မကြာမီ ဖန်းပူဖိန်နှင့် အခြားဝတ်စုံနက်များ တိုက်ခိုက်ရာ နေရာသို့ ပြန်လည်ရောက်ရှိသွားကြသည်။

ဖန်းပူဖိန်နှင့် ဝတ်စုံနက်ဓားသမား ငါးယောက်တို့မှာ ပြင်းထန်စွာ တိုက်ခိုက်လျက် ရှိနေကြသည်။ ဓားသံများမှာ ဆူညံ ပွက်လောရိုက်လျက် ရှိ၏။

"ဆုတ်ကြ"

ရုတ်တရက် ချူးချင်းနှင့် တိုက်ခိုက်နေသော ဝတ်စုံနက် ဓားသမားက နောက်သို့ခုန်ဆုတ်ရင်း ဝတ်စုံနက်ဓားသမား ဆီသို့ အော်ဟစ်အမိန့်ပေးလိုက်သည်။

ဖန်းပူဖိန်နှင့် တိုက်ခိုက်နေသောဝတ်စုံနက်ဓားသမားများ သည် ဝတ်စုံနက်၏ အော်ဟစ်အမိန့်ပေးသံ ကြားလိုက်ရသည် နှင့် တိုက်ခိုက်မှုကိုရပ်တန့်ကာနောက်သို့ ဆုတ်ခွာသွားကြသည်။

ထို့နောက် ဝတ်စုံနက်ဓားသမားခြောက်ယောက်တို့သည် တောအုပ်အတွင်းမှနေ၍ လျင်မြန်စွာ ပြေးထွက်ပျောက်ကွယ် သွားကြလေတော့၏။

ဖန်းပူဖိန်က သူ၏မြွေဓားကို ပြန်သိမ်းလိုက်ရင်း ချူးချင်း ကို တစ်ချက် အကဲတ်ကြည့်လိုက်ရာ....

"ချူးချင်း....စောစောက မင်း ဘယ်ပျောက်သွားတာ လဲ"

ချူးချင်းမှာ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရပြီး....

"ဟိုကောင့်နောက်ကို လိုက်တိုက်ပြီး ဝင်္ကပါတောထဲ ရောက်သွားတာ ကံကောင်းလို့ ပြန်ထွက်လာနိုင်တာ၊ ဒီဓား





သမားက တော်တော်အစွမ်းထက်တယ်၊ ဒီနေရာအထိ ပြန် လာပြီး တိုက်ခိုက်နိုင်တယ်၊ အခု ကျွန်တော့်ဓားချက်ကြောင့် သူ ပြန်ဆုတ်သွားတာ"

ဖန်းပူဖိန်၏ မျက်လုံးအစုံမှာ ရုတ်ခြည်းကျဉ်းမြောင်းသွား သည်။

သူသည် ချူးချင်း၏စကားကို သိပ်ယုံကြည်ဟန် မတူပေ၊ မျက်နှာမှာ တွေခနဲ ဖြစ်သွားရသည်။

ဖန်းပူဖိန် အနည်းငယ် သံသယဝင်သွားပြီဖြစ်ကြောင်းကို ချူးချင်း ရိပ်စားမိလိုက်သည်။ သို့သော် မတတ်နိုင်ပေ။ ချူး ချင်းက မီးစင်ကြည့်ကရမည် ဖြစ်၏။

ဖန်းပူဖိန်က....

"ဝင်္ကပါတော....ဟုတ်လား၊ အဲဒီနေရာမှာ ဘယ်သူနဲ့ တွေ့ခဲ့ရသေးသလဲ"

"ဘယ်သူနဲ့မှ မတွေ့ရပါဘူးဗျာ၊ ကျွန်တော်တို့နှစ်ယောက် တိုက်ခိုက်နေကြရင်း ဒီနေရာ ပြန်ရောက်လာတာပါ၊ဘာလဲ.... ဂိုဏ်းခွဲမှူးကြီးက ကျွန်တော့်ကို မယုံကြည်တော့ဘူးလား"

ဖန်းပူဖိန်က မျက်နှာကိုပြင်လိုက်ရင်း....

"မဟုတ်ပါဘူးကွာ၊ ငါက မင်းအတွက်စိုးရိမ်လို့ မေးမိ တာပါ၊ ကိုင်း....သွားကြစို့"

ထို့နောက် နှစ်ယောက်သား တည်းခိုဆောင်သို့ ပြန်လာခဲ့ ကြလေတော့သည်။

* * *

အခန်း (၁၀)

---

## ဝံပုလွေဘိုးဘိုး၏ ရတနာခေါ

လေပြင်း တဟူးဟူးတိုက်ခတ်လျက်ရှိ၏။

ဝံပုလွေတောင်ကြီးနှင့် နီးကပ်လာလေလေ လေမှာ ပိုမို ပြင်းထန်လာသည်။

တဝေါဝေါ လွင့်ပျံနေသော ဖုန်မှုန် သဲမှုန်များအကြား မှန်ဂိုမြင်းဖြူကြီးနှစ်ကောင်က ခွာသံတဖြောင်းဖြောင်း၊ လည်ဆံမွေး တဖွားဖွားနှင့် အပြင်းနှင်လျက် ရှိသည်။

ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် နယ်စပ်ကို ဖြတ်ကျော်လာခဲ့ကြလေပြီ။

သူတို့သည် နှစ်ရက်မျှ ခရီးပြင်းနှင်လာခဲ့ကြပြီးနောက် ဝံပုလွေဖြူတောင်ကြီး၏ ခြေရင်းသို့ ရောက်ရှိလာခဲ့ကြသည်။





ဝံပုလွေဖြူတောင်ကြီးသည် အလွန် မတ်စောက်သော ကျောက်တောင်ကြီးတစ်တောင်ဖြစ်ပြီး ချုံနွယ် ပိတ်ပေါင်းများနှင့် တောအုပ်များက အထူးထူထပ်များပြားလှပေသည်။

ကျောက်တုံး၊ ကျောက်ချွန်း၊ ကျောက်ခဲကြီးများမှာနေရာမလပ် ပြည့်နှက်လျက်ရှိ၏။

တစ်ချက်ကလေးခြေချော်သွားပါက တောင်အောက်သို့ ကျပြီး မရှုမလှသေဆုံးရမည်ဖြစ်ပေသည်။

တောင်ပေါ်သို့ တက်ရန် လမ်းဟူ၍ မည်မည်ရရမရှိဘဲ ကိုယ့်နည်းကိုယ့်ဟန်နှင့်တက်မှသာတောင်ထိပ်သို့ရောက်နိုင်မည် ဖြစ်ပေသည်။

ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် တောင်ထိပ်ကို တစ်ချက် မော့ကြည့်လိုက်ကြပြီးနောက် မြင်းများထက်မှ ဆင်းလိုက်ကြသည်။

ဝံပုလွေဖြူတောင်ထိပ်မှာ မိုးထိုးနေပြီး တိမ်တိုက်များက ဖုံးလွှမ်းထားနေ၏။

ဖန်းပူဖိန်က တောင်ထိပ်ကိုတစ်ချက်မော့ကြည့်လိုက်ပြီး....

"အင်း....ဝံပုလွေဖြူ တောင်ထိပ်ကို တက်ရမယ့်လမ်းကတော့ အတော့်ကိုခက်ခဲကြမ်းတမ်းတာပဲ၊ လမ်းဆိုလို့လဲ မရှိဘူး၊ ငါတို့နှစ်ယောက် ထိပ်တန်းကိုယ်ဖော့ပညာကိုအသုံးပြုပြီး တက်မှရမယ်"

ချူးချင်းက ခေါင်းညိတ်လိုက်ကာ....

"ဟုတ်ဘယ် ဂိုဏ်းခွဲမှူးကြီး၊ တောင်တက် လမ်းတွေက ကျောက်လမ်းတွေချည်းပဲ၊ ကျောက်တုံး၊ ကျောက်ဆောင်တွေကလဲ ပြည့်နှက်နေတယ်၊ အတော့်ကို ကြိုးစား တက်ယူရမယ်"

ဖန်းပူဖိန်က အင်္ကျီလက်စကြိုးတစ်ဘက်ကို ဝှေ့ယမ်းလိုက်သည်။

"ဝှီး"

အဝတ်လေတိုးသံနှင့်အတူ သူ့လက်ထဲသို့ ပိုက်ကွန်ကြိုးပျော့ တစ်ချောင်းကရောက်ရှိလာသည်။ ဖန်းပူဖိန်က ထိုကြိုးရှည်ကို လေထဲတွင်ဝှေ့ယမ်းကြည့်လိုက်ပြီး....

"ငါကတော့....ဒီကြိုးကိုအသုံးပြုပြီး တက်ရတော့မှာပဲ"

ပြောပြောဆိုဆို ဖန်းပူဖိန်က ကြိုးကို အထက်သို့ပစ်လွှတ်လိုက်ရာ ကြိုးစမှာ ဆန့်တန်းထွက်သွားပြီး လျှောကွင်းသဖွယ် ဖြစ်ပေါ်သွားကာ တောင်ကမ်းပါးယံတစ်နေရာမှ ငေါထွက်နေသော ကျောက်စွန်းကြီးတစ်ခုကို သွားရောက်ချိတ်လိုက်မိလေ၏။

"ဝှစ်"

"ဟူး"

ကြိုးစက ကျောက်စွန်းကြီးကိုရစ်ပတ်မိလိုက်သည်နှင့် ဖန်းပူဖိန်သည် ကန်အားတစ်ချက်ပြုလုပ်ကာ လေထဲသို့လွှားတက်လိုက်သည်။





တစ်ခဏချင်းမှာပင် ဖန်းပူဖိန်သည် ပိုးချည်မျှင်တန်းလန်းနှင့် ပင့်ကူကြီးတစ်ကောင်ပမာ လေထဲသို့ ခုန်ပျံတက်ရောက်သွားရင်း ကျောက်စွန်းကြီးအပေါ်သို့ လွှားခနဲ ကျရောက်သွားလေတော့၏။

ဝံပုလွေဖြူတောင်ပေါ်သို့ ဖန်းပူဖိန် စတင်တက်ရောက်သွားပြီဖြစ်သည်။

ချူးချင်းမှာလည်း ဝံပုလွေတောင်တက် ကိုယ်ဖော့ပညာကို အသုံးပြုကာ တောင်ပေါ်သို့ စတင်တက်လိုက်လေတော့သည်။

သူသည် ငယ်စဉ်ကလေးကတည်းကပင် လုံဇန်းတောင်ပေါ်တွင် နေထိုင်စဉ်အတွင်း ဝံပုလွေများနှင့်အတူ အတူသွား အတူလာ အတူစားနေခဲ့သည်။

ထိုအချိန်ကာလအတွင်း ချူးချင်းသည် ဝံပုလွေများကဲ့သို့ ပြေးလွှားနိုင်ခဲ့ပြီး ခက်ခဲကြမ်းတမ်းသော တောင်ပေါ်တက်လမ်းများကို ပေါ့ပါးလျှင်မြန်စွာတက်ရောက်နိုင်ခဲ့သည်။

ထို့ကြောင့် ချူးချင်းက ယခု ဝံပုလွေဖြူတောင်ပေါ်သို့ တက်သောအခါ ခက်ခဲ ကြမ်းတမ်းလှသော ကျောက်ဆောင် ကျောက်တုံးများ ပြည့်နှက်နေလင့်ကစား ဝံပုလွေတစ်ကောင် ပမာ လျှင်မြန်စွာ ပြေးတက်လာနိုင်ခဲ့သည်။

ဖန်းပူဖိန်ကမူ သူ တတ်မြောက်ထားသော ပင့်ကူကိုယ်ဖော့ပညာဖြင့် ပေါ့ပျောင်းပါးလွှာသော ပိုးချည်မျှင်ကို တဝှီးဝှီး

ပစ်လွှတ်ရင်း အထက်သို့ တစ်ဆင့်ပြီးတစ်ဆင့် ခုန်ပျံတက်ရောက်လျက် ရှိ၏။

ဖန်းပူဖိန်၏ ပင့်ကူကိုယ်ဖော့ပညာကလည်း အထူးပင်ထက်မြက်လှပေသည်။

ချူးချင်းက ဝံပုလွေပညာဖြင့် တောင်ပေါ်သို့ပြေးတက်နေသော်လည်း ဖန်းပူဖိန်က ချူးချင်းနှင့်အတူယှဉ်ကာ တက်နေနိုင်ခဲ့သည်။

တောင်တက်လမ်းမှာ အထူးခက်ခဲ ကြမ်းတမ်းလှပေသည်။ ချူးချင်းမှာ သတိထားပြီးတက်နေရသည်။

ခြေတစ်ချက် ချော်သွားပါက အောက်သို့ ပြုတ်ကျပြီး အသက်ပျောက်သွားရမည် ဖြစ်ချေသည်။

ဖန်းပူဖိန်မှာလည်း ချူးချင်းကဲ့သို့ပင်ဖြစ်၏။ သူကပိုးချည်မျှင် ထုတ်လွှတ်သည့်ပမာ ပိုက်ကွန် ပညာမျိုးဖြင့် အပေါ်သို့ ကျွမ်းကျင်စွာတက်နေသော်လည်း ရည်ထဲမှာမူ တထိတ်ထိတ် ဖြစ်နေရသည်။

ထမင်းတစ်အိုး ချက်ခန့်အကြာတွင် သူတို့သည် တောင်ထိပ်နှင့် အနီးဆုံးနေရာတစ်ခုဖြစ်သော တောင်ကမ်းပါးယံကြီး တစ်ခုဆီသို့ အောင်မြင်စွာ ရောက်ရှိသွားကြသည်။

ထိုနေရာမှ ဆက်တက်လျှင် ဝံပုလွေဖြူတောင်ထိပ်မှာ သိပ်မဝေးကွာလှတော့ပေ။





ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် တောင်ကမ်းပါးယံမှနေ၍ တောလမ်းကလေးအတိုင်း အပေါ်သို့ တရွေ့ရွေ့ တက်လာခဲ့ကြသည်။

"ဝုန်း"

"အိုး"

ရုတ်တရက် ချောက်နှုတ်ခမ်းကြီးတစ်ခု၏ နေရာသို့အရောက် ဖန်းပူဖိန်မှာ မမျှော်လင့်ဘဲ ခြေချော်ကာ ယိုင်ဆင်းကျသွားရသည်။

ဖန်းပူဖိန်မှာ ထိတ်လန့်စွာ ရေရွတ်မိရင်း အောက်သို့ ပြုတ်ကျသွားသည်။

သို့သော် ဖန်းပူဖိန်က သတိရှိသူပီပီ ပိုးချည်မျှင်ကို ဆတ်ခနဲ ပစ်လွှတ်လိုက်ရာ ကျောက်စွန်းကြီး တစ်ခုကို သွားရောက်ချိတ်ထားလိုက်မိသည်။

ထို့ကြောင့် ဖန်းပူဖိန်မှာ အောက်လည်းမကျ အပေါ်လည်းမရောက်ဘဲ လေထဲမှာပင် ပင့်ကူကြီးတစ်ကောင်ပမာ ချာချာလည်လျက် ရှိနေ၏။

ချူးချင်းမှာ လေထဲတွင် တစ်ဝဲလည်လည် ဖြစ်နေသော ဖန်းပူဖိန်ကို ကြည့်ကာ ရယ်ချင်စိတ်များပင် ဖြစ်ပေါ်သွားမိသည်။

"ဝှစ်"

ယင်းအချိန်မှာပင် ချူးချင်းက ဖန်းပူဖိန်ထံသို့ ကြိုးစကလေး တစ်စကို ပစ်လွှင့်ပေးလိုက်သည်။

ထိုကြိုးစက ဖန်းပူဖိန်ထံသို့ တန်းမတ်စွာ ပြေးထွက်သွားသည်။

ဖန်းပူဖိန်က သူ့ထံသို့ ပစ်လွှင့်လာသော ကြိုးစကို လက်တစ်ဘက်မှ ဖမ်းဆုပ်လိုက်သည်။

ပြီးနောက် ထိုကြိုးစကို အားယူကာ အထက်သို့ လွှားတက်လိုက်သည်။

"ဟူး"

ကံကောင်းထောက်မစွာဖြင့် ဖန်းပူဖိန်မှာ သေကံမရောက် သက်မပျောက်ဘဲ ချောက်နှုတ်ခမ်းအပေါ်သို့ ပင့်ကူကြီး တစ်ကောင်ပမာ ကားကားကြီး ပြန်ရောက်လာခဲ့ရသည်။

"တောက်....ကံကောင်းလို့ပေါ့ကွာ၊ ဟင်း"

ဖန်းပူဖိန်က မောဟိုက်သံကြီးနှင့် ပြောလိုက်သည်။

ယင်းအချိန်မှာပင်....

"ဝူ....ဝူ... ဝူ"

"အု....အုဝူ....အုဝူ"

ရုတ်တရက် ဝံပုလွေ အောင်ပေါင်း များစွာ၏ အူသောအသံများ ကြားလိုက်ရပြီး ကျောက်ဆောင်ကျောက်တုံးများကြားမှ ပြေးထွက်လာသော များပြားလှသည့် ဝံပုလွေအုပ်များကို တွေ့လိုက်ရသည်။

"ဟာ....ချူးချင်း၊ ဝံပုလွေတွေဟေ့၊ တိုက်မှ ဖြစ်မယ်"





ဖန်းပူဖိန်က တစ်ဟုန်ထိုးပြေးလွှားလာနေသော ဝံပုလွေများကို တွေ့လိုက်ရသည်နှင့် တစ်ပြိုင်နက် ချူးချင်းကို သတိပေး ပြောကြားလိုက်သည်။

ဝံပုလွေများမှာ ကြီးမားသော အကောင်ကြီးများဖြစ်ပြီး ကြောက်မက်ဖွယ်ရာ ကောင်းလှပေသည်။

ဝံပုလွေကြီးများက ချူးချင်းနှင့် ဖန်းပူဖိန်ဆီသို့ ပြေးလွှားတိုက်ခိုက်လာကြသည်။

"ဝှီး"

"ဝုန်း"

ဝံပုလွေကြီးတစ်ကောင်က ချူးချင်းအပေါ်သို့ ခုန်အုပ်တိုက်ခိုက်လာရာ ချူးချင်းက ဝံပုလွေသိုင်းကွက်ဖြင့်ပင် လျင်မြန်စွာ ရှောင်တိမ်းပေးလိုက်ရသည်။

ကြီးမားသော ဝံပုလွေနက်ကြီး ဆယ်ကောင်ခန့်က ချူးချင်းကို ဝိုင်းရံထားလိုက်ကြသည်။

ဖြဘမာန်ဖီထားသော ပါးစပ်ကြီးများအတွင်းမှ ချွန်ထက်သော သွားများကို တွေ့မြင်နေရသည်။

ဖန်းပူဖိန်မှာလည်း ဝံပုလွေကောင်ကြီးများ၏ ဝိုင်းရံတိုက်ခိုက်မှုကို ခံနေရသည်။

ဖန်းပူဖိန်၏ လက်ထဲမှ မြွေခေါင်းလက်ချက်ကြောင့် ဝံပုလွေကောင်ကြီးများမှာ အနားသို့ တော်တော်နှင့် မကပ်နိုင်ကြဘဲ ကပ်လာသော ဝံပုလွေကောင်ကြီး များမှာလည်း ဓားချက်ကြောင့် ဒဏ်ရာများ ရသွားကြသည်။

ချူးချင်းမှာ ဝံပုလွေများကို သံယောဇဉ်ရှိသူ ဖြစ်သဖြင့် ပြန်လည် မတိုက်ခိုက်ဘဲ အတတ်နိုင်ဆုံး ရှောင်တိမ်းပေးလျက် ရှိသည်။

သူသည် ဝံပုလွေတစ်ကောင်ပမာ ပြေးလွှားရင်း ရှောင်တိမ်းပေးလျက် ရှိနေသည်။

"ဝေါင်း"

"အား"

ရုတ်တရက် ကြီးမားလှသော ဝံပုလွေနက်ကြီးတစ်ကောင်က ခုန်လွှားဝင်ရောက်လာပြီး ဖန်းပူဖိန်အား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

ဝံပုလွေကြီး၏ ချွန်ထက်သော သွားများက ဖန်းပူဖိန်၏ ဘယ်လက်မောင်းကို ဆတ်ခနဲ ကိုက်ခဲလိုက်မိသည်။

ဖန်းပူဖိန်မှာ အရိုးခိုက်လုမတတ် နာကျင်လှသောကြောင့် စူးရှစွာ အော်ဟစ်မိလိုက်သည်။

"ဖြောင်း"

"ဝေါင်း"

တစ်ချိန်တည်းမှာပင် ဖန်းပူဖိန်က ဒေါသတကြီးဖြင့် အတွင်းအားလက်ဝါးရိုက်ချက်ဖြင့် ရိုက်ထုတ်ပစ်လိုက်ရာ ထိုကိုက်ခဲထားသော ဝံပုလွေနက်ကြီးမှာ စူးဝါးစွာ အော်မြည်ရင်း မြေပေါ်တွင် လိမ့်ဆင်းသွားရသည်။





ဖန်းပူဖိန်က ဓားကို ဝှေ့ယမ်းရင်း လိုက်ပါသွားသည်။ သူက ဝံပုလွေကြီး ပြန်မထလာနိုင်မီ လက်ထဲမှမြွေဓားဖြင့် ဝံပုလွေကြီး၏ ကိုယ်ကို တစ်အားပိုင်းချပစ်လိုက်သည်။

"ချွမ်း"

ရုတ်တရက် ဓားအလင်းတန်းတစ်ခုကတိုးဝင်လာပြီး ဖန်းပူဖိန်၏ ဓားကို ကြားမှခတ်ထုတ်ပစ်လိုက်သည်။ ထိုဓားချက်က ကာကွယ်ပေးလိုက်မှုကြောင့် ဝံပုလွေကြီးမှာ အသက်ဘေးမှ သီသီကလေး လွတ်မြောက်သွားရပြီး မြေပေါ်မှ လူးလိမ့်ပြေးထွက်သွားနိုင်လေသည်။

"ဟင်"

ဖန်းပူဖိန်မှာ သူ့ဓားချက် လွဲချော်ပြီး ဝံပုလွေကြီးကို မသတ်လိုက်ရသဖြင့် ဒေါသတကြီးဖြစ်သွားကာ ဓားချက်ပြလိုက်သူကို လှည့်ကြည့်လိုက်သည်။

ဝံပုလွေကြီး၏ အသက်ကို ရုတ်တရက် ကြားမှဖြတ်ပြီး ကယ်တင်ကာကွယ်ပေးလိုက်သူမှာ ချူးချင်း ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ဖန်းပူဖိန်က ချူးချင်းကို ဒေါသတကြီးဖြင့် ကြည့်ရင်း....

"ချူးချင်း....ဘာဖြစ်လို့ ဝင်ရှုပ်ရတာလဲကွ၊ မင်းရှုပ်လို့ ငါကိုက်တဲ့ ဝံပုလွေကြီးလွတ်သွားပြီ"

ချူးချင်းက လက်ကာပြလိုက်ရင်း....

ဝံပုလွေကြီးတွေကို မသတ်ပါနဲ့ဗျာ၊ သူတို့က ဘာမှ သိရှာကြတာမဟုတ်ပါဘူး၊ သူတို့က ဝံပုလွေဓားကို စောင့်ရှောက်နေကြရတဲ့ တိရစ္ဆာန်တွေပါ”

သူက ပြောရင်း သူ့အင်္ကျီလက်စကို လျင်မြန်စွာ ဆုတ်ဖြဲပစ်လိုက်ရင်း....

ဖန်းပူဖိန်၏လက်မောင်းမှ ဒဏ်ရာကို စည်းနှောင်ပေးလိုက်သည်။

ဖန်းပူဖိန်က ဒေါသကြီးစွာဖြင့် ဓားကိုဆွဲယမ်းလိုက်ရင်း....

“သတ်မယ်ကွာ၊ ငါကတော့မရဘူး၊ ဒီဝံပုလွေတွေကို ငါ့ဓားနဲ့ ပိုင်းပစ်မယ်”

ဝံပုလွေများက ပိုမိုများပြားလာသည်။ ဝံပုလွေအုပ်ကြီးများ ချူးချင်းနှင့် ဖန်းပူဖိန်ကို ထွက်ပေါက်လုံးဝမရှိအောင် အထပ်ထပ် ဝိုင်းရံထားကြသည်။

ဖန်းပူဖိန်က မြွေဓားကို ရှေ့သို့ညွှန်ထားရင်း အသေအကြေတိုက်ခိုက်ရန် ဟန်ပြင်နေသည်။

ဝံပုလွေများကလည်း ဒေါသတကြီးနှင့် သူတို့နှစ်ယောက်ကို အသေအကြေတိုက်ခိုက်ရန် ရှေ့သို့တရွေ့ရွေ့ တိုးလာကြလေပြီ။ ယင်းအချိန်မှာပင် ချူးချင်းက ဆုံးဖြတ်ချက်တစ်ရပ်ကို အမြန်ချလိုက်ရသည်။





ယခုအတိုင်း နှစ်ဘက်တိုက်ခိုက်မည် ဆိုပါက ဖန်းပူဖိန်၏ ဓားချက်ကြောင့် ဝံပုလွေကြီးများအထိနာကာ မရှုမလှသေပွဲဝင်ရပေမည်။

ထို့ကြောင့် ချူးချင်းက ဝံပုလွေဘာသာဖြင့်.... “ငါက မင်းတို့မိတ်ဆွေပါ၊ ဝံပုလွေဓားကို လာယူတာ၊ တောင်ပေါ် ဝံပုလွေတွေရဲ့ တပည့်ဟာ ငါဖြစ်တယ်” ဟူသော အဓိပ္ပာယ်ရသောအသံမျိုးဖြင့် တစ်ချက်အော်ဟစ်ပစ်လိုက်လေသည်။

“ဝူ....ဝူ....ဝူ”

ချူးချင်း၏ အချက်ပေးအော်ဟစ်လိုက်သံကြောင့် ရှေ့သို့ တရွေ့ရွေ့ချဉ်းကပ်လာကြသော ဝံပုလွေများသည် ခြေလှမ်းများ ရပ်တန့်သွားကြသည်။

ဝံပုလွေများကြည့်ရသည်မှာ ချူးချင်းကို ကြည့်ကာ အတော်ကလေးအံ့အားသင့်သွားကြဟန် တူပေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။ ဝံပုလွေများအားလုံး ငြိမ်သက်သွားကြလေသည်။

ချူးချင်းနှင့် ဝံပုလွေများသည် အကြည့်ချင်းပြိုင်လျက်ရှိနေကြသည်။ ဖန်းပူဖိန်မှာ အခြေအနေကိုကြည့်ကာ တအံ့တသြဖြစ်သွားရသည်။

ယင်းအချိန်မှာပင် ဝံပုလွေများသည် စူးရှစွာပြိုင်တူ အော်ဟစ်လိုက်ကြပြီး နောက်ကြောင်းသို့ ပြန်လှည့်ပြေးသွားကြတော့၏။

"ဟင်"

ဝံပုလွေများအားလုံး တစ်ကောင်မကျန် ပျောက်ကွယ်ကုန်ကြရာ ချူးချင်းက မအံ့သြသော်လည်း ဖန်းပူဖိန်ကမူ တအံ့တသြဖြစ်နေမိသည်။

"ချူးချင်း.... ဘယ်လိုဖြစ်ရတာလဲကွ၊ ဝံပုလွေတွေပြန်လှည့်ကုန်ကြပါလား"

"ကျွန်တော်လဲမသိဘူးဗျာ"

ချူးချင်းက အလိုက်သင့် ပြန်ဖြေလိုက်သည်။

"ကိုင်း.... ရှေ့ဆက်သွားကြရအောင်"

ဖန်းပူဖိန်ကပြောလိုက်ပြီး တောင်ပေါ်သို့ တက်ရာလမ်းအတိုင်း ဆက်တက်လာခဲ့ကြသည်။

"ကရီး—ကရီး....ကရီး"

ရုတ်တရက် ကျောက်စွန်းကြီးများကြားမှ စူးဝါးစွာ အော်မြည်လိုက်သော အသံကြီးများနှင့်အတူ ငှက်ကြီးနှစ်ကောင် ပျံဝဲထွက်ပေါ်လာကြသည်။

ငှက်ကြီးနှစ်ကောင်က သူတို့နှစ်ယောက်ကို ထိုးသုတ်ချီရန် တစ်ဟုန်ထိုး စိုက်ဆင်းလာကြသည်။

ဖန်းပူဖိန်က အဆိပ်ဓားပျံများကို အသုံးပြုကာ ငှက်ကြီးနှစ်ကောင်၏ ဦးခေါင်းများဆီသို့ ပစ်လွှတ်လိုက်သည်။

"ကရီး"

"ကရီး"





ငှက်ကြီးနှစ်ကောင်မှာ ဓားပျံများ စိုက်ဝင်ခံလိုက်ရသဖြင့် အသွေးများ တဖွားဖွား တလူလူ ထိုးထွက်နေသော မရဏချောက်နက်ကြီးအတွင်းသို့ ထိုးဆင်းပျောက်ကွယ်သွားကြလေ၏။

ငှက်ကြီးများ၏ ချွန်ထက်ရှည်လျားသော နှုတ်သီး၊ ကြီးမားသော တောင်ပံများ ကြည့်ရသည်မှာ အသည်းယားစရာကောင်းလှပေတော့သည်။

"ဟူး"

ဖန်းပူဖိန်က မရဏချောက်နက်ကြီးအတွင်းသို့ ထိုးကျသွားသော ငှက်ကြီးနှစ်ကောင်ကိုကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။

သူတို့နှစ်ယောက်က မရဏချောက်နက်ကြီး၏ နှုတ်ခမ်းနံဘေးမှ ကပ်လျှောက်လာခဲ့ကြသည်၊

ချောက်နက်ကြီးကို လွန်မြောက်ပြီး နဂါးပွက်အိုင်များနှင့် မြေအောက်ပျားတွင်းကြီးများ နေရာသို့ ရောက်ရှိလာခဲ့ကြသည်၊

ထိုမြေပြင်မှ အလွန်အန္တရာယ်များသော မြေပြင်နေရာ ဖြစ်သည်၊ မတော်တဆ ခြေတစ်ချက်ချော်သွားပါက ပျားတွင်းကြီးများထဲသို့ ကျဆင်းကာ မရှုမလှ အသက်ပျောက်သွားရပေမည်။

နဂါးပွက်အိုင်ထဲသို့ ကျဆင်းသွားရပါကလည်း ပြန်တက်ဖို့ ဆိုသည်မှာ မလွယ်ပေ၊

ထို့ကြောင့် ချူးချင်းနှင့် ဖန်းပူဖိန်တို့မှာ အန္တရာယ်များလှသော မြေပြင်ထက်တွင် အထူးသတိထား သွားနေကြရသည်။

"သတိထားဟေ့....ချူးချင်း၊ ငါတို့အောက်မှာ ပျားတွင်းကြီး ရှိနေတယ်၊ အသံတွေကိုတောင် ကြားနေရတယ်"

ဖန်းပူဖိန်က ချူးချင်းကို သတိပေး ပြောကြားလိုက်သည်။ မှန်ပေသည်။ သူတို့နင်းထားသော မြေပြင်အောက်မှ တဝူးဝူးနှင့် အော်မြည်ပျံသန်းနေသော မြေအောက် ပျားအုပ်ကြီးများ၏ ကြောက်မက်ဖွယ်ရာ အသံကြီးများကို ကြားနေကြရသည်။

သူတို့က မြေပြင်ကို ကိုယ်ဖော့ပညာနှင့်နင်းကာ သွားနေသဖြင့်သာ မြေအောက်တွင်းနက်ကြီးများအတွင်းသို့ ကျဆင်းမသွားရခြင်း ဖြစ်သည်။

ဤနေရာတွင် သိုင်းပညာကိုထိပ်တန်းအဆင့်မရှိဘဲ သာမန်လူတစ်ယောက် ဖြစ်နေမည်ဆိုပါက မြေအောက်တွင်းနက်ကြီးအတွင်းသို့ ထိုးဆင်းကျသွားရပြီး မြေအောက်မှကြီးမားသောပျားကောင်ကြီးများ လက်ချက်ဖြင့် မိနစ်ပိုင်းအတွင်းမှာပင် အရိုးစုတစ်စုဘဝသို့ ရောက်သွားရပေလိမ့်မည်။

ယခု ချူးချင်းနှင့် ဖန်းပူဖိန်တို့က ထိပ်တန်း ကိုယ်ဖော့ပညာကို အသုံးပြုကာ မြေပြင်ထက်တွင် သွားနေကြရသည်။





မြေပြင်ကလည်း ကြည့်ပါဦး၊ မည်းနက် တောက်ပနေကာ မည်းနက်သော အခိုးအငွေ့များက မြေပြင်ထက်သို့ တငွေ့ငွေ့ တလူလူ ထိုးထွက်နေကြသည်။

သူတို့နှစ်ယောက်သည် အခိုးအငွေ့များအကြား တရွေ့ရွေ့ သွားနေကြသည်။

မြေအောက်မှ အသံများကိုလည်း နားစွင့်နေကြရသေးသည်။

မကြာမီ နှစ်ယောက်သား ထိုမြေကွက်လပ်ကို အောင်မြင်စွာ ဖြတ်ကျော်လာနိုင်ခဲ့ကြလေသည်။

"ဝှီး... ဝှီး....ဝှီး"

ရုတ်တရက် သူတို့ရှေ့မှ လေတိုးသံများ ကြားလိုက်ရ၍ ကြည့်လိုက်ကြရာ မျောက်ဝံကြီးများ ပြေးထွက်လာကြပြီး သူတို့ဆီသို့ ကျောက်တုံးကြီးများနှင့် ပစ်ပေါက်လိုက်သည်ကို တွေ့လိုက်ကြရသည်။

"ချူးချင်း....ရှောင်ပေး"

ဖန်းပူဖိန်က ချူးချင်းကိုသတိပေးလိုက်ပြီး သူကိုယ်တိုင်က ကျောက်ဆောင်ကြီးတစ်ခု၏ အကွယ်သို့ ဝပ်ချပေးလိုက်သည်။

ချူးချင်းမှာလည်း တဝှီးဝှီးပစ်လွှတ်လာသောကျောက်တုံးကြီးများကို တွေ့လိုက်ရသည်နှင့် မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားရကာ ကိုယ်ကို အမြန်ဆုံး ဝပ်ချပေးလိုက်ရသည်။

"ဝုန်း—ဝုန်း....ဝုန်း"

မျောက်ဝံကြီးများ ပစ်လွှတ်လိုက်သော ကျောက်တုံးများမှာ သူတို့နှစ်ယောက်ကိုမထိဘဲ လွဲချော်သွားကြရသည်။

မြောက်ဝံကြီးများက သူတို့နှစ်ယောက်ကို တိုက်ခိုက်ရန် တစ်ဟုန်ထိုး ပြေးလွှားလာကြသည်။

ယင်းအချိန်မှာပင် ဖန်းပူဖိန်က ရုတ်တရက် အင်္ကျီလက်စကြီး တစ်ဘက်ကို ဝှေ့ယမ်းပစ်လိုက်သည်။

"ဝှီး"

အင်္ကျီလက်စကြီးအတွင်းမှ မဟာကန္တာရ အဆိပ်မှုန်လက်နက်ပုန်းကလေးများက တိုက်ခိုက်ရန် ပြေးလွှားလာနေသော မျောက်ဝံကြီးများဆီသို့ ပြေးဝင်သွားကြသည်။

"ခွီး....ခွီး....ခွီး"

"ခွီး....ခွီး....ခွီး"

မျောက်ဝံကြီးများမှာ မဟာကန္တာရအဆိပ်မှုန် လက်နက်ပုန်းများလက်ချက်ကြောင့် စူးရှစွာအော်မြည်ရင်း မြေပေါ်တွင် လိမ့်ထွက်သွားကြရသည်၊

မဟာကန္တာရရွှေသဲမှုန်အဆိပ်လက်နက်ပုန်းများမှာအလွန် အဆိပ်ပြင်းထန်ပြီး ရက်စက်လွန်းလှပေရာ ချူးချင်းကတား မြစ်မည် ဟန်ပြင်လိုက်သော်လည်း ဖန်းပူဖိန်က ပစ်လွှတ်ပြီးပြီ ဖြစ်ရာ ဟန့်တားရန်ပင် အချိန်မရလိုက်တော့ပေ။

မျောက်ဝံကြီးများမှာ အဆိပ်လက်နက်ပုန်းများ လက်ချက်ကြောင့် အော်မြည်ပြီး နောက်ကြောင်းပြန်လှည့်ကာပြေးထွက်သွားကြရသည်။





ချူးချင်းမှာ အော်ဟစ်ပြေးထွက်သွားသော မျောက်ဝံကြီးများကိုကြည့်ကာ အတော်ကလေး သနားသွားမိသည်။

ချူးချင်းက လှမ်းကြည့်လိုက်ရာ မြေပြင်ပေါ်တွင် ပခုံး၌ အဆိပ်လက်နက်ပုန်းထိကာ လူးလိမ့် အော်ညည်းနေသော မျောက်ဝံကြီးတစ်ကောင်ကိုတွေ့လိုက်ရသည်။

"ယား"

ရုတ်တရက် ဖန်းပူဖိန်ကဓားကိုဝှေ့ယမ်းပြီး မျောက်ဝံကြီးဆီသို့ ခုတ်သတ်ရန်လွှားဝင်သွားသည်။

"ဝှစ်"

"ထန်း"

ယင်းအချိန်မှာ ဓားပျံလက်နက်ပုန်းတစ်ခုက ဖန်းပူဖိန်၏ ဓားသွားကို လာရောက်ထိမှန်လိုက်ရာ ဖန်းပူဖိန်၏ဓားမှာ တုန်ခါထွက်သွားရပြီး မျောက်ဝံကြီးနှင့်လွဲချော်ထွက်သွားရသည်။

မျောက်ဝံကြီး၏အသက်ကို ကယ်တင်လိုက်သူမှာချူးချင်းပင် ဖြစ်ပေသည်။

မျောက်ဝံကြီးမှာ ခေါင်းဆောင်မျောက်ဝံကြီး ဖြစ်ဟန်တူပြီး ခန္ဓာကိုယ်မှာ အခြားမျောက်ဝံကြီးများထက်ကြီးမား ထွားကျိုင်းလှပေသည်။

မျောက်ဝံကြီးက သူ့အနားတရွေ့ရွေ့တိုးကပ်လာသော ချူးချင်းကို မျက်လုံးကလေး ပေကလပ် ပေကလပ်နှင့် ကြည့်လျက် ရှိသည်။

မျောက်ဝံကြီးမှာ လှုပ်ရှားနိုင်စွမ်းမရှိတော့ပေ။ အချိန်ကြာသွားပါက အသက်ဆုံးရှုံးသွားဖွယ်ရာသာပင် ရှိပေတော့သည်။

ယင်းအချိန်တွင် ကျန် မျောက်ဝံကြီးများက သူတို့၏ ခေါင်းဆောင်မျောက်ဝံကြီးကို ကျောက်ကြို ကျောက်ကြား ကျောက်ဆောင်ကြီးများကြားမှ ချောင်းမြောင်းကြည့်ရှုလျက် ရှိနေကြသည်။

သူတို့က ခေါင်းဆောင်ဖြစ်သော မျောက်ဝံကြီးကိုကယ်တင်လိုကြသော်လည်း ရက်စက် ကြမ်းကြုတ်လှသည့် ဖန်းပူဖိန်၏လက်ချက်ကို ကြောက်ရွံ့ကြသဖြင့် အပြင်သို့ထွက်မလာရဲကြပေ။

ချူးချင်းက မျောက်ဝံကြီးကို ငြိမ်ငြိမ်နေရန် လက်ဟန်ခြေဟန်ပြလိုက်ပြီး မျောက်ဝံကြီးပခုံးမှ စိုက်ဝင်နေသော အဆိပ်အင် သုံးချောင်းကို အတွင်းအားဖြင့် နှုတ်ယူလိုက်သည်။

ပြီးနောက် အင်္ကျီအတွင်းအိတ်ထဲမှ ကြွေဘူးကလေး တစ်ဘူးကို နှိုက်ယူလိုက်ပြီး ကြွေဘူးအတွင်းမှ အနီရောင်ဆေးလုံးကလေးကို ထုတ်ယူလိုက်သည်။

ထိုဆေးလုံးကလေးမှာ တောင်ပေါ် ဝံပုလွေက သူ့အတွက် သေရေးရှင်ရေး ကြုံလာမှသာ အသုံးပြုရန် ပေးလိုက်ခြင်း ဖြစ်သည်။





ယခု သူက သူ့အတွက် အသုံးမပြုတော့ဘဲ အသက်ငင်နေပြီဖြစ်သည့် မျောက်ဝံကြီးအား တိုက်ကျွေးလိုက်လေတော့သည်။

ဖန်းပူဖိန်မှာ ခေါင်းကိုသာ အဆက်မပြတ် ခါယမ်းရင်း ချူးချင်း၏ အပြုအမူများကို မနှစ်မြို့သလို နားမလည်နိုင်သလို စောင့်ကြည့်နေမိသည်။

ဤ မဟာကန္တာရ အဆိပ်မှုန်အပ်များ ထိမှန်ခံလိုက်ရပါက မည်သို့မှ အဆိပ်ဖြေရန် မစွမ်းနိုင်တော့ဘဲ အသက်မျောက်ရသည်ချည်း ဖြစ်သည်။

ယခုမှ တောင်ပေါ်ဝံပုလွေပေးလိုက်သော အသက်ကယ်ဆေးလုံးကလေး၏တံခိုးကြောင့် မျောက်ဝံကြီးမှာ ခြေလက်များ ပြန်လှုပ်ရှားနိုင်လာကာ ပါးစပ်က လှုပ်စိလှုပ်စိဖြစ်လာသည်။

မကြာမီ မျောက်ဝံကြီးက မြေပြင်တွင်လဲကျနေရာမှ ထထိုင်လိုက်ကာ ချူးချင်း၏ခြေထောက်အစုံကို သူ့ခေါင်းနှင့် ပွတ်တိုက်လိုက်သည်။

“ခွီး....ခွီး....ခွီး”

မျောက်ဝံကြီးပါးစပ်မှလည်း ကျေးဇူးတင်ကြောင်းပြောနေဟန်ဖြင့် တခွီးခွီးအော်မြည်လျက် ရှိနေ၏။ မျောက်ဝံကြီးက မတ်တတ်ရပ်လိုက်ရာ ကောင်းကောင်းမရပ်နိုင်သေးဘဲ ဒယိမ်းဒယိုင်ဖြစ်လျက်ရှိ၏။

"ခွီး....ခွီး....ခွီး"

ယင်းအချိန်မှာပင် ကျောက်ဆောင်ကြီးများကြားမှ ကြီးမားသော မျောက်ဝံကြီးနှစ်ကောင် လွှားထွက်လာပြီး သူတို့၏ ခေါင်းဆောင် မျောက်ဝံကြီးကိုတွဲကာ ခေါ်ဆောင်သွားကြလေသည်။

မကြာမီမျောက်ဝံအုပ်ကြီးသည် နက်ရှိုင်းသော တောအုပ်ကြီးအတွင်းသို့ ဝင်ရောက် ပျောက်ကွယ်သွားကြတော့သည်။

ပျောက်ကွယ်ခါနီးတွင် ခေါင်းဆောင် မျောက်ဝံကြီးက ချူးချင်းအား လက်ဝှေ့ယမ်းပြလိုက်သေးသည်။

"ချူးချင်း၊ မင်း ဘာတွေလုပ်နေတာလဲ၊ မင်းလုပ်ရပ်တွေကို ငါတော့ နားမလည်တော့ဘူး၊ ဒီတိရစ္ဆာန်တွေက ငါတို့ကို သတ်မယ့်အကောင်တွေ၊ အရိုင်းအစိုင်းကောင်တွေကွ....

"မင်းက ဘာဖြစ်လို့ သနားနေရတာလဲ၊ တို့က သနားနေရင် သူတို့က ငါတို့ကို သတ်သွားတော့မှာပေါ့"

ဖန်းပူဖိန်က ချူးချင်းကို စူးရှခက်ထန်သော လေသံဖြင့် ပြောလိုက်သည်။ ချူးချင်းက ပြုံးလိုက်ပြီး လေးနက်သော လေသံဖြင့်....

"သူတို့က အားနည်းတဲ့ တိရစ္ဆာန်တွေပါ၊ ကျွန်တော်တို့ သတ်ရင် သေမယ့် တိရစ္ဆာန်တွေပါ၊ ဒီလိုတိရစ္ဆာန်မျိုးတွေကို သတ်ဖို့မသင့်ပါဘူး၊ ကျွန်တော်တို့ကိုလဲ သူတို့က ဘာမှ အန္တရာယ်ပေးနိုင်မှာမှ မဟုတ်ဘဲ"





"အင်း....မင်းကိုပြောလိုက်ရင် ဒါပဲ၊ ကိုင်း....ဝံပုလွေဂူနဲ့လဲ နီးနေပြီ၊ ခရီးဆက်ကြစို့"

ထို့နောက်ဖန်းပူဖိန်ကဦးဆောင်ကာ ဝံပုလွေဂူကြီးဆီသို့ ဆက်လက်ထွက်ခွာလာခဲ့ကြသည်။

ခရီးလမ်းမှာ ပိုမိုကြမ်းတမ်းလာသည်။ ချုံနွယ်ပိတ်ပေါင်းများမှာ ထူထပ်လှသည်။

ဝေါခနဲ တောတိုးသွားသံနှင့်အတူ မိကျောင်းပမာဏကြီးမားသည့် ဖွတ်ကြီးများကို တွေ့လိုက်ရသည်။

ထန်းလုံးပမာဏ ကြီးမားလှသည့် မြွေကြီးများကိုလည်း နေရာအနှံ့ တွေ့မြင်နေရသည်။

အမှောင်ရိပ်များက သမ်းစပြုလာလေပြီ။

နေလုံးသည် အနောက်ဘက် တောင်တန်းတောင်စွယ်များ ထက်တွင် မေးတင်လျက်ရှိ၏။

တစ်ခြမ်းပဲ့ လကလေးကိုပင် ကောင်းကင်ထက်တွင် တွေ့မြင်နေရလေပြီ။

သူတို့နှစ်ယောက်သည် ကိုယ်ဖော့ပညာဖြင့် ခြေလှမ်းသွက်သွက်လှမ်းကာ သွားလျက်ရှိနေကြသည်။

မကြာမီ သူတို့သည် မြေပြင်တစ်ခုလုံး ကျောက်တုံးကျောက်ခဲများနှင့် ပြည့်နှက်နေသော မြေပြင်တစ်နေရာသို့ ရောက်လာခဲ့ကြသည်။

ထိုမြေပြင်၏ တစ်ဘက်တွင် ကျောက်ဂူကြီး တစ်ခုက ထီးထီးမားမား တည်ရှိနေသည်။

ကျောက်ဂူကြီး၏ အဝမှာ မကောင်းဆိုးဝါးကောင်ကြီး တစ်ကောင်က ပါးစပ်ကြီး ဖြဲဟထားသကဲ့သို့ မှောင်မှောင်မည်းမည်းနှင့် တည်ရှိနေသည်။

"ဟား....ချူးချင်း၊ ဒီကျောက်ဂူကြီးဟာ ဝံပုလွေဂူကြီးပဲကွ၊ ငါတို့ ခရီးပန်းတိုင်ရောက်ပြီဟေ့၊ ဟား....ဟား....ဟား"

ဖန်းပူဖိန်က ကျောက်ဂူကြီးဆီသို့ လှမ်းကြည့်လိုက်ပြီး ဝမ်းသာအားရနှင့် အော်ဟစ်ပြောကြားလိုက်သည်။

ဖန်းပူဖိန်မှာ ကျောက်ဂူကြီးကို တွေ့လိုက်ရသည်နှင့် အတော်ကလေး အားတက် ဝမ်းမြောက်သွားဟန် တူပေသည်။

ချူးချင်းက ဝံပုလွေဂူကြီးဆီသို့ လှမ်းကြည့်လိုက်ရာ ကျောက်ဂူကြီး အမိုးထက်တွင် ထူးဆန်းပြီး ကြောက်မက်ဖွယ် ပုံသဏ္ဍာန်မျိုးနှင့် နားနေသော ငှက်ကြီးများကို တွေ့လိုက်ရသည်။

နှစ်ယောက်သား မြေကွက်လပ်ကို ဖြတ်ကျော်ရန် ဟန်ပြင်လိုက်ကြရာ....

"ဝူ....ဝူ....ဝူ"

"အူဝူ....အူဝူ....အူဝူ"





ရုတ်တရက်လေးဘက်လေးတန်မှ ဝံပုလွေကောင်ကြီးများ၏ အူသံများ၊ အော်မြည်သံများ ကြားလိုက်ပြီးနောက် သူတို့၏ ပတ်ဝန်းကျင် အရပ်လေးမျက်နှာဆီမှ ရာပေါင်းများစွာသော ဝံပုလွေကောင်ကြီးများ ထွက်ပေါ်လာကြလေသည်။

"ဟာ"

"ဟင်"

ချူးချင်းရော ဖန်းပူဖိန်ပါ များပြားလှသော ဝံပုလွေကောင်ကြီးများကို ကြည့်ကာ မျက်စိမျက်နှာ ပျက်သွားမိကြသည်။

ဤမျှ ရာပေါင်းများစွာ များပြားလှသည့် ဝံပုလွေကောင်များနှင့်သာ ရင်ဆိုင်ပြီး တိုက်ခိုက်ရမည်ဆိုပါက သူတို့နှစ်ယောက်သည် မလွဲမသွေ ကျရှုံးရပေလိမ့်မည်။ ဤနေရာတွင် မည်မျှ အစွမ်းထက်သော သိုင်းသမားဖြစ်နေလင့်ကစား သိုင်းပညာကို တစ်ဘက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်ထားလင့်ကစား ရှုံးနိမ့်ပြီး အသက်ပျောက်သွားရမည်မှာ ဧကန်မလွဲပင် ဖြစ်ပေတော့သည်။

ဝံပုလွေကောင်ကြီးများမှာ လရောင်အောက်တွင် အရေအတွက်အားဖြင့် ရာပေါင်းများစွာရှိပြီး မြေပြင်တစ်ခုလုံးပြည့်နှက်သွားသည်။

ချူးချင်းနှင့် ဖန်းပူဖိန်မှာ များပြားလှသော ဝံပုလွေကောင်များကိုကြည့်ကာ ဇောချွေးများပင် ပြန်စပြုလာကြရသည်။ သူတို့အတွက် စိုးရိမ်ရသော အခြေအနေပင် မဟုတ်ပါလား။

“ဝှစ်”

“ဟူး”

ယင်းအချိန်မှာပင် ငွေရောင်အလင်းတန်းကြီးတစ်ခုပမာ ငွေရောင်အရိပ်ကြီး တစ်ရိပ်က လရောင်အောက်တွင် ရိပ်ခနဲပေါ်ထွက်လာသည်။

ထိုငွေရောင်ဝင်းလက်နေသော အရာမှာ ငွေရောင်ဝံပုလွေကြီး တစ်ကောင်ဖြစ်ပြီး မြင့်မားလှသော ကျောက်ကလပ်ကြီးဆီသို့ လေတိုက်ခတ်သည့်ပမာ ရောက်ရှိလာသည်။

ရွှန်းမြသော လရောင်သည် ကျောက်ကလပ်ကြီးပေါ်သို့ ထိန်လင်းစွာကျရောက်လျက်ရှိရာ ကျောက်ကလပ်ကြီးထက်မှ ထီးထီးမားမားရပ်နေသော ငွေရောင်ဝံပုလွေကြီးကို အထင်းသား တွေ့နေရလေတော့၏။

ချူးချင်းနှင့်ဖန်းပူဖိန်တို့မှာ ထူးဆန်းအံ့သြကြလွန်းသဖြင့် ကျောက်ကလပ်ကြီးထက်မှငွေရောင်ဝံပုလွေကြီးကို မျက်တောင်မခတ်တမ်း ကြည့်နေမိကြလေတော့သည်။

ငွေရောင်ဝံပုလွေကြီးမှာ ယခုရောက်ရှိနေသော ဝံပုလွေအုပ်များ အားလုံး၏ ခေါင်းဆောင်ဖြစ်ဟန် တူပေသည်။





ထိုငွေရောင် ဝံပုလွေကြီး ရောက်ရှိလာသည်နှင့် ဝံပုလွေများ အားလုံးသည် မြေပြင်ထက်တွင် ငြိမ်သက်စွာ ဝပ်ဆင်းနေလိုက်ကြသည်။

ခေါင်းဆောင်၏အမိန့်ကို စောင့်ဆိုင်းနာခံနေကြဟန် တူပေသည်။

ခေါင်းဆောင် ငွေရောင်ဝံပုလွေကြီးကသာ တိုက်ခိုက်ရန် အမိန့်ပေးလိုက်ပါက ဝံပုလွေများသည် ချူးချင်းတို့နှစ်ယောက်ကို တစ်စစီ ကိုက်ဖဲ့ သတ်ဖြတ်ကြပေတော့မည်။

ယင်းအချိန်မှာပင် ငွေရောင်ဝံပုလွေကြီးက စူးရှ ကျယ်လောင်သောအသံဖြင့် တစ်ချက် အသံပြုလိုက်သည်။

“အူဝူ....ဝူ....ဝူ”

ထိုစကားသံ အချက်ပေးမှု၏ အဓိပ္ပာယ်ကို ချူးချင်းကောင်းကောင်းကြီး နားလည်သဘောပေါက်လိုက်သည်။

ထိုအချက်ပေးသံ၏ အဓိပ္ပာယ်မှာ....

“ဝံပုလွေဂူထဲမှ ဝံပုလွေဓားခေါ် ရတနာမြေပုံဓားမှာ ဝံပုလွေဘိုးဘိုး၏ အမွေအနှစ် ရတနာဓား ဖြစ်သည်။ ထိုဓားကိုလိုချင်ပါက ဝံပုလွေတောင်ပြောင်း သိုင်းတစ်ဆယ့်ရှစ်ကွက်ကို ဖော်ထုတ်ပြသနိုင်မည်ဆိုပါက ဝံပုလွေဘိုးဘိုး၏ ဝံပုလွေဓားကို ပေးအပ်မည်”

ဟူ၍ပင် ဖြစ်ပေသည်။

“အူဝူ....ဝူ....ဝူ”

ချူးချင်းက အချက်ပေးသံ ပြန်လည်ပြုလိုက်သည်။

ထိုအချက်ပေးသံ၏ အဓိပ္ပာယ်မှာ....

"အို....ငွေရောင်ဝံပုလွေကြီး....ကျွန်ုပ်သည် ဝံပုလွေဘိုးဘိုး၏ မြေးတပည့်ဖြစ်သည်။ ကျွန်ုပ်သည် ဝံပုလွေဘိုးဘိုး၏ တပည့် တောင်ပေါ်ဝံပုလွေ၏ တစ်ဦးတည်းသောတပည့် ဖြစ်၏....

"ကျွန်ုပ်သည် သင်တွေ့မြင်လိုသော ဝံပုလွေတောင်ပြောင်း တစ်ဆယ့်ရှစ်ကွက်ကို ယခုပင်ပြသပါမည်၊ ပြသနိုင်လျှင် သူပေးထားသော ကတိအတိုင်း ဝံပုလွေဘိုးဘိုး၏ ဝံပုလွေဓားကို ကျွန်ုပ်လက် အပ်ပါ"

ဟူ၍သာ ဖြစ်သည်။

ထို့နောက် ချူးချင်းက ဆရာသခင် တောင်ပေါ်ဝံပုလွေ လက်ထပ်သင်ကြားပေးခဲ့သော ဝံပုလွေတောင်ပြောင်း သိုင်း တစ်ဆယ့်ရှစ်ကွက်ကို တစ်ကွက်ချင်း ထုတ်ဖော်ပြသလိုက်သည်။

"ဝှစ်....ဝှစ်....ဝှစ်"

"ဟူး....ဟူး....ဟူး"

ဝံပုလွေတောင်ပြောင်းတစ်ဆယ့်ရှစ်ကွက်ကြောင့် ပတ်ဝန်းကျင်မှာ ကျောက်မှုန်သဲမှုန်များ တဖွားဖွား လွင့်ပုံတက်သွားကြရသည်။

ချူးချင်း၏ ခြေဖဝါးအစုံမှာ အတွင်းအားအဟုန်ကြောင့် မြေအတွင်း နစ်မြုပ်ဝင်သွားရသည်။

ပတ်ဝန်းကျင်တစ်ခုလုံး မှန်တိုင်းတစ်ခုကျနေသည့်အလား လေပြင်းက အဆက်မပြတ် ကျရောက်လျက် ရှိနေ၏။





"ဖြောင်း"

"ရှုန်း"

ချူးချင်း၏ နောက်ဆုံးလက်ဝါးရိုက်ချက်ကြောင့် ကြီးမားလှသော ကျောက်ဆောင်ကြီးမှာ အစိပ်စိပ်အမွှာမွှာ ကွဲအက်ကြေမွသွားရလေတော့သည်။

ကျောက်ကလပ်ကြီးထက်မှ ငွေရောင်ဝံပုလွေကြီးမှာ ချူးချင်း လှုပ်ရှားပြသနေသော ဝံပုလွေတောင်ပြောင်း သိုင်းကွက် တစ်ဆယ့်ရှစ်ကွက်ကို စူးစိုက်ကြည့်လျက် ရှိနေသည်။

"အူဝူ....ဝူ....ဝူ"

ချူးချင်းကဝံပုလွေတောင်ပြောင်း သိုင်းတစ်ဆယ့်ရှစ်ကွက် အားလုံး တစ်ကွက်မကျန် ပြည့်စုံစွာ ပြသပေးလိုက်ပြီးနောက် ကျောက်ကလပ်ကြီးထက်မှ ငွေရောင်ဝံပုလွေကြီးက စူးရှကျယ်လောင်သော အသံဖြင့် ရှည်လျားစွာ အူသံပြုလိုက်သည်။

ပြီးနောက် ငွေရောင်ဝံပုလွေကြီးသည် ကျောက်ကလပ်ထက်မှနေ၍ ကြယ်ကြွေကျသည့်အလားလွှားဆင်းကာ ဝံပုလွေ ကျောက်ဂူကြီးအတွင်းသို့ ပြေးဝင်သွားလေတော့သည်။

အထပ်ထပ်ဝိုင်းရံထားသော ဝံပုလွေများမှာ ချူးချင်းက ဝံပုလွေတောင်ပြောင်း သိုင်းကွက် တစ်ဆယ့်ရှစ်ကွက်ကို ထုတ်ဖော်ပြသပြီး ငွေရောင်ဝံပုလွေကြီးက အသံပြုလိုက်သည်နှင့်နောက်သို့ မသိမသာဆုတ်သွားသည်ကိုတွေ့လိုက်ကြရလေသည်။

"ဟင်း"

ထိုအခါကျမှ ဖန်းပူဖိန်မှာ အနည်းငယ် အသက်ရှူချောင်သွားဟန်ဖြင့် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်မိရှာလေသည်။

ဖန်းပူဖိန်မှာ ရက်စက်ကြမ်းကြုတ်ကောက်ကျစ်စဉ်းလဲသည့် လူတစ်ယောက် ဖြစ်သော်ငြားလည်း သူ့အလှည့်ကျတော့ သေရမည်ကို ကြောက်နေမိပြန်သည်။

ချူးချင်းမှာ သက်ပြင်းချလိုက်သော ဖန်းပူဖိန်ကိုကြည့်ရင်း စိတ်ထဲမှကျိတ်၍ ပြုံးလိုက်မိသည်။

"ဟူး"

"ဝှစ်"

ယင်းအချိန်မှာပင် ဝံပုလွေကြီးဆီမှ လေတိုးသံကြားလိုက်ရသဖြင့် သူတို့နှစ်ယောက်က လှမ်းကြည့်လိုက်ကြရာ ဂူအတွင်းမှနေ၍ ငွေရောင်ဝံပုလွေကြီး ပြန်လည်ပြေးထွက်လာသည်ကို တွေ့မြင်လိုက်ကြရသည်။

ငွေရောင်ဝံပုလွေကြီး၏ ပါးစပ်ထဲတွင် ငွေရောင်တဖိတ်ဖိတ်တောက်လက်နေသော အဖိုးထိုက် အဖိုးတန် ရှေးဟောင်းရတနာခါးကြိုးတစ်လက် ကိုက်ချီလာသည်ကိုပါ တွေ့မြင်လိုက်ကြရသည်။

ထိုငွေရောင်တဖိတ်ဖိတ်တောက်လက်နေသည့် အဖိုးထိုက်အဖိုးတန် ရှေးဟောင်းရတနာခါးကြိုးသည်ကား သိုင်းလောကသားတိုင်း လိုချင်တပ်မက်မောနေကြသည့် ဝံပုလွေဘိုး





ဘိုး၏ ဝံပုလွေခါးခေါ် ရတနာမြေပုံခါးပင် မဟုတ်ပါလား။

ထိုခါးထက်တွင် ဝံပုလွေဘိုးဘိုးက အဓိပတိသိုင်းကိုးကွက်နှင့် သူပိုင်ဆိုင်သော များပြားလှသည့် ရတနာများ မြှုပ်နှံထားရာကို ပြသထားသည့် ရတနာမြေပုံကလည်း ရေးထွင်းထားသေးသည်။

အဓိပတိသိုင်းကိုးကွက်သာတတ်မြောက်မည်ဆိုပါက သိုင်းလောကတွင် ဘုရင်တစ်ဆူပမာ မင်းမူနိုင်မည်ဖြစ်ပြီး ပြိုင်ဘက်ကင်း သိုင်းဧကရာဇ် ဖြစ်လာပေမည်။

ဖန်းပူဖိန်၏ စူးရှတောက်လက်သော မျက်လုံးအစုံမှာ ငွေရောင်ဝံပုလွေကြီး ကိုက်ချီလာသော ဝံပုလွေခါးခေါ် ရတနာမြေပုံခါးကို တွေ့မြင်လိုက်ရသည်နှင့် ပိုမိုတောက်လက်သွားရသည်။

ကောက်ကျစ်စဉ်းလဲသော အရိပ်အငွေ့များကလည်း ဖန်းပူဖိန်၏ မျက်လုံးအိမ်တွင် ရစ်ဝိုင်းလွှမ်းခြုံလာခဲ့လေတော့၏။

သူတို့က ကြည့်နေစဉ်မှာပင် ငွေရောင်ဝံပုလွေကြီးသည် ရတနာခါးကို ကိုက်ချီရင်း ကျောက်ကလပ်ကြီးဘက်သို့ လွှားတက်သွားသည်။

ရှိန်းမြသော လရောင်က ကျောက်ကလပ်ကြီးဘက်မှ ငွေရောင် ဝံပုလွေကြီး၏ ကိုယ်ပေါ်သို့ ကြူရောက်လျက်ရှိ၏။

"ဝူ...ဝူ...ဝူ"

ငွေရောင်ဝံပုလွေကြီးက ခေါင်းကို မော့ကာ ရှည်လျားစွာ အသံရှည်ကြီးတစ်ချက် ပြုလိုက်ပြီးနောက် ပါးစပ်ထဲမှ ကိုက်ချီထားသော ဝံပုလွေရတနာခဲကို အောက်သို့ ပစ်ချပေးလိုက်လေသည်။

"ဟူး"

ဝံပုလွေရတနာခဲမှာ ချူးချင်းဆီသို့ တည့်တည့်မတ်မတ် ကျဆင်းလာခြင်းဖြစ်သည်။

ယင်းအချိန်မှာပင် ဖန်းပူဖိန်က လေထဲသို့ လွှားတက်လိုက်ပြီး အပေါ်မှကျလာသော ဝံပုလွေရတနာခဲကို ဖမ်းယူလိုက်သည်။

"အုဝူ....အုဝူ"

"ဝူ....ဝူ....အုဝူ"

ရုတ်တရက် လေးဘက်လေးတန်ဆီမှ ဝံပုလွေများ၏ ကြောက်စရာ ဟိန်းသံကြီးများက နားပွင့်လုမတတ်ထွက်ပေါ်လာကြသည်။

တစ်ချိန်တည်းမှာပင် အပေါ်မှ အရှိန်ပြင်းစွာ ကျဆင်းလာသော ဝံပုလွေရတနာခဲသည် လေထဲမှာပင် တစ်ပတ်လည်သွားကာ လမ်းကြောင်းပြောင်းထွက်သွားသည်။

"ဟင်"





လေထဲသို့ ခုန်ပျံတက်ပြီး ခဲကို ဖမ်းယူလိုက်သော ဖန်းပူဖိန်မှာ ခဲကို မရလိုက်သဖြင့် မျက်နှာကြီး နီမြန်းသွားရသည်။

ဝံပုလွေရတနာခဲက လမ်းကြောင်းပြောင်းပြီး ကျဆင်းလာကာ ချူးချင်းရှေ့သို့ရောက်လာရာ ချူးချင်းက လျင်မြန်စွာ ဖမ်းယူထားလိုက်သည်။

ချူးချင်းလက်ထဲသို့ ဝံပုလွေရတနာခဲ ရောက်သွားမှ အပေါ်မှ ဖန်းပူဖိန်က အောက်သို့ ပြန်ကျရောက်လာသည်။

ဖန်းပူဖိန်မှာ မဒမျှော်လင့်ဘဲ အေးဆေးစွာဖြင့်ပင် ဝံပုလွေရတနာခဲ ရသွားသော ချူးချင်းကိုကြည့်ကာ အံ့သြထူးဆန်းစွာကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"အုဝု....အုဝူ"

အင်းအချိန်မှာပင် ကျောက်ကလပ်ထက်မှ ငွေရောင်ဝံပုလွေကြီးက ချူးချင်းကို နှုတ်ဆက်အချက်ပေးလိုက်သည်။

ချူးချင်းကလည်း ခဲကိုမြှောက်ပြရင်း ပြန်လည်အသံပြုရင်း နှုတ်ဆက်လိုက်သည်။

ထို့နောက် ချူးချင်းနှင့် ဖန်းပူဖိန်တို့သည် ဝံပုလွေရတနာခဲကို ယူကာ တောင်ပေါ်မှ ချက်ချင်းပြန်ဆင်းလာခဲ့ကြသည်။

တောင်အစောက် ရောက်ခါနီး တောင်ကမ်းပါးယံကြီး အနီးအထိ ဝံပုလွေများက သူတို့ကို စောင့်ရှောက်ပို့ဆောင် ပေးကြလေသည်။

တောင်ခြေနားရောက်ခါနီးလောက်မှ ဝံပုလွေများသည် ချုံးချင်းကို နှုတ်ဆက်ကာ တောင်ပေါ်သို့ အုပ်စုလိုက် ပြန်တက်သွားကြလေတော့သည်။

* * *

ပထမပိုင်းပြီးပြီ။

ဒုတိယပိုင်းဇာတ်သိမ်းတွင်

ဆက်လက် ဖတ်ရှုပါရန်

မောင်နှင်းဆွေ